www.burmeseclassic.com

# ဝလုံးကလေး မဝိုင်းအောင်ရေး




လွင်မြင့်ဦး

အချစ်ပဟေဠိ
လုံးချင်းဝတ္ထုသစ်

www.burmeseclassic.com

www.burmeseclassic.com

# ဝလုံးကလေး မဝိုင်းအောင်ရေး



လွင်မြင့်ကို

အချစ်ဟာသ
လုံးချင်းဝတ္ထုသစ်

www.burmeseclassic.com

www.burmeseclassic.com

# လွင်မင်းအုံ

## ထုတ်ဝေပြီးစာအုပ်များ

- လလွန်းကလေး ရှယ်လို့ပြေး
- ဝပ်ကျင်းထဲက လမင်း
- ရာဟုလွတ်တဲ့ ရင်ခွင်
- လွန့်လွန့်လွန်း
- ရှက်ကြမ်းရေကျို
- ရိပ်ကာသီကာ
- ဝှက်နေတဲ့ အိမ်မက်ကြိုး

BURMESE CLASSIC .com

# ဝလုံးကလေးမဝိုင်းအောင်ရေး


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် – ၅၀၁၄၀၉၀၉၀၉
မျက်နှာဖုံးခွင့်ပြုချက် – ၅၀၁၃၇၄၁၀၀၉
ပုံနှိပ်ခြင်း – ပထမအကြိမ်၊ အုပ်ရေ-(၅၀၀)
ထုတ်ဝေသည့်ကာလ – ၂၀၀၉ ခုနှစ်၊ နိုဝင်ဘာ
ထုတ်ဝေသူ – ဦးမျိုးမင်းသန်း
မျက်ပွင့်စာပေ (၀၄၁၇၃)
အမှတ် (၃၆၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
အတွင်းမျက်နှာဖုံးပုံနှိပ် – ဦးဇော်မင်းအေး
ဇော်ပုံနှိပ်တိုက် (၀၇၀၁၂၅)
အမှတ် (၃၈၆)၊ အင်ကြင်းမြိုင်လမ်း၊
သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
တန်ဖိုး – ၂၀၀၀ ကျပ်

| | |
|---|---|
| လွင်မင်းအုံ | CIP - ၈၉၅.၈၃ |
| ဝလုံးကလေး မဝိုင်းအောင်ရေး | |
| – ရန်ကုန်။ | |
| မျက်ပွင့်စာပေ ၊ ၂၀၀၉။ | |
| ၂၂၃ – စာ၊ ၁၃.၅ x ၂၁ စင်တီ။ | |
| (၁) ဝလုံးကလေး မဝိုင်းအောင်ရေး။ | |

ဖြန့်ချိရေး
မျက်ပွင့်စာပေ
အမှတ် (၃၆၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း (ဗိုလ်သွန်ပက်လမ်းထိပ်)၊ ရန်ကုန်မြို့။
ဖုန်း – ၃၈၀၅၇၇၊ ၀၉၅၁-၄၀၅၅၅


www.burmeseclassic.com

www.burmeseclassic.com

မိုးရွာပြီးစ ပတ်ဝန်းကျင်တစ်ခုလုံးက စိမ်းဆတ်ဆတ်နဲ့။ သစ်ရွက်တွေဟာလည်း အခုမှ အငိုတိတ်စ အပျိုပေါက်မ မျက်ဝန်းလို မိုးစက်တွေ တွဲခိုလို့။ တစ်နေ့လုံး တိမ်ညိုတိမ်မည်းအောက်မှာ ပုန်းခို နေရတဲ့ နေမင်းကြီးဟာလည်း အညောင်းပြေ အညာပြေ ညနေခင်း လမ်းထွက်လျှောက်သလို တိမ်ကြားထဲကနေ ပြူထွက်လာပါတယ်။ စိုလက် နေတဲ့ ကတ္တရာလမ်းမကြီးကတော့ နေရောင်ခြည်ရဲ့ ဧသွးထိုးလှုံဆော် မှုနဲ့ ပြောင်ပြောင်ရောင်ရောင်လေး ဖြစ်လို့။ အဲဒီကတ္တရာလမ်းမထက် မှာတော့ ဆယ်နှစ်လောက်ရှိမယ့် ကောင်မလေးတစ်ယောက်ဟာ သုံးနှစ် လောက်ရှိမယ့် သူ့ညီမလေးကို ကျောပိုးပြီး လမ်းလျှောက်လာပါတယ်။ သူ့နာမည်က အိန္ဒြာစိုးတဲ့။ ရပ်ကွက်ထဲမှာတော့ အတော့်ကို လက်ဆော့ ခြေဆော့နိုင်တဲ့ ကောင်မလေးပါ။ အခုလည်း ကြည့် . . .။ လက်ထဲမှာ တုတ်တစ်ချောင်း ဟိုယမ်း ဒီယမ်းနဲ့။ မျက်လုံးကလည်း ဟိုကြည့်ဒီကြည့် နဲ့ လမ်းကို ဖြောင့်ဖြောင့်တန်းတန်း မလျှောက်ဘဲ လမ်းဘေးပေါက်နေတဲ့ ထိကရုန်းပင်လေးတွေကို ခြေထောက်နဲ့ ထိုးပြီး ဆော့သွားသေးတယ်။ အလေ့ကျပေါက်နေတဲ့ ပန်းပွင့်လေးတွေကိုလည်း ရန်ညှိုးရန်စမရှိဘဲ တုတ်နဲ့ ယမ်းသွားသေးတယ်။ တစ်နေရာအရောက်မှာတော့ . . .

"ဟင် . . . ဟိုမှာ မြားနတ်မောင်"

ဟုတ်ပါတယ်။ သစ်ပင်ကြီးတစ်ပင်အောက်မှာတော့ မိုးခိုရင်း အိပ်ပျော်သွားပုံရတဲ့ မြားနတ်မောင်လေးဟာ သစ်ပင်ကို မှီရင်း ဟောက် တောင် ဟောက်နေပါသေးတယ်။ အိန္ဒြာစိုးခေါင်းထဲ မီးသီးတွေ လင်း သွားတယ်။

"ဟာ . . . တုတ်ပြီ"

အိန္ဒြာစိုးက ကျောပိုးထားတဲ့ သူ့ညီမကို ရှူးခနဲ တိတ်တိတ်နေဖို့ အချက်ပြလိုက်တယ်။ ပြီးတော့ မြားနတ်မောင်ဆီ ခြေဖွနင်းသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘေးဘီကို လှမ်းချက်လိုက်ပြီး အိပ်ပျော်နေတဲ့ မြားနတ်မောင်ဘေးမှာ ချထားတဲ့ လေးနဲ့မြားကို အသာဆွဲယူလိုက်ပါတယ်။ မြားနတ်မောင်က တုတ်တုတ်မှ မလှုပ်။ အိန္ဒြာစိုးက လက်ထဲရောက်လာတဲ့ လေးနဲ့မြားကို တင်းတင်းဆုပ်ကိုင်လိုက်ပြီး မြားနတ်မောင်ဘေးကနေ ခြေကုန်သုတ် လာခဲ့ပါတော့တယ်။

"လေးနဲ့မြားတော့ လက်ထဲရောက်လာပြီ၊ ပစ်ဖို့ပဲ ကျန်တော့ တယ်"

အိန္ဒြာစိုးက သူပစ်ရမယ့် ပစ်မှတ်ကို လိုက်ရှာတယ်။

တွေ့ပါပြီ။ သစ်ပင်ပေါ်မှာ ငှက်နှစ်ကောင်။ ကြည့်ရတာတော့ ငှက်ဖိုနဲ့ ငှက်မ စိတ်ကောက်နေတဲ့ပုံစံပါပဲ။ တစ်ကောင်နဲ့ တစ်ကောင် ကျောပေးလို့။ အိန္ဒြာစိုးက လေးအိမ်ထဲမှာ မြားကိုထည့်၊ အသေအချာ ချိန်ပြီး မြားကိုလွှတ်လိုက်ပါတယ်။

"ကြည့်ရင် ကြည့်၊ မကြည့်ရင် ငှက်ဆာတေး ဖြစ်ရောလပဲ"

လွှတ်လိုက်တဲ့ မြားက ငှက်နှစ်ကောင်ကြား တိတိကျကျ ရောက် သွားတယ်ဆိုပဲ . . .။ ကျောပေးနေတဲ့ ငှက်နှစ်ကောင်ဟာ မျက်နှာချင်း ဆိုင် ဖြစ်သွားတယ်။ နှုတ်သီးလေးတွေ ပွင့်ဟလာပြီး တစ်ကောင်နဲ့ တစ်ကောင် အာပွားလေးတွေ ပေးကုန်တယ်။ ပြီးတော့ . . . သေချာ တယ်။ သိပ်မကြာခင်တော့ ငှက်သိုက်ထဲက ငှက်ဥတွေ တက်နိုက်ရ တော့မှာ။

အိန္ဒြာစိုးက ကျေနပ်အားရတဲ့ပုံစံနဲ့ ရင်ကော့၊ ခေါင်းမော့ပြီး ထွက်သွားတော့တယ်။ တိရစ္ဆာန်နဲ့တော့ စမ်းသပ်ပြီးသွားပြီ၊ လူတွေနဲ့ စမ်းသပ်ဖို့ပဲ ကျန်တော့တယ်။ ဟော . . . တိုက်တိုက်ဆိုင်ဆိုင် ဟိုမှာ စုံတွဲတစ်တွဲ။ တွေ့ရတဲ့မြင်ကွင်းကတော့ မအိုကေလှဘူး။ ကောင်လေးက ကောင်မလေးကို စာလိုက်ပေးနေပုံပါပဲ။ ကောင်မလေးက ခါးခါးသီးသီး ကောင်လေးပေးတဲ့စာကို ဗြိကနဲနေအောင် ဆွဲဆုတ်ပစ်လိုက်တယ်။ ကောင်လေးက ရှေ့ကနေ ပိတ်ပြီးတော့ တတွတ်တွတ်နဲ့ ဘာတွေ ပြော နေမှန်း မသိဘူး။ လက်တွေကလည်း တရမ်းရမ်းနဲ့။ ကြည့်ရတာ ရည်းစား စကား ပြောနေတာနဲ့မတူဘဲ Hip Hop ကပြနေသလို ဖြစ်နေတယ်။ ကြာတော့လည်း ကောင်မလေးက သည်းခံနိုင်ပုံ မရပါဘူး။ လက်ထဲ





ကိုင်ထားတဲ့ စလင်းဘက်နဲ့ တဖုန်းဖုန်း ရိုက်ပါတော့တယ်။ အိန္ဒြာစိုးက သူ တွေ့နေရတဲ့ မြင်ကွင်းကို ကြည့်ပြီး ခေါင်းခါစုတ်သပ်လိုက်တယ်။

"ကျွတ် . . . ကျွတ် . . . ကျွတ်"

သူ့ရဲ့ နှလုံးသားက ဒီလောက် အကျည်းတန်တဲ့မြင်ကွင်းကို သည်းခံပြီး ကြည့်နေနိုင်စွမ်း မရှိတော့ပါဘူး။ လူ လူချင်း မေတ္တာထားရ မယ့် ဥစ္စာ။ အခုတော့လည်း ဒေါသရှေ့ထား ရန်မီးပွားနေကြပါလား။ ဒါကြောင့်လည်း ကမ္ဘာကြီးမှာ စစ်ပွဲတွေ၊ ရန်ပွဲတွေဖြစ်၊ လူတွေလည်း သွေးချောင်းစီးမတတ် သေကြေပျက်စီးနေရတာပေါ့။

"မဖြစ်ဘူး . . . မဖြစ်ဘူး၊ ဒီလောကကို ငါကယ်တင်မှ ဖြစ် တော့မယ်"

အိန္ဒြာစိုး အတွေးအဆုံးမှာပဲ လေးနဲ့မြားကို ချိန်ရွယ်ပြီး ပစ်လိုက် ပါတယ်။ ပစ်ချက်ကတော့ လုံးဝကွက်တိ။ ဒေါသနဲ့ ရိုက်နှက်နေတဲ့ ကောင်မလေးရဲ့မျက်နှာမှာ သနားတဲ့အရိပ်အယောင်လေးတွေ ပေါ်လာ တယ်။ ကောင်လေးရဲ့ အမူအရာကလည်း အားတက်သွားပုံပါပဲ။ ကောင် မလေး မျက်လုံးထဲကနေ မျက်ရည်တွေ စီးလာပြီး ကောင်လေးရင်ဘတ် ကို လက်သီးနဲ့ ထုပါတော့တယ်။ ဒီတစ်ခါ ထုလိုက်တဲ့ လက်သီးကတော့ အမုန်း မပါတော့ပါဘူး။ ကောင်လေးကတော့ ရင်ကော့ပေးထားပြီး ပြုံး ပြုံးကြီး အထုခံနေတယ်။ လက်သီးနဲ့ ပြောပါတယ်။ အချစ်နဲ့ထုတဲ့ လက်သီး အဆုတ်ကွာပြီး သေချင်သေပါစေပေါ့။ အိန္ဒြာစိုးကလည်း အခု မှပဲ စိတ်ချမ်းသာသွားတော့တယ်။ တစ်တွဲတော့ အိုကေမှာ စိုပြေသွား ပြီ။ ဒီတစ်တွဲနဲ့ အချိန်ကုန်ခံနေလို့ မဖြစ်ဘူး။ အချစ်နဲ့ တည်ဆောက်ရ မယ့် ဒီကမ္ဘာကြီးကို အမုန်းတွေ လုံးဝခြေမချနိုင်အောင် ကာကွယ်ရမယ် လေ။ အိန္ဒြာစိုးက ကိုယ့်ကိုယ်ကို ပေးအပ်လိုက်တဲ့ တာဝန်ကို ကျေပွန် အောင် ထမ်းဆောင်ဖို့ လာရာလမ်းအတိုင်း ပြန်လှည့်လိုက်တယ်ဆိုရင် ပဲ . . .

"ဟင် . . . ဟိုမှာ ရပ်ကွက်ထဲက အပျိုကြီးနဲ့ လူပျိုကြီးပါလား"

ဘယ်လို ဘယ်အကြောင်းကြောင့်လည်း မသိပါဘူး။ ရပ်ကွက် ထဲမှာ အပျိုကြီး၊ လူပျိုကြီးတွေ ရှိနေရင် အချင်းချင်း ကြည့်မရကြတာ များတယ်။ ရပ်ကွက်က မဟုတ်ဘဲ လျှောက်သမုတ်လို့ တင်းနေတာလား။



www.burmeseclassic.com

www.burmeseclassic.com



ဒါမှမဟုတ် လူပျိုကြီးတွေက ရှယ်တူတန်းတူ level တန်းတွေ စိတ်မဝင်စားဘဲ စမောလေးတွေ၊ ချာတိတ်လေးတွေ၊ အလန်းလေးတွေကို ငမ်းငမ်းတက်နေလို့ မကျေမနပ် ဖြစ်နေတာလား မပြောတတ်ပါဘူး။ အခုလည်း နေရင်း ထိုင်ရင်း အသားလွတ်ကြီး အပျိုကြီးက လူပျိုကြီးကို အံကြိတ်ပြီး မျက် စောင်းချိတ်လိုက်ပါတယ်။ လူပျိုကြီးကလည်း မဆီမဆိုင် မျက်စောင်းထိုးခံရလို့ တင်းသွားတယ်။ ဟုတ်တာပေါ့။ ဆယ့်ခြောက်နှစ်မလေး မျက်စောင်းထိုးတာပဲ တဟီးဟီး တဟဲဟဲ နေနိုင်မှာပေါ့။ ဒီလို သွေးဆုံးခါနီးကြီး မျက်စောင်းထိုးတာခံမယ့်အစား မုဆိုးမ ငယ်ငယ် တောင့်တောင့် ဖြောင့်ဖြောင့်ကြီး ဆဲတာကိုပဲ ခံလိုက်ချင်သေးတယ်။

လူပျိုကြီးကလည်း အားကျမခံ မျက်စောင်း ပြန်ချိတ်လိုက်ပြီး ကြိုးနဲ့ဆွဲလာတဲ့ခွေးကို လမ်းတစ်ဖက်ပါအောင် ဆွဲခေါ်လိုက်ပါတယ်။

"လာ . . . ဖေ့သားကြီး အိုဝင်၊ အဆင့်အတန်း မတူတာတွေနဲ့ အရောမဝင်နဲ့"

အပျိုကြီးကလည်း သူဆွဲလာတဲ့ တယ်ရီယာမလေးကို ပွေ့လိုက်ပြီး . . .

"လာ သမီးလေး ဘရစ်တနီ၊ အောက်တန်းစားတွေနဲ့ အဖက်မလုပ်စမ်းနဲ့"

ဘရစ်တနီဆိုတဲ့ ခွေးမလေးက အပျိုကြီးစကားကို နားလည်ပုံပါပဲ။ တစ်ဝုတ်ဝုတ်နဲ့ အိုဝင်ဆိုတဲ့ ခွေးကြီးကို ရန်တွေ့ပါတယ်။

"ဝုတ် . . . ဝုတ်"

မှသံ ကြားလိုက်တယ်ဆိုရင်ပဲ စကော့အမဲလိုက်ခွေးကြီး အိုဝင်ခမျာ ဖိုသွေးတွေ ဝုန်းခနဲ ကြွလာပြီး ဝုန်းခနဲ ထဟောင်တယ်။ ခွေးမလေး ဘရစ်တနီကလည်း အပျိုကြီးရင်ခွင်ကနေ ခုန်ဆင်းပြီး တစ်ဝုတ်ဝုတ်နဲ့ ခုန်ဆင်းပြီး ဆီးဟောင်ပါတော့တယ်။ အပျိုကြီး လူပျိုကြီးကလည်း သူတို့ခွေးကို သူတို့နိုင်အောင် ကြိုးဆွဲရတော့တယ်။

"သားကြီး . . . အိုဝင် . . . လာစမ်း၊ လာစမ်း"

"သမီးလေး ဘရစ်တနီ . . . ဟဲ့"

ခွေးနှစ်ကောင် နီးကပ်သွားတဲ့အခိုက်မှာပဲ အခြေအနေကို ကြည့်နေတဲ့ အိန္ဒြာစိုးလက်ထဲက မြားကလည်း ဗိုးခနဲ ထွက်သွားတယ်။ ချက်





ချင်းဆိုသလို ဘရစ်တနီရဲ့အသံက တအီအီ ပြောင်းသွားတယ်။ ဒါ ခွေးမလေးတွေ ပဲပေးတဲ့အသံပေါ့။ စကော့ကြီး အိုဝင်လည်း လျှာတန်းလန်းနဲ့ သရေ တမြားမြား ဖြစ်သွားတယ်။ ဒီအချိန်မှာတော့ သခင်,မကလို့ ဘာကြီးပဲ ဖြစ်နေဖြစ်နေ ဂရုမစိုက်တော့ပါဘူး။ ပျော်ရင်း မော်ရင်းတော်သလင်း မဟုတ်လား။ ရာသီလည်း ဖြစ်ပြန်၊ အချစ်မြားလည်း မှန်ထားတဲ့ သနားစရာ ခွေးသတ္တဝါနှစ်ကောင်ဟာ ချစ်ဗိမာန်နန်းကို အတူကူးကြဖို့ အားကုန် ရုန်းလိုက်ကြတယ်ဆိုရင်ပဲ . . .

"ဟဲ့ . . ."

"ဩော် . . ."

ကြိုးကိုင်ထားတဲ့ အပျိုကြီး၊ လူပျိုကြီး နှစ်ယောက်မှာ လိုက်ဆွဲရင်း မျက်နှာချင်းဆိုင် ရင်ချင်းအပ်တုန်တယ်။ ခွေးနှစ်ကောင် အူမြူးပြီး လျှောက်ပတ်ပြေးနေတော့ ကြိုးချင်းရှုပ်ကုန်ပြီး အပျိုကြီး၊ လူပျိုကြီး နှစ်ယောက်ကို ပူးပြီး တုတ်သလို ဖြစ်သွားတယ်။ မျက်နှာချင်းဆိုင် ပူးကပ်နေကြတဲ့ အပျိုကြီး၊ လူပျိုကြီးခမျာ ရင်တွေ တဒိုင်းဒိုင်း ခုန်လာပြီး တစ်ယောက်နဲ့ တစ်ယောက် မဝံ့မရဲ ကြည့်လိုက်ကြတယ်။ အိန္ဒြာစိုးက မိန့်မိန့်ကြီး ပြုံးလိုက်ပြီး ဒီ ပစ်မလွဲနှစ်ယောက်ပူးကြီးကို မြားနဲ့ သေသေချာချာ ချိန်ပြီး ပစ်လိုက်ပါတယ်။

အဲဒီအချိန်မှာပဲ ကောင်းကင်က သက်တံကြီးက အသည်းပုံလေး ကွေးသွားတယ်။ ထိကရုန်းပင်လေးတွေက အလိုအလျောက် မျက်တောင်မှိတ်ကြတယ်။ အလေ့ကျပေါက်တဲ့ ပန်းပွင့်လေးတွေကလည်း ရှက်လို့ ထင်ပါရဲ့။ ခေါင်းငုံ့သွားကြတယ်။ သစ်ပင်အိုကြီးကတော့ လေတိုးလို့လား သူ့ဘာသာသူပဲ သဘောကျလို့လားတော့ မသိဘူး။ ဟီးဟီးဟဲဟဲနဲ့။ သေချာပါပြီ။ ဒီအတိုင်းဆိုရင် အခုတော်သလင်းမှာ ခွေးချင်းမင်္ဂလာဆောင်။ နောက်လ သီတင်းကျွတ်ဆိုရင်တော့ အပျိုကြီး လူပျိုကြီး နှစ်ယောက် ရပ်ကွက်ထဲ ဖိတ်စာဝေရတော့မှာပဲ။

အိန္ဒြာစိုးက ကျေကျေနပ်နပ် ပြုံးလိုက်ပြီး ရှေ့ဆက်ပြီး ကမ္ဘာကြီး သာယာချမ်းမြေ့အောင် တာဝန်ထမ်းဆောင်ဖို့ ခရီးဆက်ရန် ပြင်လိုက်စဉ်မှာပဲ . . .

"ဟင် . . . မြားနတ်မောင်"



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပါတယ်။ သူတွေ့လိုက်ရတာကတော့ လေးနဲ့မြား ပျောက်သွားလို့ လိုက်ရှာနေတဲ့ မြားနတ်မောင်။ မျက်ထောင့်နီကြီးနဲ့ ခါးထောက်ပြီး ရပ်ကြည့်နေပါတယ်။ အိန္ဒြာစိုးက မျက်နှာချိုလေး သွေးလိုက်ပြီး . . .

"အဟီး . . . သမီးက ဦးဦးမြားနတ်မောင်ကြီး တာဝန်ပျက်ကွက်နေမှာစိုးလို့ ကူညီပေးနေတာပါ။ သွားမယ်နော်၊ ဟီးဟီး"

အိန္ဒြာစိုးက ပြောပြောဆိုဆို မြားနတ်မောင်ရှေ့က လစ်ခနဲနေအောင် သုတ်ပါတော့တယ်။ မြားနတ်မောင်က နောက်က အော်ရင်းလိုက်လာတယ်။

"ဟဲ့ . . . ကောင်မလေး၊ ငါ့လေးနဲ့မြား ပြန်ပေးစမ်း၊ မိလို့ကတော့လား၊ နတ်ဝတ္တရား နှောင့်ယှက်မှုနဲ့ နတ်ပြည်ဝင်ခွင့် ဗီဇာမရအောင် ပိတ်ပစ်လိုက်ဦးမယ်၊ ဟဲ့ . . . ငါ့လေးနဲ့မြား ပြန်ပေးဆိုတာ မကြားဘူးလား"

အိန္ဒြာစိုးက ပြောရင်းတန်းလန်း လေးနဲ့မြားကို ပစ်ချထားခဲ့လိုက်တယ်။ မြားနတ်မောင်က လမ်းပေါ်ကျကျန်ခဲ့တဲ့ လေးနဲ့မြားကိုကောက်ယူရင်း . . .

"ဟောဟဲ . . . အိန္ဒြာစိုး၊ အိန္ဒြာစိုး၊ ငါလုပ်လို့ လူဖြစ်လာတဲ့ဟာကများ၊ နေနှင့်ဦး၊ ဒင်း ကြီးလာတော့မှ လင်မရအောင် ထစ်ထားလိုက်ဦးမယ်၊ ငါ့အလုပ်နှောင့်ယှက်တဲ့ ဂန်းမလေး တွေ့ကြသေးတာပေါ့ဟယ်"

♥ ♥ ♥





"အိန္ဒြာစိုး . . . အခုချက်ချင်း အိမ်ပေါ်တက်ခဲ့စမ်း"

Heavy metal အသံနဲ့ ရပ်ကွက်တစ်ဝက် ထွက်ကြည့်ရအောင် ကျယ်လောင်တဲ့ သူ့အမေရဲ့ အော်ခေါ်တဲ့အသံကြောင့် အိန္ဒြာစိုး တစ်ယောက် ကြောက်ကြောက်နဲ့ ပြန်ထူးလိုက်တယ်။

"ရှင် . . ."

"ရှင် နောက်ထား၊ လူအရင် လာခဲ့စမ်း"

အိန္ဒြာစိုးက ကုတ်ကုတ်လေး အိမ်ပေါ်တက်သွားတယ်ဆိုရင်ပဲ ကြက်မွေးတံမြက်စည်း ကိုင်ထားတဲ့ သူ့အမေနဲ့ ကြိမ်လုံး နှစ်လုံးပူး တစ်ဆဆ လုပ်နေတဲ့ သူ့အဖေကို တွေ့လိုက်ရတယ်။ အမြဲတမ်း တကျက်ကျက်ဖြစ်နေပြီး မျက်နှာချင်းဆိုင် ငါးမိနစ်ပြည့်အောင် ထိုင်လို့မရတဲ့ သူ့မိဘနှစ်ပါးက၊ အဲ . . . မျက်နှာချင်းဆိုင်သာ ထိုင်မရတာ၊ အိပ်ရင်တော့ တစ်ခန်းတည်းပဲ။ ပူးပေါင်းစစ်ဆင်ရေး ဆင်နွှဲမယ်ဆိုတော့ ဒီပြဿနာက ပေါ့သေးသေးမဟုတ်တာ သေချာပြီ။ မြောက်ကိုရီးယား တာဝေးပစ်ဒုံးကျည်လွှတ်တဲ့ကိစ္စထက်တောင် အရေးကြီးမလားမသိဘူး။ အိန္ဒြာစိုးက တော်ထဲကနေပဲ သူ့ကိုယ်ကို သရဏဂုံ တင်လိုက်တယ်။ သူ့အမေလက်သံပြောင်တာ ခဏခဏ မြည်းကြည့်နေရတာလေ။ အိန္ဒြာစိုးရဲ့အဖေက သူ့ဘေးနားမှာရှိတဲ့ ဝိုက်ဘုတ်ကို ကြိမ်လုံးနဲ့ ဖြန်းခနဲ ရိုက်လိုက်ပြီး . . .

"ဒီမှာရေးထားတာတွေ ဖတ်ကြည့်စမ်း"

အိန္ဒြာစိုးလည်း ကြိမ်လုံးညွှန်ရာ white board မဟာပေါ်မှာ ရေးထားတဲ့ စာတွေကို ဖတ်ကြည့်လိုက်တယ်ဆိုရင်ပဲ . . .

၁။ အပေအတေ ကျော်စိုးနှင့် ဆယ်တန်းသုံးခါကျ ပူစူးမတို့ ခိုးရာလိုက်ပြေးရာတွင် စာပေးစာယူလုပ်မှု။

၂။ ဘုန်းကြီးလူထွက် ဦးတင်ခက်နှင့် နှစ်လင်ကွာ၊ တစ်မုဆိုးမ ကေသွယ်မျိုးတို့အား အရက်ပုန်းဆိုင်တွင် ချိန်းတွေ့ပေးမှု။

၃။ ဝက်သားသည် ကျင်မောင်နဲ့ ကွမ်းယာသည် ပရီးတီကစ္စနားတို့အား ကြိုက်သွားအောင် ကုလားဖန်၊ တရုတ်ဖန် ဝင်ထိုးသည့်



www.burmeseclassic.com

www.burmeseclassic.com



အမှု။

၄။ -------------------

၅။ -------------------

လား . . . လား . . . လား။ အိန္ဒြာစိုးမွေ့ချက်က မသေးပါလား။ မရှောဘဲ အစိမ်းလိုက်ကြီး မွေ့ထားတာတွေလေ။ အိန္ဒြာစိုးအဖေက ကြိမ်လုံး တစ်ဆဆလုပ်ရင်း . . .

"ဘယ်လိုလဲ မိအိန္ဒြာ၊ နင် ငြင်းချင်သေးလား"

အိန္ဒြာစိုးက ခေါင်းခါပြလိုက်တယ်။ ဟုတ်တယ်လေ။ ငြင်းလည်း ဆော်မှာပဲ။ မငြင်းလည်း ရိုက်မှာပဲဥစ္စာ။ သူ့အဖေနဲ့ အမေက သူ့သမီးလေး လောကကြီးသာယာအောင် လုပ်ဆောင်နေတာကို နားလည်မပေးနိုင်ကြပါလား။

"ဒါတောင် white board မဆုံတော့လို့၊ ရပ်ကွက်ထဲမှာ နင် အောင်သွယ် မလုပ်ပေးဖူးတဲ့လူများ ရှိသေးရဲ့လားဟဲ့၊ အိန္ဒြာစိုးရဲ့"

သူ့အမေရဲ့အမေးကို အိန္ဒြာစိုးက ရဲရဲဝံ့ဝံ့ကြီး ဖြေလိုက်ပါတယ်။

"ရှိပါသေးတယ် မေမေရဲ့၊ ဖေဖေနဲ့ မေမေကို အောင်သွယ် မလုပ်ပေးဖူးဘူးလေ"

"ဘာ . . . အမလေး. . . လေး၊ နင် အောင်သွယ်လုပ်လို့ ရအောင် ငါတို့လင်မယားက အခုပဲ ကွာရှင်းပေးရမယ့်အပေါက်၊ ယောက်ျားရေ . . . ဒီကောင်မလေးတော့ လွှတ်ထားလို့ မဖြစ်တော့ဘူး၊ ဒီတော့ . . ."

"စိတ်ချ"

အဲဒီနောက်မှာတော့ တဖုန်းဖုန်းရိုက်သံ၊ နှက်သံတွေနဲ့အတူ . . .

"ဟင် . . . နောက်ထပ် လူများတွေကို အောင်သွယ်လုပ်ပေးဦးမလား"

"ဖုန်း . . ."

"အီး . . . နောက်ဆိုရင် သမီး ဘယ်သူ့ကိုမှ အောင်သွယ်မလုပ်တော့ပါဘူး မေမေရဲ့၊ ကြောက်ပါပြီ ဖေဖေ၊ အီး . . . နာလှပါပြီ ဖေဖေ၊ နောက် မလုပ်တော့ပါဘူး မေမေရဲ့၊ ဟီး . . . အီး"

♥ ♥ ♥





ရာသီတွေ အလီလီပြောင်းလို့ ရွက်ဟောင်းတွေ ကြွေပြီး ရွက်သစ်တွေလည်း အခါခါပြောင်းခဲ့ပါပြီ။ ဆယ့်ခြောက်နှစ်ဆိုတဲ့ကာလဟာ လူသားတွေရဲ့ဘဝတွေ၊ အခြေအနေတွေ၊ အတွေးအခေါ်တွေ၊ ခံယူချက်တွေ၊ ရပ်တည်မှုတွေကို ပြောင်းလဲသွားဖို့အတွက် လုံလောက်ရုံမကဘဲ ဟိုဘက်တောင် လွန်နေတဲ့ အချိန်အတိုင်းအတာပါပဲ။

အဲဒီအချိန်ကာလအတွင်းမှာ အိန္ဒြာစိုးဆိုတဲ့ ဆယ်နှစ်အရွယ်ကောင်မလေးဟာ အရွယ်တော် တစ်ဆိတ်ဟိုင်းတဲ့ နှစ်ဆယ်ကျော် အစိတ်အပိုင်းကိုကျော်လို့ signal မပြ၊ လက်မပြဘဲ ကျော်တက်ပြီး နှစ်ဆယ့်ခြောက်နှစ်ဆိုတဲ့ မီးပွိုင့်မှာ မီးနီ မိနေပါတယ်။

ငယ်ငယ်က သူ့ကို အသားနီလန်အောင် ရိုက်နှက်ခဲ့တဲ့ အိန္ဒြာစိုးရဲ့ မိဘနှစ်ပါးကတော့ အိန္ဒြာစိုးကို ရိုက်နှက်ဆုံးမရတာကို စိတ်ကုန်သွားလို့ထင်ပါရဲ့။ စောစောစီးစီးပဲ ကားအက်စီးဒင့်ကို အကြောင်းပြုပြီး လူ့လောကကနေ တမလွန်ခရီးကို ထွက်သွားခဲ့ကြပါပြီ။ အိန္ဒြာစိုးခမျာမှာတော့ သူ့ထက် ခုနစ်နှစ်ငယ်တဲ့ ညီမလေး နန္ဒာစိုးကို ထိန်းကျောင်းပဲ့ပြင်၊ ဆုံးမ သွန်သင်ရင်း အပျို မကြီးတကြီးဘဝနဲ့ အေဂျင်စီတစ်ခုမှာ ဝန်ထမ်းဝင်လုပ်နေရပါတယ်။ သူ အလုပ်လုပ်နေတဲ့ အေဂျင်စီကတော့-

**"အောင်မြင်သစ္စာ"**

အထွေထွေအကျိုးဆောင် အေဂျင်စီ။

- အိမ်ခြံမြေ၊ တိုက်တာအရောင်းအဝယ်ကိစ္စ
- နိုင်ငံခြား၊ အလုပ်အကိုင်ကိစ္စ
- ရွှေ့ပြောင်းနိုင်သော၊ မရွှေ့ပြောင်းနိုင်သော အဖိုးတန်ပစ္စည်းများ အရောင်းအဝယ်ကိစ္စများကို လူကြီးမင်းများ စိတ်ကျေနပ်အောင် ဆောင်ရွက်ပေးနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အိန္ဒြာစိုး ဒိုင်လျှိုလေး လုပ်တဲ့ အလုပ်တစ်ခုလည်း ရှိသေးတယ်။ အဲဒါကတော့ အေဂျင်စီက လာတဲ့ မိတ်ဆွေတွေကတစ်ဆင့် ဟိုလူနဲ့ ဒီလူ၊ သားပေး သမီးယူ၊ အိမ်ထောင်ဖက် ရှာပေးတဲ့ ကိစ္စပါပဲ။ အောင်သွယ်လုပ်တာပဲပေါ့။ အစကတော့ ဝါသနာအရ၊ နောက်တော့လည်း လက်ဆောင်လေး ဘာလေးနဲ့။

"သမီးကို ခွင့်လွှတ်ပါတော့ ဖေဖေနဲ့ မေမေတို့ရယ်၊ အခုအချိန်က တစ်ကမ္ဘာလုံး စီးပွားပျက်ကပ်နဲ့ ကြုံပြီး အလုပ်အကိုင်အဆင်မပြေ၊ အိမ်ခြံမြေ ဈေးကွက်တွေကလည်း ဂိန်နေ၊ နိုင်ငံခြား အလုပ်အကိုင်တွေကလည်း ရှားပါးလာဆိုတဲ့ အချိန်မျိုးမှ အောင်သွယ်အလုပ်ကို လုပ်မိတာပါ။ သမီး ဖေဖေနဲ့ မေမေတို့ရဲ့ စကားကို နားမထောင်ချင်လို့ မဟုတ်ပါဘူး၊ သမီးကို ခွင့်လွှတ်ပါနော်၊ သမီး လင်ကောင်းသားကောင်းရရင် ဒီအလုပ် မလုပ်တော့ပါဘူး ဖေဖေနဲ့ မေမေတို့ရယ်"

အိန္ဒြာစိုးက သူ့အလုပ်စားပွဲပေါ်မှာ တင်ထားတဲ့ သူ့အဖေနဲ့ အမေ စုံတွဲဓာတ်ပုံကို ကြည့်ပြီး တောင်းပန်နေမိတယ်။ ဓာတ်ပုံထဲမှာတောင် သူ့အမေမျက်နှာက မျက်ထောင့်နီကြီးနဲ့။ အိန္ဒြာစိုးက ကျောချမ်းချမ်းနဲ့ပဲ မျက်နှာလွှဲလိုက်ရတယ်။ ဟုတ်တယ်လေ။ တော်တော်ကြာသေရွာက ပြန်ထလာပြီး ကြိမ်နဲ့လာဆော်နေမှ ဟုတ်ပေ့ဖြစ်နေဦးမယ်။ မျက်နှာလွှဲလိုက်မှပဲ စိတ်ချမ်းသာစရာ တွေ့ရတော့တယ်။ အဲဒါကတော့ ဒီအေဂျင်စီရဲ့ပိုင်ရှင် ကိုအောင်မြင်ပါပဲ။ ကိုအောင်မြင်ရဲ့စားပွဲက အိန္ဒြာစိုးရဲ့ စားပွဲနဲ့ ထောင့်ဖြတ်။ အသက်က သုံးဆယ်။ လူပုံက ခန့်ခန့်သန့်သန့်၊ အိမ်ထောင်မကျသေးတဲ့ လူပျိုကြီး။ ဒီကုမ္ပဏီက အိမ်ထောင်မကျသေးတဲ့ ဝန်ထမ်းကောင်မလေးတွေရဲ့ စိတ်ကူးယဉ်ချင်စရာ၊ အားကိုးချင်စရာလေ။ အိန္ဒြာစိုးကရော ဘာသားနဲ့ ထုထားတာမို့တုန်း။ အားကိုးပစ်ချင်စိတ် ပေါက်နေတဲ့ ဝန်ထမ်းစာရင်းထဲမှာ နံပါတ်တစ်ပဲ။





အိန္ဒြာစိုးက ကိုအောင်မြင်ကို မသိမသာလေး ခိုးကြည့်လိုက်ပြီး စလင်းဘတ်ထဲက ကရင်းပတ်ဖ်ဘူးလေးထုတ်ပြီး ဟိုတို့ ဒီတို့ လုပ်လိုက်တယ်။ မှန်ထဲမှာ ပေါ်နေတဲ့ သူ့မျက်နှာလေးကိုကြည့်ပြီး ခေါင်းညိတ်လိုက်တယ်။ နှစ်ဆယ့်ခြောက်နှစ်ဆိုတာ ဒီခေတ်မှာ အသက်ကြီးတယ် ဘယ်ခေါ်ဦးမလဲ။ ဂျပန်မှာဆို လေးဆယ်ကျော်တောင် အိမ်ထောင်မကျသေးတဲ့ လူဦးရေ များနေလို့ မျိုးဆက်ပြတ်မှာ အစိုးရကတောင် စိတ်ပူပင်နေရတယ်ဆိုပဲ။ အသက်ငယ်ငယ်၊ အမျိုးသမီးဝန်ကြီးတောင် အိမ်ထောင်ပြုကြဖို့ ကလေးယူကြဖို့ လှုံ့ဆော်တဲ့အနေနဲ့ သူကိုယ်တိုင် ကိုယ်ဝန်ဆောင်ပြရတယ်တဲ့။ သနားပါတယ်။ သူ့ခမျာ အိပ်ရာထဲမှာတောင် တိုင်းပြည်အတွက် တာဝန်ထမ်းဆောင်လိုက်ရတယ်။ ဝန်ကြီးမ, ဖြစ်ရတာလည်း မလွယ်ပါလားနော်။

ကိုအောင်မြင်က ဂျာနယ်တစ်စောင် စူးစိုက်ဖတ်နေရာကနေ ချောင်းဟန့်လိုက်ပြီး . . .

"အဟမ်း . . . ဝန်ထမ်းတွေအားလုံးနားထောင်မယ်"

တီးတိုးသဖန်းပိုးလုပ်နေတဲ့ ဝန်ထမ်းတွေက ပါးစပ်လေးတွေပိတ်ပြီး ကိုအောင်မြင်ကို အားလုံးလှမ်းကြည့်လိုက်ပါတယ်။ အဲဒီလိုပဲ ကိုအောင်မြင်က သူ စိတ်ဝင်စားတာလေးတွေ တွေ့ရင် ဝန်ထမ်းတွေကို အော်ကြီးဟစ်ကျယ် ဖတ်ပြလေ့ရှိတယ်။ နားထောင်ချင်လည်း ထောင်၊ နားမထောင်ချင်လည်း ထောင်တော့ပဲ။ သူက ဘော့စ်ဆိုဘော့လည်း နားထောင်ရတာပေါ့လေ။

"အခု ဟောဒီဂျာနယ်မှာ သတင်းတစ်ပုဒ်ပါလာပါတယ်၊ အဲဒီသတင်းက ဘာလဲဆိုတော့ အင်္ဂလန်နိုင်ငံက ပညာရှင်တွေရဲ့ သုတေသနပြုချက်အရ အခုလို တစ်ကမ္ဘာလုံး စီးပွားရေးကျဆင်းတဲ့ အချိန်မျိုးမှာ လူတွေရဲ့ အိမ်ထောင်ပြုတဲ့နှုန်းဟာ တိုးတက်လာတယ်တဲ့. . ."

ဟုတ်ရောဟုတ်ရဲ့လား မပြောတတ်ဘူး။ သူ့ဘာသာသူ အင်္ဂလန်မှာ ဖြစ်နေတာ မြန်မာနိုင်ငံနဲ့ ဆိုင်တာအောက်မေ့လို့။ အင်းလေ . . . ဂလိုဘယ်လိုက်ဇေးရှင်းဆိုတော့လည်း ဟိုက အိမ်ထောင်ပြုနှုန်းတိုးရင် ဒီမှာလည်း တိုးချင်တိုးလာမှာပေါ့။ ကိုအောင်မြင်က ဆက်ပြောပြန်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"အစက လူတွေထင်ထားကြတာက ပျော်ရွှင်နေတဲ့ အချိန်ကျမှ အိမ်ထောင်ပြုကြတယ်လို့၊ အခု လေ့လာဆန်းစစ်ချက်အရ ညစ်တွန်း တွန်းနေတဲ့အချိန်မှာ ပိုပြီးတော့ အိမ်ထောင်ပြုကြတယ် ဆိုတာပါပဲ၊ ညစ်နေတဲ့အချိန်မှာ အိမ်ထောင်ပြုတဲ့လူတွေဟာ အခက်အခဲတွေ ပိုပြီး လက်တွေ့ကျကျ ရင်ဆိုင်နိုင်ကြတယ်လို့ သုတေသနက တွေ့ရှိရတယ်တဲ့"

အင်း . . . ဒီအတိုင်းဆိုရင် အိမ်ထောင်ကျပြီးသား လူတွေတောင် ကိုယ့်ကိုယ်ကို သေချာပြန်စဉ်းစားဖို့ လိုနေပြီ။ ပျော်နေတုန်း အိမ်ထောင်ကျတာလား။ ညစ်နေတုန်း အိမ်ထောင်ကျတာလား။ အပျော်လွန်ပြီး အိမ်ထောင်ကျတာလားဆိုတာကိုလေ။

"ဒါကြောင့်မို့လို့ ကျွန်တော်တို့ အေဂျင်စီက ဝန်ထမ်းတွေကလည်း စီးပွားရေး အကျပ်အတည်းကာလမှာ ဘာမှစိတ်မာတ်မကျဘဲ အိမ်ထောင်ပြုစရာရှိ ပြုကြပါလို့"

ဝန်ထမ်းတွေအားလုံး အီလည်လည် ဖြစ်သွားကြတယ်။ ကြိုးစားချင်း ကြိုးစား၊ သူအရင်အိမ်ထောင်ကျအောင် ကြိုးစားပါတော့လား။ သူကဖြင့် လူပျိုကြီး လုပ်နေပြီးတော့ လူများတွေ ဒုက္ခမရောက် ရောက်အောင် မြှောက်ထိုးပင့်ကော် လုပ်နေတယ်။ တကယ်လို့ အိမ်ထောင်ကျသွားရင် သူတင်ကျွေးထားမှာမို့လို့လား။ မပြောလိုက်ချင်ဘူး။ အဲဒီအချိန်မှာပဲ ဝန်ထမ်းထဲက အသံတစ်သံ ထွက်လာပါတယ်။

"ကျွန်မ တစ်ခုပြောပါရစေ ဘော့စ်"

အားလုံး အသံကြားရာကို လှည့်ကြည့်လိုက်တော့ ကိုယ်ဝန်ဆောင်ဝန်ထမ်းအမျိုးသမီး မကေသီ။ မကေသီက မနှစ်က ထူးချွန်ဝန်ထမ်းဆု ရသွားတဲ့သူပါ။ ကိုအောင်မြင်က ခေါင်းညိတ်ပြလိုက်ပြီး. . .

"ဟုတ်ကဲ့၊ မကေသီက ဘာများပြောချင်လို့ပါလဲ"

မကေသီက သူ့ရဲ့ ခြောက်လ ခုနစ်လလောက်ရှိမယ့် ကိုယ်ဝန်ကြီးကို လက်နဲ့ ပုတ်ပြလိုက်တယ်။





"ကျွန်မ ပြောချင်တာက အဲဒီလို အိမ်ထောင်ပြုလိုက်လို့ ဟောဒီလိုကြီး ဖြစ်လာရင် ကုမ္ပဏီက မီးဖွားစရိတ် တာဝန်ယူမှာလားလို့ သိချင်လို့ပါ"

ကိုအောင်မြင်တစ်ယောက် ရှုံ့မဲ့သွားတယ်။ အလုပ်အကိုင်မကောင်းပါဘူးဆိုမှ မီးဖွားစရိတ် လာစိုက်ခိုင်းနေတဲ့လူနဲ့ လာတိုးနေသေးတယ်။ ဒါမျိုးက တစ်ခါအစရှိရင် နောင်အစဉ်ဖြစ်သွားနိုင်တယ်၊ တစ်ထိုင်တည်း အပြတ်ဖြတ်မှဖြစ်မယ်။ ကိုအောင်မြင်က လက်ကာပြလိုက်ရင်း . . .

"ဒါက ဒီလိုရှိပါတယ် မကေသီ၊ ကျွန်တော်တို့ အေဂျင်စီက အကျိုးဆောင်ပဲ လုပ်တာပါ၊ မိခင်နဲ့ကလေး စောင့်ရှောက်ရေးလုပ်တာ မဟုတ်ပါဘူး၊ ကျွန်တော်က သုတေသန တွေ့ရှိချက်ကို ပြောပြတာပါ၊ ကျန်တာကတော့ ကိုယ့်ဒေါသနဲ့ကိုယ်လို့ပဲ ပြောလိုက်ပါရစေ"

မကေသီက ဆောင့်ကြီးအောင့်ကြီး ပြန်ထိုင်သွားတယ်။

ကိုအောင်မြင်က ကိုယ့်ဗိုက်ကိုယ် လက်နဲ့ပွတ်လိုက်တယ်၊ စကားတွေ အများကြီး ပြောလိုက်ရလို့ထင်ပါ့။ ဗိုက်တောင် အတော်ဆာနေပြီ။ ကိုအောင်မြင်က အိန္ဒြာစိုးဘက် လှည့်ကြည့်လိုက်တယ်။

"မအိန္ဒြာစိုးရေ"

"အဆင်သင့်ပဲ ဆရာ"

အိန္ဒြာစိုးက စားပွဲပေါ်မှာ အသင့်ပြင်ပြီးသား ထမင်းပန်းကန်တွေ၊ ဟင်းပန်းကန်တွေကို လက်ညှိုးထိုးပြလိုက်တယ်။ ဒီသက်သက်လွတ်ဟင်းလျာတွေက အိန္ဒြာစိုးကိုယ်တိုင် စီမံချက်ပြုတ်လာတာပါ။ ကိုအောင်မြင်က တစ်ယောက်တည်းနေတာဆိုတော့ အစားအသောက်ကိစ္စကို အိန္ဒြာစိုးက စီမံပေးရတာ များပါတယ်။ ဒါကိုပဲ အိန္ဒြာစိုးက အထူးအခွင့်အရေးတစ်ရပ်လို့ မှတ်ယူထားတာပါ။ သူချက်တဲ့ဟင်းကို စားမိရင်း သူ့လက်ရာကို စွဲမက်ရင်း အဲဒီကတစ်ဆင့် လူကိုပါ . . .။ အိန္ဒြာစိုးခမျာ ဒီနေရာကို လွယ်လွယ်ရခဲ့တာတော့ မဟုတ်ပါဘူး။ နန်းတွင်းရတနာပုံကိုရီးယားဇာတ်လမ်းတွဲက စားဖိုမှူးကြီး ချန်ဂင်လို အပြိုင်အဆိုင်နဲ့ပြီးမှ ရခဲ့တာပါ။ ဒါကြောင့် ကျန်တဲ့ဝန်ထမ်းတွေရဲ့ စောင်းတာနှုတာကို



www.burmeseclassic.com

www.burmeseclassic.com



လည်း ခံရသေးတာပေါ့။ ကိုအောင်မြင်က ပြင်ဆင်ထားတဲ့ ဟင်းပွဲတွေကို ကြည့်ပြီး သွားရည်တမြားမြားဖြစ်သွားတယ်။

"မအိန္ဒြာစိုးရဲ့ လက်ရာက ရှယ်ပဲဗျာ၊ အမြဲတမ်း မအိန္ဒြာစိုး လက်ရာလေး စားရအောင် ဘယ်လိုလုပ်ရပါ့မလဲ မသိဘူးနော်"

ကိုအောင်မြင်က အတည်လိုလို၊ အပျက်လိုလို စကားဆိုလိုက်ပါတယ်။ ဒီစကားလောက်နဲ့တင် အိန္ဒြာစိုးခမျာ အတွေးတွေပွားပြီး ကြိတ်ရင်ခုန်လိုက်ရတယ်။ အမြဲတမ်း အိန္ဒြာစိုးရဲ့ လက်ရာလေး စားချင်တယ်ဆိုတော့ ဘယ်လိုလုပ်ရမှန်း မသိတာတော့ မဖြစ်နိုင်ပါဘူး။ ကိုအောင်မြင်ဆိုတဲ့လူက အ,တီး အ,တမှ မဟုတ်တာ။ ဂျပန်မှာ အလုပ်သွားလုပ်ရင်း ခုနစ်နှစ်တိတိ overstayနဲ့ နေခဲ့တဲ့လူလေ။ အရှောင်အတိမ်းကတော့ ဘတ်စ်ကားဒရိုင်ဘာတွေအတိုင်းပဲ။ ပွတ်ခါသီခါလေး ခေါင်းထိုးပေးလိုက်။ ဘရိတ်လေး တော့ပေးလိုက်။ လီဗာလေး ပုတ်ပေးလိုက်နဲ့။ ဒီအေဂျင်စီက ဝန်ထမ်းကောင်မလေးတွေ သူ့ကို စိတ်ဝင်စားနေကြတာ မသိတာအောက်မေ့လို့။ စားကောင်းသောက်ကောင်းအောင် သူ့နေရာနဲ့ သူ စိုပြေအာချောင်လေး မျှောပေးထားတာ။ ဒါကို ကောင်မလေးတွေက Favour တွေ ပေးနေပြီဆိုပြီး ကြိတ်မြူးနေကြတာ။ အခုလည်း ဗိုက်ကြီးကားအောင်စားပြီးသောက်ပြီးတော့ . . .

"ကျေးဇူးတင်လိုက်တာ မအိန္ဒြာစိုးရယ်၊ ဒီကျေးဇူးတွေကို နောက်မှ အတိုးရော၊ အရင်းပါ ပေါင်းဆပ်တော့မယ်၊ အခုတော့ အမိဌာန်လုပ်ပြီး ပုတီးစိပ်ဖို့ ဘုရားသွားလိုက်ဦးမယ်"

"ဟောဒီမှာ ဘော့စ်"

ဝန်ထမ်းကောင်မလေးတစ်ယောက်က စိပ်ပုတီးကို ကိုအောင်မြင်လက်ထဲ ထည့်ပေးလိုက်ပါတယ်။ ဘယ်အချိန်ကတည်းက ဒီအခွင့်အရေးကို စောင့်နေလည်း မပြောတတ်ဘူး။ အိန္ဒြာစိုးက သူ့ထက်တစ်ကွက်ကျော်သွားတဲ့ ဝန်ထမ်းကောင်မလေးကို မကြည်သလို ကြည့်လိုက်ပါတယ်။ ကိုအောင်မြင်က စိပ်ပုတီးလေးကို လှမ်းယူလိုက်ရင်း. . .

"ဒီပုတီးလေးနဲ့ အမိဌာန်လုပ်လိုက်မှ သမာဓိတွေ ပိုကောင်းလာသလိုပဲ"

ကောင်မလေးခမျာ ကိုအောင်မြင်စကားကြောင့် ခြေမကနေ





ဆံပင်ဖျားအထိ ဝမ်းသာလုံးတွေ ဆို့သွားပါတယ်။ ကျန်ဝန်ထမ်းတွေကတော့ မဲ့တဲ့တဲ့။ ကိုအောင်မြင် ထွက်သွားတော့မှ ငါးပူတင်းမကေသီက အသံကျယ်ကျယ်၊ ခပ်ကြမ်းကြမ်း တွယ်ထည့်လိုက်ပါတယ်။

"သိပ်လည်း ပျော်မနေကြနဲ့ဟေ့၊ ကိုယ်တစ်ခြမ်းလည်း လေဖြတ်သွားဦးမယ် . . . ဟေ့"

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com



ဆေးခန်းထဲကို အသက်နှစ်ဆယ့်ငါး၊ နှစ်ဆယ့်ခြောက်လောက် ရှိမယ့် လူငယ်တစ်ယောက် ရေးကြီးသုတ်ပြာ ဝင်လာပါတယ်။ ဆရာဝန် အခန်းဝမှာ ချိတ်ထားတဲ့ ဆရာဝန်နာမည်တွေကို ခပ်သုတ်သုတ် လိုက်ကြည့်ရင်း ဆရာဝန်တစ်ယောက်ရဲ့ အခန်းထဲ စွတ်ခနဲ ဝင်သွားပါတယ်။ သူနာပြုဆရာမလေးက လှမ်းအော်တယ်။

"ဟိုလူနာ၊ လူနာမှတ်တမ်းစာအုပ် လုပ်သွားဦးလေ"

လူငယ်က လက်ကာပြပြီး အခန်းထဲ ဆက်ဝင်သွားတယ်။ အခန်းပေါက်ဝမှာ ရေးထားတဲ့ ဆရာဝန်ဆိုင်းဘုတ်ကတော့ . . .

"ဒေါက်တာစိုးမိုးသာ"
'ဦးနှောက်နှင့် စိတ်ပိုင်းဆိုင်ရာ အထူးကုဆရာဝန်ကြီး'

ဆရာဝန်ကြီးက ဝင်လာတဲ့လူနာကို မော့ကြည့်ရင်း . . .

"ထိုင်ပါ၊ ဘာဖြစ်သလဲ ပြောပါဦး"

လူနာက ပြာပြာသလဲ . . .

"ကယ်ပါဦး ဆရာရယ်၊ ကျွန်တော့်ကို ကယ်ပါဦး"

"ဩော် . . . ဘာဖြစ်သလဲပြောမှ ခင်ဗျားကို ကုလို့ရမှာပေါ့။ ကဲ. . . ဘာဖြစ်လာလဲ ပြောစမ်းပါဦး"

သူနာပြုဆရာမလေးက နောက်ကနေ ဝင်လာပါတယ်။ လူနာမှတ်တမ်းလေးကိုင်လို့ . . .

"ဆရာ၊ ဒီလူနာက မှတ်တမ်းစာအုပ် မလုပ်ရသေးဘူး၊ ပြီးတော့ ရှေ့ကလူနာတွေကိုလည်း ကျော်ဝင်သွားတယ်"

"ကဲ . . . ဆရာမ၊ မှတ်တမ်းစာအုပ် ထားခဲ့လိုက်၊ ဝင်လက်စနဲ့ ကြည့်ပေးလိုက်မယ်"

ဆရာမလေးက မှတ်တမ်းစာအုပ်လေး ချပြီး ပြန်ထွက်သွား



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဆရာဝန်က လူနာမှတ်တမ်းစာအုပ် ယူလိုက်ပြီး . . .

“နာမည်”

“မင်းထွန်းပါ ဆရာ”

“အသက်”

“၂၆ နှစ်ပါ ဆရာ”

“အလုပ်အကိုင်က . . .”

“ကွန်ပျူတာနဲ့ ဆက်စပ်ပစ္စည်းအရောင်းဆိုင် ဖွင့်ထားပါတယ် ဆရာ”

“ကဲ . . . ဘာဖြစ်လာလဲဆိုတာ ပြောစမ်းပါဦး”

“ပြောရမှာလည်း ရှက်လည်း ရှက်ပါတယ်ဆရာရယ်၊ ကျွန်တော် မိန်းမလိုချင်လို့ပါ”

ဒေါက်တာစိုးမိုးသာက နည်းနည်းတော့ ညစ်သွားပါတယ်။ ဘယ့်နှယ့်၊ မိန်းမလိုချင်တာ သူ့ဆီလာရတယ်လို့။ မင်းထွန်းဆိုတဲ့ လူနာရဲ့ မျက်ဝန်းတွေကို ကြည့်ရတာတော့ စိတ်သောက ရောက်နေတာက လွဲရင် ပုံမှန်အတိုင်းပါပဲ။ ရုပ်က ခပ်ဖြောင့်ဖြောင့်၊ အသက်က ၂၆ နှစ်။ အလုပ်အကိုင်ကလည်း မဆိုးဘူးလို့ ပြောလို့ရတယ်။ ဒီအသက်၊ ဒီအခြေအနေနဲ့ မိန်းမ မရမှာ စိတ်ပူနေရမယ့်အနေအထား မဟုတ်ဘူးလေ။ ဒါကိုက ပုံမှန်မဟုတ်ဘူးဆိုတာ ပြနေတာပဲ။

“မိန်းမလိုချင်တာ ဆရာဝန်ဆီ လာရလားဗျ။ ခင်ဗျားက ကျုပ်ကို ဘာထင်နေလို့လဲ”

“ဆောရီးပါ ဆရာရယ်၊ ကျွန်တော် စကားပြော လောကြီးသွားလို့ပါ၊ ကျွန်တော့်မှာ မိန်းမယူဖို့ အဆင်မပြေတဲ့ ရောဂါတစ်ခု ရှိနေလို့ပါ”

အင်း . . . ဒီလိုပဲဖြစ်ရမှာပေါ့။ စိတ်ရောဂါ ဆရာဝန်ဆီ လာတယ်ဆိုတော့ လိပ်ခေါင်းရောဂါတော့ မဖြစ်နိုင်တာ အသေအချာပဲ။ စိတ်နဲ့ပတ်သက်တဲ့ရောဂါတစ်ခုခု ဖြစ်မှာပေါ့။

“ဘယ်လိုရောဂါမျိုးလဲ”

ဒေါက်တာစိုးမိုးသာက စကားထောက်ပေးလိုက်တယ်။

“ကျွန်တော့်ရောဂါက မိန်းကလေးတစ်ယောက်ကို မရိုးမသား





ကြည့်လိုက်မိရင် တအေ့အေ့နဲ့ ကြို့ထိုးလာတတ်တာပါ ဆရာရယ်၊ ဒီနေ့လည်း အိမ်က သဘောတူထားတဲ့ ကောင်မလေးကို သွားတွေ့တာ၊ ကောင်မလေးကို ကြည့်ရင်း ကြည့်ရင်းနဲ့ ကြို့တွေထိုးလာလို့ အရှက်ကွဲပြီး ပြန်လာခဲ့ရပါတယ် ဆရာရယ်၊ ကျွန်တော့်ကို ကယ်ပါဦး”

“ခင်ဗျားက တစ်ဆုံးသွားတွေးနေတာလားမှ မသိတာ၊ ဒါနဲ့ အဲဒီလိုဖြစ်နေတာ ကြာပြီလား”

“လူပျိုပေါက်ကတည်းက ဆိုပါတော့ဆရာရယ်၊ ကျောင်းသားဘဝတုန်းက ကောင်မလေးတစ်ယောက်ကို ရည်းစားစကား လိုက်ပြောရင်း တအေ့အေ့နဲ့ ကြို့ထိုးလာလို့ သူ့ကို လာနောက်တယ်ထင်ပြီး ပါးချတာလည်း ခံခဲ့ရဖူးပါတယ် ဆရာရယ်”

“ကျွတ် ကျွတ် ကျွတ်”

“မိန်းမနား ကပ်လိုက်တိုင်း အဲဒီတအေ့အေ့ကြီးကြောင့် ဖိုးလ်တွေငုပ်ပြီး ငုပ်တုတ်ထိုင်နေရပါတယ်၊ ဒီတအေ့အေ့ကြီးကြောင့် ကိုယ်ကျိုးနည်းကုန်ပါပြီ၊ ကျွန်တော် မိန်းမရအောင် ကယ်ပါဦးဆရာရယ်”

ဒေါက်တာစိုးမိုးသာလည်း သူ သင်ကြားလေ့လာဖူးတဲ့ ဆေး...မ်းတွေ၊ ပညာရပ်တွေကို အမြန်စဉ်းစားကြည့်လိုက်တယ်။ သေချာ...ယ်။ ဒီရောဂါ ဘယ်ဆေးကျမ်းထဲမှာမှ မပါတာ။

“အင်း . . . ခင်ဗျားရောဂါက အဆန်းပဲဗျ၊ စိတ်ကြောင့်ဖြစ်တာ ဆိုပေမယ့် ကျွန်တော်လည်း တစ်ခါမှ မတွေ့ဖူးဘူး၊ ကဲ . . . သေချာသွားအောင် ဒီစာအုပ်လေးတွေ ကြည့်လိုက်ပါဦး”

ဒေါက်တာက သော့ခတ်ထားတဲ့ စားပွဲအံဆွဲထဲကနေ ရောင်စုံ...ဘ်ပုံ၊ မဂ္ဂဇင်းနှစ်အုပ် ထုတ်ပေးလိုက်ပါတယ်။ ဓာတ်ပုံတွေက တကယ့်...အလန်းစားတွေပါ။ ပင်လယ်ကမ်းခြေမှာရော၊ ရေကူးကန်တွေမှာရော၊ ...ခြားနေရာတွေမှာရော ယောကျ်ားလေးတွေရဲ့စိတ်ကို မိုးမျှော်ငုပ်သီး...င်သွားစေတဲ့ ဓာတ်ပုံမျိုးတွေ။ အားလုံး ကြွကြွရွရွ၊ လန်းလန်းဆန်းဆန်း ...စ်သွားစေမယ့် ဒီဇိုင်းတွေချည်းပဲ။ အင်း . . . စိတ်ရောဂါကုသ...နေရာမှာ ဒီလိုပုံတွေက အသုံးဝင်တာကိုး။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ"

"ဟဲ ဟဲ ဟဲ"

မင်းထွန်းဆီက အဖြေမကြားရဘဲ တဟဲဟဲနဲ့ ဆရာဝန်ကို ပြ
ပြုံးပြလိုက်ပါတယ်။ သူက တဟဲဟဲဆိုတော့ ဆရာဝန်ကလည်း တဟဲဟ
ပဲပေါ့။

"လန်းတယ်မဟုတ်လား"

"လန်းတာပေါ့ ဆရာရယ်"

"ဒီပုံတွေကြည့်ပြီးတော့ မရိုးမသားစိတ်လေးတွေ မဖြစ်လာဘူ
လား"

"ဆရာရယ်၊ ယောကျ်ားလေးပဲဟာ၊ ဟဲ ဟဲ"

"ကြို့ထိုးချင်စိတ်ရော မဖြစ်လာဘူးလား"

"ဒါတော့မဖြစ်ဘူး ဆရာရဲ့"

"သေချာရဲ့လား"

"သေချာပါတယ်၊ ကျွန်တော်က လူအကောင်လိုက် တွေ့တော
ကြို့ထိုးတာဆရာရဲ့"

"ခင်ဗျားဟာက အပြင်းစားပဲ၊ ကျွန်တော်ထင်တာကတော
ခင်ဗျားက အခြေအနေတစ်ခု၊ ဥပမာဗျာ . . . အလုပ်ထ
အဆင်မပြေတာမျိုး၊ အကျပ်အတည်းတွေ့နေတဲ့ အခြေအ
တစ်ခုနဲ့ တိုက်ဆိုင်သွားတာမျိုး ဖြစ်မှာပါ၊ မိန်းကလေးကြော
ရှင်းရှင်းပြောရရင် လိင်စိတ်အခြေခံကြောင့် ဖြစ်တာမျိုး မဟု
နိုင်ပါဘူး၊ အဲဒီတော့ . . ."

ဒေါက်တာစိုးမိုးသာ စကားမဆုံးခင်မှာဘဲ အခန်းတံခါး ဖွင့်လ
ပြီး ရုပ်ခပ်ချောချော၊ ဘော်ဒီစထရပ်ချာ တောင့်တောင့်တင်းတင်း
သူနာပြုဆရာမတစ်ယောက်က မယ်ပြိုင်ပွဲဝင်နေတဲ့ လမ်းလျှောက်ပုံမျိ
နဲ့ ဝင်လာပါတယ်။ မင်းထွန်းခမျာ ကြည့်လက်စ စာအုပ်ကို ပေါင်ကြာ
ထဲ ကမန်းကတန်း ဝှက်လိုက်ရတယ်။

"ဘာကိစ္စလဲဟေ့"

ဒေါက်တာစိုးမိုးသာက ဝင်လာတဲ့ သူနာပြုမလေးကို လှမ်းမေ
လိုက်တယ်။





"ဆရာရေ . . . ဒေါက်တာအောင်ကျော ဖုန်းဆက်လို့၊ ပြီးခဲ့တဲ့
စာတမ်းဖတ်ပွဲက စာတမ်းတွေ အခုချက်ချင်း လိုချင်တယ်တဲ့၊
အရေးကြီးလို့တဲ့၊ အဲဒါ သူ့ဒရိုင်ဘာလေး ရောက်နေတယ်ဆရာ"

"အာ . . . ဒီလူက အမြဲတမ်း ရေးကြီးသုတ်ပြာနဲ့၊ ကဲ . . . ကဲ၊
ဟိုဘီဒိုအပုလေးအံဆွဲထဲမှာရှိတယ်၊ နင့်ဘာသာနင် ရှာပြီး ပေး
လိုက်"

"ဟုတ်ကဲ့"

သူနာပြုဆရာမလေးက ဘီဒိုကို ဖွင့်၊ ကိုယ်လေး ကိုင်းလိုက်ပြီး
အံဆွဲထဲက စာတမ်းကို ရှာလိုက်တယ်ဆိုရင်ပဲ . . .

"အေ့"

မင်းထွန်းဆီက အေ့ခနဲ ကြို့ထိုးသံ ထွက်လာပါတယ်။ ဆရာဝန်
က မင်းထွန်းကို ကြည့်တယ်။ သူနာပြုဆရာမလေးကို ပြန်ကြည့်တယ်။
သူနာပြုဆရာမလေး စာတမ်းရှာနေတဲ့ပုံစံက ကြွကြွရွရွနဲ့ ပန်းပုထုဖို့
ကိုယ်ဟန်ပြပေးနေသလို။ သူနာပြုဆရာမလေးက ဖိုင်တွေ ဘီဒိုဘေးက
စားပွဲပေါ် တင်လိုက်တဲ့အချိန်မှာပဲ ခါးသားလေးက လက်ခနဲ ပေါ်သွား
တယ်။

"အေ့ . . . အေ့"

သူနာပြုဆရာမလေးက တအေ့အေ့သံကြားလို့ မင်းထွန်းဘက်
မျက်လုံးဝိုင်းကြီးနဲ့ လှမ်းကြည့်လိုက်တယ်ဆိုရင်ပဲ ပေါင်ကြားထဲက
မဂ္ဂဇင်းစာအုပ်က ကြမ်းပြင်ပေါ် လျှောကျကုန်တယ်။ ဆရာမလေးက
လည်း စာအုပ်တွေကိုကြည့်ပြီး ကမန်းကတန်း မျက်နှာလွှဲသွားတယ်။

"အေ့ . . . အေ့ . . . အေ့"

မင်းထွန်းရဲ့ ကြို့ထိုးသံကလည်း Tempo မြင့်လာပြီး မျက်နှာ
တစ်ခုလုံးကလည်း ရှက်တဲ့စိတ်ကြောင့် ရဲလာပါတယ်။

"အေ့ . . . အေ့ . . . အေ့"

ကြို့ထိုးတဲ့အသံက မီးရထားခုတ်သလို မှန်မှန်နဲ့ မြန်မြန် ဖြစ်လာ
တယ်ဆိုရင်ပဲ မင်းထွန်းက ရှက်ရှက်နဲ့ ထပြီး ပြေးပါတော့တယ်။

"ဟာ . . . ဟေ့လူ၊ ကိုမင်းထွန်း . . . နေဦးလေ"

ဒေါက်တာစိုးမိုးသာက မတ်တပ်ရပ်ပြီး လှမ်းခေါ်ပေမယ့် မင်း



www.burmeseclassic.com

www.burmeseclassic.com



ထွန်းက မနေတော့ပါဘူး။ ရှက်ရှာမှာပေါ့။ သူ့ခမြာ ခိုးထုပ်ခိုးထည်နဲ့ လူမိထားတာကိုး။ သူနာပြုဆရာမလေးကတော့ မျက်လုံးလေး ကလယ် ကလယ်နဲ့ စကားမရှိ စကားရှာလိုက်ရင်း . . .

"ဒီလူနာက ဘာရောဂါလဲဟင် ဆရာ"

ဒေါက်တာစိုးမိုးသာ ကြမ်းပြင်ပေါ် ကျနေတဲ့ စာအုပ်တွေကို ကောက်သိမ်းလိုက်ရင်း . . .

"အေ့ . . . ဒီလူနာက အေ့ . . . နင့်ကိုမြင်တော့ ငါ့လိုပဲ ဖြစ်သွားတာပဲ အေ့"

နေရင်းထိုင်ရင်း ဒေါက်တာစိုးမိုးသာပါ ကြို့ထိုးရောဂါ ကူးစက်သွားပါတယ်။ နောက်တစ်ခါ စာတမ်းဖတ်ရင်တော့ ကြို့ထိုးရောဂါ ကူးစက်တတ်တဲ့အကြောင်း စာတမ်းတင်ရတော့မယ် ထင်ပါရဲ့။ သူနာပြု ဆရာမလေးက သူ့မျက်လုံးဝိုင်းဝိုင်းကြီးကို ရွဲ့နေအောင် ကြည့်လိုက်ရင်း . . .

"ဆရာ့လူနာက ကျွန်မတစ်ယောက်တည်းနဲ့တင် ဒီလောက်ဖြစ်သွားရင် model တွေ တစ်ပုံတပင်ကြားထဲ ရောက်သွားရင်တော့ ကြို့ထိုးရင်း အသက်ထွက်သွားမှာ အသေအချာပါပဲ"

♥ ♥ ♥





"မလာသေးဘူးလားဗျာ၊ ကျွန်တော် စောင့်ရတာ စိတ်မရှည်တော့ဘူး၊ တကယ်ရော လာမှာလားဟင်"

နေရာက coffee bar တစ်ခုမှာပါ။ အိန္ဒြာစိုးက သူ့ရှေ့မှာ ထိုင်ပြီး စိတ်လှုပ်ရှားနေပုံရတဲ့ ဦးကျော်ဇင်ကို ကြည့်ပြီး အားပေးလိုက်ရတယ်။

"ဒီလောက်လည်း စိတ်မလှုပ်ရှားပါနဲ့ ဦးကျော်ဇင်ရယ်၊ သေချာပေါက် လာမှာပါ"

ဦးကျော်ဇင်က သက်ပြင်းတစ်ချက် ချလိုက်ပြီး ထိုင်ခုံမှာ မှီထိုင်လိုက်ပါတယ်။ ဦးကျော်ဇင်ဆိုတာက အသက်လေးဆယ်ကျော်စ၊ လူပျိုကြီးတစ်ယောက်ပါ။ အခု ဒီကိုရောက်နေရတဲ့အကြောင်းရင်းကတော့ အိန္ဒြာစိုး စီစဉ်ပေးတဲ့ အိမ်ထောင်ဘက်လောင်းလျာနဲ့ တွေ့ဖို့ပါပဲ။ ဦးကျော်ဇင်က စားပွဲခင်းကို လက်သည်းနဲ့ကုတ်ပြီး . . .

"ကျွန်တော်က ရည်းစားဦးနဲ့ လွဲပြီးကတည်းက မိန်းမတွေအကြောင်း ခေါင်းထဲက ထုတ်ထားတာ၊ အမေက သူမသေခင် အိမ်ထောင်ပြုဖြစ်အောင် ပြုပါဆိုလို့၊ တကယ်တမ်းကျတော့ ဒူးတော့ တုန်သားဗျ၊ ဒါနဲ့ ကျွန်တော်နဲ့ လာတွေ့မယ်ဆိုတဲ့ အမျိုးသမီးက တကယ်လာတွေ့မှာပါနော်"

"စိတ်ချပါရှင်၊ ရှင်သာ ကိုယ့်ကိုယ်ကို smart ဖြစ်အောင် နေ၊ မိန်းကလေးတွေက ကိုယ့်ကိုယ်ကို ယုံကြည်မှုမရှိတဲ့လူကို သိပ်သဘောမကျတတ်ဘူးရှင့်၊ ရှင့်ရုပ်၊ ရှင့်ရည်၊ ရှင့်အလုပ်အကိုင်နဲ့ ဒီလောက်ကြီး သွေးပျက်နေစရာ မရှိပါဘူး"

အိန္ဒြာစိုးက ဦးကျော်ဇင်ကို ပြောရင်း နာရီကို ကြည့်လိုက်ပါတယ်။

"အင်း . . . လာသင့်နေပြီ၊ ဘာကြောင့် ရောက်မလာသေးတာ



www.burmeseclassic.com

www.burmeseclassic.com



ပါလိမ့်"

အိန္ဒြာစိုးတို့အလုပ်က တစ်ခါတလေလည်း အဲဒီလို အဆင်မပြေမှုတွေ တွေ့ရတတ်ပါတယ်။ နိုင်ငံတကာမှာ Blind date လို့ ခေါ်တဲ့ မမြင်ဖူးတဲ့လူချင်း အိမ်ထောင်ပြုပေးနိုင်အောင် စီစဉ်ပေးတဲ့ အေဂျင်စီတွေ၊ ကုမ္ပဏီတွေ ရှိပါတယ်။ မြန်မာပြည်မှာတော့ နီးစပ်ရာ မိဘဆွေမျိုးတွေကပဲ ရှာရှာဖွေဖွေ စီစဉ်ပေးရတာလေ။ တစ်ခါတလေကျတော့လည်း အဆက်အသွယ်၊ လူသိများတဲ့ အိန္ဒြာစိုးတို့လို လူမျိုးတွေကို အားကိုးရတာပေါ့။ အိန္ဒြာစိုးကလည်း တွေ့ကရာတွေနဲ့ ပြီးပြီးရော လုပ်ပေးတာ မဟုတ်ပါဘူး။ ဒါ အိမ်ထောင်ရေး။ တစ်သက်လုံး ပေါင်းရမယ့် အရေးဆိုတော့ အမှားမခံဘူးလေ။ ဒါကြောင့် အိန္ဒြာစိုးဆီ တိုးတိုးတိတ်တိတ် စာရင်းပေးထားတဲ့လူတွေ များလာတာပေါ့။ တစ်ဆင့်စကား တစ်ဆင့်နားလေ။ တချို့တွေများ အလုပ်တွေ မအားလို့ အိန္ဒြာစိုးလက် ဝကွပ်အပ်ထားတာ။ အိန္ဒြာစိုး ရှာပေးရင် Branded ၊ Standard တွေချည်းပဲလေ။ အခုလည်း Branded ဦးကျော်ဇင်နဲ့ Standard ဒေါ်မေသစ္စာတို့ တွေ့ပေးမလို့ဥစ္စာ။ အခုထိ ဒေါ်မေသစ္စာက ပေါ်မလာသေးတော့ အိန္ဒြာစိုးလည်း Hand Phone ထုတ်ပြီး ဆက်သွယ်ဖို့ လုပ်ရပါတော့တယ်။ ပြောရင်းဆိုရင် Coffee Bar ထဲကို တစ်လှမ်းချင်း ဝင်လာတာက ဒေါ်မေသစ္စာကိုယ်တိုင်ပါပဲ။

ဒေါ်မေသစ္စာကလည်း အသက်လေးဆယ်ဝန်းကျင် အပျိုကြီး။ နာမည်ကြီး ကုမ္ပဏီတစ်ခုမှာ မန်နေဂျာဆိုပဲ။ လေးဆယ်ကျော်ဝန်းကျင်ဆိုတော့ ပုံပျက်နေပေမယ့် ပန်းတော့မပျက်သေးပါဘူး။ ဝ,တယ်လို့ ပြောလို့ရပေမယ့် ဝ,တဲ့အတိုင်း ကောက်ကြောင်းက အလိုက်သင့်။ တင်နဲ့ရင်နဲ့ကြားမှာ ခါးဆိုတဲ့ နယ်နိမိတ်က အတိအကျ ကျန်နေသေးတယ်။ ငါးရဲ့ကိုယ်လုံး မဟုတ်တော့ပေမယ့် ကဝက်ကင်း ငါးသလောက်လို ဆူဆူဖြိုးဖြိုးကြီး။ ဒေါ်မေသစ္စာက ကော်ဖီဆိုင်ထဲကို ဝေ့ပြီး ကြည့်တယ်။ ဆိုင်ထဲမှာက လူရှင်းလို့။ ပြေးကြည့်လိုက်မှ လူရှိတာ နှစ်ဝိုင်းတည်း။ ဝိုင်းတစ်ဝိုင်းက ယောကျာ်းနဲ့မိန်းမ ထိုင်နေတယ်။ နောက်တစ်ဝိုင်းက ယောကျာ်းလေးတစ်ယောက်တည်း။ ဒေါ်မေသစ္စာက တစ်ယောက်တည်း ထိုင်နေတဲ့ဝိုင်းကို ကြည့်ပြီး ရင်တွေဘာတွေ ခုန်သွားတယ်။





'ဟယ် . . . ကောင်လေးက ငယ်ငယ်ချောချောလေးတော့၊ ဒါမျိုး နုနုထွတ်ထွတ်လေးဆိုရင် အရိုးပါ ထုတ်ထုတ် ထုတ်ထုတ်နဲ့နေအောင် ဝါးစားလိုက်ရမှာ၊ အင်း . . . ဒီအတိုင်းဆိုရင် ကောင်လေးက ငါ့ကိုကြည့်ပြီး စိတ်ပျက်သွားလိမ့်မယ်၊ ဇာတ်လမ်းလေးဆင်ပြီး အပိုင်ချည်မှ ဖြစ်မယ်'

ဒေါ်မေသစ္စာက စိတ်ကူးနဲ့ ဇာတ်လမ်းထွင်ပြီး ကောင်လေးထိုင်နေတဲ့ဝိုင်းရှေ့ ရောက်သွားပါတယ်။

"အမလေး မောင်ရယ်၊ ကံမကုန်လို့ ပြန်ဆုံရတာပါလား၊ ဒီဘဝ ပြန်မှဆုံပါ့မလားလို့၊ ဝမ်းသာလိုက်တာမောင်ရယ်"

ဒေါ်မေသစ္စာက အကယ်ဒမီ၊ ရွှေကမ္ဘာလုံး၊ အော်စကာတွေ တစ်ပွေ့တစ်ပိုက် ပေးရတော့မယ့် အမူအယာမျိုးနဲ့ ထိုင်နေတဲ့ ကောင်လေးရဲ့လက်ကို ဖမ်းကိုင်လိုက်တယ်။ တစ်ယောက်တည်း ထိုင်နေတဲ့ ကောင်လေးခမျာ ဘယ်ကမှန်းမသိတဲ့ မိန်းမကြီးက လက်ဖမ်းကိုင်လိုက်တာကြောင့် လန့်သွားပါတယ်။ လန့်သွားတာနဲ့အတူ ရောဂါဟောင်းကလည်း အော့ခန်။

"အေ့ . . . အစ်မကြီး လူမှားနေပြီထင်တယ်၊ အေ့ . . . ကျွန်တော် အစ်မကြီးရဲ့မောင် မဟုတ်ဘူး၊ အေ့ . . . ကျွန်တော့်နာမည် မင်းထွန်းပါ၊ အေ့ . . . အေ့"

မင်းထွန်းခမျာ တအေ့အေ့နဲ့ ကြို့ထိုးရင်း ဒေါ်မေသစ္စာရဲ့ လက်ကနေ ရုန်းထွက်လိုက်ပါတယ်။ ဒေါ်မေသစ္စာက မလျှော့သေးဘဲ တစ်မျိုးအသစ်ထွင်ပြန်တယ်။

"အော် . . . နာမည်က မင်းထွန်းတဲ့လား၊ sorry ပါကွယ်၊ ဒီကမောင်လေးက မမရဲ့ ချစ်ဦးသူနဲ့ ချွတ်စွပ်တူလို့၊ မမ သတိလက်လွတ်သွားတာပါ"

အော် . . . ကိုယ့်ဘာသာကိုယ် ကော်ဖီဆိုင်ထဲ ထိုင်ဘူနေတာ၊ လူချင်းတူတဲ့လူနဲ့ လာဆုံနေသေးတယ်။ ဒေါ်မေသစ္စာက မင်းထွန်းနဲ့ အနီးဆုံးထိုင်ခုံမှာ ဝင်ထိုင်လိုက်ရင်း . . .

"အော် . . . ကိုကျော်ဇင်၊ ကိုကျော်ဇင်၊ ရှင် ဘယ်ဘဝရောက်နေမှန်း မသိတော့ပေမယ့် ကျွန်မကတော့ ရှင်နဲ့ချွတ်စွပ်တူတဲ့



www.burmeseclassic.com

www.burmeseclassic.com



မောင်လေးတစ်ယောက်နဲ့ ဆုံရတဲ့အတွက် အရမ်း အရမ်းကို ဝမ်းသာရပါတယ် ကိုကျော်ဇင်ရယ်၊ ကိုကျော်ဇင်တစ်ယောက် ရောက်ရာဘုံဘဝကနေ ဝမ်းမြောက်နိုင်ပါစေ ကိုကျော်ဇင်ရယ်၊ အမျှ အမျှ အမျှ"

အိန္ဒြာစိုးနဲ့ ထိုင်ပြီး အခြေအနေ အကဲခတ်နေတဲ့ ဦးကျော်ဇင် လည်း မျက်လုံးပြူးသွားတယ်။

"ဟိုက် . . . ကျော်ဇင်တဲ့၊ ဒါ ငါ့နာမည်ပဲ"

သူ့ခမျာ အရှင်လတ်လတ်ကြီး အမျှဝေခံလိုက်ရတော့ ရင်ထဲ ကျောထဲကနေတောင် စိမ့်တက်သွားတယ်။ အိန္ဒြာစိုးလည်း ထိုင်နေရာက ဒေါ်မေသစ္စာဆီ လျှောက်သွားပြီး . . .

"အစ်မ . . . အစ်မ . . . အစ်မ လူမှားနေပြီ၊ သူက ကျွန်မ စီစဉ်ပေးမယ့်လူ မဟုတ်ဘူး"

"ကြည့်ပြောစမ်းပါဦးဗျာ၊ ကျွန်တော့်မှာ နေရင်းထိုင်ရင်း ဒုက္ခ အကြီးကြီးနဲ့ ဝင်တိုက်မိတော့မလို့၊ အေ့ . . ."

ဒေါ်မေသစ္စာက အိန္ဒြာစိုးကို ပြန်ကြည့်ရင်း . . .

"သူလေး မဟုတ်ဘူးလား၊ ဒါဖြင့် သူလေးက ဘယ်တူလေးလဲ ဟင်၊ မမတွေ့ရမယ့်လူက ဘယ်မှာလဲ"

အိန္ဒြာစိုးက သူတို့ဘက် လှည့်ကြည့်နေတဲ့ ဦးကျော်ဇင်ကို လက် ညှိုးထိုးပြလိုက်တယ်ဆိုရင်ပဲ ဒေါ်မေသစ္စာရဲ့ မျက်လုံးအစုံက မျက်လုံး ပြူးသွားလေရဲ့။

"ဟင် . . . ရှင် . . . ကိုကျော်ဇင်"

"မင်း . . . မင်း . . . မေသစ္စာ၊ မေသစ္စာ ဟုတ်ပါတယ်နော်"

"အမလေး . . . ကိုကျော်ဇင်၊ ရှင် မသေသေးဘူးနော်"

"ဖွဟဲ့၊ လွဲပါစေ၊ ဖယ်ပါစေ၊ ဘယ့်နှယ့်သေရမှာတုန်း၊ အလတ် ကြီး ရှိသေးတယ်၊ ဒီဘဝ မိန်းမ မရသေးဘဲ မသေနိုင်သေးပါ ဘူး"

"ကျွန်မလည်း ဒီအတိုင်းပါပဲ ကိုကျော်ဇင်ရယ်၊ ကံမကုန်လို့ ပြန်ဆုံကြရတယ်နော်"

"ဆုံလာတဲ့ ကံအကြောင်းအတိုင်း ဖော်လိုလေးလိုက်ပြီး မင်္ဂလာ





ပြေးဆောင်ကြပါစို့ မေသစ္စာရယ်"

"အို . . . ကိုကျော်ဇင်ရယ်"

ဒေါ်မေသစ္စာရဲ့ 'အို'ကတော့ အမှန်တကယ် အိုသွားတော့မယ့် 'အို'ပါပဲ။

မင်းထွန်းက ဦးကျော်ဇင်ဆိုတဲ့လူကို အသေအချာ စိုက်ကြည့် တယ်။

"ဒီရုပ်နဲ့ ဒီရုပ်များ ချွတ်စွပ်တူသတဲ့၊ ဘယ်နိုင်ငံကလုပ်တဲ့ မျက် လုံးနဲ့ ကြည့်သလဲ မပြောတတ်ဘူး"

ပြောလည်းပြောချင်စရာ။ ဦးကျော်ဇင်က မျက်နှာလေးထောင့်။ [illegible]ထွန်းက မျက်နှာဝိုင်းဝိုင်း။ ချွတ်စွပ်မပြောနဲ့။ ချိုးတိုးရိုပ်တိတ်လေး [illegible] မဆင်ပါဘူး။ အိန္ဒြာစိုးက လူမှားသွားတဲ့ မင်းထွန်းကို တောင်း ပန်လိုက်ပါတယ်။

"အားနာလိုက်တာရှင်၊ ကျွန်မကပဲ တောင်းပန်ပါတယ်၊ စိတ်မရှိ ပါနဲ့နော်"

"ကိစ္စမရှိပါဘူးဗျာ"

မင်းထွန်းလည်း ကောင်မလေးချောချောတစ်ယောက်က တောင်းပန်တယ်ဆိုတော့လည်း ကျေလိုက်အေးလိုက်ရတယ်။ အင်း . . . မဆိုးဘူးပဲ။ ကောင်မလေးက ငါးရံ့ကိုယ်လုံးလေး။ စောစောက ငါး သလောက်မကြီးနဲ့တော့ ကွာပ။ အိန္ဒြာစိုးက ဆလင်းဘက်ထဲက ပိုက်ဆံ အိတ်ကို ထုတ်၊ ပိုက်ဆံအိတ်ထဲက ဘူးလေးတစ်ဘူး ထုတ်၊ ပိုက်ဆံအိတ် [illegible] visiting card လေးကို မင်းထွန်းဆီ [illegible]ပေးလိုက်ရင်း . . .

"ဒါ ကျွန်မ[illegible] card ပါ၊ ဝါသနာအရ ဒီလို အောင်သွယ် အလုပ်ကိုလည်း လုပ်ပါတယ်။ ပွဲဖြစ်သွားရင် မင်္ဂလာကြေးလေး စားရတာပေါ့နော်၊ အကူအညီလိုလို့ကတော့ ညတစ်ရေးနိုး ထပြီး ဆက်သွယ်ရင်လည်း ကူညီပေးနေပါတယ်၊ ကျွန်မကို ခွင့်ပြုပါဦးနော်"

အိန္ဒြာစိုးက ပြောပြောဆိုဆို ဦးကျော်ဇင်နဲ့ ဒေါ်မေသစ္စာတို့ နောက် လိုက်သွားပါတယ်။ ဟိုနှစ်ယောက်ကတော့ အအိုအလွန်ပြီး



www.burmeseclassic.com

www.burmeseclassic.com



လစ်ထွက်သွားတာ နှုတ်ဆက်ဖော်လေးတောင် မရရှာပါဘူး။ တစ်ခါတည်း တရားရုံးကို တန်းလစ်ပြီလား မပြောတတ်ဘူး။ မင်းထွန်းကတော့ visiting card လေး ဖတ်ရင်း ကျန်ခဲ့တယ်။

"အိန္ဒြာစိုး" တဲ့။

နာမည်က ယဉ်သလောက် လူကလည်း လန်းပါတယ်။ အောင်သွယ်ဆိုတော့ မြားနတ်မောင်လုပ်ငန်းပေါ့။ အင်း . . မြားနတ်မယ်ဆိုမှ ပိုမှန်လိမ့်မယ် ထင်တယ်။ မြားနတ်မယ် လန်းလန်းလေး။ အဲဒီမြားနတ်မယ်လေးရော ပိုင်ရှင်တွေ ဘာတွေ ရှိနေပြီလား မပြောတတ်ဘူး။

ထူးထူးဆန်းဆန်း မင်းထွန်း သတိထားမိလိုက်တာက အိန္ဒြာစိုးနဲ့ စကားပြောနေတဲ့အချိန်မှာ ကြို့ လုံးဝမထိုးတာပါပဲ။ မင်းထွန်းက ကိုယ့်ကိုယ်ကို အံ့သြရင်း ပြန်ထိုင်လိုက်တဲ့အချိန်မှာတော့ စားပွဲပေါ်မှာ ကျန်ခဲ့တဲ့ အိန္ဒြာစိုးရဲ့ wallet လေးကို တွေ့လိုက်ပါတယ်။ အင်း . . . မြားနတ်မယ်လေးကတော့ ခွင်ဖန်သွားပြီ ထင်ပါရဲ့။

♥ ♥ ♥





"အမလေး . . . အိန္ဒြာစိုးရဲ့၊ ညည်း အောင်သွယ်လုပ်ပေးတဲ့ အကောင်လေး အခုတော့ ငါ့ကို ဖြတ်သွားပြီ အိန္ဒြာစိုးရဲ့"

ဒီနေ့ ခွင်တည့်သွားလို့ ပျော်ပြီး စောစောအိမ်ပြန်လာတဲ့ အိန္ဒြာစိုးခမျာ အပေါက်ဝမှာ ဆောင့်ကြောင့်လေး ထိုင်စောင့်ရင်း မြင်မြင်ချင်း လှမ်းအော်လိုက်တဲ့ မိုးမြေခိုင်ရဲ့အသံကြောင့် ကိုယ်စိတ်နှလုံး ချုံးချုံးကျသွားပါတယ်။

"ဟင် . . . ဒီမိန်းမ အရှက်ကို မရှိဘူး၊ ဘယ်လိုဖြစ်နေတာလဲ၊ အပေါက်ဝကနေ၊ ရည်းစားနဲ့ ပြတ်သွားတာ လမ်းသွားလမ်းလာတွေသိအောင် ကြေညာနေတာလား၊ ဒီလောက်ဖြစ်လည်း စည်ပင်ကနေ ဆိုင်းဘုတ်လေလံဆွဲပြီး ကြေညာလိုက်ပါလား"

အိန္ဒြာစိုး ဟောက်ထည့်လိုက်မှပဲ မိုးမြေခိုင်လည်း လျှာလေး တစ်လစ် ဖြစ်သွားပါတယ်။ အိန္ဒြာစိုးက တံခါးသော့ဖွင့်ပြီး အိမ်ထဲဝင်လိုက်တယ်။ မိုးမြေခိုင်က နောက်ကလိုက်ဝင်လာရင်း . . .

"အိန္ဒြာစိုး၊ ငါ့ကို ရဲလင်း ဖြတ်သွားပြန်ပြီဟယ်၊ ငါ့ကို ကူညီပါဦးဟယ်"

အိန္ဒြာစိုးက ဧည့်ခန်းထဲက ဆက်တီပေါ်မှာ ခြေပစ်လက်ပစ် ထိုင်လိုက်ရင်း . . .

"နင့်လို အလိုက်မသိပုံမျိုးနဲ့ ဟိုကောင်ဖြတ်သွားတာ နည်းတောင်နည်းသေးတယ်၊ ဘယ့်နှယ့်တော် . . . ဒီမှာ အလုပ်ကပြန်လာလို့ အမောတောင် မပြေအားသေးဘူး၊ သွား . . . ရေတစ်ခွက် သွားခပ်"

"အေးပါဟယ်၊ အေးပါ"

မိုးမြေခိုင်က ကုတ်ကုတ်လေး ထမင်းစားခန်းထဲဝင်ပြီး ရေသွား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပါတယ်။ မိုးမြေခိုင်ဆိုတာက အိန္ဒြာစိုးနဲ့ ဟိုးအထက်တန်းကျောင်းသူဘဝကတည်းက သူငယ်ချင်းပါ။ မိုးမြေခိုင်ရဲ့ ချစ်သူ ရဲလင်းကလည်း သူတို့ရဲ့ငယ်သူငယ်ချင်းပါပဲ။ ပြောရမယ်ဆိုရင်တော့ အိန္ဒြာစိုးရဲ့ လက်စွမ်းလက်စနဲ့ပဲ သူတို့နှစ်ယောက် ချစ်သူတွေ ဖြစ်သွားကြတာပါ။ အဲဒီတုန်းက ဆယ်တန်းတောင် မအောင်သေးဘဲနဲ့ ရည်းစားထားတဲ့အမှုကြောင့် ကျောင်းအုပ်ဆရာမကြီးက ရုံးခန်းခေါ်ပြီး သတိပေးရသေးတယ်။ အိန္ဒြာစိုးပါ အချောင်သတိပေးခံရတာပေါ့။ အောင်သွယ်လုပ်တဲ့အမှုနဲ့လေ။ ဒါပေမဲ့ ဘယ်ရမလဲ၊ အိန္ဒြာစိုးပဲဟာ။ မိဘတွေ ကွယ်လွန်သွားလို့ အုပ်ထိန်းသူအဖြစ် ခေါ်သောက် ပြီးသူနဲ့ ကျောင်းအုပ်ဆရာမအပျိုကြီးကိုပါ တစ်ခါတည်း အောင်သွယ်လုပ်ပေးလိုက်တယ်။ အိန္ဒြာစိုးတို့တောင် အောင်စာရင်း မထွက်သေးဘူး၊ ဆရာမကြီးခမျာ အောင်စာရင်း ထွက်သွားရှာတယ်။ အချစ်အောင်စာရင်းပါ။ အခုတော့ ကလေးနှစ်ယောက်တောင် ရနေရှာပြီ။ ငြင်မယားရန်ဖြစ်တိုင်း ဆရာမကြီးက အိန္ဒြာစိုးဆီ သတိတရ လှမ်းလှမ်းဆဲပါသေးတယ်။ အံမယ် . . . ကလေးနှစ်ယောက်မွေးတုန်း ဗိုက်နာနေတဲ့အချိန်တောင် အိန္ဒြာစိုးကို ခေမ့ရှာပါဘူး။

'သင်းကြောင့် ငါ ဒီဒုက္ခတွေ ခံနေရတယ်'

ဆိုပြီး မွေးခန်းထဲအထိ တဖွဖွဆိုပဲ။ သူတို့ ကောင်းစားခဲ့ချိန်ကျတော့ အိန္ဒြာစိုးကို သတိရဖော်တောင် မရဘူး။ အခုလည်း ပုံမှန်ပဲ မိုးမြေခိုင်က ပြဿနာတက်ပြီဆိုတော့ ပေါက်ချလာတာပဲကြည့်လေ။ မိုးမြေခိုင်က ရေခွက်လေးကိုင်ပြီး ဧည့်ခန်းထဲ ပြန်ရောက်လာတယ်။ အိန္ဒြာစိုး ရေကို တစ်ကျိုက်တည်း မော့သောက်လိုက်ပြီး မေးလိုက်ပါတယ်။

"နင်တို့ ပြဿနာတက်တိုင်း ငါလိုက်ရှင်းပေးရတာ ဘယ်နှစ်ခါရှိပြီလဲ"

"အခုမှ နှစ်ဆယ့်တစ်ခါပဲ ရှိပါသေးတယ်ဟယ်"

"နှစ်ဆယ့်တစ်ခါ၊ နည်းလားဟဲ့၊ နင်တို့ ရန်ဖြစ်တိုင်း ပြန် join ပေးရတဲ့ ငါ့ကို ဒေပါမကြီးများ အောက်မေ့နေသလား"

ပြီး ရည်းစားသက်တမ်းက ဆယ်နှစ်ထဲ ရောက်နေပြီ၊ တစ်နှစ်ကို နှစ်ခါက်လောက် သမီးရည်းစား စိတ်ကောက်တာ





မလွန်ပါဘူး၊ နည်းတောင် နည်းသေးတယ်"

အိန္ဒြာစိုးက သက်ပြင်းချလိုက်တယ်။ ရည်းစားသက် ဆယ်နှစ်လောက် ဆိုတော့လည်း တစ်ယောက်နဲ့တစ်ယောက် သိပ်ပြီးသည်းမခံနိုင်ကြတော့ဘူး ထင်ပါရဲ့။ သူငယ်ချင်းကနေ ရည်းစားဖြစ်ခဲ့တာဆိုတော့ ဖြစ်လိုက်ရင် နင်တစ်လုံး ငါတစ်လုံးနဲ့ ပွဲကြမ်းကုန်တော့တာပါပဲ။

"ဒီတစ်ခါရော ရဲလင်း၊ ကောင်မလေးတွေနဲ့ တဟီးဟီး တဟဲဟဲ ဖြစ်နေလို့ ကွိုင်တက်ကြတာပဲ မဟုတ်လား"

မိုးမြေခိုင်က ဘာမှပြန်မဖြေဘဲ ငြိမ်နေတယ်။ ဒါဆို သေချာပါပြီ။ လူများတွေထက် လက်တစ်ဆစ်လောက် အူပိုတိုတတ်တဲ့ မိုးမြေခိုင်တစ်ယောက် fashion ဒီဇိုင်နာလုပ်နေတဲ့ ရဲလင်းနဲ့မှ ကြိုက်မိတော့လည်း ဒီပြဿနာမျိုး တက်တာ မဆန်းလှပါဘူး။

"ဒီတစ်ခါ အကြီးအကျယ် ကွိုင်တက်တာဟ၊ ငါ့ကြောင့် သူလုပ်မယ့် fashion show လည်း ပျက်သွားတယ်တဲ့၊ သူလည်း အရမ်းဒေါသထွက်ပြီး စီဒီပလေယာကြီးကို ပေါက်ခွဲလိုက်တယ်၊ model မလေးတွေလည်း အချင်းချင်း ထခုတ်ကုန်ရော၊ ငါ့မျက်နှာကိုလည်း မကြည့်ချင်တော့ဘူး၊ ဒီတစ်ခါ အပြီးပြတ်ပြီလို့ ပြောလိုက်တယ်၊ သူ့ကို ငါ သွားတောင်းပန်ပါသေးတယ်ဟယ်၊ ဒါပေမဲ့ သူက ငါ့ကို လုံးဝခါးခါးသီးသီးပဲဟ၊ ဒီတစ်ခါ တကယ်ပြတ်တော့မယ် ထင်ပါရဲ့ အိန္ဒြာစိုးရယ်၊ ငါ့အသည်းတွေ ကွဲကုန်ပါပြီဟယ်၊ ငါ့ကိုကယ်ပါဦး အိန္ဒြာစိုးရယ်"

"အသည်းကွဲတာလောက်တော့ အရေးလုပ်ပြီး ပြောနေရသေးတယ်၊ ဘာမှမပူနဲ့၊ နင့်ရဲ့ ကွဲနေတဲ့အသည်း အလုံးလိုက် လဲပေးလိုက်မယ်၊ ဟောဒီ Album ထဲမှာ ကြိုက်တာသာ ရွေး"

"ဒီ Album က . . ."

မိုးမြေခိုင်က Album ကို ယူကြည့်လိုက်တဲ့အခါမှာတော့ ကြီးကြီးငယ်ငယ် ပုရိသတွေရဲ့ ဓာတ်ပုံတွေ။ တချို့များ Pose တွေတောင် ပေးထားလိုက်သေး။ သူတို့မို့ မရှက်မကြောက်။

မိုးမြေခိုင်က မျက်လုံးပြူးသွားတယ်။ ဒီမိန်းမ အကြီးအကျယ် ကြံနေတာပါပဲလား။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် . . . ဒါက"

"အေး . . . ငါ အောင်သွယ်လုပ်ပေးရမယ့် လူတွေရဲ့ ဓာတ်ပုံတွေပဲ၊ နင် ကြိုက်တာရွေး"

"ဟာ . . . မဖြစ်ပါဘူး၊ ငါက ရဲလင်းကိုပဲချစ်တာ၊ ရဲလင်းကို မပြတ်နိုင်တာ၊ ဒါတွေမလိုအပ်ဘူး"

"ကျွတ် . . . ဝေးပါ့ဟယ်၊ ရဲလင်းက model တွေ တစ်ပွဲပြီး တစ်ပွဲ တွဲပြနေတော့ နင် သဝန်မတိုဘူးလား"

"တိုတာပေါ့ဟဲ့၊ ဒါကြောင့်မို့ ဒင်းနဲ့ ပြဿနာတက်တက်နေရတာပေါ့"

"ဒါပဲ၊ ဒီတစ်ခါ နင့်အလှည့်၊ ရဲလင်းတစ်ယောက် ဂျေပြန်ကိုက်သွားအောင် နင်ပြန်လုပ်နိုင်မယ့် အခွင့်အရေးပဲ"

မိုးမြေခိုင်က လက်သည်းလေးကိုက်ပြီး စဉ်းစားတယ်။

"တကယ်လို့ သူ ဂျေမကိုက်ရင်ကော"

"သူ ဂျေမကိုက်ရင် နင် အေကိုက်လိုက်ပေါ့ဟာ"

"သေပါလား မိန်းမယုတ်ရဲ့၊ ဘာကိစ္စ ငါက AIDS ဖြစ်ရမှာလဲ"

"သဘောပြောတာပါ၊ နင် စိတ်ကူးမလွဲနဲ့နော်"

စိတ်ကူးမလွဲနဲ့ဆိုမှ မိုးမြေခိုင်က လွဲဖြစ်အောင် လွဲလိုက်ပါသေးတယ်။

"ဟဲ့ . . . ငါက ဒီ Album ထဲက လူတွေအားလုံးနဲ့ တွေ့ရမှာလား"

"အမလေး . . . မိုးမြေခိုင်၊ အားလုံးနဲ့ တွေ့မှတော့ နင့်အသည်းတင် ကွဲရုံတင် မကဘူး၊ တယ်လေ . . . ငါ မပြောလိုက်ချင်ဘူး"

"မပြောချင်လည်း မပြောပါနဲ့တော့ဟယ်၊ ဒါပေမဲ့ နင့်ဥစ္စာက ငါနဲ့ဖြစ်မယ်မထင်ပါဘူး၊ ရဲလင်းကလွဲပြီး ငါ ဘယ်ယောကျ်ားလေးနဲ့ တွေ့လည်းမတွေ့နိုင်ဘူး၊ အထင်လွဲလည်း မခံနိုင်ဘူး"

"ဒါဆိုရင်တော့ ငါကလည်း နင်တို့ကိစ္စ လုံးဝမကူညီနိုင်ဘူး"

"နင်ကလည်းဟယ်"

"နင်ကလည်းမဟယ်နဲ့၊ ငါ တကယ်ပြောနေတာ"





မိုးမြေခိုင် မျက်နှာလေး ညှိုးသွားတယ်။ အင်း . . . အသည်းကွဲတာ ပြန်ဆက်ဖို့ အရင်းအနှီးတစ်ခုတော့ ပေးဆပ်ရမယ် ထင်ပါရဲ့။ မိုးမြေခိုင်က သက်ပြင်းလေးချလိုက်ရင်း . . .

"ဒီလိုဆိုရင်လည်း နင်ပြောတဲ့အတိုင်း ငါ လုပ်ပါ့မယ်၊ ငါ့ကို ရဲလင်းနဲ့သာ အဆင်ပြေအောင် ကူညီပေးပါနော်"

အိန္ဒြာစိုးက မျက်နှာကြီး တည်ရာက အခုမှပဲ ပြုံးပြုံးရွှင်ရွှင်ဖြစ်သွားပါတယ်။

"ဒါနဲ့ နင့်ညီမ စိုးမေလှိုင်တစ်ယောက် အခုတလော ဘာတွေအရှုပ်ထုပ် လုပ်နေလဲ၊ သူ့အတွက်လည်း တစ်ယောက်လောက် ရှာပေးဦးမှပါပဲ၊ သူက နဂိုကတည်းက ရှုစိန်ဆိုတော့ အံကိုက်ပဲ"

မိုးမြေခိုင်တစ်ယောက် ရှုံ့မဲ့သွားပါတယ်။ ရည်းစားနဲ့ ပြန်အဆင်ပြေဖို့အရေး ညီမတစ်ယောက်လုံးပါ ထည့်ရင်းရမယ့်အရေး။

မိုးမြေခိုင်က သူ့ညီမကို ရှုစိန်ဘွဲ့ ပေးခံလိုက်ရတဲ့အတွက် မကျေမနပ်နဲ့ ပြန်ကစ်ထည့်လိုက်ပါတယ်။

"ဘာလုပ်ရမှာလဲ၊ နင့်ညီမ ကုတ်ကမြင်း နန္ဒာစိုးနဲ့ လျှောက်ပွေးနေမှာပေါ့ဟဲ့"

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com



"ကျွ"

"ဝုန်း"

"ဟာ . . . ကားတိုက်ပြီဟေ့"

ကျောင်းဝင်းထဲက ရုတ်ရုတ် ရုတ်ရုတ်အသံတွေကြောင့် Notice Board က ကြော်ငြာတွေ ဖတ်နေတဲ့ စိုးမေလှိုင်နဲ့ မှန်ကြောင်မလေး နန္ဒာစိုးတို့ အသံကြားရာဆီ ခေါင်းလည်သွားပါတယ်။ ဒီကျောင်းဝင်းထဲမှာ ကားတွေက ဖြည်းဖြည်းလေးပဲ မောင်းကြတာ ဘယ်ကနေ ဘယ်လို ကားတိုက်ရတာလဲ မပြောတတ်ဘူး။

"လာ . . . သွားကြည့်ရအောင်"

စိုးမေလှိုင်က နန္ဒာစိုးကို အဖော်ဆွယ်လိုက်တယ်။

"ဟာ . . . သွေးရဲရဲ သံရဲရဲတွေ ငါ မကြည့်ရဲပါဘူး"

ပါးစပ်ကသာ မကြည့်ရဲဘူး ပြောနေတာ။ ခြေထောက်ကတော့ မိန်းမတို့ရဲ့ မွေးရာပါဗီဇ စပ်စုတဲ့စိတ်နဲ့ ကားတိုက်တဲ့နေရာဆီ ခြေဦးတည့်ပြီးနေပြီ။ တွေ့ပါပြီ။ ကားတိုက်တဲ့ ကောင်လေးက ကားရှေ့တစ်ပေခွဲလောက်အကွာမှာ ခွေခွေလေး လဲနေရှာတယ်။ သွေးရဲရဲ သံရဲရဲ မပြောနဲ့၊ သွေးနဲ့တူတာ ငရုပ်ဆီ အချဉ်ရည်တောင် မတွေ့ရပါဘူး။ နန္ဒာစိုးက လဲနေတဲ့ကောင်လေးကို အသေအချာကြည့်လိုက်တော့ . . .

"ဟင် . . . ဇေယျာသူ"

ဇေယျာသူဆိုတာ စိုးမေလှိုင်နဲ့ နန္ဒာစိုးတို့နဲ့ section တစ်ခုတည်း အတန်းဖော်လေးပါ။ တည့်တည့်ပြောရရင် စိုးမေလှိုင်ရဲ့ အရံဇယားတွေထဲက တစ်ယောက်။ ဘယ်ကနေ ဘယ်လို နန္ဒာစိုးက ဇေယျာသူရဲ့ဘေးရောက်သွားလဲ မသိတတ်တော့ဘူး။ စိုးရိမ်စိတ်အပြည့်နဲ့ လဲကျနေတဲ့ ဇေယျာသူကို အော်ခေါ်လိုက်တယ်။



www.burmeseclassic.com

"ဇေယျာသူ၊ ဟဲ့ . . . ဇေယျာသူ၊ နင် သတိရရဲ့လားဟင်"

ဇေယျာသူရဲ့မျက်လုံး ပွင့်လာတယ်။ သူ့ကို စိုးရိမ်တကြီး စိုက်ကြည့်နေတဲ့ နန္ဒာစိုးကို ကျော်ပြီး နောက်မှာရပ်နေတဲ့ စိုးမေလှိုင်ကို လှမ်းကြည့်တယ်။ ပြီးတော့ အလွန်နာကျင်ခံစားနေရတဲ့လေသံနဲ့ . . .

"အား . . . ကျွတ် ကျွတ်၊ စိုးမေလှိုင် . . . နင် ငါ့ကို ပြန်မချစ်နိုင်တဲ့ဘဝမှာ ငါ ဆက်ပြီး အသက်မရှင်ချင်တော့ပါဘူးဟာ၊ ငါ နင့်ကိုချစ်တဲ့အချစ်တွေကို အသက်နဲ့ရင်းပြီး သက်သေပြခဲ့ပါတယ်၊ ငါ . . . သွားတော့မယ်"

ဇေယျာသူက ပြောရင်း ဇက်ကျိုးသွားတယ်။ ကာယကံရှင် စိုးမေ လှိုင်က ဘာမှမဖြစ်ဘဲ နန္ဒာစိုးကတော့ ပြူးပြူးပြာပြာဖြစ်သွားတယ်။

"ဟဲ့ . . . ဇေယျာ၊ အမလေး ဖြစ်မှဖြစ်ရလေ ဇေယျာသူရယ်၊ ဟဲ့ . . . စိုးမေလှိုင်၊ နင့်ကြောင့် လူတစ်ယောက်လုံး သေသွားတာ နင်က သွေးအေးနိုင်သေးတယ်နော်"

အခုမှပဲ စိုးမေလှိုင်က ပြူးပြူးပြာပြာ ဖြစ်သွားတယ်။

"ဟဲ့ . . . တိုးတိုး၊ သူ့ဘာသာသူ ကားတိုက်ပြီးရှောတာ၊ ငါနဲ့ ဘာမှမဆိုင်ဘူး၊ ငါတွန်းချတာလည်းမဟုတ်၊ ကိုယ့်ဘာသာ လွတ်လွတ်ကင်းကင်း အေးရာအေးကြောင်း သေတာမဟုတ်ဘူး၊ ငါ့နာမည်တပ်ပြီး ကွိုင်ရှာသွားသေးတယ်၊ လာ . . . လာ၊ သွားမယ်"

ကားမောင်းတဲ့လူကလည်း ကြက်သေ သေနေရာက . . .

"ဟေ့လူ . . . မသေနဲ့ဦး၊ ခင်ဗျား ပြဿနာ မရှာနဲ့ဗျာ၊ ကျွန်တော့်ကားနဲ့ တိုက်မိဖို့ တစ်တောင်လောက် လိုသေးတယ်၊ သေစရာကို အကြောင်းမရှိဘူး၊ ဟောဒီမှာ ကြည့်ပါဗျာ၊ ကျွန်တော့်ကားမှာ တိုက်မိလို့ ပိန်ခွက်သွားတာ ဘာမှမရှိဘူး၊ ပြီးတော့ ဒီလူက ကားရှေ့ အတင်းဝင်လာတာ၊ ကျွန်တော့်ကားနဲ့ လုံးဝ မတိုက်မိပါဘူးဗျာ"

ဘေးက ရပ်ကြည့်နေတဲ့ လူတွေကလည်း ကားမောင်းတဲ့လူ ပြောတာကို ဝိုင်းထောက်ခံလိုက်ကြတယ်။

"ဟုတ်တယ်ဗျ၊ တိုက်မိတာမဖြစ်နိုင်ဘူး"





"အကြောက်လွန်ပြီး မေ့သွားတာထင်တယ်"

"လဲကျတုန်း ဦးဆက် ပွင့်သွားလားမှ မသိတာ၊ အတွင်းကြေကြေသွားတာဖြစ်နိုင်တယ်"

"ဖုန်းပါတဲ့ တစ်ယောက်လောက် ရဲစခန်း ဖုန်းဆက်ကြပါဗျို့"

ရဲစခန်းအသံကြားလို့ ထင်ပါရဲ့။ ဇေယျာသူက ပုတ်ခတ်ပုတ်ခတ်နဲ့ မျက်လုံးပွင့်လာပါတယ်။

"ကျွန်တော် ဘယ်ရောက်နေတာလဲဗျာ၊ အာ . . . ကျွတ်ကျွတ်"

"ဟာ . . . သတိပြန်ရလာပြီ"

စိုးမေလှိုင်က အခြေအနေကို သဘောပေါက်သွားတယ်။ အလကား . . . ဇေယျာသူဆိုတဲ့ကောင်က စိုးမေလှိုင် ရောက်လာမှန်းသိလို့ သက်သက်မဲ့ မူယာမာယာများနေတာ။ သူ့မာယာလောက်ကတော့ ပျင်းသနားသေးတယ်။ မာယာချင်းပြိုင်မယ်ဆိုရင် ယောကျ်ားတွေက မိန်းမတွေကို ဘယ်ယှဉ်လို့ရမလဲ။ ဟာသလေးတစ်ပုဒ်တောင် ရှိသေးတယ်။ တစ်ခါတုန်းက လူတစ်ယောက်က တန်ခိုးရှင်တစ်ယောက်နဲ့ တွေ့သတဲ့။ တန်ခိုးရှင်က အဲဒီလူကို လိုရာဆုတစ်ဆု တောင်းခိုင်းသတဲ့။ အဲဒီလူက ဘယ်လိုဆုမျိုး တောင်းသလဲဆိုတော့ . . .

"တန်ခိုးရှင်ကြီးရယ် . . . ကျွန်တော့်ရွာက မြို့နဲ့ မိုင် ၅၀ ဝေးပါတယ်၊ လမ်းမှာ မြစ်တစ်စင်းနဲ့ ချောက်ကြီးတစ်ချောက် ခြားနေပါတယ်၊ ရွာသူရွာသားတွေ မြို့လာရင် အရမ်းဒုက္ခရောက်ပါတယ်၊ ဒါကြောင့်မို့ မြို့နဲ့ရွာကို တိုက်ရိုက်သွားလို့ရတဲ့ တံတားကြီးတစ်စင်း ဖန်ဆင်းပေးတော်မူပါ"

တန်ခိုးရှင်ကြီးလည်း မိုင် ၅၀ လောက်ရှိမယ့်တံတားဆိုတော့

"မလွန်ဘူးလားကွာ။ အများအကျိုးအတွက် မစဉ်းစားဘဲ မင်းအကျိုးရှိမယ့် ကိစ္စကိုပဲ ဆုတောင်းပါ"

လို့ ပြောလိုက်သတဲ့။ ဒါနဲ့ပဲ အဲဒီလူက . . .

"ဒါဆိုလည်း တန်ခိုးရှင်ကြီးရယ်၊ ကျွန်တော့်အတွက်ပဲ ဆုတောင်းပါ့မယ်၊ ကျွန်တော်ဟာ မိန်းမသုံးယောက်က မာယာတွေသုံးပြီး မုန်းသွားတာခံရတဲ့ ချစ်ဒုက္ခသည်လေးပါ။ နောက် တစ်ခါ ဒီလိုမခံရအောင် မိန်းမမာယာတွေအကြောင်း ကကြီး

www.burmeseclassic.com



ကနေ အ,အထိ နားလည်အောင် သင်ပေးပါ”

လို့ ပြောလိုက်တယ်ဆိုရင်ပဲ တန်ခိုးရှင်ကြီးက . . .

“ဟေ့ကောင် . . . တော် တော်၊ ရွာနဲ့မြို့ကို လေးလမ်းသွား ကွန်ကရစ်တံတား အခုချက်ချင်း ထိုးပေးမယ်၊ ဘာမှ ထပ်မကွန့် နဲ့တော့”

ဆိုပြီး ဒေါ်နဲ့မောနဲ့ ပြောလိုက်သတဲ့။ ကြည့်ရတာ တန်ခိုးရှင်ကြီး လည်း မိန်းမမာယာဒဏ် ခံလိုက်ရလို့ စိတ်နာနာနဲ့ တောထွက်တရား ကျင့်ပြီး တန်ခိုးရှင် ဖြစ်လာပုံပါပဲ။

စိုးမေလှိုင်က အဖြစ်သည်းပြနေတဲ့ ဇေယျာသူရဲ့ နားရွက်ကို ဆွဲပြီး ထုလိုက်ပါတယ်။ သေတော့မလိုဖြစ်နေတဲ့ ဇေယျာသူက ငေါက်ခနဲ ပါလာတယ်။ ဘေးက ဝိုင်းကြည့်နေတဲ့လူတွေက တအံ့တသြ။ စိုးမေလှိုင် က ဆွဲထားတဲ့နားရွက်ကို မလွှတ်ဘဲ လမ်းတစ်လျှောက် တောက်လျှောက် အပါခေါ်သွားတယ်။ နန္ဒာစိုးခမျာ ပါးစပ်အဟောင်းသားနဲ့ နောက်က ပါသွားလေရဲ့။

“အား . . . နာတယ် စိုးမေလှိုင်ရဲ၊ လွှတ်ပါဦးဟ”

စိုးမေလှိုင်က ကြော်ငြာသင်ပုန်းရှေ့ရောက်အောင် ဆွဲခေါ်သွား ပြီးမှ လွှတ်ပေးလိုက်တယ်။ ကြော်ငြာသင်ပုန်းကို လက်ညှိုးနဲ့ ထိုးပြီး . . .

“ဖတ်ကြည့်၊ အဲဒီကြော်ငြာကို”

ဇေယျာသူက ကြော်ငြာကို ဖတ်ကြည့်လိုက်တယ်။ ကြော်ငြာက ဇေယျာသူတို့ သင်တန်းအတွက် နာမည်ကျော် နိုင်ငံခြားတက္ကသိုလ်တစ်ခု ကနေ ပညာသင်ဆုပေးမယ်လို့ ကြေညာထားတာပါ။ ဇေယျာသူက ဖတ် ကြည့်ပြီး နားမလည်သလို စိုးမေလှိုင်ကို ပြန်ကြည့်တယ်။

“ဒါက”

“အေး . . . နင် ငါ့ကို ချစ်တယ်ဆို”

ဇေယျာသူက ပြုံးဖြီးဖြီးကြီး ဖြစ်သွားတယ်။

“ဒါပေါ့ဟ၊ နင့်ကို ငါချစ်တာကို notice board မှာ ကြေညာရ မှာလား၊ ရှက်စရာကြီးဟာ”

“သေလိုက်ပါလား၊ ငါ့ကို တကယ်ချစ်တယ်ဆိုရင် ဒီပညာသင်ဆု ရအောင် ကြိုးစားခိုင်းနေတာ၊ အဲဒီ scholarship ရတဲ့နေ့ နင့်





ကို ငါ ပြန်ချစ်ပြီးသားပဲ၊ ကြားလား”

“ဩော် . . . ဒီလိုလား၊ ဒါနဲ့ နင့်နှလုံးသားကိုရော ဒီတက္ကသိုလ် က စတိုင်ပင် ပေးထားတာလား”

“အပိုတွေ ပြောမနေနဲ့၊ နင် ယောက်ျားဆိုရင် အဲဒီဆုရအောင် ကြိုးစားလေ၊ ဒါတောင် နင်နဲ့ငါက class mate တွေမို့ လျှော့ လျှော့ပေါ့ပေါ့ discount ပေးထားတာ၊ ငါ့ဘေးမှာ ဝိုင်းနေတာ နင့်ထက်သာတဲ့လူတွေချည်းပဲ၊ ဒေါင်ဒေါင်မြည်တာတွေ ခေါင်း ခေါက်ရွေးလို့ ရတယ်၊ သဘောပေါက်”

“ခေါင်းခေါက်ရွေးရင် နင့်လက်လေးတွေ နာနေဦးမယ်”

“ရူးသလို ကြောင်သလို လုပ်မနေနဲ့၊ အဲဒီစာမေးပွဲ မအောင် မချင်း နင် ငါ့ရှေ့မလာခဲ့နဲ့၊ အဲဒီစာမေးပွဲ အောင်လို့ကတော့ ငါကိုယ်တိုင် နင့်ရှေ့လာပြီး အဖြေလာပေးမယ်၊ သွားတော့”

“နင် ကတိနော်”

“အေး . . . ကတိ”

“နင်က ငါ့ကို လျှော့တွက်တာကိုးဟ၊ နန္ဒာစိုး . . . နင် သက်သေ ရှိတယ်နော်၊ ကဲ . . . သွားပြီ”

ဇေယျာသူက စိုးမေလှိုင်ရှေ့က ထွက်သွားပါတယ်။ အင်း . . . မခံချင်အောင် ဆွပေးလိုက်လို့ ယောက်ျားမာနလေးတွေ ထိုးထိုးထောင် ထောင် ဖြစ်သွားပုံပါပဲ။ နန္ဒာစိုးက လျှောကျနေတဲ့ မျက်မှန်လေးကို ပင့် တင်လိုက်ပြီး . . .

“ဟဲ့ . . . စိုးမေလှိုင်၊ တကယ်လို့ scholarship ရသွားရင် နင်က ဇေယျာသူကို တကယ်ပြန်ကြိုက်လိုက်မှာလား”

“နင့်ကောင်က အဖြစ်မရှိပါဘူးဟာ၊ အဲဒီလောက်အရည်အချင်း ရှိရင် အစောကြီးကတည်းက ပြန်ကြိုက်ပစ်လိုက်ပြီ၊ ပုံစံက ရူးကြားကြားနဲ့၊ ငါ့ရှေ့ မျက်စေ့နောက် သက်သာအောင် ပြော လွှတ်လိုက်တာ၊ အခုလောလောဆယ်တော့ ဟိုမှာကြည့်”

နန္ဒာစိုးက စိုးမေလှိုင်ပြတဲ့ဆီ လှမ်းကြည့်လိုက်သော land cruser ကားကြီးပေါ်က ဆင်းလာတဲ့ လူကြီးတစ်ယောက်ကို တွေ့လိုက် ရပါတယ်။ ဝတ်ထားစားထားတာတော့ ကြည့်ရုံနဲ့ တန်ဖိုးကြီးတွေမှန်း



www.burmeseclassic.com

www.burmeseclassic.com



သိသာတယ်။ ဒါပေမဲ့ ကိုယ်နဲ့ လိုက်မှန်းမသိ၊ မလိုက်မှန်းမသိ မငယ်ငယ်အောင် ဆင်ထားတဲ့ပုံပါပဲ။ လူကြီးက စိုးမေလှိုင်တို့ တွေ့တာနဲ့ ပါးစပ်ကြီး ဖြဲခနဲ ဖြစ်သွားတယ်၊ အင်း . . . ရုပ်ကြီးက ကြောင်ခံတွင်းပျက်တောင် မဟုတ်လောက်ဘူး။ တွေ့သမျှ ဖမ်းစားမယ့် ကြောင်ဝမ်းမီးတောက် ပုံစံကြီး။ စိုးမေလှိုင်ရဲ့ ပုံစံကလည်း ပီဘိ အရိုးခံလေးမျက်နှာချက်ချင်းပြောင်းသွားတယ်။ တောင်ပံကျိုးချင်ယောင် ဆောင်နေတဲ့ ဆက်ရက်မလေးပေါ့။ နန္ဒာစိုးက လေသံလေးနဲ့ ကပ်မေးလိုက်ပါတယ်။

"ဟဲ့ . . . စိုးမေလှိုင်၊ ဒါကြီးက"

"ဒါကြီးက ဦးကောင်းမြတ်တဲ့၊ မဟူရာ enterprise က ဘော့စ်၊ သူ့သမီးက ငါတို့ထက် တစ်တန်းငယ်တယ်၊ မိန်းမသေသွားတာ ငါးနှစ်လောက် ရှိပြီ"

"နင်က ဒီလောက်ကြီးနဲ့လည်း တွဲတာပဲလား"

"ကြားဖူးတယ် မဟုတ်လား၊ သူဌေးက သူဌေးသားထက် ပိုသေချာတယ်ဆိုတာ၊ နင်လည်း စာအုပ်ကြားထဲ မျက်ခွက်ချည်းပဲ အပ်မနေနဲ့၊ မျက်မှန်ထူကြီးနောက်က နင့်မျက်လုံးတွေ ဖွင့်ပြီး ပတ်ဝန်းကျင်ကိုလည်း လေ့လာသုံးသပ်လိုက်ဦး၊ ဒီခေတ်က စီးပွားရေးလည်း တံခါးဖွင့်၊ နှလုံးသားလည်း တံခါးဖွင့်ပဲ၊ ငါသွားလိုက်ဦးမယ်""

စိုးမေလှိုင်က ဖိုင်တွေကို ပိုက်လိုက်ပြီး မယ်စကြဝဠာတွေ ကိုယ်ဟန်ပြသလို မျဉ်းတစ်ပြေးတည်း ကြွကြွရွရွလေး လျှောက်သွားပါတော့တယ်။ အင်း . . . အငယ်ဖမ်းချင်သူနဲ့ အကျယ်လှမ်းချင်သူတို့ တွေ့ကြပြီပေါ့။ နန္ဒာစိုးမှာတော့ မျက်မှန်လေးကို ပင့်၊ သက်ပြင်းကို ချပြီး ကျန်ခဲ့တော့တယ်။

♥ ♥ ♥





အိန္ဒြာစိုးတစ်ယောက် သူ့အလုပ်စားပွဲမှာ ထိုင်ရင်းနဲ့ file တွေတစ်ထောကြီးနဲ့ အလုပ်ရှုပ်နေပါတယ်။ တကယ်တမ်းပြောရရင် အလုပ်ရှုပ်ချင်ယောင် ဆောင်နေတာပါ။ စိတ်ထဲမှာတော့ . . .

"အင်း . . . သုံးရက်တောင် ရှိသွားပြီ၊ ဟို မင်းထွန်းဆိုတဲ့လူ အခုထိ ပေါ်မလာသေးပါလား"

အဲဒီနေ့က အိန္ဒြာစိုးက ပိုက်ဆံအိတ်ကို မင်းထွန်းစားပွဲပေါ်မှာ ဘမင်ထားရစ်ခဲ့တာပါ။ ဒါမျိုးက အိန္ဒြာစိုးတို့ လုပ်နေကျ။ မသိတဲ့လူ တစ်ယောက်ကို အောဂျင်စီ မရောက် ရောက်လာအောင် ငါးစာချထားခဲ့တာ။ ဒါမှလည်း ပုဂ္ဂိုလ်ရေး ရင်းနှီးမှုရပြီး သူတို့အကျိုးဆောင်လုပ်ငန်းအတွက် ဖောက်သည်ဖြစ်လာနိုင်တယ်လေ။ အိမ်ပဲဝယ်ဝယ် ရောင်းရောင်း၊ ကားပဲ ရောင်းရောင်း၊ ဒါမှမဟုတ် အိန္ဒြာစိုးရဲ့ သီးသန့်ခွင်အောင်သွယ်ပဲ လုပ်ရလုပ်ရ။ ဒါမျိုးက အိန္ဒြာစိုးတို့လို ရုပ်ကလေးရည်ကလေး အတော်အတန်ရှိတဲ့သူမှ လုပ်စားလို့ရတာ။ အခုနေ မကေသီတို့လို ပိုက်ပူပူနဲ့ ကိုယ်ဝန်ဆောင်တွေ လုပ်ကြည့်ပါလား။ ပိုက်ဆံအိတ်ဆုံးတာသာ အဖတ်တင်သွားမယ်။ ဒါပေမဲ့ ဒီနည်းလမ်းကို စတင် တီထွင်ခဲ့သူက မကေသီကိုယ်တိုင်ပါပဲ။ ဒီနှစ်ကတော့ လူငယ်ခြေတက်လေး အိန္ဒြာစိုးက ခြေစွမ်းရော၊ လက်စွမ်းရော ပြနေပါပြီ။ ဟော . . . ပြောရင်းဆိုရင်း ကုမ္ပဏီပေါက်ဝမှာ ယောင်လည်လည်လုပ်နေတာ မင်းထွန်း ထင်ပါရဲ့။

မင်းထွန်းလည်း ပိုက်ဆံအိတ်လေး တကိုင်ကိုင်နဲ့ အပေါက်ဝမှာရပ်ပြီး ချီတုံချတုံ ဖြစ်နေပါတယ်။ အခန်းက မှန်အနက်တွေ ကာထားပြီး အပြင်ကနေ အတွင်းကို မမြင်ရတာမို့ အိန္ဒြာစိုးကို မင်းထွန်းက မတွေ့နိုင်ပါဘူး။ အိန္ဒြာစိုးက ငွေ့ငွေ့လေးပြုံးပြီး မင်းထွန်း ဘာဆက်လုပ်မလဲ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ အကဲခတ်နေလိုက်တယ်။ ဘေးနားရှိတဲ့ မကေသီက . . .

"ဟဲ့ . . . အိန္ဒြာစိုး၊ အဲဒီတစ်ယောက်က နင် ချည်လာခဲ့တာလား"

အိန္ဒြာစိုးက မသိမသာလေး ခေါင်းညိတ်လိုက်တယ်။

"အင်း . . . နင်လည်း ငါ့နည်းလမ်းတွေ သုံးလာပြီထင်တယ်၊ ကြည့်လည်းလုပ်ဦး၊ တော်ကြာ ငါ့လို ဗိုက်ပူမ ဖြစ်နေဦးမယ်၊ ကြည့်ရတာ ကောင်လေးက အတွေ့အကြုံနည်းပုံပဲ၊ ဝင်စရာရှိ ဝင်လာတာ မဟုတ်ဘူး၊ နေဦး . . . ငါ မောင်းသွင်းလိုက်ဦးမယ်"

မကေသီက ပြောပြီး အပေါက်ဝမှာရပ်နေတဲ့ မင်းထွန်းဆီ ဗိုက်ကြီး တကားကားနဲ့ လျှောက်သွားပါတယ်။

"မောင်လေး . . . ဘာအကူအညီပေးရမလဲ"

မင်းထွန်းက သူ့ရှေ့ရောက်လာတဲ့ မကေသီနဲ့ နောက်တစ်လှမ်း လောက်ကွာအောင် ဆုတ်လိုက်ပြီး . . .

"ဟိုလေ . . . ဒီရုံးမှာ မအိန္ဒြာစိုးဆိုတာ ရှိလားမသိဘူး"

"သြော် . . . အိန္ဒြာစိုး၊ အရပ်မြင့်မြင့်၊ ဘော်ဒီသွယ်သွယ်၊ မျက်နှာ ခပ်ချောချော၊ အသားဝင်းဝင်းနဲ့တစ်ယောက်ကို ပြောတာလား"

မင်းထွန်းက သူတွေ့ဖူးခဲ့တဲ့ အိန္ဒြာစိုးရဲ့ မျက်နှာလေး ပြေးမြင် ကြည့်ပြီး ခေါင်းညိတ်ပြလိုက်တယ်။

"အထဲဝင်သွား၊ အလုပ်စားပွဲမှာရှိတယ်၊ ဘာမှမကြောက်နဲ့၊ ရဲရဲသာ ဝင်သွား"

မင်းထွန်းလည်း မြှောက်ပေးတဲ့လူ ရှိတော့မှပဲ အေးဂျင်စီရုံးခန်း ထဲ slide door ကို တွန်းဖွင့်ပြီး ဝင်လိုက်ပါတယ်။ ကိုယ့်ကိုယ်ကိုလည်း အားပေးလိုက်တယ်။

"အို . . . ပိုက်ဆံအိတ် ပြန်လာပေးတာ ဘာရှောနဲ့မှ မရှိ လောက်ပါဘူး"

အမှန်က ပိုက်ဆံအိတ် လာပေးချင်တာက နည်းနည်း။ အိန္ဒြာစိုး ကို တွေ့ချင်တာက များများ။ မိန်းမတွေနဲ့ ပတ်သက်မိရင် တအေးအေး နဲ့ ကြို့ထိုးတတ်တာမို့ ကင်းကင်းနေရင်းကနေ မိန်းမတွေနဲ့ တွေ့ရမှာကို





တခြားကမ္ဘာက ဂြိုဟ်သားတွေနဲ့ တွေ့ရသလို စိုးရိမ်စိတ် အမြဲရှိနေတတ် တာ မင်းထွန်းရဲ့ အကျင့်။ အခုတော့ ဒီ အိန္ဒြာစိုးဆိုတဲ့ ကောင်မလေးနဲ့ တွေ့တော့မှ ဘယ်ကဘယ်လို တွေ့ချင်စိတ်တွေ ပေါက်လာမှန်း မသိဘူး။ ပြီးတော့ အိန္ဒြာစိုးနဲ့ တွေ့တဲ့အချိန်တုန်းက ထူးထူးဆန်းဆန်း ကြို့ထိုးတာ တွေလည်း ပျောက်သွားတယ်ဆိုတော့ . . .။ မင်းထွန်းက အိန္ဒြာစိုး စားပွဲရှေ့ မတ်တပ်သွားရပ်လိုက်တယ်။ အိန္ဒြာစိုးက မင်းထွန်းကို မော့ ကြည့်လိုက်ရင်း . . .

"ထိုင်ပါရှင်၊ ထိုင်ပါ"

မင်းထွန်း ထိုင်လိုက်တယ်ဆိုရင်ပဲ အိန္ဒြာစိုးက သူ့လက်စွဲတော် ဖိုင်ထဲကနေ လျှောက်လွှာစာရွက်လေး တစ်ရွက် ထုတ်ပြီး မင်းထွန်းရှေ့ ချပေးလိုက်တယ်။

"အိမ်ဝယ်မလို့လား၊ ရောင်းမလို့လားရှင့်၊ တိုက်ခန်း၊ အိမ်ခန်း၊ ခြံ၊ မြေ အကုန်လုံး စိတ်ကျေနပ်အောင် ဆောင်ရွက်ပေးနေပါ တယ်ရှင်"

မင်းထွန်းက ကမန်းကတန်း လက်ကာပြလိုက်ရင်း . . .

"ဟာ . . . မှားနေပြီ၊ ကျွန်တော်က အိမ် လာကြည့်တာ မဟုတ်ဘူး၊ ခင်ဗျား ကျွန်တော့်ကို မမှတ်မိဘူးလား"

အိန္ဒြာစိုးက မင်းထွန်းကို တစ်ချက်ကြည့်လိုက်ပြီး မမှတ်မိချင် ယောင် ဆောင်လိုက်ပါတယ်။ ဒါလည်း မကေသီ သင်ပေးထားတဲ့ Technic တစ်ခုပါပဲ။

"အဟင်း . . . sorry နော်၊ ကျွန်မ မမှတ်မိလို့"

မင်းထွန်းက ယူလာတဲ့ အိန္ဒြာစိုးရဲ့ ပိုက်ဆံအိတ်ကို စားပွဲပေါ် တင်ပေးလိုက်ပါတယ်။ ပိုက်ဆံအိတ်ကို မြင်တော့မှပဲ . . .

"သြော် . . . မှတ်မိပြီ၊ မှတ်မိပြီ၊ ဟိုနေ့က ကော်ဖီဆိုင်မှာ တွေ့ခဲ့ တဲ့ လူကိုး၊ ကျေးဇူးတင်ပါတယ်ရှင်၊ အခုလို ကျွန်မပိုက်ဆံအိတ် ပြန်လာပေးတာ၊ ကျွန်မလည်း ဘယ်မှာကျန်ခဲ့မှန်းမသိ၊ ပိုက်ဆံ လည်း သိပ်မပါတာနဲ့ ရှာမနေတော့တာ၊ ဒါနဲ့ စကားမစပ် ရှင်က လူပျိုလားဟင်"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"လူပျိုလားလို့"

"ခင်ဗျာ . . . ဟုတ်၊ ဟုတ်ကဲ့"

"အိမ်ထောင်ပြုဖို့ မစဉ်းစားသေးဘူးလား"

"ခင်ဗျာ"

"ရှင့်အသက် ဘယ်လောက်ရှိပြီလဲ"

"၂၇ နှစ်"

"အိမ်ထောင်ပြုသင့်ပြီလေ၊ ဒါနဲ့ အလုပ်အကိုင်က"

"computer ပစ္စည်းအရောင်းဆိုင် ဖွင့်ထားပါတယ်"

"ဆိုင်အခြေအနေက"

"ပုံမှန်ပါပဲ"

"ရည်းစားတွေ ဘာတွေရော မရှိဘူးလား"

"မ . . . မရှိပါဘူး"

"လူကြီးတွေ သဘောတူထားတာမျိုးရော"

"မရှိပါဘူး"

မင်းထွန်းခမျာ တရစပ်မေးလာတဲ့ အိန္ဒြာစိုးရဲ့ မေးခွန်းတွေ ယောင်နနနဲ့ ဖြေလိုက်ရတယ်။ အိန္ဒြာစိုးက ငါးသလောက်ပြုံးလေး ပြုံး လိုက်ရင်း . . .

"အဟင်း . . . ရှင် ကျွန်မနဲ့တွေ့တာ ကံကောင်းတယ်"

"ဗျာ"

မင်းထွန်းခမျာ ရင်တွေဘာတွေ တုန်သွားတယ်၊ ဘယ်ကံ ဘယ်လို နေရင်းထိုင်ရင်း ကံကောင်းသွားတာပါလိမ့်။

"ကျွန်မ ရှင့်ကို အိမ်ထောင်ချပေးမလို့"

သွားရော။ အိမ်က အမေတောင် ကိုယ့်သားအကြောင်းသိလို့ အိမ်ထောင်မချပေးရဲတာ။ ဒင်းက ကျူးကျူးကျော်ကျော်။

"နေစမ်းပါဦး၊ ကျွန်တော့် အိမ်ထောင်ချပေးရအောင် ခင်ဗျားက ကျွန်တော့်အမေလား"

မင်းထွန်းက ဘုပြန်မှုတ်လိုက်တယ်။ အိန္ဒြာစိုးက နားလည်





သဘောပေါက်တဲ့ အပြုံးမျိုး ပြုံးရင်း . . .

"ရှင့်အမေကို ချွေးမလောင်းလေး ရှာမပေးချင်ဘူးလား၊ ရှင့် အမေအတွက် ချွေးမလောင်းရဖို့ အခွင့်အရေးက ရှင့်ရှေ့မှာပဲ ရှိနေတယ်"

မင်းထွန်းက မျက်လုံးပြူးသွားတယ်။ သူ့ရှေ့မှာရှိတာဆိုလို့ အိန္ဒြာစိုးပဲ ရှိတာ။ ကိုရီးယားမတွေပဲ ယောကျ်ားလေးတွေကို ရည်းစား စကား စပြောတတ်ကြတယ်ထင်တာ။ မင်းထွန်းက အံ့အားသင့်စွာနဲ့ အိန္ဒြာစိုးကို လက်ညှိုးထိုးရင်း . . .

"မြတ်စွာဘုရား၊ ခင်ဗျားက ကျွန်တော့်ကို . . ."

အိန္ဒြာစိုးက လေသံလေးကို နှစ်ကိုယ်ကြားရုံ တိုးလိုက်ပြီး . . .

"ဟုတ်တယ်၊ ကျွန်မက လူတွေကို အောင်သွယ်လုပ်ပေးရတာ ဝါသနာပါတယ်လေ၊ ရှင့်အတွက် ချောမေ့ လှမေ့၊ ပညာတတ်မေ့ ဆိုတဲ့ မိန်းကလေးတွေနဲ့ တွေ့ပေးမယ်လေ၊ အိန္ဒြာစိုးတို့က လူတိုင်းကို လုပ်ပေးတာ မဟုတ်ဘူး၊ ရှင့်ကို ကြည့်ရတာ တည်တည်တံ့တံ့ အိမ်ထောင်ပြုသင့်ပြီ ထင်လို့၊ ကျွန်မနဲ့ တွေ့လို့ ကတော့ ရှင့်အတွက် နောင်တမရစေရဘူး၊ ဟင်း ဟင်း"

ဟူး . . . တော်ပါသေးရဲ့။ နေရင်းထိုင်ရင်း ရည်းစားစကား အပြောခံရပြီ အောက်မေ့တာ။ မိန်းကလေးတွေ ရည်းစားစကား အပြော ခံရရင် ဘယ်လိုနေသလဲတော့ မပြောတတ်ဘူး။ မင်းထွန်းခမျာ ထူထူ ပူပူကြီးကိုဖြစ်လို့။

"ကဲ . . . ဘယ်လိုသဘောရသလဲ"

"ဟာ . . . မလုပ်ချင်ပါဘူးဗျာ၊ ကျွန်တော် ဒါတွေ စိတ်မဝင် စားဘူး"

အိန္ဒြာစိုးက နောက်ထပ် Technic တစ်မျိုး ထပ်ပြောင်းလိုက် ပြန်တယ်။

"အော် . . . ဒီအရွယ်မှ အမြီးမပေါက်ချင်လို့ ဘယ်ဖြစ်ပါမလဲ၊ လုပ်ငန်းရှင်ဆိုတာ အိမ်ထောင်ရှိမှ တင့်တယ်တာ၊ စိတ်ဝင်စား



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါရှင်၊ ကျွန်မ အခုတလော မင်္ဂလာကြေးလေးတွေ မစားရလို့ နေမထိ ထိုင်မသာ ဖြစ်နေတာ”

“ဟိုနေ့ကပဲ ခင်ဗျား တစ်တွဲ အဆင်ပြေအောင် လုပ်ပေးလိုက်သေးတာပဲ”

မင်းထွန်းက ဦးကျော်ဇင်နဲ့ ဒေါ်မေသစ္စာတို့ကို ပြေးမြင်ပြီး ပြောလိုက်တာပါ။ အိန္ဒြာစိုးခမျာ အခုမှလာပြီး မှတ်ဉာဏ်ကောင်းနေတဲ့ မင်းထွန်းကို ငယ်ထိပ်နာနာ ခေါက်ချင်တဲ့စိတ် ပေါက်သွားပါတယ်။ ဒါပေမဲ့ ဒီလောက်ကတော့ အိန္ဒြာစိုးတို့က အဆင်ပြေအောင် ကျော်တတ် လွှားတတ်ပါသေးတယ်။

“အဲဒါက သူများစပ်ဟပ်ထားတာကို ဝင်ပြီး အကူအညီပေးရတာပါ။ ခုနက တွေ့လိုက်လားမသိဘူး၊ ကိုယ်ဝန်နဲ့ အစ်မကြီးလေ၊ သူ အဲဒီနေ့က OG နဲ့ ချိန်းထားလို့ ကျွန်မက အစားဝင်ပေးလိုက်ရတာပါ။ ကူညီပါရှင်၊ ဟောဒီ Album ထဲမှာ ဓာတ်ပုံတွေ ရှိတယ်၊ ရှင်ကြိုက်တဲ့တစ်ယောက်သာ လက်ညှိုးထိုးလိုက်၊ အိုကေမှာ စိုပြေသွားရစေ့မယ်”

မင်းထွန်းက မဟုတ်တမ်းတရား၊ ယုံတမ်းစကားတွေ လာပြောနေတဲ့ ကြက်တူရွေးမ အိန္ဒြာစိုးကို ကြည့်ပြီး အူယားသွားပါတယ်။ တစ်သက်လုံး မိန်းကလေးတွေနဲ့တွေ့ရင် ဝါတော်ခြောက်ဆယ်ရ ဆရာတော်ကြီးလို ကြန္ဒြေလုပ်နေရတဲ့ သူ့ပါးစပ်က ဒီနေ့တော့ အာစရှင်ပြီး ဘရိတ်ပေါက်သွားတော့တယ်။

“တဲ . . . ဒါဖြင့် အဲဒီ Album ထဲမှာ ခင်ဗျားဓာတ်ပုံရောပါလား”

အခုမှပဲ အိန္ဒြာစိုးလည်း ကိုယ့်ရှူးကိုယ်ပတ် ဖြစ်သွားတယ်။ မဟုတ်မှလွဲရော မနှစ်က မကေသီ အိမ်ထောင်ကျသွားတာလည်း ဒီလို အပေါက်မျိုး တိုးမိလို့နဲ့ တူတယ်။ မတတ်နိုင်တော့ဘူး။ အလုပ်ဖြစ်ရေးသည် ပထမပဲ။ အိန္ဒြာစိုးက မျက်နှာကို ပြုံးပြုံးလေး လုပ်လိုက်ရင်း. . .

“ကျွန်မက special bonus လေ၊ ဒီထဲက အရင်ရှာကြည့်လိုက်





ပါဦး၊ ဟင်း . . . ဟင်း”

မင်းထွန်းက သူ့ရှေ့က Album ကို ပြန်တွန်းပေးလိုက်ရင်း . . .

“တဲ . . . တွေ့ပေးချင်တဲ့ လူနဲ့သာ ခင်ဗျား တွေ့ဖို့ စီစဉ်ပေတော့၊ ပြီးတော့မှ . . . ဟင်း ဟင်း ဟင်း”

အိန္ဒြာစိုးခမျာ မင်းထွန်းရဲ့ ဟင်းဟင်းဟင်းကြီးကို ကြားပြီး ငှက်ဖျားတက်ချင်သလို ဖြစ်သွားပါတယ်။ စိတ်ထဲမှာ ပြေးမြင်မိတာတော့ ငါးပူတင်းဖြစ်နေတဲ့ မကေသီကိုပါပဲ။

“အင်း . . . ငါလည်း သူ့လို . . . ဘုရား ဘုရား”

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com


"ဟဲ့ . . . နင့်လူက မလာသေးဘူးလား"

မိုးမြေခိုင်က စိတ်မရှည်စွာနဲ့ အိန္ဒြာစိုးကို မေးလိုက်ပါတယ်။ မိုးမြေခိုင်က ဒီနေ့ အိန္ဒြာစိုးရဲ့ မဟာ ၂ကိုက်ရေး စီမံကိန်းအတွက် မင်းထွန်းနဲ့တွေ့ဖို့ ဒီ coffee bar ထဲကို မလာချင် လာချင်နဲ့ လာခဲ့ရတာပါ။

"ငါ့လူ မဟုတ်ပါဘူး၊ နင်နဲ့ တွေ့ရမှာ၊ နင့်လူပေါ့ ဟဲ့"

အရေးထဲ အိန္ဒြာစိုးက စကားကပ်နေသေးတယ်။ မိုးမြေခိုင်ခမျာ ဆယ်နှစ်လုံးလုံး ယောကျ်ားဆိုလို့ ရဲလင်းတစ်ယောက်တည်း တွေ့ဖူးတာ။ အခုလို နောက်ထပ်ယောကျ်ားတစ်ယောက်နဲ့ ထပ်တွေ့ရမယ်ဆိုတော့ နင်တော့ အခုန်သား။ ရဲလင်းတစ်ယောက် ဂျေကိုက်သွားအောင် လုပ်ရမယ်ဆိုလို့ လာခဲ့ရပေမယ့် မိုးမြေခိုင် စိတ်ထဲတော့ မလုံမလဲရယ်။ သူ့ရဲ့လင်းကို သစ္စာဖောက်သလိုများ ဖြစ်နေမလားလို့လည်း အခါခါ တွေးမိပြီး မလာဖို့တောင် စဉ်းစားမိသေးတယ်။ ဒါပေမဲ့ model မလေးတွေ တရှန်းရှန်းနဲ့ ကောင်းကင်နဲ့ မြေကြီးတင်မက ကိုယ့်ရည်းစားတစ်ယောက်လုံးတောင် ခဏခဏမေ့နေတဲ့ ရဲလင်းပုံစံကို တွေးမိပြန်တော့ ဒေါသစိတ်တွေ အလိပ်လိုက် တက်လာပြီး ဒီနေရာ ရောက်လာခဲ့ရတာပါပဲ။

အိန္ဒြာစိုးတစ်ယောက်ကတော့ နာရီတကြည့်ကြည့်နဲ့။ ချိန်းထားတဲ့ အချိန်ထက် ဆယ်မိနစ်စွန်းစွန်းတောင် ကျော်နေပါပြီ။ ဒီ မင်းထွန်းဆိုတဲ့လူက အခုထိ ပေါ်မလာသေးဘဲ ဘာလုပ်နေမှန်း မသိဘူး။ မိန်းကလေးတွေကို စောင့်ခိုင်းထားရတာ အားနာရမှန်းရော သိရဲ့လားမပြောတတ်ဘူး။ အိန္ဒြာစိုးက စိတ်မရှည်စွာနဲ့ဘဲ . . .

"ဟဲ့ . . . နင် ခဏထိုင်ရစ်ဦး၊ ငါ အပြင်ထွက်ပြီး ဖုန်းဆက်လိုက်ဦးမယ်"

"အေး . . . နင့်လူက ဒါနဲ့တင် အမှတ်တစ်ဝက် လျော့သွားပြီ၊


www.burmeseclassic.com

www.burmeseclassic.com



ရဲလင်းဆိုရင် ချိန်းထားရင် ဘယ်တော့မှ နောက်မကျဘူး"

ဟုတ်တယ်။ မိုးမြေခိုင်ပြောသလို ရဲလင်းက ချိန်းထားရင် ဘယ်တော့မှ နောက်မကျဘူး။ တစ်ရက်လုံးလုံး ကျော်သွားတာ။ ဒီနေ့ချိန်းထားရင် နောက်နေ့မှ ရောက်လာတာလေ။ အိန္ဒြာစိုးက coffee bar အပြင်ထွက်ပြီး မင်းထွန်းဆီ ဖုန်းဆက်လိုက်ပါတယ်။ ဖုန်းက ရှောရှောရှူရှူ ဝင်သွားတယ်။

"ဟဲလို . . . ကိုမင်းထွန်းလား၊ ရှင် အခု ဘယ်ရောက်နေလဲ ရှင် ဒီနေ့တွေ့ဖို့ ချိန်းထားတယ်လေ၊ အခုထိ မလာသေးဘူးလား။ ဒီမှာ မိန်းကလေးက ထိုင်စောင့်နေတာ ဘယ်လောက်အားနာဖို့ ကောင်းလဲ"

"ကျွန်တော် ရောက်နေပါပြီ"

အိန္ဒြာစိုးက သူ့နောက်ကျောက အသံထွက်လာတာကြောင့် လန့်သွားပါတယ်။ လှည့်ကြည့်လိုက်တော့ တကယ်ပဲ မင်းထွန်း။ အိန္ဒြာစိုးက မင်းထွန်းကို ကြည့်ပြီး နှာခေါင်းရှုံ့လိုက်ပါတယ်။ ဘယ့်နှယ့်၊ မိန်းကလေးနဲ့ တွေ့မလို့ လာတဲ့ဒီဇိုင်းက မန်ယူအသင်းဂျာစီနဲ့၊ ဂျင်းဘောင်းဘီရှည် အစုတ်အပြတ်နဲ့။ လူကလည်း ချွေးတွေသံတွေ ရွှဲလို့။

"ရှင် ဘယ်လိုပုံစံဖြစ်လာရတာလဲ၊ ဒီပုံစံနဲ့ ဘယ်မိန်းကလေးက ရှင့်ကို ကြိုက်မှာလဲ၊ နေစမ်းပါဦး၊ ဘယ်ချောင်ကြိုချောင်ကြားက ထလာတာလဲ"

"ဘောကန်ပြီး ပြန်လာတာလေ၊ သူတို့မကြိုက်လည်း သိပ်တော့ အရေးမကြီးပါဘူး၊ ကျွန်တော်က special bonus လေးပဲ စိတ်ဝင်စားတာ၊ ဟဲ ဟဲ"

အိန္ဒြာစိုးက မျက်စောင်းထိုးထည့်လိုက်ပါတယ်။ ဒီလူတော့ ခက်နေပါပြီ။ အတည်လိုလို၊ နောက်သလိုလိုနဲ့။ သူ့ဘာသာသူ ဘာသဘောပဲရှိရှိ အလုပ်ကိုတော့ အလုပ်နဲ့တူအောင် လုပ်ရမှာပဲ။ အရေးကြီးတာက အလုပ်ဖြစ်ဖို့။

"နေဦး၊ ရှင် ဒီပုံစံမျိုးနဲ့ သွားတွေ့လို့တော့ မဖြစ်ဘူး၊ အဲဒီတော့ . . . ရွှတ် ရွှတ်"

အိန္ဒြာစိုးက waiter လေးတစ်ယောက်ကို လှမ်းခေါ်လိုက်ပါ





တယ်။ မျက်မှန်းတန်းမိနေပြီဖြစ်တဲ့ waiter လေးက . . .

"အစ်မ ဘာလိုချင်လို့လဲ"

"နင့်မှာ အင်္ကျီအပိုရှိတယ် မဟုတ်လား၊ ယူနီဖောင်း မဟုတ်တဲ့ဟာလေ၊ သူ့ကို ခဏပေးဝတ်လိုက်စမ်းပါ"

"အာ . . . လူများအင်္ကျီ မဝတ်ချင်ပါဘူး၊ အားနာစရာကြီး"

"မဝတ်လို့ မရဘူး၊ ရှင် ဒီပုံစံနဲ့ တွေ့လို့ကို မဖြစ်ဘူး၊ ကဲ . . . မောင်လေး၊ နင်တို့ အဝတ်လဲတဲ့အခန်း ဘယ်နားမှာလဲ"

Waiter လေးက ဝန်ထမ်းတွေ နားတဲ့အခန်းထဲ ခေါ်သွားပါတယ်။ သွားရင်းလာရင်း အိန္ဒြာစိုးက တစ်ရှူးဘူးတစ်ခုပါ မ,လာခဲ့သေးတယ်။ အခန်းထဲရောက်တော့ မင်းထွန်းက . . .

"ခင်ဗျားက ဘာကို့ လိုက်ဝင်လာတာတုန်း၊ ကျွန်တော်က အဝတ်အစားလဲမလို့ဥစ္စာ"

"အမလေး . . . အဖြစ်သည်းနေလိုက်တာ၊ ကဲ ကဲ . . . လဲတော်မူ"

အိန္ဒြာစိုးက ကျောပေးထားလိုက်တယ်။ အမယ် . . . ကျောပေးလိုက်တော့မှ ကွက်တိ။ အိန္ဒြာစိုး ရှေ့တည့်တည့်မှာ မှန်တစ်ချပ်။ မှန်ထဲကနေတစ်ဆင့် မင်းထွန်း အင်္ကျီချွတ်လိုက်တာ မြင်လိုက်ရတယ်။ အိန္ဒြာစိုးက မသိမသာလေး ခိုးကြည့်ရင်း . . .

"အင်း . . . Body ကစားထားပုံရတယ်၊ ကျစ်နေတာပဲ၊ အားကစားသမားဆိုတာ ဟုတ်မှာ"

မင်းထွန်းက waiter လေးရဲ့ စပို့ရှပ်ကို ကောက်စွပ်လိုက်ရင်း-

"ခင်ဗျား မှန်ထဲကနေ ကျွန်တော့်ကို ခိုးကြည့်နေတာ မဟုတ်လား"

အိန္ဒြာစိုးခမျာရှက်သွားပါတယ်။ ဘယ့်နှယ့်။ဒါပြောစရာလားလို့။

"ဘာကိစ္စ ကျွန်မက ကြည့်ရမှာတုန်း၊ ရှင့်ထက် Body ဖြူးတာတွေ တစ်ပုံကြီးပဲ၊ ရှင့်ကိုများ အရေးလုပ်ပြီး ကြည့်ရဦးမှာလား၊ အဲ . . ."

ပြောပြီးတော့မှ စကားမှားသွားမှန်း သိလိုက်တယ်။

"အမလေး . . . ရှက်လိုက်တာနော်"



www.burmeseclassic.com

www.burmeseclassic.com



မင်းထွန်းက မျက်နှာကြီး နီနေတဲ့ အိန္ဒြာစိုးကို ပြုံးစစကြည့်ပြီး-

"ကဲ . . . အခု ကြည့်လို့ရပြီ"

အိန္ဒြာစိုးက မျက်စောင်းတစ်ဝက်နဲ့ မင်းထွန်းကို လှမ်းကြည့်လိုက်ပါတယ်။

"အင်္ကျီကို ဘောင်းဘီထဲ ထည့်ဝတ်ဦးလေ၊ ပြီးတော့ ဟိုမှာ ဘေစင်ရှိတယ်၊ မျက်နှာသစ်လိုက်ဦး"

"ဟုတ်ကဲ့ ဆရာမ"

မင်းထွန်းက ပြောင်ချော်ချော် ပြန်ဖြေရင်း ဘေစင်မှာ မျက်နှာသွားသစ်လိုက်ပါတယ်။ စိတ်ထဲမှာတော့ အတော်လေး ကြည်နူးမိတယ်။ အင်း . . . ကိုယ့်ဘေးနားမှာ ဂရုတစိုက်နဲ့ တစ်သက်လုံး ပြောပေးမယ့် မိန်းကလေးတစ်ယောက်တော့ လိုချင်သား။ အိမ်မှာ ဒီလိုပြောပေးမယ့် အမေရှိပေမယ့် အမေပြောတာကျတော့ . . .

"သား ကလေးမဟုတ်ပါဘူး အမေရာ"

ဆိုပြီး အမြဲတမ်း ကလန်ကဆန် လုပ်နေကျ။ ယောကျ်ားလေးတွေများ အတော့်ကို ခက်တာပါပဲ။

"ရော့ . . . တစ်ရှူး"

မျက်နှာသစ်ပြီးတဲ့ မင်းထွန်းကို အိန္ဒြာစိုးက တစ်ရှူးဘူး ကမ်းပေးလိုက်ပါတယ်။ ပေးပြီးတော့မှ အိန္ဒြာစိုးက ထပ်ရှက်ရပြန်တယ်။ တွေးကြည့်လိုက်ရရင် ပိုက်စံက ရေချိုးခန်းက ထွက်လာတဲ့ လင်ယောကျ်ားကို ရေချိုးခန်းဝကနေ တဘက်လေး လှမ်းပေးတဲ့ ဇနီးမယားပုံစံမျိုး ဖြစ်နေတာကိုး။

"ဟယ် . . . ဟိုက တဘက်၊ ဒါက တစ်ရှူး၊ ဘာမှမဆိုင်ဘူး"

အိန္ဒြာစိုးလည်း ကိုယ့်ဘာသာကိုယ် ဆင်ခြေပေးပြီး ကြည်လင်သန့်စင်သွားတဲ့ မင်းထွန်းမျက်နှာ ချောချောလေးကို လှမ်းကြည့်လိုက်တယ်။ မျက်နှာမှာ တစ်ရှူးဖတ် တစ်ဖတ်က ကပ်နေသေးတယ်။ ကိုယ့်ကိုယ်ကို သတိမထားမိလိုက်ခင်မှာဘဲ အိန္ဒြာစိုးက မင်းထွန်းမျက်နှာက တစ်ရှူးဖတ်ကို လှမ်းဖယ်လိုက်ပါတယ်။ ဒီတစ်ခါတော့ ရှက်မနေအားတော့ပါဘူး။

"ကဲ . . . သွားတော့၊ ပြတင်းပေါက်နဲ့ ကပ်နေတဲ့ ဝိုင်းနေ၁၊





တစ်ယောက်တည်း ထိုင်နေတယ်၊ အင်္ကျီအနီရောင်လေးနဲ့"

မင်းထွန်းက လက်ညှိုးနဲ့ လက်မကို ဝိုင်းပြပြီး ထွက်သွားတယ်။ OK ဆိုတဲ့သဘော။ ပြီးမှ ပြန်လှည့်ပြီး . . .

"နေပါဦး၊ သူ့နာမည်က ဘယ်သူ"

"ရှင်ကလည်း မှတ်မထားဘူး၊ မိုးမြေခိုင်တဲ့"

"မိုးမြေခိုင်၊ မိုးမြေခိုင်၊ မိုးမြေခိုင်"

မင်းထွန်းက စာမေးပွဲခန်း ဝင်ခါနီး ကျောင်းသား စာမမေ့အောင် ကျက်နေတဲ့ဒီဇိုင်းမျိုးနဲ့ ပါးစပ်က တတွတ်တွတ် ရွတ်ရင်း ထွက်သွားပါတယ်။ ပြတင်းပေါက်ရဲ့ ဘေး၊ အင်္ကျီအနီရောင်လေး။ တွေ့ပါပြီ။ ကောင်မလေးက တစ်စုံတစ်ရာ အလိုမကျသလို ထိုင်နေတယ်။ အသက်ကတော့ အိန္ဒြာစိုးနဲ့ ရွယ်တူလောက်ရှိမယ်ထင်ရဲ့။ မင်းထွန်းက ဝိုင်းနားကပ်သွားရင်း . . .

"မမိုးမြေခိုင်ဆိုတာလား မသိဘူး"

"ဟုတ်ပါတယ်၊ ရှင်က . . ."

"ကျွန်တော် မင်းထွန်းပါ"

မင်းထွန်းက ပြောပြောဆိုဆို ဝင်ထိုင်လိုက်ပါတယ်။ မိုးမြေခိုင်က မင်းထွန်းကို အကဲခတ်သလို ကြည့်တယ်။

*"အမယ်၊ ဘယ်ဆိုးလို့တုန်း၊ အိန္ဒြာစိုးတို့က ဂေါ်မစွံတွေပဲ အောင်သွယ်ပေးတယ် ထင်တာ၊ ဒီလို အလန်းလေးတွေလည်း ရှိတာကိုး"*

မိုးမြေခိုင်က စိတ်ထဲက မှတ်ချက်ချလိုက်တာပါ။ မင်းထွန်းကလည်း မိုးမြေခိုင်ကို အကဲခတ်သလို ပြန်ကြည့်တယ်။

*"အင်း . . . ရုပ်ကလေးက မဆိုးပါဘူး၊ Body ကလည်း အိန္ဒြာစိုးထက်တောင် နည်းနည်းလောက် ဖွံ့ချင်သေးတယ်"*

မင်းထွန်း အတွေးမဆုံးခင်မှာပဲ၊ ရင်ခေါင်းနေရာက တစ်ဆို့ကြီး ဖြစ်လာပါတယ်။ လည်ချောင်းကြွက်သားတွေကလည်း လှုပ်လှုပ်ရှားရှား ဖြစ်လာတယ်။ ကျောကုန်းကြွက်သားတွေ ဆတ်ခနဲ လှုပ်ရှားလိုက်တာနဲ့အတူ . . .

"အော့"



www.burmeseclassic.com

www.burmeseclassic.com



ကြို့ထိုးသံက အကျယ်ကြီး ထွက်လာပါတယ်။ သွားပြီ။ ပွဲတောင် မစသေးဘူး။ မိန်းကလေးတွေနဲ့ တွေ့လိုက်ရင် ဒီသာသနာဖျက် ကြို့ထိုးတာကြီးက တီဗွီကြော်ငြာသလို ဖြတ်ပြီးဝင်လာတော့တာပါပဲ။ မင်းထွန်းက ကြိုးစားပြီး အသက်ရှူ အောင့်ထားလိုက်တယ်။ ခဏပဲ။ အသက်ပြန်ရှူလိုက်တာနဲ့ . . .

"အော့ . . . အော့ . . . အော့"

အဆက်မပြတ် ကြို့ထိုးသံနဲ့အတူ မိုးမြေခိုင်ရဲ့ မျက်နှာကလည်း အလိုမကျသလို ပြောင်းသွားပါတယ်။

"ကြို့ထိုးနေတာလား၊ ရေသောက်လိုက်ပါလား"

မိုးမြေခိုင်က သူ့ရှေ့ ရှိနေတဲ့ ရေသန့်ဘူးကို ထိုးပေးလိုက်ပါတယ်။ ဟင်း . . . ချီးကျူးမလို့ ကြံကာရှိသေး၊ ကိုယ်တော်ချောက ဇာတိက ပြလာပြီ။ မင်းထွန်းလည်း ရှေ့ရောက်လာတဲ့ ရေသန့်ဘူးကို ကမန်းကတန်း မော့သောက်လိုက်တယ်ဆိုရင်ပဲ။

"အဟီး . . . အဟင့်၊ အဟွတ် . . . ဖွီး"

အခြေအနေက ချက်ချင်းပြောင်းသွားတယ်။ ကမန်းကတန်း သောက်လိုက်တဲ့ ရေက ကြို့ထိုးလို့ တက်လာတဲ့ လေနဲ့ လည်ချောင်းထဲမှာ ဆုံမိပြီး အပြန်အလှန် တွန်းတိုက်ကာ သီးကုန်ပါတော့တယ်။ သောက်လိုက်တဲ့ ရေက နှာခေါင်းကနေ စီးကျလာပြီး ပါးစပ်ကနေ ဖွီးခနဲ ထွက်သွားတယ်။

"ဟင် . . . ရှင် ဘယ်လိုလုပ်လိုက်တာလဲ"

'ဖွီး'ခနဲ ထွက်သွားတဲ့ ရေက ရှေ့မှာထိုင်နေတဲ့ မိုးမြေခိုင်ကို သွားစင်ကုန်ပါတယ်။

"ဟာ . . . ဆောရီး၊ ဆောရီး၊ အော့ . . . မတော်လို့ပါဗျာ"

"ဘာမတော်လို့လဲ၊ ဘာမတော်လို့လဲ၊ ဒီအသက် ဒီအရွယ် ရောက်နေပြီ၊ ရေတောင် ဖြောင့်အောင် မသောက်တတ်ဘဲနဲ့ များ မိန်းမလိုချင်ရသေးတယ်၊ တော်ပြီ . . . တော်ပြီ၊ ဆက်ထိုင်နေရင် အရှက်လုံးလုံး ကွဲတာပဲ အဖတ်တင်မယ်၊ ဟင်း . . . ဟိုမိန်းမ အစုတ်ပလုတ်၊ ငါ့ကို ဘယ်လိုဟာမျိုးတွေနဲ့များ တွေ့ပေးရလဲမသိဘူး၊ တောက်"





မိုးမြေခိုင်က တောက်ခေါက်ပြီး ဝုန်းခနဲ ထပြီး ထွက်သွားပါတယ်။ အခြေအနေ စောင့်ကြည့်နေတဲ့ အိန္ဒြာစိုးလည်း ကမန်းကတန်း ရောက်လာပြီး . . .

"ဟဲ့ မိုးမြေခိုင်၊ နေဦးလေဟာ"

"မနေဘူး၊ နင်က ငါ့ကို သူငယ်နာမစင်တာတွေနဲ့ တွေ့ပေးတယ်ပေါ့။ ဒီမှာ အိန္ဒြာစိုး၊ နင့်စီမံကိန်းကြီးထဲ ငါ ဝင်မပါနိုင်တော့ဘူး၊ ငါ . . . ရဲလင်းကလည်း လွဲပြီး ဘယ်သူမှ မတွေ့နိုင်တော့ဘူး၊ ငါနဲ့ ရဲလင်းနဲ့ ပြန်ပြီး အဆင်မပြေလို့ကတော့ နင့်ကို ချေးထားတဲ့ ပိုက်ဆံတွေ ချက်ချင်းပြန်ဆပ်ရမယ်၊ ဒါပဲ"

မိုးမြေခိုင်က အားရအောင် ပြောပြီး ဆောင့်ဆောင့်အောင့်အောင့်နဲ့ ထွက်သွားပါတယ်။ အိန္ဒြာစိုးလည်း လုပ်စားတဲ့နွားစ်မှပဲ မိုးခေါင်တယ်ဆိုတာမျိုး ကြုံနေရတယ်။ ဟို သူကောင့်သားကလည်း ဘာကိစ္စ ကြို့တွေထိုး၊ ရေတွေသီးနေရလည်း မပြောတတ်ဘူး။ အိန္ဒြာစိုးက မကျေမချမ်းနဲ့ မင်းထွန်းကို လှည့်ကောလိုက်ပါတယ်။

"ရှင် ဒါတမင်လုပ်လိုက်တာ မဟုတ်လား"

"မဟုတ်ပါဘူးဗျာ၊ ကျွန်တော် ပြောရမှာလည်း ရှက်ပါတယ်၊ ကျွန်တော်က အဲဒီလို မိန်းကလေးတွေနဲ့ တွေ့ရင် ကြို့ထိုးတတ်တဲ့ ရောဂါ ရှိတယ်ဗျ"

"အပိုတွေ ပြောမနေနဲ့၊ ရှင် ကျွန်မနဲ့ စကားပြောတုန်းက အကောင်းချည်း၊ ဘယ်မှာ ကြို့ထိုးလို့လဲ"

"ဟုတ်တယ်၊ ခင်ဗျားနဲ့ဆိုရင် ကျွန်တော် ကြို့လုံးဝမထိုးဘူး၊ ဒါ တော်တော့်ကို ထူးဆန်းတာ၊ မိန်းမတွေထဲမှာ ကျွန်တော့်အမေကလွဲရင် ကျွန်တော် ကြို့မထိုးတာ ခင်ဗျားတစ်ယောက်ပဲ ရှိသေးတယ်၊ တကယ်ပြောတာပါ၊ ခင်ဗျားမယုံရင် ဆေးမှတ်တမ်းတွေ ပြလို့ရပါတယ်"

"ယုတ္တိကို မရှိဘူး၊ ရှင် အဲဒီရောဂါရှိရင် ကျွန်မနဲ့တွေ့ရင်လည်း ကြို့ထိုးရမှာပေါ့"

"အဲဒါကြောင့် ထူးဆန်းတယ်လို့ ပြောတာပေါ့၊ ကျွန်တော် ထင်တာတော့ ခင်ဗျားက . . ."



www.burmeseclassic.com

www.burmeseclassic.com



"ပြောစမ်းပါဦး၊ ကျွန်မက ဘာဖြစ်တုန်း"

"ခင်ဗျားက မိန်းမအစစ် မဟုတ်ဘူးထင်တာပဲ"

"ဘာ . . . ဘာပြောတယ်"

အိန္ဒြာစိုးက အတော်တင်းသွားပါတယ်။ ရင် ၃၂၊ ခါး ၂၁၊ တင် ၃၃ ရှိတဲ့ ခန္ဓာကိုယ်ကိုများ မိန်းမ မစစ်ဘူးလေး ဘာလေးနဲ့။ စစ်ကြောင်း သက်သေပြလိုက်ရ ကျော်မကောင်း ကြားမကောင်း ဖြစ်ကုန်ရော့မယ်။

"ရှင် ဘာစကားပြောတာလဲ"

"မိန်းမအစစ် မဟုတ်ဘူးလားလို့"

ဒီတစ်ခါတော့ အိန္ဒြာစိုး ဘာမှပြန်မပြောရသေးခင်မှာပဲ ဘယ်အချိန်က အနားရောက်နေမှန်းမသိတဲ့ ကျော်ရကီးတစ်ပွေက မင်းထွန်းကို ခါးထောက်ပြီး ရန်တွေ့ပါတော့တယ်။

"ဟဲ့ . . . ငါ့ဘာသာ ငါ စစ်စစ်၊ တုတု နင့်ထမင်းအိုး တုတ်နဲ့ ထိုးနေလို့လား အကောင်ရဲ့"

မင်းထွန်းခမျာ သူ့ကို ရန်လာတွေ့နေတဲ့ မိန်းမလျာ လုတပတလေးကို ကြည့်ပြီး ရင်ခေါင်းကြွက်သားတွေ ဆတ်ခနဲ တုန်သွားပါတယ်။

"အေ့ . . . အေ့"

အိန္ဒြာစိုးက မိန်းမလျာကိုကြည့်ပြီး ကြို့ထိုးနေတဲ့ မင်းထွန်းကို တအံ့တသြ ကြည့်လိုက်ပါတယ်။ ဒင်းက ဒီလိုမျိုးကြီးကိုလည်း ကြို့ထိုးထားပါပဲလား [illegible]တော့ အဲဒီမိန်းမလျာမလေးကလည်း ၃၂၊ ၂၁၊ ၃၃ ပါပဲ။ အစစ်လား၊ အတုလားတော့ မပြောတတ်တော့ဘူး။

♥ ♥ ♥





"ပွဲစားမ၊ ဘယ်က လှည့်လာတာလဲ"

Fashion ဆိုင်ထဲ ဝင်လာတဲ့ အိန္ဒြာစိုးကို ရဲလင်းက လှမ်းနှုတ်ဆက်လိုက်တာပါ။

"နင့်ကြီးတော် ပွဲစားမပါလား၊ အကျိုးဆောင်ဟဲ့၊ အကျိုးဆောင်"

"သြော် . . . အကျိုးဆောင်လား၊ ကြည့်လည်း အကျိုးဆောင်ဦးတော်ကြာ . . . သူ မကျိုးဘဲ ကိုယ်ကျိုးနေဦးမယ်၊ ဒါနဲ့ နင် ငါ့ဆီကိုလာတာ အကျီချုပ်မလို့တော့ ဟုတ်မယ်မထင်ဘူး၊ ဘာလဲ နင့်သူငယ်ချင်း လွှတ်လိုက်တာလား"

"မဟုတ်ပါဘူး၊ ဒီနားရောက်လို့ လမ်းကြုံဝင်လာတာ၊ ဘယ်လိုလဲ မိုးမြေခိုင် မွေလိုက်တာ နင် တော်တော်စီးပွားပျက်သွားတယ်ဆို"

"အေး . . . သိန်းတစ်ရာလောက် ပလုံသွားတယ်၊ fashion show ပွဲ ပျက်သွားလို့ စရံတွေလည်း ဆုံး၊ လျော်ကြေးတွေလည်းပေးရနဲ့၊ သူနဲ့ငါ မင်္ဂလာဆောင်ရင် နေဖို့ ဝယ်ထားတဲ့ တိုက်ခန်းကို ရောင်းပြီး လျော်လိုက်ရတယ်၊ တောက် . . . တွေးမိတိုင်း ဒေါသဖြစ်တယ်"

"နင့်ရည်းစား နင်ပြန်လျော်ခိုင်းပေါ့၊ မိုးမြေခိုင် မိဘတွေက ဘော့စ်ပဲဟာ"

"တော်စမ်းပါ၊ ဒင်းကို လျော်ခိုင်းမယ့်အစား မရှိရင် ကိုယ့်ဘာသာကိုယ် လမ်းဘေးမှာ တောင်းစားတော့မယ်၊ နင့်သူငယ်ချင်းကို ကြောက်လွန်းအားကြီးလို့"

"နင့်ဘက်က ကြည့်တော့လည်း ဒေါသထွက်ရောပေါ့ဟာ၊ ဒါပေမဲ့ မိုးမြေခိုင်က နင့်ကိုချစ်လွန်းလို့ ဖြစ်သွားတာပါ၊ ဒါနဲ့



www.burmeseclassic.com

www.burmeseclassic.com



နင် သူ့ကို စိတ်ကုန်သွားပြီလား"

ရဲလင်းက သက်ပြင်းချလိုက်တယ်။

"ဒေါသထွက်တာတော့ အမှန်ပဲ၊ သူ ငါ့ကိုချစ်လွန်းလို့ သဝန်တိုတာလည်း ငါသိတာပဲ၊ ဒါပေမဲ့ဟာ . . . ငါ့အလုပ် ထိခိုက်လောက်အောင် သဝန်တိုတာမျိုးတော့ ငါ လက်မခံနိုင်ဘူး၊ ဟိုးဆယ်တန်းကတည်းက ကြိုက်ခဲ့တာပဲဟာ၊ တိခနဲ ပြတ်တောက်ဖို့တော့ ဘယ်လွယ်လိမ့်မလဲ၊ ငါ ကြိုးစားနေတယ်ဆိုတာကလည်း သူ့ကို တင့်တောင့်တင့်တယ် ထားနိုင်ဖို့၊ သူ့မိဘတွေကနယ်မှာ ချမ်းသာတယ်ဆိုတော့ သူတို့သမီးစကတ်နား ခိုစားတယ် အပြောမခံချင်လို့ ကြိုးစားနေတာ၊ နောင်ကျဉ်သွားအောင်တော့ ပစ်ထားလိုက်ဦးမယ်"

"အကြာကြီးလည်း ပစ်မထားနဲ့ဦး၊ အခု မိုးမြေခိုင်က နင် မခံချင်ဖြစ်အောင်ဆိုပြီး ငါ့ကို အိမ်ထောင်ဘက် ရှာခိုင်းနေတယ်"

"ဘာ"

ရဲလင်းခမျာ မထင်မှတ်ထားတာ ကြားလိုက်ရတော့ အံ့လည်းဩ၊ ဒေါသလည်း ထွက်သွားတယ်။

"ဘာ . . . ဒီဟာမက . . .၊ တောက် . . . မိန်းမ မိန်းမ၊ အတော့်ကို ကြောက်စရာ ကောင်းပါလား၊ စိတ်နာရမှာက ငါပါဟာ၊ ဒါကို သူက တစ်ပြန်စီး၊ တောက် . . . အိန္ဒြာစိုး၊ ငါ ဘာပြန်လုပ်ရင် ကောင်းမလဲ၊ နင် အကြံပေးစမ်းပါ"

အိန္ဒြာစိုး ဒေါသဖြစ်နေတဲ့ ရဲလင်းကို မီးလောင်ရာ လေပင့်ရေနံ့ဈေးကျရာ ဘဏ်ပါ ဒေဝါလီခံရတဲ့ကိန်းဆိုက်အောင် တွန်းပို့လိုက်ပါတယ်။

"ငါလည်း နင့်ဘက်က မခံမရပ်နိုင်ဖြစ်လွန်းလို့ နင့်ဆီ လာပြောရတာ၊ ဘာမှမပူနဲ့ ရဲလင်း၊ နင့်ဘက်မှာ ငါတစ်ယောက်လုံး ရှိတယ်၊ နင့်ကို ငါ ကူညီမယ်"

"နင်က ငါ့ကို ဘယ်လိုကူညီမှာလဲ"

"ဘယ်လိုကူညီရမလဲဆိုတော့ . . ."

အိန္ဒြာစိုးက သွားလေရာ အမြဲတမ်း ပါတတ်တဲ့ Album ကြီးကို





ဆွဲထုတ်လိုက်ပါတယ်။

"ရော့ . . ."

"ဒါက ဘာတုန်း"

"ဒါ ငါ့ဆီကို သင့်တော်တဲ့ အိမ်ထောင်ဖက် ရှာပေးဖို့ အပ်ထားတဲ့ မိန်းကလေးဓာတ်ပုံတွေ၊ နင်လည်း အိမ်ထောင်ဘက် ပြန်ရှာရမှာပေါ့"

"ဘာ. . . ငါ ရှာချင်ရင် နင့်လို ပွဲစားအစုတ်ပလုပ်နဲ့တောင် ဆက်သွယ်စရာမလိုဘူး၊ ဖက်ရှင်ဒီဇိုင်နာဟ၊ မိန်းကလေးတွေဆိုတာ ဘေးမှာဝိုင်းနေတာ"

"သိပါတယ်၊ သိပါတယ်၊ ဒါပေမဲ့ ဒီနေရာမှာ ဒါသုံးဖို့ လိုတယ်"

အိန္ဒြာစိုးက သူ့ခေါင်းကို သူ လက်ညှိုးထိုးပြလိုက်တယ်။

"ဒီမှာ ရဲလင်း၊ နင့်ဘေးမှာ မိန်းကလေးတွေ ဝိုင်းနေတာ ငါလည်း သိတယ်၊ မိုးမြေခိုင်လည်း သိတယ်၊ ဒီကိစ္စက အဝေးကနေပြီး လက်နက်ကြီးနဲ့ ထုနေလို့ ထိရောက်မှာ မဟုတ်ဘူး၊ မိုးမြေခိုင်ရဲ့ ရင်ထဲကို ဖျဉ်းခနဲဖြစ်အောင် အနီးကပ် တိုက်စစ်ဆင်ရမှာ၊ နင်လည်း အိမ်ထောင်ဘက် ရှာနေတာကို မိုးမြေခိုင် သိသွားရင် . . ."

အိန္ဒြာစိုးက စကားကို မဆက်သေးဘဲ ရဲလင်းရဲ့မျက်နှာကို အကဲခတ်လိုက်တယ်။ သူကောင့်သားက အိန္ဒြာစိုး ဆင်ထားတဲ့ အကွက်ကို စိတ်ဝင်စားသွားတဲ့ပုံပါပဲ။ ဘယ်ရမလဲ။ အိန္ဒြာစိုးပဲဟာ။ ဒင်းတို့နှစ်ယောက်စလုံးကို သူ အောင်သွယ်ပေးလို့ ကြိုက်သွားကြတဲ့ ဥစ္စာ။ မင်းကောင်တွေလောက်ကတော့ အချဉ်ပဲ။ အချဉ်တောင်မှ မန်ကျည်းရွက်နဲ့ ရှောက်သီးနဲ့ ရောပြီး သံပုရာရည်ညှစ်ကာ ရှာလကာရည်လောင်းထားတဲ့ အချဉ်စစ်စစ်။

"မိုးမြေခိုင် သိတော့ ဘာဖြစ်မလဲ ပြောစမ်းပါဦး"

"နင် မိန်းကလေးတွေအကြောင်း ကောင်းကောင်းမသိသေးပါဘူးဟာ၊ တောမီးကို ငြိမ်းချင်ရင် တောမီးပြန်လှန်ရှို့ရတယ်၊ ဆူးစူးတာကို ထွင်ချင်ရင် ဆူးနဲ့ပဲ ပြန်ထွင်ရတယ်"

"ပွဲစားမ၊ ပေရှည်မနေနဲ့၊ လိုရင်းက ဘာလဲ ပြော"



www.burmeseclassic.com

www.burmeseclassic.com



"လိုရင်းကတော့ နင်လည်း အိမ်ထောင်ဘက် ရှာဖို့ပဲ၊ ကျန်တာ ငါ ကြည့် လုပ်ပေးမယ်၊ နင်လည်း ငါ့အပေါ် နည်းနည်းပါးပါး လောက် သိတတ်ပေါ့ဟယ်"

"လက်စသတ်တော့ နင်က ငါတို့သမီးရည်းစားကွဲတာကို အကြောင်းပြုပြီး အမြတ်ထုတ်မလို့ကိုး"

"အခြေအနေက ဒီလိုဖြစ်လာတာကိုးဟ၊ ငါ အမြတ်မထုတ်ချင်ရင် နင်တို့နှစ်ယောက် အစကတည်းက မကွဲနဲ့ပေါ့ဟ၊ ဟိုမှာ မိုးမြေခိုင်က တစ်ယောက်ပြီး တစ်ယောက် တွေ့နေတာ နော် တစ်ယောက်ယောက်နဲ့ အဆင်ပြေသွားလို့ကတော့ နင် ဒူးနဲ့မျက်ရည် သုတ်နေရမယ်၊ ကဲ . . . ဘယ်လိုလဲ"

ရဲလင်းက အံတင်းတင်းကြိတ်လိုက်ပြီး . . .

"အေး . . . နင်ပြောတဲ့အတိုင်း ဖြစ်မလာလို့ကတော့ နင်ရော နင့်ညီမပါ နှစ်ယောက်စလုံး ဆွဲစားပစ်မှာ၊ သဘောပေါက်"

♥ ♥ ♥



"တောက်"

ကိုအောင်မြင်က ကားဘောနပ်စ်ဖုံးကို ဖွင့်ပြီး တောက်ခေါက်လိုက်တယ်။ တကယ်တော့ သူ့ခမျာ စက်ဖုံးသာ ဖွင့်လိုက်ရတာ။ ကားစက်အကြောင်း နကန်းတစ်လုံးမှ နားလည်တာမဟုတ်ဘူး။ သူ နားလည်တာက ဘယ်ခွင် ဘယ်လိုရိုက်မယ်။ ဘယ်ပစ္စည်းကို ဘယ်လိုအပေါင်ခံမယ်။ အိမ်ခြံမြေအကျိုးဆောင် လုပ်မယ်။ ဒါတွေပဲ နားလည်တာ။ အခုလည်း သူ့ဆီ လာပေါင်ထားတဲ့ TOYOTA Crown ကားကြီးကို တန်အောင် စီးမယ်ဆိုပြီး သူ့ကားထားခဲ့ပြီး ယူမောင်းလာတာ။ အခုတော့ ကိုယ့်စေတနာ ကိုယ်ပြန်အကျိုးပေးသလားတော့ မသိဘူး။ သွားရင်းလာရင်း လမ်းမှာ ထိုးရပ်သွားတော့တာပဲ။

"တောက်"

ကိုအောင်မြင်က တောက်တစ်ချက် ထပ်ခေါက်ရင်း ပတ်ဝန်းကျင်မှာ အကူအညီတောင်းလို့ရမယ့်လူ တွေ့လိုတွေ့ငြား လှည့်ပတ်ကြည့်ပါတယ်။ ပင်လယ်ပြင်မှာ သင်္ဘောပျက်ရင်သာ မဏိမေခလာ လာကယ်တတ်တာ။ လမ်းပေါ်မှာ ကားပျက်ရင် လာကူညီတဲ့ နတ်သမီးရှိတယ်လို့တော့ မကြားမိသေးဘူး။ ဒီအတိုင်းဆိုရင် ကားပြင်တတ်တဲ့ ကောင်လေးချောချောလေးတစ်ယောက်ကို မြန်မြန်သေခိုင်းပြီး နတ်သမီးဖြစ်အောင် လုပ်ပေးရမယ့်ကိန်း ဆိုက်နေပြီ။ ဟိုက မဏိမေခလာ။ ဒီက အဆတ်ချိမေခလာ။ ကိုအောင်မြင်လည်း စဉ်းစားရင်း ဒေါသထွက်လာလို့ 'တောက်'ထပ်ခေါက်လိုက်ချိန်မှာပဲ . . .

"တောက်"

"တောက်"

တောက်ခေါက်သံနှစ်ခု ပြိုင်တူထွက်လာလို့ လှည့်ကြည့်လိုက်တော့ ခရမ်းရောင်ဝတ်စုံနဲ့ ကောင်မလေး ခပ်ချောချောတစ်ယောက်။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကလည်း စူပွ မှုန်တေလို့။ ဘာတွေများ အလိုမကျ ဖြစ်လာလည်း မသိဘူး။ ကိုအောင်မြင်က သူ့'တောက်'ကို ခဏခေါက်ထားလိုက်ပြီး လူ များရဲ့'တောက်'ကို အရင်စပ်စုလိုက်ပါတယ်။

"မင်းက ဘာကိစ္စ တောက်ခေါက်ရတာလဲ"

"ရှင်ကရော ဘာကိစ္စ တောက်ခေါက်ရတာလဲ"

စိုးမေလှိုင်က သူ့အရင် မေးခွန်းထုတ်နေတဲ့ ခပ်ချောချော အစ်ကိုကြီးကို ပြန်ပြီး မေးခွန်းထုတ်လိုက်ပါတယ်။ တကတည်း 'တောက်' ခေါက်တာများ သူ့ဆီမှာ Permit ယူရမှာ ကျနေတာပဲ။

"ငါ တောက်ခေါက်တာက ကားပျက်နေလို့ကွ၊ မင်း 'တောက်' ခေါက်တာ ဘာကြောင့်လဲ"

"အလိုရှင်၊ ကိုယ့်စိတ်နဲ့ကိုယ် တောက်ခေါက်တာ၊ ရှင့်ဆီကို report လုပ်ရဦးမှာလား"

"လိုတယ်ကွ၊ ဒီနားမှာ မင်းနဲ့ငါ နှစ်ယောက်တည်းရှိတာ၊ ငါ တောက်ခေါက်တာ ကျိုးကြောင်းခိုင်လုံမှုရှိတယ်၊ မင်း 'တောက်' ခေါက်တာ မဆီမဆိုင်၊ ငါ့ကို တောက်ခေါက်တာဖြစ်နေရင် ဘယ်လိုလုပ်မလဲ"

ကပ်သီးကပ်သတ် 'တောက်'ချင်း ကပ်ပြီးပြိုင်နေတဲ့ အစ်ကိုကြီး ကို စိုးမေလှိုင်က ခါးထောက်ပြီး ကြည့်လိုက်ပါတယ်။ ခါးထောက်လိုက် တော့ ကိုယ်လုံးလေးက ကွကွရွရွလေး ဖြစ်သွားတယ်။ ကိုအောင်မြင် စိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်သွားတယ်။ မိန်းကလေးတစ်ယောက် ခါး ထောက်တာကို တစ်ခါမှ အသေအချာ မကြည့်ဖူးဘူး။ မိန်းမလှလေးတွေ ခါးထောက်တာလည်း ဆွဲဆောင်မှုတစ်မျိုးပဲကိုး။ လက်စသတ်တော့ ခါး ထောက်တယ်ဆိုတာ ဖြောင့်နေတဲ့ဟာတွေ ကွေးပြီး ကွေးနေတဲ့ဟာတွေ ကော်က်သွားစေတာကိုး။ ဒါကြောင့်လည်း မယ်ဝင်ပြိုင်တဲ့ မိန်းကလေး တွေ ခါးထောက်ပြီး ကိုယ်ဟန်ပြကြတာ ဖြစ်မယ်။

"ရှင်က ဘာကိစ္စ ကျွန်မကို ကြည့်နေရတာတုန်း"

ခဏလောက် သတိလက်လွတ် ငေးကြည့်မိတဲ့ ကိုအောင်မြင် တစ်ယောက် နည်းနည်းလောက် ရှက်သွားပါတယ်။ ဘာလုပ်ရမှန်းမသိဘဲ ရှက်ရှက်နဲ့ 'တောက်'ထပ်ခေါက်လိုက်တယ်။





"တောက်"

"ဒီတစ်ခါ ဘာကိစ္စ 'တောက်'ခေါက်ရတာတုန်း၊ ရှင် 'တောက်' ခေါက်တာ ကျိုးကြောင်းခိုင်လုံမှုရှိတယ်ဆို၊ ကဲ . . . ကျွန်မကို ရှင်းစမ်းပါဦး"

ရှင်တစ်လုံး၊ ကျွန်မတစ်လုံးနဲ့ မေးခွန်းထုတ်လာတဲ့ စိုးမေလှိုင် ကို ကြည့်ပြီး ကိုအောင်မြင် ခေါင်းကုတ်သွားတယ်။ ဒီတစ်ခါ 'တောက်' ကြီးက ဘယ်လိုအကြောင်းပြရမှန်း မသိဘူး။ အခုမှပဲ သိတော့တယ်။ အကြောင်းမရှိဘဲနဲ့လည်း 'တောက်'ခေါက်လို့ရတာကိုး။ ခေါင်းကုတ်နေတဲ့ ကိုအောင်မြင်ကို ကြည့်ပြီး စိုးမေလှိုင်တစ်ယောက် နဂိုဗီဇစိတ်လေးတွေ ပေါ်လာပါတယ်။ နဂိုဗီဇစိတ်ဆိုတာက ယောကျ်ားလေးတွေ့ရင် နည်း နည်းလောက် ချည်ထားခဲ့ချင်တဲ့စိတ်မျိုးပါ။ ဒီအစ်ကိုကြီးက ချောချော သန့်သန့်ဆိုတာလည်း နည်းနည်းတော့ ပါတာပေါ့လေ။

စိုးမေလှိုင်တို့က ဟိုးပိစိညှောက်တောက်ကတည်းက ရာဇဝင်နဲ့။ ငယ်ငယ်တုန်းက ကစားနေရင်း ခလုတ်တိုက်လို့ ခြေမ ကွဲတာ၊ အဖေ ချော့လည်းမရ၊ အမေချော့လည်း မတိတ်။ လမ်းထိပ်က ဆရာဝန်ချော ချော အစ်ကိုကြီးနဲ့တွေ့မှ အငိုတိတ်တာလေ။ အဲဒါ သုံးနှစ်သမီးလောက် က . . .။ အခုလည်း . . .။ စိုးမေလှိုင်က မျက်နှာလေးကို မချိုမချဉ် ပြုံးလိုက်ပြီး . . .

"ရှင် ကျွန်မ တောက်ခေါက်တဲ့အကြောင်း သိချင်လား"

ကိုအောင်မြင်က စိုးမေလှိုင် အပြုံးနောက် ကောက်ကောက်ပါ သွားတယ်။

"အင်း . . ."

"ကျွန်မ တောက်ခေါက်တာက လူတစ်ယောက်ကို မကျေနပ်လို့"

"ဘယ်သူ့ကိုလဲ"

"ရှင့်ကို မဟုတ်ပါဘူး၊ ကျွန်မကို ကြိုက်နေတဲ့ လူတွေထဲက တစ်ယောက်ပေါ့"

ကိုအောင်မြင်က နှာခေါင်းရှုံ့သွားတယ်။ ကြွားမလေး။ ပေါ် ဗျားကြောင်း လမ်းကြုံကြွားနေသေးတယ်။

"ဒါနဲ့စကားမစပ်၊ အစ်ကိုကြီးသာ ကိုယ်ကြိုက်နေတဲ့ မိန်းမလေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကို လက်ဆောင်ပေးမယ်ဆိုရင် ဘယ်လို လက်ဆောင်မျိုး ပေးမှာလဲဟင်"

"လက်ဆောင်"

ကိုအောင်မြင်တစ်ယောက် ခေါင်းနည်းနည်းစားသွားတယ်။ အခုအချိန်အထိ သူက ဘယ်မိန်းကလေးကိုမှ လက်ဆောင်မပေးဖူးတာ အမှန်ပဲ။ ကိုအောင်မြင်တို့ လူပျိုပေါက်တုန်းက မိန်းကလေးတွေကို လက်ဆောင်ပေးဖို့ သိပ်စိတ်ဝင်စားတာ မဟုတ်ဘူး။ ပိုက်ဆံချေးဖို့လောက်ပဲ စိတ်ဝင်စားတာ။ ကောင်မလေးတွေ မွေးနေ့ဆိုရင်လည်း သူတို့လိုက်ကျွေးတာ ပါးဖြန်းဖြန်းလိုက်စားပြီး လက်ဆောင်ပေးရမယ့်အရေးဆို ရှူးချင်ယောင် ဆောင်နေတာ။ ဒီခေတ် ဆယ်ကျော်သက်၊ အသက် ၂၀ ဝန်းကျင် ကောင်လေးတွေ၊ ကောင်မလေးတွေက အနောက်တိုင်းပဲ ဆန်လာတာလား၊ ဂလိုဘယ်ပဲ ဖြစ်လာတာလား မပြောတတ်ဘူး။ Valentine day ဆိုရင် လက်ဆောင်လဲရတာနဲ့၊ အကျီဆင်တူ (couple dress) ဝတ်ရတာနဲ့၊ Hand Phone ဆင်တူ ကိုင်ရတာနဲ့။ ကိုအောင်မြင်တို့ ခေတ်တုန်းကတော့ အဲဒီလို ကောင်မလေးနဲ့ ဆင်တူဖြစ်လို့ကတော့ သူငယ်ချင်းတွေ ဝိုင်းလှောင်တာ ခံရမှာ အသေအချာပဲ။ ကိုအောင်မြင်က စဉ်းစားလို့ မရတာနဲ့ သူ ရုပ်ရှင်ထဲမှာ တွေ့ဖူးမြင်ဖူးတာတွေ ရမ်းတီးထည့်လိုက်ပါတယ်။

"နှင်းဆီပန်းလက်ဆောင်ပေးမှာပေါ့"

"ဟွန့်"

စိုးမေလှိုင်က နှာခေါင်းရှုံ့ပြလိုက်တယ်။

"ရှင်လည်း အလကားပဲ၊ ကိုရီးယားဇာတ်လမ်းတွဲတွေ ကြည့်ပြီး ထင်တာတွေ လာပြောနေတယ်၊ ဒါ မြန်မာပြည်၊ ဒီနိုင်ငံမှာ ဘယ်မိန်းကလေးမှ ပန်းလက်ဆောင်ပေးတာ သဘောမကျဘူး။ ရှင့်ပန်းကြီး ဘာလုပ်ရမှာလဲ၊ မသေမချင်းမှတ်ထား၊ မိန်းကလေးတွေကို လက်ဆောင်ပေးမယ်ဆိုရင် သေးသေးကွေးကွေးနဲ့ တန်ဖိုးကြီးတာ လက်ဆောင်ပေးရတယ်၊ တီဗွီတို့၊ ရေခဲသေတ္တာမျိုးတို့လို တန်ဖိုးကြီးပြီး အိမ်မှာထားခဲ့ရမယ့် ပစ္စည်းမျိုးလည်း မပေးရဘူး၊ သွားလေရာ သယ်သွားနိုင်တဲ့ ပစ္စည်းမျိုး ဖြစ်ရမယ်၊





မိန်းကလေးတွေဆိုတာ ကြွားတတ်တဲ့အမျိုးရှင့်၊ ယောကျ်ားလေးပေးတဲ့ ပစ္စည်းဆိုရင် ပိုတောင် ကြွားချင်သေးတယ်၊ ဒါနဲ့ စကားမစပ် အစ်ကိုကြီးမှာ အိမ်ထောင်ရှိလား"

"မရှိပါဘူး"

"ရည်းစားရော"

"အင်း . . . အရင်တုန်းကတော့ ရှိတယ်၊ အခုတော့ မရှိတော့ဘူး၊ ဒါနဲ့ မဆီမဆိုင် မင်းက ငါ့ကို ဘာကိစ္စ ဒီအကြောင်းတွေ လာမေးနေရတာလဲ"

"ရှင်ပဲ ကျွန်မ တောက်ခေါက်တဲ့အကြောင်း သိချင်တယ်ဆို"

"အဲဒါနဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့၊ ခုနက ကျွန်မပြောတဲ့လူက ကျွန်မကို ဘာလက်ဆောင်ပေးသလဲ၊ သိလား"

"ဟင့်အင်း"

"ဟောဒီမှာကြည့်"

စိုးမေလှိုင်က သူ့စလင်းဘတ် အကြီးကြီးထဲကနေ ကတ္တီပါဘူးတစ်ဘူး ထုတ်ပြလိုက်ပါတယ်။ အဖုံးဖွင့်လိုက်တော့ အထဲမှာ ရွှေရောင်အိတ်ဆောင်နာရီတစ်လုံး။ အိတ်ဆောင်နာရီဆိုတာ ဒီခေတ်မှာ ဘုန်းကြီးတွေလောက်ပဲ သုံးတော့တာ။ ပြီးတော့ နာရီက old model ၊ ရှေးဟောင်းပစ္စည်းကြီး။ ကိုအောင်မြင်လည်း ကြံကြံဖန်ဖန် မိန်းကလေးကို အိတ်ဆောင်နာရီ အန်းတစ်ကြီး လက်ဆောင်ပေးတဲ့ မမြင်ဖူးတဲ့လူကို လှမ်းဆဲလိုက်ပါတယ်။

"အလကားလူ၊ တောက်ခေါက်ခံရတာတောင် နည်းသေးတယ်၊ အသေသတ်ပစ်ဖို့တောင် ကောင်းတယ်"

"ဟုတ်တယ်၊ အစ်ကိုကြီးတောင် သဘောပေါက်လာပြီ"

"ဒါနဲ့ ဒီနာရီကြီးက အန်းတစ်ကြီးဆိုတော့ တန်ဖိုးတော့ ရှိမှာပဲ၊ ပြီးတော့ အဲဒီခေတ်က ရွှေနာရီဆိုတာ ရွှေအစစ်တွေဖြစ်ဖို့များတယ်"

ကိုအောင်မြင်က မနေနိုင် မထိုင်နိုင် ပွဲစားညဉ်ကလေးကပင် လာပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"အင်္ဂလိပ်အရေးပိုင်ကြီးက အဲဒီလူရဲ့အဖိုးကို ထမင်းချက် တော်လို့ ဆုချခဲ့တာတဲ့၊ ဘိုးဘွားအမွေမို့ တန်ဖိုးထားရတဲ့ပစ္စည်းကို တန်ဖိုးထားရတဲ့လူဆီ ပေးတာလို့ ပြောတာပဲ၊ တန်ဖိုးထားတာ ဘာလုပ်ရမှာလဲ၊ တန်ဖိုးများတာပဲ လိုချင်တာပေါ့နော်၊ ဒါနဲ့ ဒီနာရီက ဘယ်လောက်တန်မယ် ထင်လဲဟင်"

"အတိအကျတော့ မပြောတတ်ဘူး၊ ရွှေ ဘယ်လောက်ကာရက်၊ အလေးချိန် ဘယ်လောက်ဆိုတာပေါ် မူတည်ပြီးမှ ဈေးဖြတ်လို့ ရမှာ၊ တကယ်လို့ ရှေးဟောင်းပစ္စည်းဆိုတာ သေချာရင် တန်ဖိုး ပိုတက်သွားနိုင်တယ်"

စိုးမေလှိုင်က စိတ်ဝင်စားသွားတယ်။

"ဒါနဲ့ ဒီပစ္စည်းကြီးကို ဘယ်မှာထုရမှာလဲ၊ အစ်ကိုကြီးဆီမှာ အသိရှိလား"

"အင်း . . . ရှိတော့ရှိတယ်၊ ဒါပေမဲ့ အသေအချာ စစ်ဆေးကြည့်ရဦးမှာဆိုတော့ အားလုံး တွေ့တွေ့ဆိုင်ဆိုင် ချိန်းလိုက်ပြီးမှ အလုပ်လုပ်တာ ကောင်းတယ်၊ အလကားတော့ လုပ်မပေးနိုင်ဘူး၊ ပွဲခတော့ ပေးရမယ်"

"တစ်ပဲခြောက်ပြားနဲ့တော့ မပေးနိုင်ပါဘူး"

"ရွှေသာစစ်မယ်ဆိုရင်တော့ ဆယ်သိန်းလောက်တော့ အနည်းလေး တန်ဖိုးရှိနိုင်တယ်"

"တကယ်၊ ဒါဆိုရင် ဒီလူကို ဖြတ်လို့မဖြစ်သေးဘူး၊ အဲဒီလူဆီမှာ အင်္ဂလိပ်အရေးပိုင်ရော၊ ဂျပန်ကင်ပေတိုင်ရော ပေးထားတဲ့ အခြားပစ္စည်းတွေ ရှိချင် ရှိနေဦးမှာ၊ ပေး . . . ပေး၊ ကျွန်မနာရီ ပြန်ပေး"

ချက်ချင်းလက်ငင်း လောဘဇောတက်သွားတဲ့ စိုးမေလှိုင်ကို ကြည့်ပြီး ကိုအောင်မြင်က ရယ်လိုက်ပါတယ်။

"ဒါနဲ့ ဒီနာရီ မထုတော့ဘူးလား"

"ဒီလိုလုပ်ပါလား၊ အစ်ကိုကြီးကို ဆက်သွယ်ရမယ့် လိပ်စာနဲ့ ဖုန်းနံပါတ် ပေးခဲ့ပါလား"

"ကောင်းပြီလေ"





ကိုအောင်မြင်က သူ့ပိုက်ဆံအိတ်ထဲက visiting card လေး ထုတ်ပေးလိုက်တယ်။ စိုးမေလှိုင်က ယူပြီး ဖတ်ကြည့်လိုက်တယ်။

ကိုအောင်မြင်
ဒါရိုက်တာ
အောင်မြင်သစ္စာ အထွေထွေအကျိုးဆောင်အေဂျင်စီ

စိုးမေလှိုင်က visiting card လေးဖတ်ပြီး မျက်မှောင်လေး ယောင်ယောင်ကုတ်သွားတယ်။ 'အောင်မြင်သစ္စာ'အေဂျင်စီဆိုရင် သူ့အစ်မသူငယ်ချင်း မအိန္ဒြာစိုး အလုပ်လုပ်နေတဲ့ အေဂျင်စီပေါ့။

"အင်း . . . မသိချင်ယောင် ဆောင်နေမှ၊ ပြီးမှ မမအိန္ဒြာဆီ ကနေတစ်ဆင့် ဒီလူကြီးအကြောင်း စုံစမ်းရမယ်"

စိုးမေလှိုင်က အတွေးဖြတ်လိုက်ပြီး ကိုအောင်မြင်ကို နှုတ်ဆက်လိုက်ပါတယ်။

"ကျေးဇူးပဲနော်၊ သွားလိုက်ပါဦးမယ်၊ နောက်မှ ဖုန်းဆက်လိုက်မယ်နော်"

"နေဦးလေ၊ မင်းနာမည်နဲ့ လိပ်စာ ပြောခဲ့ဦး"

စိုးမေလှိုင်က အပြုံးလေးတစ်ချက် ခြွေချပြီး နာမည်ပြောလိုက်ပါတယ်။

"ညီမနာမည်က စိုးမေလှိုင်၊ လိပ်စာကတော့ မသိချင်ပါနဲ့၊ အခုတောင် ရပ်ကွက်ကောင်စီက ကျွန်မအိမ်ရှေ့မှာ လာရပ်တဲ့ကောင်လေးတွေ များလို့ အခွန်ကောက်မလို့ လုပ်နေတယ်၊ တော်ကြာ အစ်ကိုကြီးပါ အခွန်ဆောင်နေရဦးမယ်၊ သွားပြီနော်"

စိုးမေလှိုင်က ခပ်နောက်နောက်လေးပြောပြီး ထွက်သွားပါတယ်။ ကိုအောင်မြင်က စိုးမေလှိုင်ရဲ့ နောက်ပိုင်းအလှကို ကြည့်ပြီး ကျန်ခဲ့တယ်။ ခရမ်းရောင် မျဉ်းကွေးလေးတွေက နိမ့်လိုက်၊ မြင့်လိုက်။ ကောက်ကြောင်းလေးတွေက နွဲ့လိုက်၊ ယိမ်းလိုက်။

"အင်း . . . အတော့်ကို စိတ်ချမ်းသာစရာကောင်းတာပဲ၊ ဒါမျိုးလေးတွေနဲ့သာ လန်းလိုက်ရရင် ဒီတစ်သက် သေမယ်ကောင် ထင်မှာမဟုတ်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကိုအောင်မြင်က တစ်ကိုယ်တည်း ရေရွတ်ရင်း ပြန်လှည့်လိုက်တဲ့အချိန်မှာတော့ ဘောနပ်စ်ဖုံး ဖွင့်ထားတဲ့ ကားက ပါးစပ်ကြီးဖြဲပြီး လှောင်ရယ်နေသလို။ ကိုအောင်မြင် ပါးစပ်က ချက်ချင်းလက်ငင်းကြီး အသံတစ်သံ ထွက်သွားပါတယ်။

“တောက်”

♥ ♥ ♥





“နမောတဿ၊ ဘဂဝတော၊ အရဟတော၊ သမ္မာသမ္ဗုဒ္ဓဿ”

“ခေါ် ခလော . . . ခလူး”

ဒီနေ့ ကိုယ့်မွေးနေ့မို့ ဘုရားပေါ်တက်၊ ကုသိုလ်ရအောင် ဆီမီး၊ အမွှေးတိုင်တွေ ထွန်းပြီး ဘုရားဝတ်ပြုမလို့ နိဒါန်းပျိုးလိုက်ရုံရှိသေးတဲ့ နန္ဒာစိုးခမျာ နောက်နားက ဟောက်လိုက်တဲ့ အသံကြောင့် အာရုံနောက်သွားပါတယ်။

“တောက် . . . နေ့ခင်းကြောင်တောင်ကြီး ဘုရားပေါ် ဘယ်သူလာအိပ်နေလဲ မသိပါဘူး၊ ဟောက်တောင် ဟောက်နေလိုက်သေးတယ်”

နန္ဒာစိုးက ဒေါသစိတ်ကို ထိန်းလိုက်ပြီး ဘုရားစာ ဆက်ရွတ်မလို့ ပြင်လိုက်ပါတယ်။

“နမော . . . ”

“ခလော”

ကိုယ်က နမောပဲရှိသေး။ သူက ခလော လိုက်နေပြီ။ စိတ်နဲ့လူနဲ့ ပိန်လိုက်တာနော်။

“နန္ဒာစိုး . . . သည်းခံ၊ သည်းခံ၊ ဒီနေ့ နင့်မွေးနေ့၊ အကုသိုလ်အဖြစ်မခံနဲ့”

နန္ဒာစိုးလည်း ဒေါသစိတ်ဆင်ရိုင်းကို ခန္တီချွန်းနဲ့ မနိုင်မနင်း ဘရိတ်အုပ်လိုက်ပြီး ဘုရားစာ ဆက်ရွတ်တယ်။

“တဿ၊ ဘဂဝတော”

“ခေါ် ခလူး၊ ခလော”

အရဟတောင် မတောလိုက်ရသေးဘူး။ ဟောက်သံက ဘုတ္တာဝင်လာတဲ့ မီးရထားကြီးလို အတွဲလိုက် ဝင်ဆောင့်တော့တယ်။ သွားပြီ၊ ဒေါသစိတ်က ဘယ်လိုမှ ချွန်းအုပ်လို့ မရတော့ဘူး။ နန္ဒာစိုးလည်း ဘုရား



www.burmeseclassic.com

www.burmeseclassic.com



ကို ပေါက်ဆိန်ပေါက် ဦးသုံးကြိမ်ချရင်း . . .

"တောက် . . . ဘယ်ကလေကဝ၊ အုတ်ကြားမြက်ပေါက်က အကုသိုလ်လာပေးနေလဲ မသိဘူး၊ ဂေါပကသွားတိုင်မှ ဖြစ်မယ်၊ အရှင်ဘုရား . . . ကန်တော့ပါတယ်၊ သည်းခံတော်မူပါဘုရား၊ ဒီမိစ္ဆာဒိဋ္ဌိကို တပည့်တော်မ ရှင်းလင်းသုတ်သင် နှိပ်ကွပ်ပြီးမှ အစအဆုံး ပြန်လာရှုတ်ပါ့မယ်ဘုရား"

နန္ဒာစိုးက ဆောင့်ဆောင့်အောင့်အောင့် ထပြီး ဘုရားဘန်ဆောင်းပေါ်မှာ ဟောက်သံပေးပြီး နှောင့်ယှက်နေတဲ့ ငရဲသွားမယ့် လူမိုက်ကို လိုက်ရှာပါတယ်။ ဟော . . . တွေ့ပါပြီ။ ရှင်မဟာမောဂ္ဂလန်က နန္ဒောပနန္ဒ နဂါးမင်းကို တန်ခိုးပြ ဆုံးမနေတဲ့ ပန်းချီကားအောက်မှာ စာအုပ်ထူကြီး သုံးအုပ်ကို ခေါင်းခုအိပ်နေတဲ့ ကာလနဂါးလက်သစ်။

"တွေ့မယ် . . . တွေ့မယ်"

နန္ဒာစိုးက အိပ်နေတဲ့ ကာလနဂါး လူဝင်စားလေးဘေး ရောက်သွားပါတယ်။ ကြည့်ရတာ ဒီကာလနဂါးမျက်နှာ မြင်ဖူးသလိုပဲ။

"ဟင် . . . ဇေယျာသူ"

ဟုတ်တာပေါ့။ သူတို့ရဲ့ အတန်းဖော် ဇေယျာသူ။ ဘယ်ကနေ ဘယ်လိုဖြစ်ပြီး ဘုရားလာအိပ်နေတာပါလိမ့်။ သူက အဆောင်နေတယ်ဆိုတော့ မဟုတ်မှလွဲရော မုန့်ယစ်သောက်စားရမ်းကားလို့ အဆောင်က နှင်ထုတ်ခံရတာလား မပြောတတ်ဘူး။ ဘာပဲဖြစ်ဖြစ် အတန်းဖော်အချင်းချင်း ကူညီရမယ့်ဝတ္တရား ရှိတယ်လေ။ နန္ဒာစိုးလည်း ဇေယျာသူပခုံးကို လှုပ်နှိုးလိုက်ပါတယ်။

"ဟဲ့ . . . ဇေယျာသူ၊ ထဦး၊ ဟဲ့ ဇေယျာသူ"

ဇေယျာသူက မျက်လုံးမဖွင့်ဘဲ နှုတ်ခမ်းကို လက်နဲ့သပ်လိုက်ပြီး . . .

"ဟင့်အင်း ထဘူး၊ အာဘွားပေးမှ"

"ဘုရား ဘုရား"

နန္ဒာစိုးခမျာ တစ်ကိုယ်လုံး ပူထူသွားတယ်။ ချွေးပါ ပြန်လာလို့ မျက်မှန်ချွတ်ပြီး ချွေးသုတ်လိုက်ရတ . . . ဇေယျာသူကို နှိုးရတာ အတော့်ကို တန်ဖိုးကြီးတာပါလား။ ဒင်းကြည့်ရတာ အိပ်ပျော်ရင်း အိပ်မက်





တောင် မက်နေပုံပါပဲ။ နန္ဒာစိုးက ဇေယျာသူ ခေါင်းအုံးထားတဲ့ စာအုပ်သုံးအုပ်ကို ဆတ်ခနဲ ဆွဲယူလိုက်ပါတယ်။ 'ခွပ်'ခနဲ ရင်ပြင်ပေါ်က ကျောက်ပြားနဲ့ ခေါင်းနဲ့ ဆောင့်မိတော့မှပဲ ဇေယျာသူခမျာ ထိတ်လန့်တကြား နိုးလာပါတယ်။

"အမလေးဗျာ၊ ဘန်ဂလို ပြိုကျပါပြီဗျ"

ဘုရားတန်ဆောင်းထဲလာပြီး ဘယ်က ဘန်ဂလို ပြိုကျတာလည်း မသိဘူး။ ဇေယျာသူက သူ့ရှေ့မှာ ဆောင့်ကြောင့်လေး ထိုင်နေတဲ့ နန္ဒာစိုးကို ကြည့်ပြီး . . .

"ဟင် . . . လေးလုံး၊ အဲလေ . . . နန္ဒာစိုး၊ နင်က ဘယ်လိုလုပ်ပြီး ဝေပလီ ရောက်နေတာလဲ"

"ဟင် တဏှာရူး၊ ဘုရားပေါ် လာပြီး ဝေပလီအကြောင်း အိပ်မက်မက်နေတယ်၊ ငရဲအိုးထဲ အတည့်မကျဘူး၊ Hip Hop ကသလို ခြေကားယား၊ လက်ကားယားနဲ့ ကျမယ့်အကောင်"

အခုမှပဲ ဇေယျာသူလည်း ပတ်ဝန်းကျင်အခြေအနေကို သုံးသပ်မိပြီး သွားဖြဲလေးနဲ့ . . .

"အဟီး . . . ငါ စာကျက်ရင်း အိပ်ပျော်သွားပြီး အိပ်မက် မက်နေတာ၊ အိပ်မက်ထဲမှာ ငါနဲ့ စိုးမေလှိုင်နဲ့၊ ဟီဟိ"

"သေချင်းဆိုးလေ၊ လူများသားသမီးကို . . ."

"ဟာ . . . အိပ်မက်ဆိုတာ သူမက်ချင်သလို မက်တာပဲလေဟာ၊ ဒါနဲ့ နင်ကရော ဘယ်လိုလုပ် ဒီရောက်နေတာလဲ"

"ဒီနေ့ ငါ့မွေးနေ့မို့ ဘုရားလာတာ၊ နင့်ဟောက်သံကြောင့် ဘုရားဝတ်ပြုလို့ မရလို့ နားရင်းအုပ်မလို့ လာတာ"

"ဒါနဲ့ စိုးမေလှိုင်ရော မပါဘူးလား"

"ပါရင် တွေ့မှာပေါ့ဟဲ့"

"နင့်မွေးနေ့ဆိုတော့ ဝါးတီးပေါ့၊ အတော်ပဲ၊ ငါလည်း ဗိုက်ဆာနေတာနဲ့"

"နှိုးမိတာ မှားပါတယ်၊ ဒါနဲ့ နင်က ဘုရားပေါ် စာလာကျက်နေရအောင် အဆောင်က အထုတ်ခံရလို့လား"

"ဖွဟဲ့၊ လွဲပါစေဟာ၊ ဒီနေ့ တနင်္ဂနွေနေ့ဆိုတော့ အဆောင်မှာ



www.burmeseclassic.com

www.burmeseclassic.com



လူစုံတယ်ဟ၊ စာကျက်လို့မရဘူး၊ ဒါကြောင့် ဘုရားပေါ် စာလာ
ကျက်တာ"

"အြော် . . . နင်က စိုးမေလှိုင် ပြောတဲ့အတိုင်း scholarship
ရအောင် ကြိုးစားနေတာပေါ့"

"ဒါပေါ့၊ ကြားဖူးတယ်မဟုတ်လား၊ အချစ်အတွက် ဖိနပ်ပင်
ပေပေဆိုတာလေ"

"အသက်ပင်သေသေ လုပ်စမ်းပါ"

"ငါမှမသေရဲတာ"

"ဟင်း . . . ဒါနဲ့များ ကားတိုက်ခံပြသေးတယ်"

နန္ဒာစိုးက နှာခေါင်းရှုံ့ပြလိုက်တယ်။ ဇေယျာသူက ဗိုက်ကို လက်
နဲ့ ပွတ်ရင်း . . .

"ကဲပါဟာ၊ ငါအခု တကယ်ဗိုက်ဆာနေပြီ၊ နင် ငါ့ကို တစ်ခုခု
လိုက်ကျွေးစမ်းပါဟာ"

"အလိုတော်၊ ကျွန်မက ရှင့်ကို ဘာကိစ္စကျွေးရမှာလဲ"

"နင့်မွေးနေ့ဆို"

"မွေးနေ့ဆိုတိုင်း ကျွေးရမှာလား"

"လုပ်ပါဟာ၊ နင် ကုသိုလ်ရတာပေါ့"

"နင့်လိုကောင်မျိုး လိုက်ကျွေးလို့ကတော့ ကုသိုလ်ရမယ် မထင်
ပါဘူး"

"နင်ကလည်း အလှူခံပုဂ္ဂိုလ်တစ်ကျိပ်ထဲမှာ တိရစ္ဆာန်ကျွေးရင်
တောင် ကုသိုလ်ရတယ်၊ သဘောပေါက်"

"ဒါဆိုရင်လည်း နင့်ကို တိရစ္ဆာန်လို သဘောထားပြီးပဲ ကျွေး
မှာပေါ့၊ ဟင်း ဟင်း"

ဇေယျာသူကတော့ တိရစ္ဆာန်နဲ့ အနိုင်းခံရလို့ ရှုံ့မဲ့သွားတယ်

"ရပါတယ်ဟာ၊ နင်အခုလို ငါနဲ့တွေ့တုန်း ကျွေးချင် မွေးချင်တဲ့
စိတ်လေးရှိတာကိုပဲ ဝမ်းသာလှပါပြီ၊ ဒါပေမဲ့ ကျွေးရင်ပဲ တော်
ပါပြီဟာ၊ မွေးတော့ မမွေးလိုက်ပါနဲ့"

"သေနာကောင်လေး"

နန္ဒာစိုးက လက်သီးနဲ့ ထုထည့်လိုက်ပါတယ်။ ဇေယျာသူက ရယ်





ပြီး နန္ဒာစိုးလက်ကို ဖမ်းဆွဲထားလိုက်တယ်။

"နင်နော်၊ ဘုရားပေါ်မှာ ဘေးလူတွေ မြင်သွားရင် သမီးရည်း
စား ရန်ဖြစ်တယ် ထင်နေဦးမယ်၊ နင်က မိန်းကလေးဆိုတော့
ကိစ္စမရှိပေမယ့် ငါက ယောကျ်ားလေးဆိုတော့ ဆင်ခြင်ရ
တယ်"

"သေလိုက်ပါလား"

နန္ဒာစိုးက ရှက်ရှက်နဲ့ လက်ကို ပြန်ရုန်းပြီး မျက်စောင်းထိုးလိုက်
ပါတယ်။ နန္ဒာစိုးနဲ့ ဇေယျာသူတို့က တစ်တန်းတည်းသားချင်းပေမယ့်
ဒီလောက်တော့ ရင်းရင်းနှီးနှီး မနေဖူးပါဘူး။ အခုတော့ ဘယ်ကနေ
ဘယ်လိုဖြစ်သွားလည်း မပြောတတ်ဘူး၊ ချက်ချင်းလက်ငင်းကြီး ပြော
မနာ ဆိုမနာသလို ဖြစ်သွားပါတယ်။ ဇေယျာသူက မျက်စောင်းထိုးလိုက်
တဲ့ နန္ဒာစိုးကို အသေအချာကြည့်ပြီး . . .

"ဟာ . . . နင်က တော်တော်ထူးဆန်းတာပဲ၊ မျက်မှန်နဲ့ မျက်
စောင်းထိုးလို့ရတယ်၊ ဟုတ်လား"

နန္ဒာစိုးလည်း အူလည်ချာလည် လိုက်သွားတယ်။

"ဟင် . . . မျက်မှန်နဲ့ မျက်စောင်းထိုးလို့ မရဘူးလား"

"ဟော့အေး၊ ကျန်တဲ့လူတွေ မရဘူး၊ နင်တစ်ယောက်တည်း ရတာ"

"တကယ်"

နန္ဒာစိုးက တပ်ထားတဲ့မျက်မှန်ကို ကိုင်ပြီး စဉ်းစားသလို လုပ်
နေတယ်။ ဇေယျာသူက နန္ဒာစိုးရဲ့ အူကြောင်ကြောင်ပုံကို ဟက်ဟက်
ပက်ပက် ရယ်လိုက်ပါတယ်။

"ဟား ဟား ဟား"

အဲဒီတော့မှပဲ နန္ဒာစိုးလည်း သဘောပေါက်သွားတယ်။

"ကောင်စုတ်၊ နင် ငါ့ကို လာကျပ်နေတယ်"

နန္ဒာစိုးက မျက်စောင်းထိုးမယ် လုပ်ပြီးမှ မထိုးတော့ဘဲ အချိန်မီ
လေး ဘရိတ်အုပ်လိုက်ပါတယ်။ စိတ်ထဲမှာလည်း ထူးထူးဆန်းဆန်း စိုးမေ
လှိုင်ကို မနာလိုသလို ဖြစ်သွားတယ်။ စိတ်ထဲမှာ မရည်ရွယ်ဘဲ စကား
တစ်ခွန်း လှစ်ခနဲ ပြောမိသွားတယ်။

"ဟဲ့ . . . ဇေယျာသူ၊ ငါလည်း schorlarship ဖြေမလို့၊ နင်နဲ့



www.burmeseclassic.com

www.burmeseclassic.com



အတူ စာကျက်လို့ရမလား"

"အင်း . . . ရပါတယ်၊ ဒါပေမဲ့ ငါက ယောကျ်ားလေးအဆောင်မှာ နေတာဆိုတော့ နှင်လာလို့ အဆင်ပြေမှာမဟုတ်ဘူး၊ နှင့်အိမ်မှာ ဆိုရင်ရော"

"အာ . . . မဖြစ်ဘူး၊ ငါတို့က ညီအစ်မနှစ်ယောက်တည်း နေတာ"

"နှင့်အဖေနဲ့ အမေကရော"

"ငါ ဆယ်နှစ်သမီးလောက်က ကားမှောက်ပြီး ဆုံးသွားပြီ"

"သြော် . . ."

ဇေယျာသူက စိတ်မကောင်းနည်းနည်း ဖြစ်သွားပါတယ်။

"ဒါဆိုလည်း ကင်န်တင်းတို့၊ စာသင်ခန်းအလွတ်တို့၊ ဘုရားပေ တို့မှာပဲ ကြည့်ကြတာပေါ့ဟာ"

"အေး၊ ဒီလိုပဲ လုပ်ကြတာပေါ့၊ ကဲ . . . လာ၊ ငါ နှင့်ကို ကြေးအိုး လိုက်တိုက်မယ်"

"နှင်ကျွေးတာ လိုက်မစားခင် တစ်ခုတော့ ကြိုပြောထားရ မယ်"

"ဘာလဲ၊ စိုးမေလှိုင် တွေ့ရင် အထင်လွဲမှာစိုးလို့လား"

"မဟုတ်ပါဘူးဟာ၊ နှင် စိတ်တော့မဆိုးရဘူးနော်"

နန္ဒာစိုးက နည်းနည်းလောက်တော့ စဉ်းစားသွားရတယ်။ စိတ် မဆိုးရဘူးဆိုတော့ ဘာစကားများ ပြောမလို့လည်း မသိဘူး။ ပြီးတော့ ဒီကောင်က အတည်ပေါက်နဲ့ ကျပ်တတ်တဲ့ကောင်။

"နှင်က ဘာပြောမလို့လဲ"

"တော်ပါပြီ၊ မပြောတော့ပါဘူး"

ဇေယျာသူ ပြောလိုက်မှ ပိုပြီး မရိုးမရွ ဖြစ်သွားတယ်။

"ဘာလဲဟာ၊ ပြောစရာရှိတာ ပြောမှပေါ့"

"နှင် စိတ်မဆိုးရဘူးနော်"

"အေးပါ၊ မဆိုးပါဘူး၊ ပြော"

"ဟိုလေ၊ နှင့်မှာ ပိုက်ဆံအပိုပါရင် တစ်သောင်းလောက် ချေး စမ်းပါလို့"





"ဘာ"

"ငါက နှင်ကျွေးတာ စားပြီးမှ ပိုက်ဆံထပ်ချေးရမှာ အားနာလို့"

"မစားခင် ချေးတော့ရော ဒီပိုက်ဆံပဲ မဟုတ်လား"

"ဒါတော့ ဒါပေါ့ဟာ၊ စားပြီးမှချေးတော့ နှင်ကျွေးထားတာနဲ့ နှင်နေပြီး ဘယ်ပြောထွက်တော့မလဲ"

"ဟင်း . . . နှင်ပဲ အပြောကောင်း"

နန္ဒာစိုးက ဟင်းခနဲ အံကြိတ်လိုက်ပြီး မျက်စောင်းထိုးမလို့ ပြင် လိုက်ပါတယ်။ နောက်မှ သတိရသွားပြီး မျက်မှန်ကို ချွတ်ပြီးမှ မျက်စောင်း ထိုးလိုက်ပါတယ်။ ထိုးပုံက ငေါ့တော့တော့။ ဇေယျာသူက အူယားသွား ပြီး နန္ဒာစိုးခေါင်းကို မနာအောင် ခေါက်လိုက်ပါတော့တယ်။ အဲဒီနေ့က ညကြီးမိုးချုပ်လို့ ဘုရားကြီးသာ တံခါးပိတ်သွားတယ်။ နန္ဒာစိုးကတော့ ပေါ်မလာတော့ပါဘူး။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com



မှန်ထဲမှာ ပေါ်နေတဲ့ သူ့ပုံစံကိုကြည့်ပြီး အိန္ဒြာစိုးက ကျေကျေနပ်နပ် ပြုံးလိုက်ပါတယ်။ ဘာပဲပြောပြော ဒီရက်ပိုင်းမှာ အိန္ဒြာစိုး တစ်ယောက် အလှပိုပြင်လာတယ်ဆိုတာပါပဲ။ ဘာကြောင့်လဲဆိုတော့ မင်းထွန်းက သူ့ကို မိန်းမအစစ်မဟုတ်ဘူးလို့ ပြောလိုက်တဲ့စကားကြောင့်ပါ။

"တောက် . . . ကြောင်တောင်ကန်း၊ လမစွေ့ဘဲ မွေးလာလို့ အမြင်အာရုံ ချွတ်ယွင်းနေတာပဲဖြစ်မယ်၊ ဒီလောက် မိန်းမပီသတဲ့ လူကိုမှ မိန်းမ မစစ်ဘူးရယ်လို့၊ မိန်းမစစ်ကြောင်းပြလိုက်ရ၊ အဲလေ . . . ငါ ဘာတွေပြောနေမိပါလိမ့်"

ဒေါသနဲ့ မီးနီဖြတ်သွားတဲ့ အတွေးတွေကို ကမန်းကတန်း ဘက်ဂီယာ ပြန်သွင်းလိုက်ရတယ်။ မိန်းကလေးတစ်ယောက်ကို သူ့အလှနဲ့ ပတ်သက်ပြီး သွားဝေဖန်လိုက်လို့ကတော့ ငါးရံ့ကို ပြာလူးပြီး အကြေးခွံထိုးထားတာထက်ကို ဖျတ်ဖျတ်လူးသွားလိမ့်မယ်။ အိန္ဒြာစိုးက သူ့နှုတ်ခမ်းဖူးဖူးလေးကို နှုတ်ခမ်းနီ အပြီးသတ် ဆိုးလိုက်ပြီးမှ ဒီနေ့လုပ်ရမယ့် အစီအစဉ်တွေကို စဉ်းစားလိုက်တယ်။

"ပထမဦးဆုံး ဟို မင်းထွန်းဆိုတဲ့ လူကြီး ငါ့ကိုကြည့်ပြီး ကြို့ထိုးလာအောင် လုပ်ရမယ်၊ ပြီးတော့ ဟို အရိုးရင့် ပြုတ်မနူး မိုးမြေခိုင်နဲ့ ဖက်ရှင်ဒီဇိုင်နာ အစုတ်ပလုပ် ရဲလင်းတို့ကို ဆုံပေးရမယ်၊ နံပါတ်သုံးက . . ."

အိန္ဒြာစိုး အတွေးမဆုံးခင်မှာပဲ သူ့ညီမ နန္ဒာစိုးက သီချင်းလေး တစ်အေးအေးနဲ့ စာအုပ်လေးကိုင်ပြီး အခန်းထဲ ဝင်လာပါတယ်။

"××× ကိုယ်ပိုင်တဲ့ ကိုယ့်နေရာ ××× ဘယ်သူ့ကိုမှ မပေးနိုင်"

ဘာတွေပိုင်လို့ ဘာတွေမပေးနိုင်ရတာလဲတော့ မပြောတတ်ဘူး။ ကေန္တ ညီမနှစ်ယောက်ပိုင်တဲ့ ဒီအိမ်ကြီးကိုပဲ အမွေခွဲချင်နေလား မသိဘူး။ ဒီကောင်မလေး အရင်တုန်းက သီချင်းမငြီးတတ်ပါဘူး။ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



မှလွဲရော ဒီကောင်မလေး ရည်းစားတွေ ဘာတွေများ ရှိနေပြီလား မသိဘူး။ သူလည်း အသက် ၂၀ အရွယ်ဆိုတော့လည်း ရှိရင်လည်း ရှိလောက်ပြီ။ ဘာပဲပြောပြော ကိုယ်က အစ်မ မဟုတ်လား။ ကိုယ်တောင် ရည်းစားမထားသေးတာ။ နောက်ကားတော့ အကျော်ခံလို့ မဖြစ်ဘူး။ အိန္ဒြာစိုးလည်း အစ်မပါဝါကို ဗိုတိုအာဏာလို သဘောထားပြီး သူ့ညီမ နန္ဒာစိုးကို လေသံမာမာနဲ့ လှမ်းခေါ်လိုက်တယ်။

"ဟဲ့ . . . နန္ဒာစိုး၊ လာဦး"

"ရှင် . . . မမ"

"နင် အရင်က သီချင်းတွေမငြီးတတ်ပါဘူး၊ မှန်းစမ်း၊ အောင်မာ . . . နင် ငါ့ lotion တွေ ယူလိမ်းထားတယ်မဟုတ်လား၊ မှန်မှန်ပြောစမ်း၊ နင် ရည်းစားရှိနေပြီလား"

"အာ . . . မမကလည်း၊ မရှိသေးပါဘူး"

နန္ဒာစိုးက သူ့အစ်မကို ငြင်းလိုက်ပါတယ်။ ဟုတ်တယ်လေ ရှိမှ မရှိသေးတာ။ အခုတလော ဇေယျာသူနဲ့ တတွဲတွဲ၊ စာကျက်လိုက် တွတ်ထိုးလိုက် ဖြစ်နေပေမယ့် သမီးရည်းစားမှ မဟုတ်တာ။ ယောကျ်ားလေးနဲ့ မတွေ့ဖူးသေးတဲ့ အရိုင်းမလေး နန္ဒာစိုးခမျာ နာမည်တပ်ရခက်တဲ့ ရင်ခုန်သံတွေနဲ့ virus ကိုက်နေတဲ့ ကိုယ့်နှလုံးသားကိုယ် format ချနေတုန်းပဲ ရှိသေးတယ်။ ဟိုသတ္တဝါ ဇေယျာသူကတော့ စိုးမေလှိုင် တစ်ယောက်ပဲ မျက်စေ့ထဲ မြင်တတ်တာလေ။ မလုံသလို၊ မလုံသလို ဖြစ်နေတဲ့ သူ့ညီမကို ကြည့်ပြီး အိန္ဒြာစိုးက ထပ်ဟောက်လိုက်ပါတယ်

"နင် ငါ့ကို မညာနဲ့နော်"

"မညာပါဘူး မမရဲ့၊ သမီးက စာကိုပဲ စိတ်ဝင်စားတာပါ ရည်းစားဆိုလို့ မူးလို့ရှူစရာတောင် မရှိဘူး"

အိန္ဒြာစိုးက မှန်တင်ခုံပေါ်က ရှူဆေးဘူးကို ကမ်းပေးလိုက်ရင်း

"ဪ . . . မူးရင် ဒါကိုရှူ၊ ရှူဆေးဘူး ရှူတာ အန္တရာယ်ကင်းတယ်၊ မူးလို့ ယောကျ်ားတွေကို သွားရှူမိလို့ကတော့ မူးထမပျောက်တဲ့အပြင် ရူးပါ ရူးသွားလိမ့်မယ်၊ ဒီအရွယ်မှာ စာကြိုးစားဦး၊ ရည်းစားထားဖို့ စောသေးတယ်"

အသက် ၂၀ ကျော်နေတာများ ရည်းစားထားဖို့ စောသေး





သတဲ့။ ဘိုးဘွားရိပ်သာရောက်မှ ထားရမှာလား မပြောတတ်ဘူး။ သူ ရည်းစားမရှိတိုင်း လူများကို လိုက်ပိတ်ပင်နေတယ်။ ပြေးကြည့်လိုက်မှ ဆွေမျိုးဆိုလို့ ဒီအစ်မတစ်ယောက်တည်းမို့ ကြည့်နေတာ။ နို့မဟုတ်လို့ကတော့ လင်ပေးစားပစ်တယ်။ နန္ဒာစိုးလည်း သူ့အစ်မကို အထွန့်မတက်သာ တက်သာ တက်လိုက်ပါသေးတယ်။

"ဒီအရွယ်က ရည်းစားထားဖို့ စောသေးတယ်ဆိုတော့ ဘယ်အရွယ်ကျမှ ရည်းစားထားရမှာလဲဟင်"

"ငါတို့အရွယ်ကျမှ၊ အာ . . . ဘာတွေလာမေးနေတာလဲ၊ ငါ ပြောချင်တာက စာသင်နေတဲ့အချိန်မှာ စာကိုပဲ ကြိုးစားရင်း လိမ်လိမ်မာမာနေဖို့ ပြောနေတာ၊ နင့်ကိုလည်း ငါ မချုပ်ချယ်ချင်ပါဘူး၊ ငါတို့က မိမဲ့ဘမဲ့ မိန်းကလေးနှစ်ယောက်တည်း နေရလို့ ပြောနေရတာ၊ လိမ်လိမ်မာမာနေရင်း ကျောင်းပြီးသွားလို့ အချိန်တန်ရင် ယောကျ်ားတစ်ယောက်တော့ ရမှာပဲ"

"မလိမ်မာရင်ကော မမ"

"မလိမ်မာရင် အများကြီးရမှာပေါ့ဟဲ့၊ သေနာမလေးရဲ့၊ ဘာလဲ၊ နင်က အများကြီးလိုချင်လို့လား"

"မလိုချင်ပါဘူး မမရယ်၊ မသိလို့ မေးကြည့်တာပါ၊ သမီး စာပဲ ကြိုးစားမှာပါ၊ အခုတောင် နိုင်ငံခြားတက္ကသိုလ်ကနေ ပညာသင်ဆုရအောင် ကြိုးစားနေတာ၊ စာအုပ်နဲ့ မျက်နှာတောင် ခွာတာမဟုတ်ဘူး၊ အခုလည်း အိပ်ရာပေါ် လှဲရင်း စာကြည့်မလို့"

နန္ဒာစိုးက ဖြေရှင်းချက်ထုတ်တဲ့အနေနဲ့ လက်ထဲကိုင်လာတဲ့ စာအုပ်ကို ဖြန့်ပြလိုက်တယ်။ အဲဒီတော့မှ စာအုပ်ကြား ညှပ်ထားတဲ့ ဓာတ်ပုံတွေ တစ်ပုံပြီးတစ်ပုံ ထွက်ကျလာတော့တယ်။ အိန္ဒြာစိုးက ထွက်ကျလာတဲ့ ဓာတ်ပုံတွေကို ကြည့်လိုက်တော့ . . .

"ဟင် . . . ဒါက"

"အဟီး . . . သူက လီဂျင်းဝတ်"

"ဘယ်သူ"

"လီဂျင်းဝတ်လေ၊ ကိုရီးယားမင်းသား၊ လေဆိပ်ဇာတ်လမ်းတွဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ ပါတာလေ"

"ဪ . . . ဪ၊ သူကရော"

"သူက ကင်ရာဝန်လေ၊ တစ်ခါတုန်းက တက္ကသိုလ်က မင်းသား လေ၊ သူကတော့ ဂျီဟွန်းယု၊ မင်းသားလေးကားမှာ အိမ်ရှေ့စံ လုပ်တာ၊ အခု တားမြစ်ဆေးမှုနဲ့ အဖမ်းခံနေရသတဲ့၊ သနားပါ တယ် မမရယ်"

"ဪ . . . ဪ၊ နင်က အတော့်ကို ကြိုးစားပမ်းစား လေ့ လာထားတာပဲ၊ ကိုရီးယားက မင်းသားတွေများ ကိုယ့်အိမ်ဘေး က လူတွေကျနေတာပဲ၊ လက်စသတ်တော့ ငါ့ညီမက ကိုရီးယား သွားချင်လို့ ကြိုးစားနေတာကိုး၊ တော်ရုံပဲ ကြိုးစား၊ တော်ကြာ ကိုရီးယားမရောက်ဘဲ ကိုယ်ကြီးကားသွားဦးမယ်၊ ကဲ . . . ကဲ၊ မမတော့ မြန်မာပြည်ထဲမှာပဲ ခွင်ပတ်ရှာလိုက်ဦးမယ်၊ ကဲ . . . သွားပြီ"

"ဟုတ်ကဲ့ မမ၊ လိမ်လိမ်မာမာလည်း ရှာဦးနော်၊ တော်ကြာ အများကြီးရှိနေဦးမယ်"

"တယ်လေ"

အိန္ဒြာစိုးက နန္ဒာစိုးကို ခေါင်းခေါက်ပြီး ထွက်သွားပါတယ်။ နန္ဒာစိုးက ဓာတ်ပုံတွေ ကောက်ပြီး စာအုပ်ကြားထဲ ပြန်ထည့်လိုက်ပါ တယ်။ တော်ပါသေးရဲ့။ ကိုရီးယားမင်းသားတွေ ကယ်ပေလို့။ နို့မဟုတ် ရင် မပြီးနိုင် မစီးနိုင် ပေရှည်နေဦးမယ်။ နန္ဒာစိုးလည်း အိပ်ယာပေါ် ပစ်လှဲလိုက်ပြီး ခေါင်းအုံးအောက်မှာ ဖွက်ထားတဲ့ Hand Phone ကို ထုတ်လိုက်ပါတယ်။ သူ့ခမျာ FEC ၂၀ အကုန်ခံပြီး ဖုန်းကတ်ဝယ်ပြီး သူ့အစ်မရဲ့ Hand Phone အဟောင်းထဲ ထည့်ထားရတာပါ။ သူ့အစ်မ နှယ်။ ညီမကို ချစ်တယ်၊ ချစ်တယ်နဲ့ ပါးစပ်ကနေသာ ပြောနေတာ။ ရည်းစားနဲ့ ဖုန်းခိုးဆက်ဖို့ GSM လေးတစ်လုံးတောင် အပိုင်ဝယ်ပေးဖော် မရဘူး။ အခု ရည်းစားတကယ်မရသေးလို့ သည်းခံနေတာ။ နန္ဒာစိုးက အလွတ်ရနေတဲ့ နံပါတ်လေးတွေ နှိပ်လိုက်ပါတယ်။

"ဟဲလို . . . ရေတမာဆောင်ကပါလားရှင်၊ ကိုဇေယျာသူနဲ့ ပြော ချင်လို့ပါ"





တစ်ဖက်က ပြန်ဖြေတဲ့စကားကြောင့် နန္ဒာစိုးမျက်နှာမှာ စိုးရိမ် စိတ်တွေ ဖြတ်ပြေးသွားပါတယ်။

"ဘာ . . . နေ့မအိပ်၊ ညမအိပ် စာကျက်နေလို့ အားပြတ်ပြီး ဆေးရုံတင်လိုက်ရတယ်၊ ဟုတ်လား၊ ဟုတ်ကဲ့၊ ဟုတ်ကဲ့၊ ဘယ် ဆေးရုံလဲရှင်"

". . . ဆေးရုံပါ"

ဟူး . . . တော်ပါသေးရဲ့။ စိတ်ကျန်းမာရေးဆေးရုံမဟုတ်လို့။

"ဪ . . . စိုးမေလှိုင်၊ စိုးမေလှိုင်၊ နင် အတော့်ကို စွမ်းပါလား နော်"

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံသီးသန့်ခန်းထဲ ဝင်လိုက်တဲ့ နန္ဒာစိုးနဲ့ စိုးမေလှိုင်တို့ နှစ်ယောက် မြင်လိုက်ရတဲ့ မြင်ကွင်းကြောင့် ကြက်သေ သေသွားပါတယ်။ ကုတင်ပေါ်မှာ ခေါင်းမြီးခြုံထားတဲ့ လူတစ်ယောက်။ သေချာပါတယ်။ ဒါ . . . ဖေယျာသူ့အခန်းဆိုတာ။ ခေါင်းမြီးခြုံထားတယ်ဆိုတော့ ဖေယျာသူတစ်ယောက် သေရှာပြီပေါ့။ စိုးမေလှိုင်ခမျာ ဖေယျာသူရဲ့ အလောင်းကို တွေ့ပြီး ချက်ချင်းလက်ငင်းကြီး အပြစ်ရှိသလို ခံစားလိုက်ရပါတယ်။ မျက်ရည်တွေလည်း ဝေါခနဲ ကျလာသည်။

"အမလေး . . . ဖေယျာသူရယ်၊ ဟီး အီး . . . ငါက နင့်ကို သေစေချင်လို့ စာတွေကျက်ခိုင်းတာ မဟုတ်ပါဘူးဟယ်၊ ဟီး အီး . . . ငါက နင့်ကို စေတနာနဲ့ပါ၊ အခုတော့ ရာဇဝင်ထဲမှာ စာကျက်လွန်ပြီးသေတဲ့ မသာစာရင်းထဲမှာ နင် ပါသွားပြီပေါ့၊ ဟီး အီး . . . ဒီလိုမှန်းသိရင် နင့်ကို အစောကြီးကတည်းက နည်းနည်းလောက်တော့ ငါ ပြန်ကြိုက်လိုက်ပါတယ်၊ ဟီး အီး"

ငိုနေတဲ့ စိုးမေလှိုင်ကို ကြည့်ပြီး နန္ဒာစိုးလည်း မျက်ရည်တွေ တစ်လိမ့်ချင်း စီးကျလာတယ်။ သူ့ခမျာ ဖေယျာသူ့အတွက် ဆန်ပြုတ်လေးတောင် ကြိုးစားပမ်းစား ပြုတ်လာရှာတာပါ။ စေတနာတွေလေ။ ဖေယျာသူ့အတွက် နန္ဒာစိုးရဲ့ စေတနာတွေက သာမန်ထက် ပိုတယ်ဆိုတာ ကိုယ့်ကိုယ်ကို အသိဆုံးပဲဟာ။

"ဖေယျာသူရယ်၊ ငါကိုယ်တိုင် ပြုတ်လာတဲ့ ဆန်ပြုတ်လေးတောင် နင်သောက်မသွားရရှာဘူးနော်"

နန္ဒာစိုးရဲ့ ဆို့ဆို့နင့်နင့်အသံနောက်မှာ ခေါင်းမြီးခြုံက ရုတ်တရက် ပွင့်လာပြီး မသာက ရုတ်တရက် ထထိုင်ပြီး စကားပြောပါတော့တယ်။

"ဘာ . . . ဆန်ပြုတ်၊ ဟုတ်လား၊ ဗိုက်ဆာနေတာနဲ့ အတော်ပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ပေး . . . ပေး”

“အောင်မလေး . . . မသာက ဖုတ်ဝင်နေပါတယ်တော့”

စိုးမေလှိုင်နဲ့ နန္ဒာစိုးတို့ တစ်ယောက်ကို တစ်ယောက် ကြောက်ကြောက်လန့်လန့်နဲ့ ဖက်ထားလိုက်ကြတယ်။

“သရဲ . . . သရဲ၊ အမလေး . . . လာကြပါဦး”

“နင့်ကြီးတော်ကြီး . . . သေသေချာချာကြည့်ပါဦး၊ မသာက drip ချိတ်ထားပါ့မလားဟ”

စိုးမေလှိုင်နဲ့ နန္ဒာစိုးတို့က မဝံ့မရဲနဲ့ drip တန်းလန်းနဲ့ မသာ အဲလေ . . . ဖေယျာသူကို လှည့်ကြည့်လိုက်ပါတယ်။ ဟုတ်ပါရဲ့။ ဖေယျာသူက drip တန်းလန်းနဲ့။ အခုမှပဲ အကြောက်ပြေသွားတဲ့ စိုးမေလှိုင်က အသေအချာကြည့်ပြီး . . .

“ဒါဖြင့် နင်က မသာမဟုတ်ဘူးပေါ့၊ အဲလေ . . . မသေသေးဘူးပေါ့”

“အေး . . . မသေသေးဘူး၊ နင်နဲ့ လက်ထပ်ပြီး ကလေးတစ်ဒါဇင်လောက် မွေးပြီးမှ သေမှာ”

အရေးထဲ drip ပိုက်တန်းလန်းနဲ့ ဇာတိမာန် တက်ကြွနေသေးတယ်။ နန္ဒာစိုးကလည်း အခုမှ စိတ်သက်သာရာ ရသွားပါတယ်။

“ဘာကိစ္စ နင်က ခေါင်းမြီးခြုံ အိပ်နေရတာတုန်း၊ နိမိတ်မရှိ နမာမရှိနဲ့၊ ငါဖြင့် ရင်ထဲမှာ ဒိန်းခနဲဖြစ်သွားတာပဲ”

“ငါ အဆောင်မှာ အိပ်ရင်လည်း ခေါင်းမြီးခြုံအိပ်တာပဲဟ။ ဒါနဲ့ နင်တို့ဆန်ပြုတ်ပါလာတယ်ဆို၊ ငါ ဆေးရုံရောက်ကတည်းက ဘာမှမစားရသေးဘူး၊ ဒါတွေနဲ့ပဲ အသက်ဆက်နေရတာ”

ဖေယျာသူက ပိုက်တန်းလန်းကို ရမ်းပြလိုက်ပြီး ပြောလိုက်ပါတယ်။ ဆယ်တန်းလည်း အောင်၊ အလိုက်လည်း သိတတ်တဲ့ စိုးမေလှိုင်က နန္ဒာစိုးယူလာတဲ့ ဆန်ပြုတ်ချိုင့်ကို လှမ်းယူပြီး . . .

“ပေး ပေး . . . ဆန်ပြုတ်ချိုင့် ငါ့ကိုပေး၊ ဒီကောင် သေပျော်သွားအောင် ငါ ပြုစုပေးလိုက်ဦးမယ်”

နန္ဒာစိုးက ဆန်ပြုတ်ချိုင့်ကို ပြန်ဆွဲထားရင်း . . .

“ဟဲ့ . . . ဆန်ပြုတ်က ငါပြုတ်လာတာ”





“ဩော် . . . ဘယ်သူပြုတ်ပြုတ်ပေါ့ဟယ်၊ လူမမာသောက်ရဖို့က လိုရင်းပဲဟာ”

နန္ဒာစိုးက ဆန်ပြုတ်ချိုင့်ကို မလွှတ်ချင် လွှတ်ချင်နဲ့ လွှတ်ပေးလိုက်ပါတယ်။

*“ဟင်း . . . ဒါမျိုး နှမ်းဖြူးတဲ့နေရာမှာတော့ စိုးမေလှိုင်တို့က Expert ပဲ”*

မကျေမချမ်းနဲ့ စိတ်ထဲကပဲ ကြိတ်ပွားနေလိုက်ရတယ်။ လူမမာအကောင်းစားလေး ဖေယျာသူက စိုးမေလှိုင် ပြင်ဆင်ပေးတဲ့ ဆန်ပြုတ်ပန်းကန်ကို ကြည့်ပြီး ပါးစပ်တပြင်ပြင်၊ သွားရည်တမြားမြားနဲ့။ ဟိုကလည်း အခုမှပဲ စေတနာတွေ ရေစီးကမ်းပြိုရုံတင်မကဘူး။ သောင်ထွန်းပါမကျန်အောင် အောလိုက်ပုံပါပဲ။ ကိုယ်တိုင်ကိုယ်ကျ ဇွန်းနဲ့ ခွံ့တိုက်မလို့ ပြင်နေလေရဲ့။ နန္ဒာစိုးမှာတော့ မနာလိုစိတ်က တဖွားဖွား။ အငမ်းမရဖြစ်နေတဲ့ ဖေယျာသူကို ကြည့်ပြီး မေတ္တာတွေ ကွန်တိန်နာလိုက် ပို့ထည့်လိုက်ပါတယ်။

“ကောင်စုတ်၊ အားပြုတ်လို့မသေ၊ ဆန်ပြုတ်နင်ပြီး သေပါစေတော်”

စိုးမေလှိုင်က ဆန်ပြုတ်တစ်ဇွန်းကို ဖေယျာသူပါးစပ်နား တေ့ပေးလိုက်ပါတယ်။ ဟိုက ဝမ်းသာအားရ ပါးစပ်အဟ . . .

“တီ တီ တီ”

စိုးမေလှိုင်ရဲ့ ဟန်းဖုန်းသံလေးပါ။ စိုးမေလှိုင်က ဆန်ပြုတ်ပန်းကန်ထဲ ဇွန်းကို ပြန်ထည့်လိုက်ပြီး ကမန်းကတန်း ဖုန်းနားထောင်လိုက်ပါတယ်။ ဖေယျာသူမှာတော့ ပါးစပ်ကြီး ဟောင်းလောင်းဟ,ပြီးမှ ဆန့်ငင်ဆန့်ငင် ဖြစ်သွားပါတယ်။

*“သေနာမလေး၊ တစ်ဇွန်းတိုက်ပြီးမှ ဖုန်းနားထောင်တော့ ဘာဖြစ်မှာမို့လို့လဲ”*

စိုးမေလှိုင်ကတော့ ဆန်ပြုတ်ပန်းကန်တစ်ဖက်၊ ဟန်းဖုန်းတစ်ဖက်နဲ့ . . .

“ဟဲလို . . . ဩော် အစ်ကိုကြီး”

အင်း . . . စိုးမေလှိုင်ရဲ့ ဖယားတစ်ယောက် ဖြစ်မှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"အခုလား၊ ဆေးရုံမှာ"

"........"

"မဟုတ်ပါဘူး၊ သူငယ်ချင်းတစ်ယောက် ဆေးရုံတက်နေရလို့"

"........"

"ဘာ . . . East Point မှာ လိုချင်တာ ဝယ်ပေးမယ်၊ တကယ် အိုကေ . . . အခုချက်ချင်း လာခဲ့မယ်၊ စောင့်နေနော်၊ ရတယ် ရတယ်၊ Taxi ငှားပြီး လာခဲ့မယ်၊ လာမခေါ်နဲ့တော့၊ ဒါပဲနော်"

စိုးမေလှိုင်က ပြောပြီးဆိုပြီး ကော့ကော့လေး လစ်သွားတယ်။ သူတိုက်မယ့်ဆန်ပြုတ် မျှော်လင့်စောင့်စားနေရတဲ့ ဇေယျာသူခမျာတော့ သွားရည်လေးသိမ်းပြီး မျက်နှာလေးညှိုးညှိုးနဲ့ ခေါင်းကြီးလည်ပြီး ကျန်ရစ်ခဲ့တော့တယ်။ နန္ဒာစိုးကတော့ ဆောင့်ကြီးအောင့်ကြီး ဇေယျာသူ ကုတင်ဘေးက ခုံတန်းလျားမှာ ဝင်ထိုင်ရင်း . . .

"ဟဲ့ . . . လင်းတကြီး သွေးပေါင်ကျတဲ့ မျက်ခွက် ဖြစ်မနေနဲ့ အခုနေ နင်သေသွားရင်တောင်မှ မသာဖြစ်တာပဲ အဖတ်တင်မယ်၊ ဟိုမိန်းမက shopping အထွက်ပျက်မှာ မဟုတ်ဘူး၊ ဟာ. . . ပါးစပ်"

ဇေယျာသူက မဟာချင် ဟချင်ပုံစံနဲ့ ပါးစပ်ဟာပေးလိုက်ပါတယ်။ နန္ဒာစိုးက ဆောင့်ဆောင့်အောင့်အောင့်နဲ့ ဆန်ပြုတ်တစ်ဇွန်း ခွံ့ထည့်လိုက်တယ်။

"ရော့ . . . မြို ဆို့"

ဇေယျာသူခမျာ ခံတွင်းထဲ ဝေါခနဲဝင်လာတဲ့ ဆန်ပြုတ်ကို ကမန်းကတန်း မြိုချရင်း . . .

"ဖြည်းဖြည်းလုပ်ပါဟ၊ လည်ချောင်းထဲ ဇွန်းလည်း ဝင်သွားဦးမယ်"

နန္ဒာစိုးကတော့ မကျေမချမ်းအမူအယာနဲ့ ဆန်ပြုတ်ပန်းကန်ထဲ နာနာမွှေရင်း ဇေယျာသူကို စိမ်းစိမ်းကြီး စိုက်ကြည့်နေပါတယ်။ သူ့စိတ်ထဲမှာတော့ ဇေယျာသူကိုပဲ ဒေါသထွက်ရမလား။ စိုးမေလှိုင်ကိုပဲ ဒေါသထွက်ရမလား။ ကိုယ့်ကိုယ်ကိုပဲ ဒေါသထွက်ရမလား။ မကျေမချမ်းတွေ ဖြစ်လို့။ ဘယ်ကနေ ဘယ်လိုကျလာမှန်း မသိတဲ့ မျက်ရည်တစ်စက်ထ





ဆန်ပြုတ်ပန်းကန်ထဲ ကျသွားတယ်။ ဇေယျာသူက နန္ဒာစိုးလက်ထဲက ဆန်ပြုတ်ပန်းကန်ကို ယူပြီး ခွက်လိုက် မော့ထည့်လိုက်ပါတယ်။ ပြီးတော့ ပြောလိုက်သေးတယ်။

"ဆန်ပြုတ်က နင့်မျက်ရည် ခပ်လိုက်တော့မှ နည်းနည်း လေး သွားတယ်" တဲ့။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com



အိန္ဒြာစိုးက ဆိုင်ထဲမဝင်ခင် ဆိုင်ကို ကာထားတဲ့ မှန်အမည်းကြီးတွေပေါ်မှာ ထင်နေတဲ့ သူ့ရဲ့ပုံကိုကြည့်ပြီး အကျေနပ်ကြီး ကျေနပ်သွားပါတယ်။

"ဟင်း . . . ဒီနေ့တော့ မင်းထွန်းဆိုတဲ့ပုဂ္ဂိုလ် ငါ့ကိုမြင်ပြီး ကြို့ထိုးကို ထိုးစေရမယ်"

သူ့မှာလည်း တစ်ဒုက္ခပါပဲ။ မင်းထွန်းက အခြားမိန်းကလေးတွေမြင်ရင် ကြို့ထိုးတတ်ပြီး သူ့ကျမှ ကွက်ပြီး ကြို့မထိုးတော့ မကျေမချမ်းဖြစ်နေတာပါ။ မိန်းမချင်းအတူတူ သူ့ကျမှ ကြို့မထိုးဘူးဆိုတော့ သူ့ဆီမှာ လိင်ဆွဲဆောင်မှုမရှိရာ ကျနေတယ်။ ဟုတ်တယ်လေ၊ လောကမှာ ဖိုနဲ့မ ဆိုပြီး နှစ်မျိုးနှစ်စားရှိတဲ့အထဲ ဖိုက မ,ကို ဆွဲဆောင်ပြီး မ,ကလည်း ဖိုကို ဆွဲဆောင်နိုင်ရမှာ သဘာဝတရားကြီးပဲ။ အထီး အမ မရှိတဲ့ ပြဟ္မာပြည်နဲ့ ရုပ်နာမ်နှစ်ပါး၊ ဓာတ်ကြီးလေးပါး ကွဲပြားအောင် ရှုနိုင်တဲ့ ပုဂ္ဂိုလ်တွေတော့ ခြွင်းချက်ထားလိုက်ပါတော့။ လူပုဂ္ဂိုလ်ထဲမှာဆိုရင် သောတာပန်၊ သကဒါဂါမ် ပုဂ္ဂိုလ်တွေဆီမှာတောင် အိမ်ယာထူထောင်ချင်တဲ့စိတ်က မကင်းသေးတာ။ အိန္ဒြာစိုးလို ရေမရောတဲ့ ပုထုဇဉ်စစ်စစ်က သူ့ကျမှ ကြို့မထိုးတဲ့ မင်းထွန်းဆိုတဲ့လူကို ပုသွားအောင် ထုပစ်ချင်တာတော့ လွန်တယ်မဆိုနိုင်ပါဘူး။ အိန္ဒြာစိုးက ခေါင်းလေးမော့၊ ရင်လေးချီ၊ တင်လေး ကော့ပြီး ဆိုင်တံခါး တွန်းဖွင့်ပြီး ဝင်သွားပါတယ်။ ဒီဆိုင်က မင်းထွန်းရဲ့ ကွန်ပျူတာပစ္စည်း အရောင်းဆိုင် ပါ။ ဆိုင်ပေါက်ဝနားမှာ ရပ်နေတဲ့ ဝန်ထမ်းကောင်လေးက ပြာပြာသလဲ ဆီးကြိုပါတယ်။

"အစ်မ . . . ဘာကူညီရမလဲခင်ဗျ"

အိန္ဒြာစိုးက ခေါင်းခါပြပြီး လှမ်းမြင်နေရတဲ့ မင်းထွန်းကို လက်ညှိုးထိုးပြလိုက်တယ်။ ကွန်ပျူတာတစ်လုံးမှာ software တင်နေပုံရတဲ့ မင်းထွန်းကလည်း အိန္ဒြာစိုးကို မြင်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . ဒီမိန်းမ၊ အတော့်ကို ရှိုင်းလာတာပါလား"

ဟုတ်တယ်။ ခါတိုင်းတွေ့ရင် စကတ်ထမီနဲ့ ရှပ်အင်္ကျီဆန်ဆန်တွေနဲ့ တွေ့ရလေ့ရှိတဲ့ အိန္ဒြာစိုးက ကြိုးတစ်ချောင်းတည်း အင်္ကျီပါးပါးပျော့ပျော့လေးကို ဒူးဖုံးရုံစကတ်လေးနဲ့ တွဲဝတ်ထားတော့ အမြင်ဆန်းနေတာပေါ့။ ကြိုးတစ်ချောင်းတည်းဆိုတော့ ပခုံးသားဝင်းဝင်းလေးတွေက အတိုင်းသား။ ရှေ့ကတည်း နည်းနည်းဟိုက်ထားတော့ ရင်ညွန့်နေရာလေးက မို့မို့ဝိုက်ဝိုက်လေး။ Show room မှာ အလှထွန်းထားတဲ့ မီးရောင်နဲ့ဆိုတော့ ဝင်းပြီး စိုနေတယ်။ အိန္ဒြာစိုးရဲ့ ဘော်ဒီက ပိန်သွယ်တယ်လို့ ပြောနိုင်ပေမယ့် အခုလို ပခုံးသားဖော် ဝတ်ထားတော့လည်း ပခုံးရိုးအဆစ်တွေက ပေါ်မနေဘဲ လုံးပြီး ပြည့်နေတယ်။ လက်မောင်းသားကလည်း သွယ်ပေမယ့် တံတောင်ဆစ်ရိုးတို့၊ လက်ကောက်ဝတ်ရိုးတို့ ပေါ်မနေဘူး။ ကြည့်ရတာ အရိုးအဆစ် သေးပုံပါပဲ။ ခြေသလုံးသားကလည်း ရှည်သွယ်ပြီး ဝင်းလို့။ အမာရွတ်တွေ၊ ခြင်ကိုက်ဖုတွေ မတွေ့ရဘူး။ ဗိုက်ခေါက်မထွက်ဘူး။ ခါးမတုတ်ဘူး။ နှစ်လက်မလောက်ရှိမယ့် ဒေါက်မြင့်ဖိနပ်စီးထားတော့ နဂိုအရပ် ငါးပေ သုံးလက်မလောက်ရှိတဲ့ ခန္ဓာကိုယ်လေးဟာ ကြွပြီး ရွနေ၊ ကြော့ပြီး ကော့နေတယ်။ ယောကျ်ား တစ်ယောက်ကို ဆွဲဆောင်ဖို့ ဒီလောက်ဆို လုံလောက်ပြီ ထင်ပါရဲ့။

ဟိုတယ်ကြီးတွေမှာ အစားအသောက် ပြင်ဆင်ပေးတဲ့အခါမှာ အသားတုံးလေးတွေ တစ်ကိုက်စာ အနေတော် လှီးဖြတ်ပေးရတာကို one bite size လို့ ခေါ်ပါတယ်။ အခုလို ကာယအလှမယ်လောက်လည်း မဖွံ့၊ model တွေလောက်လည်း မပိန်တဲ့ ခန္ဓာကိုယ်မျိုး ပိုင်ဆိုင်ထားတဲ့ အိန္ဒြာစိုးကိုတော့ တစ်ပွေ့စာ အနေတော်လေး one hug size လို့ သတ်မှတ်ရမယ် ထင်ရဲ့။

မင်းထွန်းလည်း သူ့ရှေ့မှာ လာရပ်တဲ့ တစ်ကိုက်စာလေး၊ အဲလေ တစ်ပွေ့စာလေးကို ဓာတ်ပုံရိုက်ထားပြီး သူ့ laptop မှာ wall paper တင်ထားချင်စိတ် အလုံးအရင်း ပေါက်သွားပါတယ်။

"ဘာကိစ္စရှိလို့လဲ"





မင်းထွန်းရဲ့အမေးကို အိန္ဒြာစိုးက ပြန်မဖြေသေးဘဲ မျက်လုံးလေး ဝင့်ပြီး အကဲခတ်သလို ကြည့်လိုက်ဘယ်။ ကိုယ်တော်ချောက သူ့ကို စိုက်ကြည့်နေတာကလွဲရင် တခြားဘာမှဖြစ်ပုံ မရပါဘူး။ အိန္ဒြာစိုး တစ်ယောက် မကျေမနပ် ဖြစ်သွားပါတယ်။ မသိမသာလေး ကိုယ်ထိုကိုင်းပြီး စားပွဲပေါ် လက်ထောက်လိုက်တယ်။ မင်းထွန်းရဲ့ မျက်လုံးကလည်း တစ်စက္ကန့်ရဲ့ သုံးပုံတစ်ပုံလောက် အောက်စိုက်သွားတယ်။ အိန္ဒြာစိုးက မကျေနပ်သံကြီးနဲ့ မေးလိုက်ပါတယ်။

"ရှင် ကြို့မထိုးဘူးလား"

မင်းထွန်းတစ်ယောက် ယောင်ယောင်လေး ပြုံးသွားပါတယ်။ လက်စသတ်တော့ မချောက မင်းထွန်း သူ့ကိုကြည့်ပြီး ကြို့မထိုးလို့ မကျေမနပ် ဖြစ်နေတာကိုး။ ဒါကြောင့်မို့လို့ သူ့ဆီတမင်လာပြီး အသားကုန်လာရှိုင်းပြတာပေါ့။

"ဟင့်အင်း . . . ခင်ဗျားနဲ့တွေ့ရင် ကြို့လည်း မထိုးဘူး၊ နှာလည်း မချေဘူး၊ ချောင်းလည်း မဆိုးဘူး၊ အားလုံး အလတ်ကြီးပဲ၊ ဒါနဲ့ ခင်ဗျားက အပီရှိုင်းပြီး ကျွန်တော့်ဆီ ဘာကိစ္စလာရတာလဲ၊ ကျွန်တော် အမောပြေအောင်လို့လား၊ ကျေးဇူးပါပဲ၊ နောက်လည်း မကြာမကြာ လာခဲ့ပေါ့"

"သေလိုက်ပါလား၊ ရှင့်ကို ကျွန်မက ဘာကိစ္စ ရှိုးလာထုတ်ပြရမှာလဲ"

အိန္ဒြာစိုးက ရှက်ရှက်နဲ့ ပြောင်လိမ်လိုက်ပါတယ်။ စိတ်ထဲမှာတော့ နည်းနည်းမှကို မကျေနပ်နိုင်သေးဘူး။

"ရှင် နည်းနည်းလေးမှတော့ ကြို့ထိုးချင်စိတ် မပေါက်ဘူးလား"

"မပေါက်ပါဘူးဗျာ၊ ဘာလဲ၊ ခင်ဗျားက ကျွန်တော် ဟန်ဆောင်နေတယ်များ အောက်မေ့လို့လား"

"အောင့်မထားနဲ့လေ၊ ထိုးချင်ရင် ထိုးသာထိုးလိုက်၊ ကျွန်မကို အားနာမနေနဲ့"

"ကြို့ထိုးတာ အောင့်ထားလို့ ရမလားဗျ၊ နောက်တစ်ခါ ထပ်



www.burmeseclassic.com

www.burmeseclassic.com



မေးရင်တော့ လူကို ဆွဲထိုးချင်စိတ် ပေါက်လာလိမ့်မယ်၊ ကျွန်တော့်ကို ရှိုးလာပြတာမဟုတ်ရင် ဘာကိစ္စလာတာလဲဆိုတာ ပြော"

အိန္ဒြာစိုးက နှုတ်ခမ်းရျော၊ မျက်စောင်းပါ ရောလွှတ်လိုက်ပါတယ်။

*"နေနှင့်ဦးပေါ့၊ ဒီလောက်ဖြစ်တဲ့လူ၊ မှတ်လောက်သားလောက်အောင် သင်ခန်းစာ ပေးပစ်ရမယ်"*

အိန္ဒြာစိုးက စိတ်ထဲကနေ ကြိမ်းဝါးရင်း အရေးမပါတဲ့ လာရင်းကိစ္စကို ပြောလိုက်ပါတယ်။

"ကျွန်မ ရှင့်ကို နောက်ထပ်အိမ်ထောင်ဘက်တစ်ယောက်နဲ့ တွေ့ပေးမလို့"

"ဟာဗျာ . . . မတွေ့ချင်တော့ဘူး၊ လူရှေ့သူရှေ့ ကိုယ့်အထုပ်ဖြည်ပြရတာ ရှက်လာပြီဗျ၊ ခင်ဗျား ကျွန်တော့်ကို နှိပ်စက်လို့ အားမရသေးဘူးလား"

"နှိပ်စက်တာ မဟုတ်ဘူး၊ ရှင် မိန်းကလေးတွေနဲ့ များများတွေ့ပေးသင့်တယ်၊ ဒါမှ နောက်ထပ် ဘယ်မိန်းကလေးနဲ့ ကြို့မထိုးဘူးဆိုတာ သိရမှာပေါ့၊ ဒါမှမဟုတ်လည်း မိန်းကလေးတွေနဲ့ တွေ့ဖန်များလာရင် တဖြည်းဖြည်း ယဉ်လာပြီး ကြို့ထိုးတာ ပျောက်သွားရင်လည်း ပျောက်သွားမှာပေါ့၊ မဟုတ်ဘူးလား"

"ခင်ဗျားက ဆရာဝန်ထက်တောင် ပိုတတ်နေသေးတယ်၊ ကဲဗျာ. . . ဒီတစ်ခါ ကျွန်တော် ဘယ်သူနဲ့ တွေ့ရမှာလဲ၊ ပြော"

အိန္ဒြာစိုးက သူ့ခေါင်းထဲမှာ ရှိနေတဲ့ မိန်းကလေးစာရင်းတွေကို တန်းစီပြီး စဉ်းစားလိုက်တယ်။

"အင်း . . . ဘယ်သူနဲ့ တွေ့ပေးရင် ကောင်းမလဲ၊ အင်း . . . ဟုတ်ပြီ၊ ဒီတစ်ခါတွေ့ရမှာ မိုသန့်စင် တဲ့"

"မိုသန့်စင်"

"ဟုတ်တယ်၊ မနက်ဖြန် ဆယ့်နှစ်နာရီတိတိ ခါတိုင်းတွေ့နေကျ





ကော်ဖီဆိုင်၊ ဟုတ်ပြီနော်၊ ကျွန်မ သွားလိုက်ပါဦးမယ်"

အိန္ဒြာစိုးက နှုတ်ဆက်ပြီး ကြွကြွရွရွလေး ထွက်လာခဲ့ပါတယ်။ စိတ်ထဲမှာတော့ . . .

*"ရှင် အဲဒီမိုသန့်စင်ဆိုတဲ့ မိန်းမနဲ့တွေ့ရင် ကြို့ထိုးမလား၊ ကြို့မထိုးဘူးလားဆိုတာ လေ့လာကြည့်ရမယ်၊ ဟင်း ဟင်း ဟင်း"*

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com



"အမလေးဗျာ . . . မိုသန့်စင်ဆိုတာ သူလား"

မင်းထွန်းက မျက်စေ့မျက်နှာပျက်နဲ့ အိန္ဒြာစိုးကို လှည့်မေးလိုက်ပါတယ်။

"ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ"

"ခင်ဗျား အတော့်ကို ရက်စက်ပါလား၊ ဒါကြီးနဲ့ဆို ကျွန်တော် လူညွှန့်တုံးသွားမှာပေါ့ဗျ"

မင်းထွန်း ပြောမယ်ဆိုလည်း ပြောချင်စရာ။ မိုသန့်စင်ဆိုတာ နှယ်နှယ်ရရ အောက်မေ့လို့။ အနည်းဆုံး ပေါင် ၂၀၀ အောက်ထစ်ရှိမယ့် ဂေါ်ဇီလာ ခြောက်လသားအရွယ်လောက် ဖက်တီးမကြီး။

"အပြောင်းအလဲလေး ဖြစ်သွားတာပေါ့ရှင်၊ လှတာက ချက်စားလို့ မရဘူး၊ ဝတာက ဖက်ထားလို့ရတယ်ဆိုတာ ကြားဖူးကယ် မဟုတ်လား"

အင်း . . . အိန္ဒြာစိုးကတော့ သူ့ကို ကြို့မထိုးတာနဲ့ပဲ အမြင်ကပ်နှာမှုတပ်ပြီး တစ်ဆုံးပို့ပြီထင်ပါရဲ့။

"ဒီလောက် ဝတာကြီးကို ဖက်ထားရရင် စဉ့်အိုးပေါ် ဖားပျံ တက်ကပ်သလို ဖြစ်နေမှာပေါ့ဗျ၊ ပြန်တော့မယ်၊ ဒီလမ်းကြိတ် စက်လောက်ဟာကြီးနဲ့တော့ ကျွန်တော့်ဘာ အဆုံးမခံနိုင်ဘူး"

မင်းထွန်းက လာလမ်းအတိုင်း ပြန်လှည့်မလို ပြင်လိုက်တယ်။ အိန္ဒြာစိုးက နောက်ကနေ လှမ်းဆွဲထားရင်း . . .

"နေဦးလေ၊ ရှင့်ရောဂါက ဒါကြီးနဲ့ ပျောက်ချင်လည်း ပျောက်နေမှာပေါ့၊ ရောဂါဆိုတာ မွေးမြူထားရဘူးလေ"

"ဒါကြီးနဲ့ဆိုရင် ဘာရောဂါပဲရှိရှိ အသေပဲခံလိုက်တော့မယ်ဗျာ"

မင်းထွန်းက ခါးခါးသီးသီး ငြင်းလွှတ်လိုက်ပါတယ်။ အိန္ဒြာစိုးက တစ်မျိုးမရတော့ နောက်တစ်မျိုး ပြောင်းပြန်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်မှ သွားမတွေ့ဘူးဆိုရင် ကျွန်မ သိက္ခာကျသွားလိမ့်မယ်၊ ပြီးတော့ ဒီ မိုသန့်စင်ဆိုတာ ကျွန်မတို့ အကျိုးဆောင် လုပ်ငန်းက Boss ရဲ့ ညီမဝမ်းကွဲ၊ အခန့်မသင့်ရင် ကျွန်မ အလုပ်ပြုတ်သွားနိုင်တယ် ကိုမင်းထွန်းရဲ့"

ဟိုကလည်း လုံးဝမလျှော့ပါဘူး။

"ခင်ဗျား အလုပ်ပြုတ်ရင် ကျုပ်ဆိုင် လာခဲ့ဗျာ၊ ကျွန်တော် ခင်ဗျားကို အလုပ်ပေးမယ်၊ တစ်သက်လုံး ကျွေးထားဆိုရင် လည်း ကျွေးထားမယ်၊ ဒါကြီးနဲ့တော့ လုံးဝမတွေ့နိုင်ဘူး"

ဒီလောက်နဲ့ မင်းထွန်းက မပျော့သေးတယ်။ အိန္ဒြာစိုးက မျက်ရည်ခံထိုးပြီး နှာသံလေးနဲ့ ပျော့အောင် ထပ်ပြီးနှပ်ပါတော့တယ်။

"ရက်စက်တော့မှာလား ကိုမင်းထွန်းရယ်၊ ကျွန်မက ဒီဖက်တီးမကြီးကို အတင်းယူခိုင်းနေတာ မဟုတ်ပါဘူး၊ ရှင့်ရောဂါအတွက် ပါ ကိုမင်းထွန်းရယ်၊ တွေ့ရုံလေး တွေ့လိုက်တာ ရှင့်အတွက် အကျိုးမယုတ်ပါဘူး၊ ပိန်ပိန်ဝဝ မိန်းမက မိန်းမပါပဲ၊ တွေ့လိုက်ပါနော်၊ နော်လို့"

"ခင်ဗျားဗျာ"

မင်းထွန်းခမျာ ဒါပဲ ပြန်ပြောနိုင်တော့တယ်။ ဟိုက ငိုမလို ပြုံမလို လုပ်ပြနေတော့ နဂိုကတည်းက မမာတဲ့အသည်းက ဘတ်ဒပိုင်လိုက်ပြီပေါ့။ မင်းထွန်းခမျာ နွားသတ်ရုံ ပို့ခံရတဲ့ နွားအိုကြီးလို လေးတိလေးကန်နဲ့ မိုသန့်စင်ဆီ လျှောက်သွားပါတော့တယ်။ ဒါကို အားမရသေးတဲ့ အိန္ဒြာစိုးက နောက်ကနေ တွန်းလွှတ်လိုက်သေးတယ်။ ဘယ်လောက်တောင် အားထည့်တွန်းလိုက်လည်း မသိဘူး။ မင်းထွန်းခမျာ မိုသန့်စင်ထိုင်နေတဲ့စားပွဲဆီ ဟပ်ထိုးလဲမတတ် ရောက်သွားလို့ စားပွဲကို ကိုင်ပြီး အရှိန်ထိန်းလိုက်ရတယ်။ ဒါတောင် မျက်ခွက်က အားလွန်ပြီး မိုသန့်စင် မျက်နှာနဲ့ တစ်ပေလောက်နီးနီးထိအောင် ကပ်သွားသေးတယ်။ မိုသန့်စင်ကလည်း ကမူးရှူးထိုး ရောက်လာတဲ့ မင်းထွန်းကို ကြည့်ပြီး လန့်သွားပြီး မတ်တပ်ရပ်လိုက်ပါတယ်။ နှစ်ယောက်စလုံး စားပွဲကို အလယ်ထားပြီး ကုန်းကုန်းကွကွနဲ့ တစ်ယောက်ကိုတစ်ယောက် ကြည့်နေလိုက်ပုံများ ကြိုးဝိုင်းထဲရောက်နေတဲ့ ဆူမိုနပမ်းသမားနှစ်ယောက်အတိုင်းပါပဲ။





"ရှင်က . . ."

"အေ့"

စလာပြီ ရောဂါက။ မိုသန့်စင်က အဲ့ဒီမှ သဘောပေါက်သလို ပြုံးလိုက်ပါတယ်။ သူ့ခမျာ အိန္ဒြာစိုး အကူအညီနဲ့ ဖူးစာဖက် ရှာဖွေနေတာ ဆယ်ယောက်တောင် ရှိပါပြီ။ အားလုံးက သူ့ရဲ့ ခန္ဓာကိုယ်ကြီးကို မြင်ပြီး အသက်အာမခံ ပြေးထားတဲ့လူနဲ့၊ တပ်လန်တဲ့ လူနဲ့။ ဒီအထဲအတွင်း မင်းထွန်းလောက် ငယ်ပြီး မင်းထွန်းလောက် လန်းတဲ့ ယောကျ်ားလေး တစ်ယောက်မှ မတွေ့ဖူးသေးဘူး။ သူ့ခမျာ ကံဇာတာ တက်လာပြီ ထင်ပါရဲ့။ မိုသန့်စင်ခမျာ ထိန်းမရ သိမ်းမရ ပါးစပ်ကြီး ပြဲသွားပါတော့တယ်။ မင်းထွန်းခမျာ မိုးသန့်စင်ရဲ့ ပြနေတဲ့ ပါးစပ်ကြီးကို မြင်ပြီး တိရစ္ဆာန်ရုံက လူဝံကြီး သွားဖြဲပြတာ သွားသတိရပါတယ်။ သတိရတာနဲ့ တစ်ဆက်တည်း . . .

"အေ့ အေ့ အေ့ . . . ဟတ်ချိုး"

ဒီတစ်ခါတော့ ကြို့ထိုးရုံတင်မကဘဲ နှာခေါင်းပါ ယားလာပြီး နှာပါ ချေလာပါတော့တယ်။ နှာချေလိုက်ရင် ကြို့ထိုးတာ ပျောက်တယ် ဆိုပြီး ဆေးမြီးတိုတွေ ရှိပေမယ့် မင်းထွန်းခမျာ ကြို့ထိုးတာလည်း မပျောက်၊ နှာချေတာလည်း မရပ်နဲ့ မျက်ရည်တွေပါ ကျလာပြီး အတော့်ကို ဒုက္ခများသွားတယ်။

"အေ့ အေ့ . . . ဟတ်ချိုး၊ ဟတ်ချိုး"

မိုသန့်စင်မှာတော့ မျက်နှာကြီး ပြုံးဖြီးဖြီးနဲ့ မင်းထွန်းကို စိုက်ကြည့်နေရင်းက ဆင်ကြီး မေ့ဆေးသေနတ်မှန်သလို တအိအိ ပြုတ်ကျသွားပါတယ်။

"ဟောဗျ၊ အေ့ . . . ဟေ့လူ၊ အဲလေ . . . ဟေ့ မိန်းမ၊ မဟုတ်သေးပါဘူး၊ ဒေါ်မိုသန့်စင်၊ မမိုသန့်စင်၊ ဗျို့ . . . မအိန္ဒြာစိုး၊ လာပါဦး၊ ခင်ဗျားလူ ဘာဖြစ်သွားမှန်း မသိဘူး၊ အေ့ . . ."

အခြေအနေ စောင့်ကြည့်နေတဲ့ အိန္ဒြာစိုးလည်း ကမန်းကတန်း ပြေးလာပြီး မိုသန့်စင်ကို မနိုင်မနင်း ပြေးပွေ့လိုက်ပါတယ်။

"မမိုသန့်စင် . . . သတိထားဦးလေ၊ မမိုသန့်စင်"

ဟိုကတော့ သတိမထားနိုင်ရုံတင်မက သတိပါ လစ်သွားတဲ့



www.burmeseclassic.com

www.burmeseclassic.com



ပိုစ်ပါပဲ။ အင်း . . . အိမ်ထောင်ဖက်တွေ ပေးတော့မှ ရဲစခန်းသွားပြီး သေမှုသေခင်း ရှင်းရမယ့်ကိန်းပဲ။ အိန္ဒြာစိုးလည်း ကြို့ထိုးပြီး နှာချေနေတဲ့ မင်းထွန်းကိုပဲ အရေးပေါ်လူနာတင်ယာဉ်ကို ဖုန်းဆက်ခိုင်း၊ အနားရောက်လာတဲ့ waiter လေးကို ယပ်ခတ်ခိုင်း၊ ခြေမ လက်မချိုးခိုင်း လုပ်ရပါတော့တယ်။ ခဏကြာတော့ လူနာတင်ယာဉ် ရောက်လာပါတယ်။ ပါလာတဲ့ ဝန်ထမ်းနှစ်ယောက်တည်းနဲ့ မိုသန့်စင်ကို ထမ်းစင်ပေါ်ရောက်အောင် မတင်နိုင်တဲ့အတွက် မင်းထွန်းနဲ့ waiter လေးနှစ်ယောက်ပါ အားသွန်ခွန်စိုက် ထမ်းစင်ပေါ် ရအောင်တင်ပြီး လူနာတင်ယာဉ်ပေါ်ရောက်အောင် မနည်းပို့လိုက်ရပါတော့တယ်။ ထမ်းစင်ဖရိန်တောင် နည်းနည်းလောက် ကွေးသွားသေးတယ်။ နောက်မှ သိရတာက အဲဒီမိုသန့်စင်ဆိုတဲ့ ဖက်တီးမက နှလုံးရောဂါရှိပြီး မင်းထွန်းလို အလန်းစားလေး တွေ့လိုက်ရလို့ ဝမ်းသာလုံးဆို့ပြီး သတိလစ်သွားတာတဲ့။ အဲဒီနေ့ က မင်းထွန်းနဲ့ အိန္ဒြာစိုးခမျာလည်း မသက်သာပါဘူး။ လမ်းမပေါ်ရောက်တဲ့အထိ မင်းထွန်းခမျာ ကြို့ထိုးတာ မပျောက်သေးဘဲ အမောဆို့ပြီး လေပါ အန့်လာလို့ မနေနိုင်တော့တဲ့ အိန္ဒြာစိုးခမျာ သူ့ပယောဂ ကင်းအောင် အန့်နေတဲ့ မင်းထွန်းကျောကုန်းကို ဖိပေး နှိပ်ပေးလိုက်ရသေးတယ်။ သူတို့နှစ်ယောက်ကိုကြည့်ပြီး လမ်းသွားလမ်းလာတွေက အခုလို မှတ်ချက်ချသွားပါသေးတယ်။

"ကောင်မလေးက သနားစရာ၊ နေ့ခင်းကြောင်တောင်ကြီး လင် အရက်သမားကို ပြုစုနေရတယ်"တဲ့။

♥ ♥ ♥





"အဖြစ်အပျက်ကတော့ အဲဒါပါပဲ ဒေါက်တာရယ်"

မင်းထွန်းက ဒေါက်တာစိုးမိုးသာကို သူ့ရဲ့အဖြစ်အပျက် အကုန်အစင်ကို တိတိကျကျ ပြောပြလိုက်ပါတယ်။ သူ့ခမျာ ဒေါက်တာစိုးမိုးသာဆီ ဒုတိယအကြိမ် ရောက်လာတာပါ။ ဆရာဝန်နဲ့ ဝင်တွေ့ကတည်းက ကြို့ပြီး တောင်းပန်ထားရသေးတယ်။ ဘယ် သူနာပြုဆရာမတွေမှ ဆရာပန်ရုံးခန်းထဲ မဝင်ဖို့ပါပဲ။ ဒါမှလည်း သူ့ရောဂါအခြေအနေကို မအေး မအောဘဲ ရှင်းပြနိုင်မှာလေ။ ဒေါက်တာစိုးမိုးသာက နဖူးကြောကြီး ရှုံ့အောင် ရောဂါလက္ခဏာတွေ စဉ်းစားပြီး မှတ်ချက်ချပါတယ်။

"ကိုမင်းထွန်း ပြောတဲ့အတိုင်းဆိုရင် ခင်ဗျားရောဂါက မိန်းကလေးတွေကို မရိုးမသားတဲ့စိတ်ကြောင့် ကြို့ထိုးတာ မဖြစ်နိုင်ဘူးဗျ၊ ဖြစ်နိုင်တာက အဲဒီမိန်းကလေးတွေကို မနှစ်သက်သဘောမကျတဲ့စိတ်ကြောင့် ကြို့ထိုးတာလို့ ကောက်ချက်ချလိမ့်မယ်"

မင်းထွန်းက နည်းနည်းစဉ်းစားသွားတယ်။ နည်းနည်းလောက်တော့ ဘဝင်မကျဘူးပဲ။

"ဒေါက်တာရယ်၊ ကျွန်တော် ကြို့ထိုးတာက အဲဒီ မိုသန့်စင်ဆိုတဲ့ ဖက်တီးမကြီးကလွဲရင် ကျန်တာတွေက ချောချောလှလှ၊ ကြွကြွ ရွရွတွေချည်းပါပဲ"

. . . ခြွေပေးလာတဲ့ မင်းထွန်းစကားကို ဆရာဝန်က ချက်ချင်းပဲ ပြန်ပါ . . .

"ဒါ . . . မှ ခင်ဗျားက အခြောက်ကြီးကိုလည်း ကြို့ထိုးတာပဲလေ"

မင်းထွန်းလည်း ဘာဆက်ပြောရမှန်းမသိ ဖြစ်သွားလေရဲ့၊ ဆရာဝန်က ဆက်ပြီး . . .

"ဒီလိုဗျ၊ ခင်ဗျားလည်း ကြားဖူးမှာပေါ့၊ လူတွေမှာ မသိစိတ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



သိစိတ်ဆိုတာ ရှိတယ်ဗျ၊ ခင်ဗျားရဲ့ သိစိတ်က အဲဒီချောချော လှလှလေးတွေကို သဘောကျနေပေမယ့် ခင်ဗျားရဲ့ မသိစိတ်ကတော့ သဘောမတွေ့နိုင်တဲ့ စိတ်အခြေခံ ရှိလိမ့်မယ်ဗျ၊ အဲဒီ သဘောမကျတဲ့ စိတ်က ခင်ဗျားရဲ့ မသိစိတ်ထဲ စွဲနေတာ၊ လွယ်လွယ်ပြောရရင် သိစိတ်က အဲဒီလိုမိန်းကလေးတွေ သဘောကျတယ်၊ မသိစိတ်က သဘောမကျဘူး၊ အဲဒီမှာ သိစိတ်နဲ့ မသိစိတ် ပဋိပက္ခဖြစ်ပြီး ကြို့ထိုးတာတို့ ဖြစ်လာတာပဲ"

မင်းထွန်းက သူ မရှင်းတာကို ဆက်မေးလိုက်ပါတယ်။

"ဒါဆိုရင် မအိန္ဒြာစိုးနဲ့ကျတော့ ဘာလို့ ကြို့မထိုးတာလဲ"

"ရှင်းနေတာပဲလေ၊ ခင်ဗျားရဲ့ မသိစိတ်က သူ့ကို သဘောကျနေလို့ပဲပေါ့၊ ဒီထက်ရှင်းအောင် ပြောရရင် ခင်ဗျားက အဲဒီ မအိန္ဒြာစိုး ဆိုတဲ့ မိန်းကလေးကို ချစ်နေလို့၊ ရှင်းပြီလား"

မင်းထွန်းခမျာ အီလည်လည် ဖြစ်သွားပါတယ်။ ကိုယ့်ဘာသာကိုယ် ချစ်နေတာ ဆရာဝန်ပြောမှ သိရတယ်လို့။ မသကာ ကိုယ်ဝန်ရှိနေတာကို ဆရာဝန်ပြောမှ သိတယ်ဆို ဟုတ်နိုင်သေးတယ်။ အေးလေ ကိုယ်က ယောကျ်ားလေးဆိုတော့ ကိုယ်ဝန်ရှိတာလည်း မဖြစ်နိုင်ပါဘူး။ ဒီအတိုင်းဆိုရင် အချစ်ဆိုတာလည်း ရောဂါလက္ခဏာတစ်ခုလေပဲလား။ တကယ်ပဲ ဒါဟာ ရောဂါတစ်ခုဆိုရင်တော့ ဒေါက်တာစိုးမိုးသာနဲ့ ကုလို့ရမှာမဟုတ်ဘူး။ ဒေါက်တာအိန္ဒြာစိုးနဲ့ ကုမှပဲ ဖြစ်မှာ။ မင်းထွန်းက ရလာတဲ့ အဖြေကို မကျေနပ်နိုင်သေးဘဲ ထပ်မေးလိုက်ပါတယ်။

"ကျွန်တော် ကြားဖူးတာက အချစ်ဆိုတာ ရင်ခုန်တတ်တယ်တဲ့၊ ဒါပေမဲ့ အိန္ဒြာစိုးနဲ့ တွေ့တိုင်း ကျွန်တော့်ရင်ခုန်သံတွေက ပုံမှန်ပါပဲဆရာရယ်"

ဆရာဝန်က အထွန့်တက်လာတဲ့ မိချောင်းမရဲ့ လင်ပါသားကို ခပ်ဆတ်ဆတ် ပြန်ဖြေလိုက်ပါတယ်။

"ရင်ခုန်သံမြန်တိုင်း အချစ်လို့ ခင်ဗျားကို ဘယ်သူပြောသတုန်းဗျ၊ ဆေးပညာမှာ ရင်ခုန်သံမြန်တဲ့ အခြေအနေ ရောဂါလက္ခဏာတွေ တစ်ပုံတပင်ကြီး ရှိတယ်"

"ဒါပေမဲ့ဆရာရယ်၊ လူတစ်ရာမှာ ကိုးဆယ့်ကိုးယောက်က အချစ်နဲ့တွေ့ရင် ရင်ခုန်သံ မြန်လာတယ်လို့ ပြောကြတာပဲ၊ ကျွန်တော်ကျတော့ . . ."

"ခင်ဗျားကျတော့ ကြို့မထိုးတော့ဘူးလေ"

"ဘာဆိုင်လို့လဲ ဒေါက်တာရဲ့"

"ဆိုင်တာပေါ့ဗျ၊ ရင်မခုန်ဘဲနဲ့လည်း ချစ်လို့ရပါတယ်ဗျာ၊ အချစ်ဆိုတာ ပုံသဏ္ဍာန်အမျိုးမျိုးရှိတယ်ဗျ၊ ခင်ဗျား ကိုယ့်ကိုယ်ကို မညာတမ်း ဝန်ခံကြည့်လိုက်၊ ခင်ဗျား မအိန္ဒြာစိုးဆိုတဲ့ အမျိုးသမီးကို ချစ်လား၊ မချစ်ဘူးလားဆိုတာကို၊ ချစ်တယ်ဆိုရင် ရင်ခုန်သံ မြန်လာလိမ့်မယ်"

မင်းထွန်းလည်း ဆရာဝန်ပြောတဲ့အတိုင်း အိန္ဒြာစိုးကို တကယ်ချစ်သလား၊ မချစ်ဘူးလားဆိုတာကို ပြန်စဉ်းစားလိုက်တယ်။ လူကတော့ ချစ်ချင်စရာကောင်းတာ အမှန်ပဲ။ မနက်အိပ်ယာက နိုးနိုးချင်း အိန္ဒြာစိုးရဲ့ အသံ၊ အမူအယာ မျက်နှာလေးကို မြင်ချင်တွေ့ချင်လို့ ကိုယ့်ကိုယ်ကို အရှက်ကွဲခံပြီး အိန္ဒြာစိုး စီစဉ်တဲ့အတိုင်း ဖူးစာဖက်တွေနဲ့ မတွေ့ချင်ဘဲ သွားတွေ့ရတာလည်း အမှန်ပဲ။ ဒီအတိုင်း သွားတွေ့ရင်လည်း တွေ့နိုင်မြင်နိုင်ရဲ့သားနဲ့ ဘာကြောင့်များ သူခိုင်းတာတွေ လျှောက်လုပ်မိပါလိမ့်။ ဒါကိုပဲ အချစ်ဆိုပြီး နာမည်တပ်လို့ ရသလား။ မင်းထွန်းခမျာ တွေးနေရင်းကပဲ ဘယ်ဘက်ရင်အုံနေရာက နွေးတေးတေးလေး ဖြစ်လာတယ်။ တစ်ကိုယ်လုံးလည်း အာရုံကြောတွေကတစ်ဆင့် ဗို့အားအလွန်နိမ့်တဲ့ လျှပ်စစ်စီးကြောင်းလေးတွေ အပြန်အလှန် ဖြတ်စီးသွားသလို ခံစားရတယ်။ လက်ဝဲရစ် စီးလာတဲ့ လျှပ်စီးကြောင်းလေးနဲ့ လက်ယာရစ် စီးလာတဲ့ လျှပ်စီးကြောင်းလေးတို့ ဘယ်ဘက်ရင်အုံ နှလုံးသားနေရာမှာ မျက်နှာချင်းဆိုင် တိုးတိုက်မိတဲ့အခါမှာတော့ . . .

"ဒုတ်ဒုတ် . . . ဒုတ်ဒုတ် . . . ဒုတ်ဒုတ် . . . ဒုတ်ဒုတ်"

မင်းထွန်းက သူ့ညာလက်ကို ဘယ်ရင်အုံပေါ် တင်လိုက်တယ်။ အိုး . . . ရင်ခုန်သံတွေ မြန်လာပါရောလား။ အံ့ရော အံ့ရော။ ဟုတ်ပါတယ်။ မင်းထွန်း နှလုံးသားကြီးက တစ်မိနစ်ကို ပျမ်းမျှ ၇၂ ချက် ခုန်နေရာက အချက်တစ်ရာလောက်အထိ ပြောင်းဆန်အောင် ခုန်နေပါတော့တယ်။ အခြေအနေကို အကဲခတ်နေတဲ့ ဒေါက်တာစိုးမိုးသာက မင်းထွန်း






www.burmeseclassic.com

www.burmeseclassic.com



ကို မေးလိုက်ပါတယ်။

"ဘယ့်နှယ်လဲ၊ ရင်ခုန်သံ မြန်လာပြီ မဟုတ်လား၊ ခင်ဗျားရဲ့ နှလုံးသားက မိန်းမတွေနဲ့ ပတ်သက်ရင် အမြဲတမ်း အနုတ်လက္ခဏာ ပြနေတော့ ဆောင်းတွင်းမနက်စောစော ဒီဇယ် အင်ဂျင် နှိုးရသလို အထနှေးနေတာဗျ၊ အခု အင်ဂျင်နိုးသွားပြီ မဟုတ်လား"

"ဟုတ်တယ် ဒေါက်တာရေ၊ ကျွန်တော့်ရင်ခုန်သံတွေ မြန်နေပြီ၊ ကျွန်တော် သူ့ကိုချစ်နေတယ်ဆိုတာ လုံးဝသေချာသွားပြီ၊ ဟား ဟား ဟား"

မင်းထွန်းတစ်ယောက် ကံစမ်းမဲပေါက်တဲ့လူလို ဝမ်းသာအားရ ပျော်ရွှင်သွားပါတယ်။ ဒေါက်တာစိုးမိုးသာလည်း ပျော်သွားတာပါပဲ။ ထူးထူးခြားခြား ရောဂါတစ်ခုကို အဖြေရှာပေးနိုင်လို့လေ။ အချစ်ဆိုတဲ့အရာဟာ လူတိုင်းကို ပျော်ရွှင်စေနိုင်တာပါပဲလား။ တချို့ သဘောမတူနိုင်တဲ့ လူတွေက ပြောကြလိမ့်မယ်။ အချစ်ကြောင့် ဒုက္ခရောက်နေတာတွေလည်း တပင်ကြီးပဲလို့၊ ဟုတ်ပါတယ်။ အချစ်နဲ့ ပတ်သက်ဆက်နွယ်တဲ့ ပယောဂတွေကြောင့် ဒုက္ခရောက်ရ၊ ဝမ်းနည်းရ၊ ပူဆွေးသောက ရောက်ရတာပါ။ အချစ်သက်သက်ကတော့ ပျော်ရွှင်စရာကြီးပါ။ ဒေါက်တာစိုးမိုးသာကတော့ မင်းထွန်းရဲ့ လူနာမှတ်တမ်းစာအုပ်မှာ ရောဂါနာမည်အသစ်တစ်ခု တပ်လိုက်ပါတယ်။

"အချစ်အထနှေးသော ရောဂါ"တဲ့။

♥ ♥ ♥





"ဩော် . . . "

"ဩော် . . . "

နှစ်ယောက်စလုံး အာမေဋိတ်သံကိုယ်စီနဲ့ မျက်လုံးအဝိုင်းသား ဖြစ်သွားရတာက ရဲလင်းနဲ့ မိုးမြေခိုင်။ ပြီးတော့ နှစ်ယောက်စလုံး အိန္ဒြာစိုး ခွင်ရိုက်ပြီဆိုတာကို သဘောပေါက်သွားကြတယ်။ အိန္ဒြာစိုးက သူတို့နှစ်ယောက်ကို ဒီ coffee bar လေးဆီ လာဖို့ သီးခြားစီ ချိန်းလိုက်တာပါ။ မျက်နှာချင်းဆိုင် မတွေ့တာကြာပြီဖြစ်တဲ့ သမီးရည်းစားဟောင်း နှစ်ယောက်က တစ်ယောက်ကို တစ်ယောက် အကဲခတ်သလို ကြည့်နေကြတယ်။

*"အင်း . . . ရဲလင်းတစ်ယောက် ပိန်သွားလိုက်တာ"*

ဒါ မိုးမြေခိုင်ရဲ့ အတွေးပါ။ ရဲလင်းတစ်ယောက်က ပိန်ရုံတင် မဟုတ်ပါဘူး။ ဒီဇိုင်နာပီပီ အမြဲတမ်း သပ်သပ်ရပ်ရပ်နေတတ်တဲ့ သူ့စတိုင်ကလည်း မသပ်မရပ်နဲ့။

*"ဒီမိန်းမ ကိုယ်ရည်စစ်သွားသလိုပဲ၊ မဟုတ်မှလွဲရော Gym မှာ သွားကစားထားတာနဲ့ တူတယ်"*

ဒါက ရဲလင်းရဲ့ မိုးမြေခိုင်အပေါ် အမြင်။ ဟုတ်ပါတယ်။ မိုးမြေခိုင်တစ်ယောက် Gym မှာ Body Beauty သွားကစားပြီး ကိုယ်ရည်စစ်သွားတာ အမှန်ပါပဲ။ အရင်တုန်းက နည်းနည်းလောက် ပြည့်စ ဖြိုးစ ဖြစ်နေတဲ့ ခန္ဓာကိုယ်ဟာ ကစားလိုက်တော့ သွယ်သွယ်လျလျ၊ ကျစ်ကျစ်လျစ်လျစ်လေး ဖြစ်သွားပါတယ်။

ရည်းစားဟောင်းနှစ်ယောက် ပြန်အတွေ့မှာ ခံစားချက်ဟောင်းလေးတွေလည်း အသစ်ဖြစ်လာတာပါပဲ။ အေးစက်နေတဲ့ နှလုံးသားလေးတွေလည်း နွေးတေးတေး ဖြစ်လာတယ်။ အမယ် . . . ရင်ခုန်သံလေးတောင် မသိမသာ မြန်လာသလိုပဲ။ ဒါပေမဲ့ နှစ်ယောက်စလုံးရဲ့ ရင်ထဲ



www.burmeseclassic.com

www.burmeseclassic.com



က အခုအခံလေးတွေကလည်း ကျေပျက်မသွားသေးတာလည်း အမှန်ပါပဲ။ မကြည်ရင်းစွဲစိတ်နဲ့ တစ်ယောက်နဲ့တစ်ယောက် ပေစောင်းစောင်းကြည့်နေရာက ရဲလင်းက စမေးလိုက်ပါတယ်။

"ဘာကိစ္စ နင်က ဒီရောက်နေရတာလဲ"

မကျေမနပ်လေသံကြောင့် မိုးမြေခိုင်က နည်းနည်းတင်းသွားပါတယ်။ မိန်းကလေးဆိုတာ မှားမှားမှန်မှန် အချော့ခံချင်တဲ့အမျိုးပဲဟာ။ အခုထက် လေသံပျော့ပျော့လေးနဲ့သာ ရဲလင်းက မေးလိုက်မယ်ဆိုရင် မိုးမြေခိုင်ဘက်က တောင်းပန်လိုက်ဖို့ အဆင်သင့်ပဲ။ အခုတော့ သူလုပ်စာထိုင်စားနေရတဲ့လူကိုပြောတဲ့ပုံစံဆိုတော့ . . .

"ရောက်ချင်လို့ ရောက်နေတာမဟုတ်ဘူး၊ အိန္ဒြာစိုးက ဖုန်းဆက်ပြီး ဒီမှာစောင့်နေပါဆိုလို့၊ နင့်အတွက် တွေ့ရမယ်ဆို အစကတည်းက မလာဘူး"

မိုးမြေခိုင်က ခပ်တင်းတင်းပဲ တုံ့ပြန်လိုက်တယ်။ ရဲလင်းကလည်း သူတင်း ကိုယ်တင်းပါပဲ။ ဒီအခြေအနေမှာ လျှော့လိုက်လို့ကတော့ နဖားကြိုး ထိုးခံရတဲ့ နွားကတောင် သူ့ကို ပြန်သရော်သွားဦးမယ်။ တစ်သက်လုံးစာအတွက် ဒီအချိန်မှာ လျှော့ပေးလို့မဖြစ်ဘူး။ ရှိမယ့်စုမယ့် ယောက်ျားသိက္ခာ၊ ယောက်ျားမာနလေးတော့ အဆုံးရှုံးခံလို့ မဖြစ်ဘူးလေ။

"အေး . . . ငါလည်း နင့်မျက်နှာကြည့်ချင်လို့ လာတယ်မထင်နဲ့၊ အိန္ဒြာစိုးက ဖုန်းဆက်ခေါ်လို့ ရောက်လာတာ"

အဲဒီအချိန်မှာပဲ သူတို့နှစ်ယောက်ရဲ့ Hand Phone တွေက တစ်ပြိုင်နက် မြည်လာပါတယ်။ နှစ်ယောက်စလုံး Hand Phone ကိုယ်စီထုတ်ပြီး နားထောင်လိုက်တယ်။ တစ်ဖက်က ပြောနေတာက အိန္ဒြာစိုး။ သူကြည့်ရတာ ဖုန်းနှစ်လုံးနဲ့ တစ်ပြိုင်နက် ပြောနေပုံပါပဲ။

"ဟဲ့ . . . နင်တို့နှစ်ယောက် တွေ့ပြီလား၊ ငါ နင်တို့နှစ်ယောက် ညီရအောင် တမင်ဆုံပေးလိုက်တာ"

မိုးမြေခိုင်နဲ့ ရဲလင်းတို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြတယ်။ ညီလို့ရအောင်တဲ့။ ရဲလင်းကတော့ အညီမခံနိုင်ပါဘူး။





ဟုတ်တယ်လေ။ သူက မှားတဲ့လူမှ မဟုတ်တာ။

"ငါကတော့ မညီနိုင်ဘူး၊ ဒီကိစ္စမှာ ငါ့အမှားတစ်ကွက်မှ မရှိဘူး"

အိန္ဒြာစိုးရဲ့အသံက ဖုန်းခွက်ထဲက ထွက်လာတယ်။

"ဟုတ်သားပဲ မိုးမြေခိုင်ရယ်၊ ဒီကိစ္စက နင်လွန်တယ်ဆိုတော့ နင်ကစပြီး ရဲလင်းကို တောင်းပန်လိုက်ပါ"

မိုးမြေခိုင်က တင်းသွားတယ်။

"ဖြစ်တဲ့နေ့ကတည်းက ငါ တောင်းပန်ပြီးပြီလေ၊ အဲဒီနေ့က ခွေးဝဲစား မောင်းသလို မောင်းထုတ်ခဲ့တာ၊ ငါ့မှာလည်း ငါ့မာနနဲ့ ငါပါပဲ၊ ငါ ထပ်မတောင်းပန်နိုင်တော့ဘူး"

ဇစ်စပ်ရေးမှူး အိန္ဒြာစိုးရဲ့အသံက ဖုန်းထဲက ထပ်တက်လာတယ်။

"ကဲပါ ရဲလင်းရယ်၊ နင်ကပဲ နည်းနည်းလောက် လျှော့ပေးလိုက်ပါဟယ်၊ မိုးမြေခိုင်ကလည်း ထပ်တောင်းပန်လိုက်ပါ၊ နင်တို့နှစ်ယောက်က တကယ်လည်း ပြတ်နိုင်တာလည်း မဟုတ်ဘဲနဲ့"

"ဒါ ငါ့စီးပွားပျက်အောင် တုတ်နဲ့ထိုးသွားတဲ့ကိစ္စဟ၊ ငွေကြေးကိစ္စတစ်ခုတည်းတင် မဟုတ်ဘူး၊ ငါ့နာမည်၊ ငါ့ဂုဏ်သိက္ခာပါ ထိခိုက်တဲ့ကိစ္စ၊ ဒါကို ငါက ထပ်လျှော့ပေးရဦးမယ်၊ ဟုတ်လား၊ လုံးဝမလျှော့နိုင်ဘူး"

ရဲလင်းကတော့ မြောက်ကိုရိုးယားက ဒုံးပျံလွှတ်တဲ့ကိစ္စကို လုံးဝအလျှော့ပေးမယ့်ဟန် မရှိပါဘူး။ မိုးမြေခိုင်ကတော့ သူ့ရှေ့ထိုင်နေတဲ့ ရဲလင်းကို ကြည့်ပြီး ဒေါသတွေ အလိပ်လိုက် အခွေလိုက် တက်လာပါတယ်။

"သူက model မလေးတွေနဲ့ တွဲကရမယ့်ခွင်တွေ ပျက်သွားလို့ နှမြောနေတာပေါ့၊ သိပြီလား"

မိုးမြေခိုင်စကားအဆုံး ရဲလင်းက ချက်ချင်းပြန်တုံ့ပြန်တယ်။

"နင်ကရော ဘာထူးလို့လဲ၊ Gym သွားပြီး ယောက်ျားလေးတွေနဲ့



www.burmeseclassic.com

တဟီးဟီး၊ တဖြီးဖြီး နွားပြာမကြီး အောက်သွားမရှိတဲ့ပုံစံနဲ့လေ”

နှစ်ယောက်သား အိန္ဒြာစိုးကို ပုဏ္ဏားတိုင်ထားပြီး ပြောနေရာက မျက်နှာချင်းဆိုင် ဒါရိုက်ကစ်ကုန်ကြပါတော့တယ်။

“အေး . . . ငါ Gym သွားတာက ကျန်းမာရေးအတွက်ဟဲ့”

“ငါ model မတွေကို ခါးဖက်တာလည်း စီးပွားရေးပဲ”

“နင့်စီးပွားရေးက နှာခေါင်းမီးတောက်တဲ့ စီးပွားရေး၊ ကိုယ့်ရည်းစားတစ်ယောက်လုံး ဘေးနားရောက်လာတာတောင် မသိရအောင် မွှန်နေတဲ့ စီးပွားရေး”

“နင့်ကျန်းမာရေးကလည်း ခါးပါမယ့် ကျန်းမာရေး၊ စကတ်နဲ့ မျက်ရည်သုတ်ရမယ့် ကျန်းမာရေး”

“ငါ့ဘာသာ ခါးပါရုံမကလို့ တစ်ကိုယ်လုံးပဲပါပါ နင့်ပိုက်ဆံ တစ်ပြားသားမှ မပါဘူးဟဲ့၊ ကောင်စုတ်ရဲ့”

“အေး . . . ငါ့ဘာသာ နှာခေါင်းမီးတောက်ရုံမကလို့ တစ်ခေါင်းလုံးပဲ ပြာကျကျ နင်နဲ့အနေသာကြီး ဂုဏ္ဍာမရဲ့”

“ဘာ ဂုဏ္ဍာမ”

“အေး . . . ဟုတ်တယ်၊ ဂုဏ္ဍာမ”

အိန္ဒြာစိုးက ဖုန်းထဲကနေတစ်ဆင့် ရန်ဖြစ်တဲ့အသံတွေ ဝင်လာလို့ လှမ်းအော်ထည့်လိုက်ပါတယ်။

“ဟဲ့ . . . နင်တို့နှစ်ယောက်ကို ငါက ပြေလည်စေချင်လို့ တွေ့ပေးတာ၊ ရန်ဖြစ်ဖို့ မဟုတ်ဘူးနော်”

အိန္ဒြာစိုး ဘာပြောပြော ဟိုနှစ်ယောက်က နားမဝင်တော့ပါဘူး။ အခုနေ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းကိုယ်တိုင် လာဖျန်ဖြေလည်း ‘ကန်တော့ပါသေးရဲ့’ ဆိုပြီး မောင်းထုတ်ခံရမှာ အသေအချာပါပဲ။ အိန္ဒြာစိုး ဖုန်းထဲက ကြားလိုက်ရတဲ့ အသံတွေကတော့ . . .

“အေး . . . ဂုဏ္ဍာမ၊ အဲဒီ ဂုဏ္ဍာမက နင့်ကို ဂုတ်ချိုးပစ်မယ်ဟဲ့”

“နင် လက်မပါနဲ့နော်၊ ငါ့အသားနာရင် ငါ မညှာဘူး”

“နင့်လိုအကောင်ကို ငါက ကြောက်ရမှာလားဟဲ့”

“ဟဲ့ . . . မလုပ်ကြနဲ့လေ၊ ဩော် . . . ”

အိန္ဒြာစိုးရဲ့ အော်သံကို ဟိုနှစ်ယောက်က ကြားသလား၊ မကြား





သလား မသိလိုက်ရခင်မှာပဲ ဖုန်းလိုင်းကျသွားပါတယ်။ ပြေလည်ပါစေလို့ ဖျန်ဖြေပေးကာမှ ထသတ်ကုန်ကြတဲ့ကိန်းပဲ။ အိန္ဒြာစိုးလည်း ကမန်းကတန်း ချိန်းပေးထားတဲ့ coffee ဆိုင်ကို ထပြေးရတော့တယ်။ ဟိုရောက်တော့ တွေ့မရှောင် မိုးမြေခိုင်နဲ့ ဘာမထိ ရဲလင်းတို့နှစ်ယောက် မရှိတော့ပါဘူး။ ပန်းကန်ကွဲတွေကို ရှင်းနေတဲ့ waiter လေးကိုပဲ တွေ့လို့ အကျိုးအကြောင်း ကပ်မေးလိုက်ရသေးတယ်။ waiter လေးရဲ့အဖြေကတော့-

“တစ်ယောက်က ကွဲပြီး တစ်ယောက်က ပြသွားတယ်”တဲ့။

ဘာတွေကွဲပြီး ဘာတွေများ ပြကုန်ပါလိမ့်နော်။

♥ ♥ ♥

www.burmeseclassic.com


ကြီးကျယ်ခမ်းနားတဲ့ Supermarket ကြီးတစ်ခုရဲ့ အရှေ့ကားပါကင်မှာ Cygnus ကားကြီးတစ်စီး ရပ်လိုက်ပါတယ်။ ကားပေါ်က ဆင်းလာတာက စိုးမေလှိုင်နဲ့ ဦးကောင်းမြတ်။ သူတို့လိုပဲ ကားပါကင် ထိုးနေတဲ့ ကိုအောင်မြင်ကလည်း ကားပေါ်ကအဆင်း စိုးမေလှိုင်နဲ့ ဦးကောင်းမြတ်ကို လှမ်းတွေ့လိုက်ပါတယ်။

"ဟာ . . .ဟို ရှေးဟောင်းပစ္စည်းရောင်းမယ့် ကောင်မလေး"

ကိုအောင်မြင်က မြင်မြင်ချင်း မှတ်မိလိုက်တယ်။ သူ့ခမျာ စိုးမေလှိုင် ဖုန်းဆက်လာမလားလို့ စောင့်နေရတာ လည်ပင်းတောင် GSM တာဝါတိုင်လောက် ရှည်ထွက်သွားပြီလား ထင်ရတယ်။ လက်စသတ်တော့ ငတိမက ဘူဒါးကြီးတွေနဲ့ လျှောက်လိမ့်နေတာကိုး။ ကိုအောင်မြင်ရဲ့ စိတ်ထဲ နှမြောသလို၊ ဝမ်းနည်းသလို ခံစားလိုက်ရတယ်။ တကယ်ဆိုရင် ကိုအောင်မြင်က ဦးကောင်းမြတ်ကို လူချင်းမသိပေမယ့် ဘယ်သူဘယ်ဝါဆိုတာ သိပြီးသားပါ။ ဟိုက နာမည်ကြီး စီးပွားရေးသမားပဲလေ။ နာမည်ပျက် မကြားဖူးပေမယ့် သမီးလောက်ဟာလေးနဲ့ တွဲလာတယ်ဆိုတော့ သူလည်း ခေသူမဟုတ်ဆိုတာ သေချာတယ်။ ယောကျ်ားလေးဆိုတာ စီးပွားရေး အောင်မြင်လာတာနဲ့အမျှ ကောက်စားလေးတွေကလည်း အများကြီးပဲလေ။ ခြွေနိုင်တဲ့လူဆိုတော့လည်း ရံတဲ့လူတွေ ရှိလာတတ်တာ သဘာဝပါပဲ။ ဒါပေမဲ့ ကောက်စားစာရင်းထဲမှာ စိုးမေလှိုင်တစ်ယောက်ကိုမပါစေချင်တာကတော့ ကိုအောင်မြင်ရဲ့ဆန္ဒ။ ဦးကောင်းမြတ်ကတော့ ဘာကိုမှ ဂရုမစိုက်တဲ့ပုံစံနဲ့။ ကားထဲကနေ ကြွပ်ကြွပ်အိတ်နဲ့ အပြည့် ပိုက်ဆံထုတ်ကြီးကို ဆွဲချလိုက်ရင်း . . .

"ဒီနေ့တော့ စိုးလေးသဘောရှိ ဝယ်ပေတော့၊ ဦးက စိုးလေးကိုဆို သဒ္ဓါပြီးသားပဲ၊ ဦးက စိုးလေးကို သဒ္ဓါသလို စိုးလေးကလည်း ဦးအပေါ်မှာ ပြန်ပြီး သဒ္ဓါရမယ်နော်၊ စိုးလေးက ခေတ်လူငယ်


www.burmeseclassic.com

www.burmeseclassic.com



ပဲဟာ၊ ဒီလောက်တော့ သဘောပေါက်မှာပါ။ ဟဲ ဟဲ"

မကြားချင်ဘဲ နားထဲဝင်လာတဲ့ ဦးကောင်းမြတ်ရဲ့ စကားသံ ကြောင့် ကိုအောင်မြင်တစ်ယောက် အနားမှာရှိတဲ့ Transformer ပုံကြီး မှာ ဆွဲထားတဲ့ "အန္တရာယ်ရှိသည်၊ ဗို့အား ၁၁၀၀၀"ဆိုတဲ့ စာတန်း အရိုးခေါင်းပုံကြီး ပြေးမြင်လိုက်ပါတယ်။ စိုးမေလှိုင်ကို ကြည့်ရတာတော့ အေးဆေးပဲ။ ဦးကောင်းမြတ်ကို ဘာမှမသိတတ်တဲ့ အရိုးခံမလေးလို ပြုံးပြပြီး . . .

"ဦး . . . ခဏနော်၊ သမီး ဆရာမဆီကို ဖုန်းဆက်လိုက်ဦးမယ် ဒီညနေ ကျူရှင်မလာတော့ဘူးဆိုပြီး ခွင့်တိုင်လိုက်ဦးမယ်၊ ဦး လျှောက်လိမ့်ရမယ်ဆိုတော့ ကျူရှင်ဖျက်မှ ဖြစ်မှာပေါ့"

စိုးမေလှိုင်ရဲ့ စကားအဆုံးမှာ ဦးကောင်းမြတ်က ပြုံးဖြီးဖြီး ဖြစ် သွားပါတယ်။ အမယ် . . . ကျူရှင်တောင် ဖျက်မယ်ဆိုပဲ။ ဒါဆိုရင် သူ ဘက်ကလည်း cancel လုပ်စရာရှိတာတွေ လုပ်ရတော့မှာပေါ့။ ဦး ကောင်းမြတ်ကလည်း ဖုန်းထုတ်အဆက်၊ စိုးမေလှိုင်က ကိုအောင်မြင်ရဲ့ ကားဘေးနားအထိ လျှောက်လာပြီး ဖုန်းထုတ်ဆက်ပါတယ်။ ကိုအောင် မြင်ကတော့ သူ့ကို မမြင်အောင် ကားတစ်ဖက်ခြမ်းမှာ ကွယ်ပြီး နား ထောင်နေလိုက်တယ်။

"ဟဲ့ . . . နန္ဒာစိုး"

အင်း . . . ဆရာမကိုတော့ ဟဲ့တစ်လုံးနဲ့ စပြီး နာမည်တော ခေါ်မှာမဟုတ်ဘူး။ သူငယ်ချင်းဆီကို ဆက်တာပဲ ဖြစ်ရမယ်။ စိုးမေလှိုင် ရဲ့ ခပ်အုပ်အုပ်စကားသံက ဆက်ပြီး ထွက်လာတယ်။

"ဟဲ့ . . . ငါပြောတာ သေသေချာချာ နားထောင်၊ ည လေးနာရီလောက် ကျရင် နင် ငါ့ဆီကို သေသေချာချာ ဖုန်း ဆက်၊ မရမချင်း ဆက်နော်၊ အခု သုံးနာရီထိုးခါနီးပြီ၊ ဖုန်းဆက် ရင် ငါ့အစ်မ အူအတက်ပေါက်လို့ ဆေးရုံတင်လိုက်ရတယ် ပြီး ဆက်၊ ဒါပဲ"

ဟိုဘက်က စိုးမေလှိုင်ရဲ့ ပြောစကားကို နားမလည်နိုင်ဘဲ ပြ မေးတယ် ထင်ပါရဲ့။ စိုးမေလှိုင်က စိတ်တိုတဲ့ အသံနဲ့ . . .

"ငါပြောသလို ဆက်ပါဟာ၊ အရစ်မရှည်ပါနဲ့၊ လေးနာရီနော်



မရမချင်း ဆက်နော်၊ ဒီနေ့ ဦးကောင်းမြတ်ကြီးက ငါ့ကို အပိုင် ချည်မလို့ ကြိုးစားနေပြီ၊ ငါ့ဘဝက နင့်လက်ထဲမှာ ရှိတယ်နော်၊ သူ့ကို ငါဘတ်ထားတာတွေ များနေပြီ၊ ဒီနေ့တော့ ရှောင်လို့ လွတ်မှာမဟုတ်ဘူး၊ အေး . . . ဒါပဲ"

စိုးမေလှိုင်က ဖုန်းပိတ်လိုက်ပြီး ဘေးဘီကို အကဲခတ်လိုက်တယ်။ ဦးကောင်းမြတ်ကတော့ ဖုန်းပြောကောင်းနေတုန်းပဲ။ စိုးမေလှိုင် ခွင်ကျော် ဖို့ ကြိုးစားတာကို သတိထားမိလိုက်ဟန် မတူပါဘူး။ ကြားထဲက မဆီ မဆိုင် ကြားလိုက်ရတာက ကိုအောင်မြင်။ သူက စိုးမေလှိုင်ရဲ့ အပြုအမူ တို့ ကြည့်ပြီး သဘောကျသလို ပြုံးလိုက်ပါတယ်။

"သူလည်း ခေသူ မဟုတ်ပါလား"

အဲဒီနောက်မှာတော့ ဦးကောင်းမြတ်က ပိုက်ဆံထုပ်ကြီး တစ်ဖက်၊ စိုးမေလှိုင်တစ်ဖက် ပခုံးဖက်ပြီး supermarket ထဲ ဝင်သွား လေရဲ့။ ကိုအောင်မြင်ကတော့ ရုတ်တရက် ပေါက်လာတဲ့ဆန္ဒလေး ကြောင့် ဦးကောင်းမြတ်နဲ့ စိုးမေလှိုင်တို့နှစ်ယောက်နောက် တစ်ကောက် ကောက် လိုက်ကြည့်နေမိပါတယ်။ ကိုအောင်မြင်ရဲ့ ရင်ထဲမှာတော့ ခေတ်ဟောင်းနာမည်ကြီး ဝတ္ထုတစ်ပုဒ်ရဲ့ ခေါင်းစဉ်က နေရာဝင်ယူထား ပါတယ်။

"ညီမလေး စိုးရိမ်မိတယ်"တဲ့။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com



နန္ဒာစိုးတစ်ယောက် အူကြောင်ကြောင် အမူအယာနဲ့ Hand Phone ကို ပိတ်လိုက်ပြီး သူ့ဘေးထိုင်နေတဲ့ ဇေယျာသူ့ကို လှမ်းပြောလိုက်တယ်။

"နင့်ဟာမက ဘာတွေ ထွင်ပြန်ပြီလည်း မသိဘူး၊ လေးနာရီကျရင် သူ့အစ်မ အူအတက်ပေါက်ပြီး ဆေးရုံတက်ရတယ်ဆိုပြီး ဖုန်းဆက်ရမယ်တဲ့"

"ဆက်ဆိုလည်း ဆက်လိုက်ပေ့ါဟာ၊ စိုးမေလှိုင် ခွင်တစ်ခုခု ရှေ့တယ် နေမှာပေ့ါ"

ဇေယျာသူက စားလက်စ လက်ဖက်သုတ်ကို ပြီးအောင်ဝါးရင်း ပြောလိုက်ပါတယ်။ ကြည့်ရတာ စိုးမေလှိုင်ကို လက်ဖက်သုတ်လောက် စိတ်ဝင်စားပုံ မရပါဘူး။ နန္ဒာစိုးသုတ်တဲ့ လက်ဖက်သုတ်ကပဲ ကောင်းလွန်းနေတာလား။ စိုးမေလှိုင်အပေါ် စိတ်ဝင်စားတဲ့ ဇေယျာသူရဲ့ ဒီဂရီတပဲ လျော့လာတာလား မပြောတတ်ဘူး။

"နင့်လက်ဖက်သုတ်ကတော့ ရှယ်ပဲ၊ နင်က ဟင်းချက်တော့ တကယ်ကောင်းတာ၊ တစ်ခါတလေ ငါစဉ်းစားမိတယ်၊ နင်ချက်တဲ့ ဟင်း တစ်သက်လုံးစားရရင် သိပ်ကောင်းမှာပဲလို့"

"သေလိုက်ပါလား"

ပါးစပ်ကသာ 'သေလိုက်ပါ'ပြောနေတာ။ နန္ဒာစိုး မျက်နှာကြီးက ပြုံးလို့။ သူနဲ့ ဇေယျာသူက ကန်ဘေးနား ထိုင်ပြီး စာကျက်နေကြတာပါ။ ဇေယျာသူ ဆေးရုံက ဆင်းပြီးကတည်းက နန္ဒာစိုးခမျာ ဇေယျာသူ စားဖို့သောက်ဖို့ စီစဉ်ပေးရတာက အလုပ်တစ်ခု ဖြစ်နေတယ်။ မနက်စာ ထမင်းချိုင့် ထည့်လာပေးရတာနဲ့။ ညနေစာစားဖို့ ဘာလချောင်ကြော်တို့၊ အမဲမွကြော်တို့၊ သရက်သီးသနပ်တို့၊ တစ်ပတ်တစ်ခါ လုပ်ပေးရတာနဲ့၊ နေ့လယ်ကျရင် အိပ်ချင်ပြေ စားဖို့ လက်ဖက်သုတ်လာပေးရတာနဲ့။



www.burmeseclassic.com

www.burmeseclassic.com



ကော်ဖီမစ်ကို ခါတ်ဘူးနဲ့ ထည့်လာပေးရတာနဲ့။ မနက် မနက် ကျော်
သွားရင် နန္ဒာစိုးခမျာ ကျောပိုးအိတ်ကတစ်ဖက်၊ ဆွဲခြင်းက တစ်ဖက်
ထမင်းချိုင့်က တစ်ဖက်နဲ့ နိုင်ငံခြားတက္ကသိုလ် ပညာသင်ဆုက ရမ
တော့ မပြောတတ်ဘူး။ အရင်းအနှီးကတော့ အတော်ကြီးတယ်။ သူ့အစ်
အိန္ဒြာစိုးတောင် မီးဖိုချောင်စရိတ် တက်လာလို့ ပူညံပူညံ လုပ်နေသေ
တယ်။ ဇေယျာသူက စတီးချိုင့်ထဲက လက်ဖက်ကို တစ်စက်မှမကျ
အောင် သိမ်းကျုံးဝါးလိုက်ရင်း . . .

"အခုနောက်ပိုင်း လက်ဖက်တွေက ဓာတုပေဒဆိုးဆေး မပ
တော့လို့လား မသိဘူး၊ ဝမ်းသွားတာတောင် အရင်ကလို
အရောင်မလှတော့ဘူး"

"ဝေ့ . . . ရွံစရာတွေ၊ ကတ်သီးကတ်သတ်၊ အဲဒါတွေ ဘာလို့
လျှောက်ကြည့်နေမှန်း မသိပါဘူး၊ မရွံဘူးလား"

"ဩော် . . . အဆောင်က အိမ်သာမှာ ရေးထားတယ်ဟ
မိတ်ဆွေ လူလိုသိပါ၊ ကိစ္စပြီးလျှင် ကိုယ့်ပစ္စည်း တင်မကျန်
အောင် သေချာကြည့်ပါ၊ ရေများများလောင်းပါတဲ့ဟ၊ ကြည့်ဖန်
များတော့လည်း မရွံတော့ဘူးပေါ့ဟာ"

"တော် . . . တော်၊ နင်နဲ့ စကားပြောတာ လူတောင် ပို့တတ်
လာတယ်၊ ဒါနဲ့ . . ."

နန္ဒာစိုးက စကားမဆက်သေးဘဲ သူ့မျက်မှန်လေးကို ချွတ်ပြီး
ပဝါစလေးနဲ့ သုတ်လိုက်ရင်း . . .

"နင် စိုးမေလှိုင် ဒီလိုလုပ်နေတာကို ဘာမှ မခံစားရဘူးလား"

"ရိုးသွားပါပြီဟာ၊ ငါ ငတုံး မဟုတ်ပါဘူး၊ သူ ငါ့ကိုမကြိုက်လို့
ရှုန်တိုက် လုပ်နေတယ်ဆိုတာ သိသားပဲ"

"ဒါဆို နင်က စိုးမေလှိုင်ခိုင်းထားတဲ့အတိုင်း ပညာသင်ဆု ရ
အောင် ဘာလို့ကြိုးစားနေတာလဲ၊ နင် စိတ်ပါလက်ပါ ကြိုးစား
နေတယ်ဆိုတာ ငါသိနေတာပဲ"

ဇေယျာသူက စကားမဆက်သေးဘဲ မျက်မှန်သုတ်နေတဲ့ နန္ဒာ
စိုး မျက်နှာလေးကို အသေအချာ ကြည့်လိုက်သေးတယ်။ ပြီးမှ . . .

"မခံချင်စိတ်ပေါ့ဟာ၊ ငါလည်း ဒီလောကကြီးတော့ အစွမ်းအစ

ရှိပါသေးတယ်ဆိုတာ ပြချင်လို့"

"တကယ်လို့ရင် ပညာသင်ဆုရလို့ရ စိုးမေလှိုင်က နင့်ကို ပြန်
ကြိုက်မယ်ဆိုရင်ကော"

"ဒါဆိုရင်တော့ သားရွှေအိုးထမ်းလာတဲ့ကိန်းပေါ့ဟာ"

နန္ဒာစိုးက သက်ပြင်းလေး ခိုးချပြီး မျက်မှန်ကို ပြန်တပ်လိုက်
တယ်။

"နန္ဒာစိုး၊ ခဏ . . . မျက်မှန်မတပ်နဲ့ဦး"

"ဘာဖြစ်လို့လဲ"

"နင်က မျက်မှန်ချွတ်ထားရင်း အတော်ချောတာပဲ၊ နင်က မျက်
မှန်နဲ့ လုံးဝမလိုက်ဘူး၊ မျက်မှန်မတပ်ဘဲ နေပါလား"

နန္ဒာစိုး မျက်မှန်ကို ကိုင်ထားရင်း ရင်ထဲ ဝမ်းသာလုံးလေးတွေ
ပလုံစီ ထသွားတယ်။ မိန်းကလေးဆိုတော့လည်း ဟုတ်ဟုတ် မဟုတ်ဟုတ်
ချောတယ်ပြောရင် သဘောကျတာပဲပေါ့။

"မျက်မှန်မတပ်ရင် ငါ ဘယ်မြင်ရမလဲဟ"

"နင်က အဝေးမှုန်လား၊ အနီးမှုန်လား"

"အဝေး"

ဇေယျာသူက လက်ညှိုးနှစ်ချောင်းကို ထောင်ပြလိုက်ရင်း . . .

"ဒါ ဘယ်နှစ်ချောင်းလဲ"

"သိဘူး"

နန္ဒာစိုးက ဘေးချင်းကပ် ထိုင်နေတာ မမြင်ရလောက်အောင်
တော့ မကန်းသေးပါဘူး။ တမင်သက်သက် ပြောလိုက်တာပါ။ ဒါကို
သဘောပေါက်ပုံရတဲ့ ဇေယျာသူက လက်ညှိုးနဲ့ လက်မနှစ်ဘက်ကို
အသည်းပုံ ကွေးပြလိုက်ရင်း . . .

"ဒါ ဘာပုံလဲ"

"မမြင်ရဘူး"

ဟိုကောင်မလေးလည်း တမင်ကို ဘူးကွယ်နေတယ်။ ဇေယျာသူ
က လက်ဖြန့်လိုက်ပြီး . . .

"နင့်မျက်မှန် ခဏပေး၊ ငါ တပ်ကြည့်ချင်လို့"

နန္ဒာစိုးက သူ့မျက်မှန် ကမ်းပေးလိုက်တယ်။ ဇေယျာသူက သူ



www.burmeseclassic.com

www.burmeseclassic.com



တပ်လိုက်တော့ သူနဲ့ လက်တစ်ကမ်းထိုင်နေတဲ့ နန္ဒာစိုးက အဝေးကို ရောက်ပြီး သေးသေးလေး ဖြစ်သွားတော့တယ်။ ဇေယျာက မျက်မမြင် တွေလို လက်နှစ်ဘက် ရှေ့ထုတ်ပြီး မမြင်မကန်းပုံစံနဲ့ နန္ဒာစိုးကို လက်ညှိုးထိုးရင်း . . .

"ဘယ်သူလေးလဲ၊ ဘယ်သူလေးလဲ"

ဆိုပြီး သီချင်းလုပ်ဆိုနေလေရဲ့။နန္ဒာစိုးက ရယ်ပြီး ကောင်းချီး ပေးလိုက်ပါတယ်။

"ငပေါ"

ပြီးတော့ နှစ်ယောက်သား ရယ်လိုက်ကြတယ်။ ဇေယျာသူက မျက်မှန်ကို ပြန်ချွတ်ရင်း နန္ဒာစိုးကို ပြန်မပေးတော့ဘဲ . . .

"နင် ဒီမျက်မှန် မတပ်နဲ့တော့၊ သိလား"

ဇေယျာက ပြောရင်း ကစ်ဆက်တည်း မျက်မှန်ကို နှာထောင့် နေရာကနေ ချိုးပစ်လိုက်တယ်။

"ဟဲ့ . . . ဘယ်လိုလုပ်လိုက်တာလဲ၊ သွားပါပြီဟာ၊ ဒီမျက်မှန် မရှိရင် ငါ ဝါးတားဝါးတားနဲ့ အိမ်ပြန်ရင် ကားတိုက်ကုန်တော့ မှာပဲ"

"ဘာမှမပူနဲ့၊ ငါ နင့်ကို မျက်ကပ်မှန် လိုက်လုပ်ပေးမယ်"

"တကယ်"

"တကယ်ပေါ့ဟ"

"နင့်မှာ ပိုက်ဆံရှိလို့လား"

"အို . . . အမေရှိရင် ရေရှိတယ်၊ အိမ်က ပိုက်ဆံရောက်လာပြီ၊ ပြီးတော့ နင်က မနက်စာ ငါ့ဖို့ထည့်လာတော့ စားသောက် စရိတ်တွေ သက်သာနေတယ်၊ နောက်ပြီး ဂလေမရိုက်ဘဲ နင်နဲ့ စာထိုင်ကြည့်နေရတော့ ဟိုစရိတ်၊ ဒီစရိတ်တွေ သက်သာပြီး ဟိုလကဆိုရင် ပိုငွေပြနေသေးတယ်"

"နင်က ငါ့ကို တကယ်မျက်ကပ်မှန် လုပ်ပေးမှာနော်"

"တကယ်ပါဟ၊ ဒါမှ ငါ့သူငယ်ချင်းလေး လှသွားမှာ"

နန္ဒာစိုးလည်း ပျော်ပြီး ပစ္စည်းတွေ သိမ်းပါတော့တယ်။ ဒီလို ဆိုတော့လည်း ဇေယျာသူက သူ့ကို ဂရုစိုက်ဖော်ရသား။ ပစ္စည်းတွေ





သိမ်းပြီးတဲ့အခါမှာတော့ ဇေယျာသူက ရှေ့ကနေ ထွက်သွားတယ်။ နန္ဒာစိုး မျက်မှန်မပါတော့ မြင်ကွင်းတစ်ခုလုံး ဝါးတားတားနဲ့ လမ်းလျှောက်ရမှာ မရဲဘူးဖြစ်နေတယ်။

"ဟဲ့ . . . နင် စွတ်မသွားနဲ့လေ၊ ငါက သိပ်မြင်ရတာ မဟုတ်ဘူး"

ဇေယျာသူ လက်ကမ်းပေးလိုက်ပြီး . . .

"ငါ့လက်ကို အားကိုးတကြီး ကိုင်လိုက်စမ်းပါဟာ"

အကြောကြီးနဲ့ ပြောလာတဲ့ ဇေယျာသူကို နန္ဒာစိုးက မျက်စောင်း အကြာကြီး ပစ်ထိုးလိုက်ရင်း . . .

"သေနာလေး . . . ငါ့မျက်မှန်လည်း ချိုးပစ်သေးတယ်၊ လူ့ကိုလည်း အသားယူသေးတယ်"

"စကားများမနေနဲ့၊ လမ်းကူးမှာနော်၊ ကိုင်မှာလား၊ မကိုင်ဘူးလား"

နန္ဒာစိုးက မဝံ့မရဲလေး ဇေယျာသူလက်ကို ဖမ်းကိုင်လိုက်ပါတယ်။ ဇေယျာသူက တင်းတင်းကြီး ပြန်ဆုတ်ကိုင်လိုက်တယ်ဆိုရင်ပဲ နန္ဒာစိုးခမျာ ရင်တွေဘာတွေ ပြောင်းဆန်အောင် တုန်သွားပါတော့တယ်။ နေ့တိုင်းနီးပါး ရိုက်လိုက် ပုတ်လိုက် လုပ်နေပေမယ့် ဒါမျိုးတော့ မခံစားဖူးသေးဘူး။

ယောကျ်ားလေးတစ်ယောက်ကို အားကိုးတကြီး ဖမ်းကိုင်လိုက်ရတဲ့ ဖီလင်ဟာ အတော့်ကို ခွဲခြမ်းစိတ်ဖြာရခက်တဲ့ ဖီလင်မျိုးပဲ။ ပျော်သလိုလို၊ အားကိုးချင်သလိုလို၊ ယုံကြည်ချင်သလိုလို၊ မျှဝေချင်သလိုလို။ နန္ဒာစိုးလိုပဲ ဇေယျာသူတစ်ယောက်လည်း ခံစားချက်မျိုးစုံ ခံစားလိုက်ရတယ်။ ထူးထူးခြားခြား သိသာတဲ့ ခံစားမှုကတော့ နန္ဒာစိုး သူ့လက်ကို ကိုင်လိုက်တဲ့အချိန်မှာ တစ်ယောက်ရဲ့ သွေးတွေ အခြားတစ်ယောက် ကိုယ်ထဲ အပြန်အလှန် စီးဝင်သွားသလိုပါပဲ။ ပြီးတော့ အားကိုးခံချင်တဲ့ စိတ်တွေ၊ ကာကွယ်ပေးချင်တဲ့စိတ်တွေ တဖွားဖွား ပေါ်ပေါက်လာပါတယ်။ အဲဒီအချိန်မှာ ဇေယျာသူရဲ့ သွေးထဲမှာရှိတဲ့ သတ္တိတွေကို ဒီဂရီနဲ့ ဖော်ပြလို့ရမယ်ဆိုရင် ဘုရင့်နောင်ထက်လည်း လျော့မှာမဟုတ်ဘူး။ အလောင်းမင်းတရားထက်လည်း နည်းမှာမဟုတ်ဘူး။ နပိုလီယံထက်



www.burmeseclassic.com

www.burmeseclassic.com



လည်း လျှို့မှာမဟုတ်ဘူး။ အလက်ဇန္ဒာသဂရိုတ်ထက်လည်း နိမ့်မှာ မဟုတ်တာ အသေအချာပါပဲ။ ဗေယျာသူတစ်ယောက် ပန္နုလစစ်သူကြီး ခနဲဖြုခံတပ်ကနေ ရန်သူတွေကို လှမ်းကြည့်သလို ရင်ကော့ ခေါင်းမော့ ပြီး ကားလမ်းကူးဖို့ ပြင်လိုက်တယ်ဆိုရင်ပဲ . . .

"ဟဲ့ . . . ဟိုမှာ ကား"

ကားလမ်းပေါ် ခြေတစ်လှမ်းချပြီးတဲ့ ဗေယျာသူခမျာ နန္ဒာစိုး သာ ပြန်ဆောင့်မဆွဲထားရင်း သေချာပေါက် နှစ်ယောက်စလုံး အတွဲ လိုက် ကားနဲ့အောင်းမိမှာ အသေအချာပါပဲ။ ဝေါခနဲ ဖြတ်သွားတဲ့ ကား နောက်မြီးကို ကြည့်ရင်း ဗေယျာသူခမျာ စောစောက သတ္တိသွေးတွေ ဖုတ်ခနဲ ပြန်ကျသွားပါတယ်။

"ဟူး . . . တော်သေးတာပေါ့ဟာ၊ မမြင်ရတဲ့လူက ပြောပေလို့ နို့မို့ဆို နင်နဲ့ငါ ရေဝေးသွားတဲ့ကားပေါ် ရောက်နေလောက်ပြီ ဒါနဲ့ နင် မမြင်ရတာတော့ တကယ်ဟုတ်ပါတယ်နော်"

နန္ဒာစိုးက မျက်စောင်းတွေ ထပ်ထိုးပါတယ်။ ဒီကောင်မလေး ဒီနေ့ မျက်စောင်းတွေ စွတ်လွှတ်နေတော့တာပဲ။ ဒီတစ်ခါတော့ နန္ဒာစိုး က ဗေယျာသူရဲ့ လက်မောင်းကို လက်နှစ်ဖက်လုံးနဲ့ ခွဲ့ခွဲ့လေး ဆုတ် ကိုင်လိုက်ပြီး ကားဘေးဝဲယာကို ကြည့်ပြီး ပြောလိုက်ပါတယ်။

"ကဲ . . . လာ၊ ကူးစို့"

ကားလမ်းကူးရင်း ဗေယျာသူက ပြောင်စပ်စပ်နဲ့ သီချင်းလေး ဆိုနေသေးတယ်။

"ဘတူလေးလဲ၊ ဘတူလေးလဲ"

နန္ဒာစိုးကလည်း အားကျမခံ ပြန်ဆိုပါတယ်။

"ငပေါကြီး၊ ငပေါကြီး၊ ဗေယျာသူ ငပေါကြီး"

မှန်းလွဲ နေကျဲကျဲအောက်မှာ ချက်ချင်းလက်ငင်းကြီး လတွေ့ သာ၊ ကြယ်တွေ လက်ကုန်ပါတော့တယ်။ အင်း . . . ဒီအတိုင်းဆိုရင်တော့ နန္ဒာစိုးတစ်ယောက် စိုးမေလှိုင်ဆီ ဖုန်းဆက်ရမယ့်ကိစ္စတောင် သတိရ ပါတော့မလားပဲ။

★ ★ ★

ကောင်တာမှန်ဘီရိုမှာ ထည့်ထားတဲ့ fancy နားဆွဲလေး ၂ ခု လှဉ်ကြည့်နေရင်းက စိုးမေလှိုင်က အရောင်းစာရေးမလေးကို ပြခိုင်း လိုက်ပါတယ်။

"အစ်မရေ . . . အဲဒီနားဆွဲလေး ၂ ခု ထုတ်ပြပေးပါနော်"

စိုးမေလှိုင်က နားဆွဲလေး ၂ ခုကို လှည့်ပတ်ကြည့်နေရင်းက ဦးကောင်းမြတ်ကို လှည့်ပြီး မေးလိုက်တယ်။

"ဦး ဘယ်ဟာယူရင် ကောင်းမလဲဟင်"

"စိုးသဘော၊ ကြိုက်တာယူလေ"

စိုးမေလှိုင်က ကောင်တာဘက် ပြန်လှည့်ပြီး ဈေးမေးလိုက်ပါ တယ်။

"ဘယ်လောက်လဲဟင်"

"ဒါလေးက ရှစ်သောင်း၊ ဒီဥစ္စာက တစ်သိန်းခွဲ"

စိုးမေလှိုင်က အသေအချာကြည့်ပြီး တစ်သိန်းခွဲတန် နားဆွဲလေး ကို ရွေးလိုက်ပါတယ်။ ပြီးတော့ ဦးကောင်းမြတ်ဘက် လှည့်ပြီး ပြောလိုက် သေးတယ်။

"ဦးဆီက အဖိုးတန် ရွှေတွေ၊ ငွေတွေ၊ ကျောက်သံပတ္တမြားတွေ မလိုချင်ပါဘူး၊ ဟောဒီ fancy နားဆွဲလေးရရင်ပဲ စိုး ကျေနပ် ပါတယ် ဦးရယ်၊ ဟင်း ဟင်း"

အမလေး ပြောတတ်လိုက်တာ။ ဘယ်ပါးစပ်မျိုးလေးနဲ့ ပြော လိုက်တာပါလိမ့်။ ပြောတော့သာ fancy နားဆွဲ။ ပေးလိုက်ရတော့ ငွေ တစ်သိန်းခွဲ။ ဒီလောက်ငွေတွေ နည်းတယ်အောင့်မေ့လို့။ ဦးကောင်းမြတ် လည်း ဝတ္တရားမပျက် ထုတ်ပေးလိုက်ရတယ်။

"ရင်းထား၊ ရင်းထား၊ ပြီးမှ ရင်းစားပြန်ယူရမယ်"

ဦးကောင်းမြတ်က စိတ်ထဲက တွေးရင်း စိုးမေလှိုင် ဝယ်သမျှ



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲက ပြန်တွက်ကြည့်လိုက်ပါတယ်။

"ရေမွှေးက သုံးသိန်းခွဲ၊ cosmetic ဝမ်းဆက်က ငါးသိန်း၊ အကျီ အဝတ်အစား သုံးစုံက လေးသိန်းခြောက်သောင်းငါးထောင်၊ အခု fancy နားကပ်က တစ်သိန်းခွဲ၊ ပေါင်းကြည့်လိုက်ရင် ငါး ထောင်၊ ခြောက်နဲ့ ငါးပေါင်း၊ ဆယ့်တစ်၊ ငါးနဲ့ ထပ်ပေါင်း ဆယ့်ခြောက်၊ တစ်ကို စိတ်ထဲမှာမှတ်၊ လေး၊ ကိုး၊ ဆယ့်သုံး ဆယ့်လေး"

အားပါးပါး . . . တစ်နာရီအတွင်း စိုးမေလှိုင် သုံးလိုက်တဲ့ ပိုက်ဆံက ဆယ့်လေးသိန်း ခြောက်သောင်းငါးထောင်။ ဒီပိုက်ဆံလောက် နဲ့ဆို စင်ကာပူ တစ်ညအိပ်လောက် သွားလို့ရတယ်။ ဦးကောင်းမြတ်က သူကိုင်လာတဲ့ ပိုက်ဆံထုတ်ကို ကြည့်လိုက်ပါတယ်။ စိုးမေလှိုင်က ဦး ကောင်းမြတ်ကို အားနာသလို ကြည့်ရင်း . . .

"အဟင်း . . . အားနာလိုက်တာ ဦးရယ်၊ ဒီနေ့မှ စိုးလည်း လို ချင်တာလေးတွေ များနေတာနဲ့ ဦးရဲ့ပိုက်ဆံကို သက်သက်မဲ့ ဖြုန်းတီးနေသလိုများ ဖြစ်နေသလားမသိဘူး၊ စိုးကိုက မသိတတ် တာပါ၊ ဦးက နဖူးကချွေး ခြေမ,ကျအောင် ရှာထားရတာ"

ရှာတုန်းက ချွေး ဒီလောက်မကျဘူး။ စိုးမေလှိုင် သုံးတာကို မြင်ရမှ ချွေးက အတောင့်လိုက် ကျတာ။ ဦးကောင်းမြတ်က နဖူးကို လက်နဲ့ သပ်ရင်း . . .

"ရပါတယ်၊ ဒီလောက်ကတော့ ပါးပါးလေးပါပဲ စိုးရဲ့"

အဟုတ်ကို ပါးပါးလေး။ ကျွတ်ကျွတ်အိတ်ထဲက ပိုက်ဆံတွေ ပြောပါတယ်။ ပါးလိုက်တာမှ ကျန်တဲ့ပိုက်ဆံက တစ်သိန်းတောင် မပြည့် ချင်တော့ဘူး။

"ကဲ . . . ဒီနေ့တော့ ဒီလောက်နဲ့ တော်ကြတာပေါ့၊ ဦး ပင်ပန်း နေပြီ၊ စိုးလေးနဲ့ အေးဆေးတဲ့နေရာတစ်ခုမှာ သွားပြီး နားချင် ပြီ၊ ဟင်း ဟင်း ဟင်း"

စိုးမေလှိုင်က ဦးကောင်းမြတ်ရဲ့ တဟင်းဟင်းကြီးကို ကြက်သီး ထသွားပါတယ်။ လက်ပတ်နာရီကို မသိမသာ ကြည့်တယ်။ အချိန်က ညနေ လေးနာရီခွဲခါနီးနေပြီ။





"ကျွတ် . . . ဒုက္ခပါပဲ၊ နန္ဒာစိုးတစ်ယောက်ကလည်း အခုထိ ဖုန်းမဆက်သေးဘူး၊ ဦးကောင်းမြတ်ကလည်း ဒီနေ့ အလွတ်ပေး တော့မှာ မဟုတ်ဘူး၊ ဘယ်အပေါက်က ဘယ်လိုထွက်ရပ့်၊ နန္ဒာ စိုး အစုတ်ပလုပ်မရဲ့၊ မြန်မြန်ဖုန်းဆက်ပါတော့ဟဲ့"

စိုးမေလှိုင်က အခုထိ ဖုန်းမဆက်နိုင်သေးတဲ့ နန္ဒာစိုးကို စိတ်ထဲ က ကြိတ်ပွားရင်း အကျပ်ရိုက်နေပါတယ်။ မျက်နှာမှာတောင် ချွေးသီး လေးတွေ စို့လို့။ အဲဒါကို ခပ်လှမ်းလှမ်းကနေ ကြည့်ပြီး သဘောကျနေ တာက ကိုအောင်မြင်။ သူက စိုးမေလှိုင် ဘယ်လိုလှည့်ထွက်မလဲဆိုတာ ကို စိတ်ဝင်တစား စောင့်ကြည့်နေတာပါ။ ဘယ်ကနေ ဘယ်လိုဖြစ်ပြီး စိုးမေလှိုင်ကို စိတ်ထဲက 'ခင်'နေမိမှန်း မသိဘူး။ စိုးမေလှိုင်တစ်ယောက် အကျပ်ရိုက်နေချိန်မှာတော့ ဇေယျာသူနဲ့ နန္ဒာစိုးတို့က ဆက်သွယ်မှု ရေိယာပြင်ပမှာရှိတဲ့ မျက်မှန်ဆိုင်မှာ မျက်ကပ်မှန်လုပ်ရင်း ပျော်လို့ မော်လို့။

ဦးကောင်းမြတ်ကတော့ စိုးမေလှိုင် လစ်ထွက်မသွားအောင် ဝယ်လာတဲ့ အထုပ်အပိုးတွေ လက်ကဆွဲ၊ ကျန်တစ်ဖက်က စိုးမေလှိုင်ကို တင်းတင်းဆွဲပြီး ကားပါကင်ဆီ ထွက်သွားပါတယ်။ စိုးမေလှိုင်က ရှုန်း ကြည့်တယ်။ မရဘူး။ မျက်နှာလေး ရှုံ့မဲ့သွားတယ်။

"အား . . . နာတယ်၊ နည်းနည်းလောက် လျှော့ပါ ဦးရဲ့၊ ဘယ်လို ဖြစ်နေမှန်း မသိပါဘူး၊ ဦး . . . စိုးပြောတာ နားထောင်ပါဦး"

ဦးကောင်းမြတ်က မလျှော့ပေးတဲ့အပြင် ထပ်ပြီးတောင် တင်း လိုက်ပါသေးတယ်။

"ပြောစရာရှိ ကားထဲရောက်မှ ပြောကြတာပေါ့၊ ကဲ . . . လာ"

"ဟင့် . . . ဦးနော်၊ အဲဒီလို အတင်းကြီးဆိုရင် စိုး မလိုက်တော့ ဘူး"

"မလိုက်ချင်လို့ မရဘူး"

ဦးကောင်းမြတ်က စိုးမေလှိုင်ကို ခပ်တင်းတင်းပဲ ဆွဲခေါ်နေပါ တယ်။ သွားပြီ။ စိုးမေလှိုင်တစ်ယောက် ဦးကောင်းမြတ်ကို လျှော့တွက် မိတာ များသွားပြီ။ ဒီအတိုင်းဆိုရင်တော့ သူ့ဘဝလေး အလျှော်အစား ကြမ်းပြီထင်ပါရဲ့။ ဟို နန္ဒာစိုးဆိုတဲ့ မိန်းမကလည်း ဘယ်ချောင်ထဲ ...



www.burmeseclassic.com

www.burmeseclassic.com



နေလည်း မသိပါဘူး။ သွားပြီ။ မှားပြီ။ ဦးကောင်းမြတ်က ကားတံခါး သော့ဖွင့်ပြီး စိုးမေလှိုင်ကို ကားထဲထိုးထည့်လိုက်ပါတယ်။ အဲဒီအချိန် မှာပဲ . . .

"ဟာ . . . ဦးကောင်းမြတ်၊ ဦးကောင်းမြတ် ဟုတ်ပါတယ်နော်"

ဦးကောင်းမြတ်နဲ့ စိုးမေလှိုင်တို့နှစ်ယောက် အသံကြားရာ လှည့် ကြည့်လိုက်တော့ နှုတ်ဆက်လိုက်သူက ကိုအောင်မြင်။ စိုးမေလှိုင်က ချက်ချင်းဆိုသလို ကိုအောင်မြင်ကို မှတ်မိလိုက်ပါတယ်။

*"ဒါ မမအိန္ဒြာစိုးတို့ အောဂျင်စီက ဘော့စ်ပဲ၊ နာမည်က ကိုအောင်မြင်"*

ဒီလိုပဲ။ စိုးမေလှိုင်တို့က ယောကျ်ားလေးတွေနဲ့ ပတ်သက်ရင် အရမ်းကို အမှတ်သညာ ကောင်းတာ။ ဦးကောင်းမြတ်ကတော့ သူ့ကို By name ကြီးနဲ့ အပ်ချမတ်ချ နှုတ်ဆက်လာတဲ့လူကို ဇဝေဇဝါ ကြည့် ပါတယ်။ သူ့အသိထဲမှာ ဒီရုပ်မျိုးနဲ့ နည်းနည်းဆင်တာတောင် မရှိဘူး ဒါပေမဲ့ စီးပွားရေးသမားဆိုတော့ တစ်နေရာမဟုတ် တစ်နေရာမှာ ဆုံဖူး ရင်လည်း ဆုံဖူးမှာပေါ့။ ဒါနဲ့ပဲ အလိုက်သင့်လေး . . .

"စိတ်မရှိပါနဲ့ဗျာ၊ ခင်ဗျားက . . ."

"ဟာ ဦးကောင်းမြတ်က ကိုယ့်ကျေးဇူးရှင် ကိုယ်မေ့ပြီပေါ့"

"ဗျာ . . . ကျေးဇူးရှင်"

ဦးကောင်းမြတ်ခမျာ မျက်လုံးရော မျက်ခုံးရောပါ တစ်ပြိုင်နက် ပင့်သွားပါတယ်။ သူ့မှာ ကျေးဇူးတင်ထိုက်သူဆိုလို့ မာတာနဲ့ ပီတုဆိုတဲ့ မိဘနှစ်ပါးရယ်၊ အခုတော့ ဘဝနတ်ထံ ပျံလွန်တော်မူသွားပြီဖြစ်တဲ့ ရွာ ဦးကျောင်းက ဆရာတော်ရယ်၊ သူ့ကို ချမ်းသာအောင် လုပ်ပေးခဲ့တဲ့ ကွယ်လွန်သူ ဇနီးဟောင်းရယ်ပဲ ရှိတာ။ အခုတော့ နေရင်းထိုင်ရင်း ဘယ်ကကျေးဇူးရှင် ပေါ်လာတာပါလိမ့်။

"နေစမ်းပါဦး၊ ခင်ဗျားက ဘယ်သူတုန်း"

"ကျွန်တော် အောင်မြင်လေဗျာ၊ 'အောင်မြင်သစ္စာ' အကို ဆောင် အောဂျင်စီက အောင်မြင်လေ၊ အခု စုံတွဲခုတ်လာတာ





ပေါ့၊ ဝမ်းသာတယ်ဗျာ"

ဦးကောင်းမြတ်က ပိုပြီး ဇဝေဇဝါဖြစ်သွားပါတယ်။ ဦးကောင်း မြတ်က တစ်ခုခုပြောမလို့ ပြင်တုန်း ကိုအောင်မြင်က စိုးမေလှိုင်ဘက် လှည့်ပြီး ဦးကောင်းမြတ် မမြင်အောင် မျက်လုံးမှိတ်ပြလိုက်တယ်။

"နေကောင်းတယ်နော်၊ ညီမက အိမ်ထောင်ကျပြီးမှ ဝလို့ လှလို့ ပါလား၊ မှတ်တောင် မမှတ်မိဘူး၊ ခါတ်တည့်တယ်ထင်တယ်၊ ကလေးမရသေးဘူးလား၊ ယူတော့လေဗျာ၊ တော်ကြာ . . . ဦးကောင်းမြတ်ကြီး ကလေးချီလာရင် မြေးလေးလားလို့ အမေး ခံနေရဦးမယ်"

စိုးမေလှိုင်က ပထမတော့ ကြောင်နေရာက ချက်ချင်းဆိုသလို နားခွက်က မီးထတောက်လိုက်ပါတယ်။ ဒါ ကိုအောင်မြင်ဆိုတဲ့လူ သူ့ ဒုက္ခရောက်တော့မယ်မှန်း သိလို့ ဝင်ကူလိုက်တာပေါ့။ စိုးမေလှိုင်လည်း ကားထဲရောက်နေတဲ့ ကိုယ်တစ်ပိုင်းကို ကားအပြင်ရောက်အောင် ပြန် ထွက်၊ အခုထိ ဆွဲထားတဲ့ ဦးကောင်းမြတ်လက်ကို ဆောင့်ရုန်းလိုက်ပြီး-

"ဟင် . . . ဦးက အိမ်ထောင်နဲ့၊ မိန်းမငယ်ငယ်ချောချောလေး ဟုတ်လား၊ အမလေး . . . ရက်စက်လိုက်တာ ဦးရယ်၊ စိုးက တော့ အိမ်ထောင်မရှိဘူးထင်ပြီး ပေးဆပ်လိုက်ရတာ၊ အခု တော့ ရှင်ကြီးက ခါတ်ဆီရော၊ CNG ပါ တစ်ပြိုင်နက် မောင်း ချင်နေတဲ့ တူးစီအင်ဂျင်ကြီးကိုး၊ အမလေး . . . ရက်စက်လိုက် တာ"

ဦးကောင်းမြတ်က ရုတ်တရက် ပြာယာခတ်သွားတယ်။ နှုတ် ခမ်းနားရောက်နေပြီးသား Humberger ပေါ်ကို ကျီးကန်းက ချေးပါချရ တယ်လို့။ ဦးကောင်းမြတ်က . . .

"ဟာ . . . မဟုတ်ဘူး စိုး၊ ဦး ရှင်းပြမယ်၊ ဒီလူကို ဦး မြင်လည်း မမြင်ဖူးဘူး၊ ဦးမှာ ဘယ်မိန်းမမှ မရှိဘူး၊ ဦး အရင်မိန်းမ ဆုံး သွားတာလည်း စိုးကို ပြောပြပြီးသားပါ၊ ဦးက လူလွတ်စစ်စစ် တစ်ယောက်ပါ စိုးရယ်၊ ဘေးပြောတာ မယုံပါနဲ့၊ ဦးပြောတာပဲ



www.burmeseclassic.com

www.burmeseclassic.com



ယုံစမ်းပါ"

"အို . . . ဘာမှ လာရှင်းပြမနေနဲ့တော့၊ မယုံဘူး၊ လုံးဝ မယုံဘူး၊ ရှင့်ကို လူကြီးလူကောင်းလို့ ထင်ထားခဲ့တာ၊ အခုတော့ ငပိအိုးလည်း နှိုက်၊ ဆားအိုးလည်း နှိုက်၊ အိုးစွပ်ခွက်စွပ် တွေ့ကရာ အကုန်နှိုက်တဲ့ လူစားမျိုး၊ ကြောင်သူတော်ကြီး၊ ဒီမှာ ဦးကောင်းမြတ်၊ ကျွန်မ သင်ခန်းစာ အကြီးကြီး ရသွားပြီ၊ ရှင် ကျွန်မကို လုံးဝမဆက်သွယ်ပါနဲ့၊ ရှင်ပေးတဲ့ ပစ္စည်းတွေလည်း ကျွန်မ လုံးဝမလိုချင်တော့ဘူး၊ ကျွန်မ မေတ္တာတွေ စော်ကားခံရတာ လုံးဝ အသည်းနာတယ်၊ ရော့ . . . ရှင့်ပစ္စည်းတွေ"

စိုးမေလှိုင်က အိုက်တင်ပါပါနဲ့ ဝယ်လာတဲ့ပစ္စည်းတွေကို ရုပ်ရှင်ထဲကလို ဦးကောင်းမြတ်ကို ကောက်ပေါက်ပြီး မျက်နှာလေးကို လက်ဝါးနဲ့အုပ်ပြီး ပြေးထွက်သွားပါတယ်။ ငိုနေလို့ မဟုတ်ဘူး။ စပ်ဖြဲဖြဲဖြစ်နေတာ လူမြင်မှာစိုးလို့။ ကောက်သာ ပေါက်ခဲ့ရတယ်။ ပစ္စည်းတွေတော့ နှမြောမိသား။ ကိုအောင်မြင်ကတော့ သူထင်တာထက်ကို သရုပ်ဆောင်ကောင်းနေတဲ့ စိုးမေလှိုင်ကို ကြည့်ပြီး သဘောကျ ကျန်ရစ်ခဲ့တော့တယ်။ ဒီကောင်မလေးသာ ရုပ်ရှင်မင်းသမီး လုပ်စားလို့ကတော့ အကယ်ဒမီတွေ ကွန်တိန်နာနဲ့ ထည့်ထားရမယ် ထင်ပါရဲ့။ ဦးကောင်းမြတ်က နောက်က လိုက်မလို့ လုပ်နေတုန်း ကိုအောင်မြင်က ရှေ့က ပိတ်ရပ်လိုက်ရင်း . . .

"ဟာ . . . စိတ်မကောင်းလိုက်တာဗျာ၊ ကျွန်တော့်ကြောင့် ခွင်ပျက်သွားပြီထင်တယ်၊ ကျွန်တော်ကိုယ်တိုင်က ပိန်းလွန်းတာပါဗျာ၊ ဦးကောင်းမြတ်မှာ ဖရီးဆိုက်လေးတွေ အများကြီး ရှိနေနိုင်တယ်ဆိုတာ မေ့သွားတယ်ဗျာ၊ ကဲ . . . ကဲ . . . ပစ္စည်းတွေ ပြန်ကောက်လိုက်ပါဦး၊ တော်ကြာ လူလည်းမရ၊ ပစ္စည်းလည်း ဆုံးနေဦးမယ်၊ ပစ္စည်းတန်ဖိုးက နည်းမှာမဟုတ်ဘူး၊ ဆယ့်လေးသိန်း ခြောက်သောင်း ငါးထောင်လောက်တောင် ရှိမလားပဲ၊ ပစ္စည်းတွေက နောက်တစ်ခွင်ကျရင် သုံးလို့ ရတာပေါ့၊ ဆောရီး





နော်၊ သွားလိုက်ဦးမယ်"

ကိုအောင်မြင်ကလည်း စိုးမေလှိုင်ထက် မလျော့တဲ့ အိုက်တင်နဲ့ ဦးကောင်းမြတ်ကို နှုတ်ဆက်ပြီး ထွက်လာခဲ့ပါတယ်။ ဦးကောင်းမြတ်က အခြေအနေကို သုံးသပ်မိလိုက်ပြီး . . .

"တောက် . . . ဟော့လူ နေဦး"

ကိုအောင်မြင်က ပြန်လှည့်ကြည့်တယ်ဆိုရင်ပဲ . . .

"ခွပ်"

ဦးကောင်းမြတ်ရဲ့ လက်သီးက ကိုအောင်မြင် မျက်ခွက်တည့်တည့် ဝင်သွားပါတော့တယ်။ အင်း . . . ဦးကောင်းမြတ်ကလည်း လူကြမ်းအိုက်တင် ပိုင်တာပါပဲလား။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တာကုန်လို့ မိုးကုပ်စက်ဝိုင်းအောက် ငုပ်လျှိုးတော့မယ့် နေလုံးကြီးဟာ အင်းယားကန်ရေပြင်နောက်က တိုက်တာအဆောက်အဦကို ရဲရဲနီအောင် အလကားမတ်တင်း ဆေးနီဖြန်းပေးနေပါတယ်။ ကန်စပ်က အအေးဆိုင်လေးမှာတော့ ကိုအောင်မြင့်နဲ့ စိုးမေလှိုင်ပါ။ စိုးမေလှိုင်က ကိုအောင်မြင့်ကို ကျေးဇူးတင်စကား ပြောချင်လို့ နေ့မဆိုင်းဘဲ ဖုန်းဆက် ခေါ်လိုက်တာပါ။ သူ့ဆီမှာ ကိုအောင်မြင့်ရဲ့ visiting card ရဖူးဘယ်လေ။ ကိုအောင်မြင့်ကတော့ ပါးတစ်ခြမ်း ဖူးယောင်ပြီး ရောက်လာလေရဲ့။ ဦးကောင်းမြတ် ထိုးလွှတ်လိုက်တာလေ။ စိုးမေလှိုင်ခမျာ ကိုအောင်မြင့် ဒဏ်ရာကိုကြည့်ပြီး ဖလောရင့် နိုက်တင်ဂေးထက် မလျော့တဲ့ ကရုဏာတရားတွေ ဖြစ်ထွန်းလာရပါတယ်။ ဒါနဲ့ပဲ ဆိုင်က ရေခဲတောင်းပြီး သပြေသီးမှည့်ရောင်ကနေ သဘော်သီးမှည့်ရောင် ဖြစ်အောင် ကိုယ်တိုင်ကိုယ်ကျ ရေခဲအုပ်ပေးလိုက်ရတယ်။ ကိုအောင်မြင့်မှာတော့ ဒဏ်ရာပေါ် ရေခဲအုပ်လိုက်တိုင်း မျက်နှာက အေးပြီး နှလုံးသားက နွေးလာပါတယ်။ ပြီးတော့ နှာခေါင်းကလည်း မွှေးသေးတယ်။ စိုးမေလှိုင်ရဲ့ ကိုယ်သင်းနံ့နဲ့ ရောနေတဲ့ ရေမွှေးနံ့လေးပါ။ ဒါပေမဲ့ ကိုအောင်မြင့်က သူ့နှလုံးသားခံစားချက်လေးတွေကို မပေါ်အောင် ထိန်းထားလိုက်ပါတယ်။ တစ်ဘက်သူက စိုးမေလှိုင်ပဲဟာ။ လျှော့တွက်လို့ ဘယ်ရလိမ့်မလဲ။ ကိုအောင်မြင့်ဆီက စိတ်ဝင်စားတဲ့ အရိပ်အယောင် တစ်စွန်းတစ်စ ထွက်လာတာနဲ့ ဟိုက ပုတ်သင်ညိုအမြီး ကြိုးနဲ့ချည်ပြီး ကလေးတွေ ကစားသလို ခေါင်းညိတ်စိုင်းတိုင်း ကစားတော့မှာ။ အဲဒီတော့လည်း ကိုအောင်မြင့်က ဆရာကြီးလိုလို၊ အစ်ကိုကြီးလိုလို လေသံမျိုး ဖမ်းတင်လိုက်ပြီး-

"ဘယ်လိုလဲ၊ သည်းထိတ်ရင်ဖို အရသာလေး"

စိုးမေလှိုင်ကတော့ ခပ်ပြုံးပြုံးပါပဲ။

"အပာင်း . . . နည်းနည်းပါးပါးလောက်တော့ ရင်တုန်သွားတာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့၊ ဒါနဲ့ အစ်ကိုက ဘယ်အချိန်ကတည်းက စိုးတို့ကို သတိထားမိနေတာလဲ"

"ညည်းသူငယ်ချင်းဆီကို ဖုန်းဆက်ကတည်းကပဲ"

"ဩော် . . . ဩော် . . . ဒါနဲ့ ဒီဦးကောင်းမြတ်ကြီးက မိန်းမ တကယ်ရှိတာလား"

စိုးမေလှိုင်က သူသိချင်တာကို မေးကြည့်လိုက်ပါတယ်။ ကိုအောင်မြင်က ခေါင်းခါပြရင်း . . .

"မသိဘူးလေ၊ စိတ်ထဲပေါ်တာ လျှောက်လုပ်လိုက်တာပဲ၊ ဦးကောင်းမြတ်ကြီးတော့ အတော့်ကို အီလည်လည်နဲ့ ခံရခက်မှာ၊ တကယ်ဆို ယောကျ်ားအချင်းချင်း ကိုယ် ဒီလိုမလုပ်သင့်ဘူး၊ တစ်ဖက်ကလည်း မင်းကိုကြည့်ပြီး ကိုယ့်ညီမလေးဆိုရင်ဆိုတဲ့ အတွေး ပေါ်လာလို့ လုပ်လိုက်မိတာ"

"ညီမလေး၊ ဟုတ်လား၊ အစ်ကို့မှာ ညီမရှိလား"

"ဟင့်အင်း"

"ညီမ မရှိဘဲ ညီမဆိုတဲ့အတွေးက ဘယ်လိုလုပ် ပေါ်လာရတာလဲ"

စိုးမေလှိုင်က ကိုအောင်မြင်စကားထဲကနေ ပျော့ကွက်နင်းလိုက်ပါတယ်။ ကိုအောင်မြင်ကလည်း ပျော့သွားတဲ့အကွက်ကို မာသွားအောင်ပြန်ကာလိုက်တယ်။

"ကိုယ့်မှာ ညီမ မရှိပေမယ့် ညီမလို စောင့်ရှောက်ပေးရမယ့် လူတွေ အများကြီးရှိတယ်၊ ဒါနဲ့ မင်းက ယောကျ်ားလေးတွေကို ဒီလိုပဲ အမြဲတမ်း ပုံစံပေးနေတာပဲလား"

စိုးမေလှိုင်က မဲ့ပြုံးလေး ပြုံးရင်း . . .

"အစ်ကိုကရော တွေ့တဲ့မိန်းကလေးတိုင်းကို ဆရာကြီး လိုက်လုပ်နေတာပဲလား"

"ကိုယ့်မှာ အဲဒီလောက် အချိန်မပေါပါဘူး၊ ကြုံလိုက်လို့ပါ၊ တစ်ခုတော့ သတိပေးမယ်၊ ဆရာကြီးလုပ်တာတော့ မဟုတ်ဘူး၊ ညီမလို လူရည်လည်တဲ့လူတောင် အခုလို ချွတ်ချော်တိမ်းစောင်းသွားရင် ဘဝမှာ အမှားတစ်ကွက် ကြုံသွားနိုင်တာ လက်တွေ့ပဲ၊ အချစ်ကို ရှာတာ ရှော့မရှိပေမယ့် အချစ်ကို ကစားတာတော့ ရှော့ရှိသွားနိုင်တယ်၊ ညီမ တကယ်ချစ်တဲ့လူက ညီမအကြောင်း သိသွားပြီး အထင်သေးသွားရင် ဘယ်လိုလုပ်မလဲ"

စိုးမေလှိုင်က တွေတွေလေး ငေးသွားပြီး မေးခွန်းထုတ်လိုက်ပါတယ်။

"အစ်ကိုကရော စိုးလိုပဲ မျက်နှာများတဲ့လူဆိုရင် အထင်သေးမှာပဲလား၊ သိချင်လို့ မေးတာနော်၊ တလွဲမတွေးနဲ့ဦး"

ကိုအောင်မြင်ခမျာ စပ်စပ်စုစုမေးလာတဲ့ စိုးမေလှိုင်ကို အကဲခတ်သလို ကြည့်လိုက်ပါတယ်။ ဒီကောင်မလေး သူ့ကို စ'အီ'နေပြီ ထင်တယ်။ စိုးမေလှိုင်တို့ ရည်းစားကို ကွက်လပ်မရှိအောင် ထားတတ်တဲ့ပုံပါပဲ။ စောစောကမှ ဦးကောင်းမြတ်နဲ့ လမ်းခွဲတယ်။ အခု ကိုအောင်မြင်ကို ဇာတ်လမ်းစချင်နေပြီ။ စကတည်းက ဦးချိုးထားမှ ဖြစ်တော့မယ်။

"အထင်တော့ မသေးပါဘူး၊ ကိုယ့်ညီမအရင်းဆိုရင် တင်ပါးကိုတော့ ထားဝယ်ကြိမ် ရေစိမ်ပြီး ခပ်စပ်စပ်လေး ရိုက်ပစ်ချင်တဲ့စိတ်တော့ ပေါက်မိတယ်၊ ကိုယ့်သဘောပြောရရင် ရည်းစားများတဲ့လူကို မကြိုက်တာ အမှန်ပဲ၊ တစ်ယောက်မကောင်း တစ်ယောက်ပြောင်းတာမျိုးကို အပြစ်မပြောချင်ပေမယ့် မကောင်းတိုင်း ပြောင်းနေရတယ်ဆိုကတည်းက ကိုယ့်ဘက်က အားနည်းချက်တစ်ခုရှိဖို့ များသွားပြီ၊ အဲဒီထက်ဆိုးတာက သက်သက်မဲ့ဂုဏ်ယူပြီး ရည်းစားများအောင် ထားတာမျိုးပဲ"

စိုးမေလှိုင်က မကျေမနပ် ဖြစ်သွားပါတယ်။ ဒါပေမဲ့လည်း ဒါသကို အသာလေး ငုံထားလိုက်ပြီး ဖျူဟာ ပြောင်းလိုက်တယ်။

"ညီမဘဝမှာ အစ်ကို့လို ပြောဆိုဆုံးမမယ့်သူ တစ်ယောက်မှမရှိဘူး၊ စိုးကို ညီမတော်လိုက်ပါလားဟင်"

ကိုအောင်မြင်ကလည်း 'ချပ်'ခနဲနေအောင် သဘောပေါက်လိုက်







www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။

"ဒါ ယောက်ျားလေးတွေကို စည်းရုံးတဲ့ formula တစ်ခုပဲလား"

ငုံထားတဲ့ ဒေါသက ပေါက်ခနဲ ထွက်ကျသွားတယ်။

"ဒါ သက်သက် လူကို အထင်သေးတာ၊ မယုံသလိုနဲ့ သွားပြ

မတော်ချင်ဘူးဆိုလည်း အောက်ကျခံပြီး အတင်းမတော်ပါဘူး"

ကိုအောင်မြင်က စူပုတ်ပုတ်မျက်နှာထားနဲ့ အခြားဘက်ကို လှည့်

သွားတဲ့ စိုးမေလှိုင်ကို ပြုံးပြုံးကြီး ငေးကြည့်နေပါတယ်။ ပုံစံက နွဲ့ဆို

ဆိုးချင်တဲ့ ညီမလေးကို ခွင့်လွှတ်အပြုံးနဲ့ ကြည့်နေတဲ့ အစ်ကိုကြီး ပုံစံမျိုး

အဲဒီအချိန်မှာပဲ ဇေယျာသူနဲ့ နန္ဒာစိုးတို့နှစ်ယောက်သား ကန်

ဘောင်ပေါ် ရောက်လာပါတယ်။ သူတို့နှစ်ယောက် မျက်ကပ်မှုန့် လုပ်

ပြီးလို့ တစ်ခုခုစားမယ်ဆိုပြီး ရောက်လာတာပါ။ မျက်ကပ်မှုန့်အသစ်နဲ့

မြင်မြင်သမျှ အားရပါးရ ကြည့်နေတဲ့ နန္ဒာစိုးက တစ်နေရာအရောက်မှာ

မျက်လုံးပြူးခနဲ ဖြစ်သွားတယ်။ ဟိုမှာ ယောက်ျားတစ်ယောက်နဲ့ ထိုင်

နေတာ စိုးမေလှိုင်ပဲ။ အခုမှ သတိရတယ်။ ညနေ လေးနာရီထိုးရင် သူ

ဆီကို ဖုန်းဆက်ခိုင်းထားတာပဲ။ နန္ဒာစိုးလည်း ကမန်းကတန်း ဇေယျာသူ

လက်ကို ဖမ်းဆွဲပြီး သစ်ပင်ကြီးတစ်ပင်နောက် ပုန်းနေလိုက်တယ်။

ဇေယျာသူက ဘုမသိ ဘမသိနဲ့ . . .

"ဘာ . . . ဘာဖြစ်လို့လဲ"

"ဟိုမှာ စိုးမေလှိုင်လေ၊ ကွိုင်ပဲ၊ သူက လေးနာရီထိုးရင် သူ့ဆီ

ဖုန်းဆက်ခိုင်းထားတာ၊ အခု ခြောက်နာရီတောင် ထိုးခါနီးပြီ"

"ဒါဆိုရင်လည်း အခု ဖုန်းဆက်လိုက်လေ"

နန္ဒာစိုးက Hand Phone ကို ထုတ်ပြီး ဆက်လိုက်ပါတယ်။

စိတ်ကောက်ပြီး ကန်ရေပြင်ကို ကသိုဏ်းရှုနေတဲ့ စိုးမေလှိုင်က သူ့ Hand

Phone မြည်သံကြောင့် ပေါ်လာတဲ့ ဖုန်းနံပါတ်ကို ကြည့်လိုက်တယ်။

ဝိုး . . . နန္ဒာစိုးဆက်တာပဲ။ မေ့လုံးကြီးတဲ့ မိန်းမ။ အခုမှ သတိရလို့

လှမ်းဆက်လိုက်ပုံပါပဲ။ ဘဝပျက်စရာရှိရင် စောစောကတည်းက ပျက်

ပြီးသွားပြီ။ စိုးမေလှိုင်လည်း ဆောင့်ဆောင့်အောင့်အောင့်နဲ့ ဖုန်းနား





ထောင်လိုက်တယ်။ ဖုန်းဝင်သွားတာနဲ့ တစ်ဖက်က နန္ဒာစိုးက **တောတ်**

လျှောက် လွှတ်ပါတော့တယ်။

"ဟဲ့ . . . စိုးမေလှိုင်၊ နင့်အစ်မ အူအတက်ပေါက်ပြီး ဆေးရုံ

တင်လိုက်ရတယ်၊ အဲဒါ နင်အခု မြန်မြန်လာခဲ့မှ ဖြစ်မယ်"

လာလာချည်သေး။ စိုးမေလှိုင်က မဲ့ရွဲ့လိုက်ရင်း . . .

"အေး . . . အဲဒီဆေးရုံကို နင့်အစ်မကိုသာ ပို့လိုက်တော့ဟေ့၊

ငါ့အစ်မက အူအတက်ရော၊ အူအချောင်းရော အကုန်ကောင်း

တယ်၊ ဟင်း . . ."

စိုးမေလှိုင်က ဖုန်းကို ချက်ချင်းပြန်ပိတ်လိုက်ပါတယ်။ ကိုအောင်

မြင်ကတော့ စိုးမေလှိုင်ကို ကြည့်ပြီး ရယ်နေလေရဲ့။ သစ်ပင်အောက်က

နန္ဒာစိုးမှာတော့ . . .

"ဟင်း . . . သူဆက်ခိုင်းလို့လည်း ဆက်ရသေးတယ်၊ ဟင်း. ."

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com



နန္ဒာစိုးတစ်ယောက် စာကြည့်စားပွဲပေါ်မှာ ထိုင်ပြီး မျက်မှန်အကျိုးလေးကို super glue လေးနဲ့ ဆက်နေပါတယ်။ ဟုတ်တယ်လေ။ မျက်မှန်ဆိုတာ စွယ်တော်ရွက်လို နှစ်လွှာပေါင်းမှတစ်ရွက်၊ အီကြာကွေးလို နှစ်ခုပေါင်းမှ တစ်ချောင်း၊ တွဲထားမှ ဖြစ်တာမျိုးမဟုတ်လား။ မျက်မှန်ကျိုးလေးကို ဆက်ရင်း စိတ်ကူးယဉ်လိုက်သေးတယ်။ မျက်မှန်ညာဘက်အခြမ်းလေးက ဇေယျာသူ။ ဘယ်ဘက်အခြမ်းလေးက နန္ဒာစိုး။ နှစ်ခုပေါင်းလိုက်တော့ မျက်မှန်မင်္ဂလာဆောင်။ ကိုယ့်အတွေးနဲ့ ကိုယ် သဘောကျနေတုန်း နောက်က ဖျပ်ခနဲ ရိုက်လိုက်တာကြောင့် လန့်သွားပါတယ်။

"အမလေး ဗုဒ္ဓေါ၊ ကုလားကြီးနဲ့ ငါနဲ့ညား"

ဘယ်က ကုလားကြီးက ပါလာရတာလည်း မသိဘူး။ နောက်ကို လှည့်ကြည့်လိုက်တော့ စိုးမေလှိုင် . . .

"ဟာ . . . လန့်လိုက်တာ စိုးမေလှိုင်ရာ၊ တကတည်း"

"ဟား ဟား ဟား . . . မိန်းမ မှန်မှန်ပြောစမ်း၊ ဘယ်က ကုလားကြီးကို စိတ်ကူးယဉ်နေရတာလဲ"

"နင့်အဆက်ဟောင်း ကုလားကြီးကိုဟေ့၊ နေစမ်းပါဦး၊ နင်က ဒီအချိန်ကြီး ငါ့အိမ်ကို ဘာလာလုပ်တာလဲ"

ဟုတ်ပါရဲ့။ အချိန်က ညကိုးနာရီ ထိုးခါနီး။ ဒီအချိန် တီဗွီရှေ့မှာ ကိုရီးယား ထိုင်မျှော်ရတော့မယ့် အချိန်လေ။

"နင့်အစ်မဆီ လာတာ"

"ငါ့အစ်မဆီ"

နန္ဒာစိုးက အပြေးအလွှား စဉ်းစားလိုက်တယ်။ ဒီအချိန် စိုးမေလှိုင် သူ့အစ်မကို လာရှာတယ်ဆိုတော့ . . .

"မဟုတ်မှလွဲရော နင်လာတဲ့ကိစ္စက ယောကျ်ားလေးကိစ္စပဲ ဖြစ်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



အတပ်ပဲဟော ပေဒင်ဆရာမ နန္ဒာစိုးရဲ့စကားကို စိုးမေလှိုင်က ပြုံးဖြီးဖြီးလေး လုပ်ရင်း . . .

"ယောက်ျားလေး မဟုတ်ဘူး၊ ယောက်ျားလတ်"

"ထင်သားပဲ"

စိုးမေလှိုင်က နန္ဒာစိုးနဲ့ စကားပြောနေရင်းက ထူးခြားတာတစ်ခု ကို သတိထားမိလိုက်ပါတယ်။

"ဟဲ့ . . . နင့်ကိုကြည့်ရတာ ထူးခြားနေပါတယ် အောင့်မေ့တာ၊ နင် မျက်ကပ်မှန် တပ်ထားတယ် မဟုတ်လား"

နန္ဒာစိုးက ရှက်ဝဲဝဲလေးနဲ့ မပွင့်တပွင့်လေး ပြန်ဖြေလိုက်တယ်။

"အင်း . . ."

တစ်သက်လုံး မျက်မှန်ပုံတုံးကြီး တပ်နေတဲ့လူက အခု မျက်ကပ်မှန်တွေ ဘာတွေ ပြောင်းတပ်လို့ဆိုတော့၊ အင်း . . .

"နင် မှန်မှန်ပြောစမ်း၊ နင့်ကြည့်ရတာ မရိုးတော့ဘူးနဲ့ တူတယ်"

နန္ဒာစိုးက ပြောင်လိမ်ပြောင်စား လုပ်လိုက်ပါတယ်။

"ဟာ . . . ရိုးရိုးသားသားပါဟာ၊ မျက်ထောင့်တွေ နာလာလို့ ဆရာဝန်ကို သွားပြတော့ ဆရာဝန်က မျက်ကပ်မှန် ပြောင်းတပ်ဖို့ အကြံပေးလို့ ပြောင်းတပ်လိုက်တာ"

ဆရာဝန်နဲ့ ကိုင်ပေါက်လိုက်တော့ စိုးမေလှိုင်က ငြိမ်သွားပါတယ်။ နန္ဒာစိုး ပညာတွေတတ်နေတာ သူ မသိလိုက်ဘူး။ အဲဒီနေ့က သမီး ကျောင်းပြေးတယ်လေ။ နန္ဒာစိုးက စိုးမေလှိုင်ကို စွေကြည့်ရင်း မသိမသာလေး စကားအစ်လိုက်ပါတယ်။

"ဟဲ့ . . . ဟိုကောင် ဗေယျာသူတစ်ယောက်ရော နင့်ဆီ ခဏ ခဏလာသေးလား"

"အေး . . . အဲဒီကောင် အခုတလော ပေါ်မလာဘူး၊ ကောင် စုတ်၊ ငါ့ကိုမှား မေ့သွားပြီလားမသိဘူး၊ နောက်တစ်ယောက် တွေ့နေပြီထင်တယ်"

မိန်းမလှလေးတွေ ခက်တာ အဲဒါပဲ။ သူတို့ကလည်း ပြန်မကြိုက် နိုင်။ နောက်တစ်ယောက် သွားကြိုက်မိပြန်တော့လည်း မကြိုက်ချင်။ ခက်တာက အချစ်ဆိုတာမျိုးက ဈေးရောင်းဈေးဝယ်သလို ဈေးချင်းတူ





ရင် ကျွန်မဆိုင် ပြန်လာအားပေးဦးဆိုပြီး ပြောလို့လည်းမဖြစ်။ စိုးမေလှိုင် ရဲ့ စကားကြောင့် နန္ဒာစိုးတစ်ယောက် ကျေနပ်ပြုံးလေး ကြိတ်ပြုံးလိုက် တယ်။ ခါတိုင်း ဗေယျာသူ စိုးမေလှိုင်ဆီသွားပြီး ကြွေပြနေတဲ့အချိန်တွေ ကို သူက အပိုင်သိမ်းလိုက်နိုင်ပြီကိုး။ ဒါပေမဲ့ စိုးမေလှိုင် သံသယ အရိပ် အငွေ့လေးတွေ မဝင်လာအောင် တော်ကီလေး ပစ်လိုက်ပါတယ်။

"သြော် . . . နင့်အမိန့်တော်အတိုင်း နိုင်ငံခြားပညာသင်ဆု ရ အောင် စာတွေလိုမ့်ကျက်နေတာ နေမှာပေါ့။ ဒါနဲ့ နင် သူ့ကို နည်းနည်းလေးမှတောင် စိတ်မဝင်စားဘူးလား"

စိုးမေလှိုင်က သူ့ရဲ့မူပိုင် ခပ်ထေ့ထေ့အပြုံးလေးနဲ့ . . .

"အဟင်း . . . ငါက ယောက်ျားမှန်သမျှ အကုန်စိတ်ဝင်စား တယ်၊ အကြီးကြီးစိတ်ဝင်စားတာနဲ့ သေးသေးလေး စိတ်ဝင်စား တာပဲ ကွာတယ်၊ ဒါပေမဲ့ အခုတလော အာရုံလာနေတာက ငါ့ထက်ကြီးတဲ့ ယောက်ျားတွေကိုပဲ"

"ဘာလဲ၊ ဦးကောင်းမြတ်တို့ size တွေကိုလား"

"နိုး . . . နိုး၊ ဦးကောင်းမြတ်ကြီး နားစမ်းပါဟာ၊ သူနဲ့ငါ အကန့် ပြတ်သွားပြီ၊ ဒီတစ်ခါတွေ့တဲ့တစ်ယောက်က ပုံစံတစ်မျိုးဟ၊ သူ့ကို ငါ လူများတွေထက် နည်းနည်းပိုပြီး၊ ဘယ်လိုပြောရမလဲ ဟာ"

"စိတ်ဝင်စားတယ်ပေါ့"

"အေး . . . အဲဒီလိုမျိုးပဲ ထားလိုက်ပါတော့၊ သူများတွေတ ငါ့ရဲ့ အလှအပတွေကို ကြွေပြနေတဲ့အချိန်မှာ သူက လုံးဝပဲ"

"နင့်ဥစ္စာက beauty blind ကြီးလားမှ မသိတာ"

"မဟုတ်ဘူး၊ သူက ငါလှတာကိုလည်း အသိအမှတ်ပြုတယ်၊ ဒါပေမဲ့ သူက ငါ့အစ်ကိုကြီးပဲ ဖြစ်ချင်တာတဲ့"

"ဘာ . . . တောက်တီးတောက်တဲ့ဟာ၊ သွေးမတော် သားမစပ်၊ ဘယ့်နှယ့် အစ်ကိုကြီး ညီမလေး လုပ်လို့ရမှာလဲ၊ နင့်အစ်ကိုကြီး က ဘင်္ဂလားမောင်နှမ တော်ချင်နေလားမှ မသိတာ"

"ဟုတ်တယ်၊ ဟုတ်တယ်၊ သူ့ပုံစံက ငါနဲ့ ဘင်္ဂလားမောင်နှမ အဆင့်မှာပဲ နေချင်တာမျိုး၊ အမယ်၊ နင်တောင် အတော်



www.burmeseclassic.com

www.burmeseclassic.com



တိုးတက်လာပါလား"

"ဒီလိုပေါ့ဟာ၊ လူဆိုတာ အတွေးအခေါ်တွေ အမြဲတမ်း ရပ်တန့်နေတာ မဟုတ်ဘူးလေ၊ အာပဲပြောပြော ဘဂ်လားမောင်နှမက သအာဝကျသေးတယ်၊ တရုတ်သိုင်းကားထဲကလို သွေးသောက်မောင်နှမဆိုရင်တော့ နင်ပါ အတွင်းအား ကျင့်နေရဦးမယ်"

"အေး . . . နင်ပြောတာ ဟုတ်တယ်၊ ဟား ဟား"

"ဒါနဲ့ အဲဒီတစ်မောက်နှာမည်က ဘယ်သူလဲ"

"ကိုအောင်မြင်တဲ့"

"ဘာ"

နောက်ကျောက ထွက်လာတဲ့ ဘာဆိုတဲ့ အသံကြီးကြောင့် နှစ်ယောက်သား လှည့်ကြည့်လိုက်တော့ အခန်းထဲ ဝင်လာတာက အိန္ဒြာစိုး။ သူက 'ဘာ'လက်စ ပါးစပ်ကို မပိတ်အားဘဲ မေးခွန်းတွေ ဆက်တိုက်လွှတ်ပါတော့တယ်။

"ဘယ်က ကိုအောင်မြင်လဲ၊ သူက ဘာလုပ်သလဲ"

"ဘယ် ကိုအောင်မြင်ရှိရမှာလဲ မမအိန္ဒြာရဲ့၊ မမရဲ့ ဘောစိ ကိုအောင်မြင်ပဲပေါ့"

"သွားပြီ"

အိန္ဒြာစိုးက လွှတ်ခနဲ ထွက်သွားတယ်။ ဘယ်ကနေ ဘယ်လို ကိုအောင်မြင်နဲ့ စိုးမေလှိုင်တို့ တွေ့သွားကြတာလဲ မပြောတတ်ဘူး။ သူ့ခမျာ ထိုင်ရင်းငုတ်တုတ် အလကားနေ အလကား ကိုအောင်မြင်ကို စိတ်ဝင်စားကြည့်နေတာ။ အခုတော့ ရှေ့ကနေ ပြေးလမ်းပိတ်မယ့်လူ ပေါ်လာပြီ။ စိုးမေလှိုင်ဆိုတာက ခေသူ မဟုတ်။ skill ရော၊ stamina ရော၊ technic ရော ဘက်ပေါင်းစုံ ကျွမ်းကျင် နေတဲ့ Pro အချစ်သမား။ အိမ်ကွင်းရော၊ အဝေးကွင်းပါ ခြေစွာနေတဲ့ ကစားသမား။ အိန္ဒြာစိုးနဲ့ စိုးမေလှိုင် ယှဉ်လိုက်ရင် အိန္ဒြာစိုးက ခြေကျနေတဲ့ အနေအထား ရောက်လုရောက်ခင် ဖြစ်နေပြီ။ ဒီအတိုင်းဆိုရင်တော့ အိန္ဒြာစိုးဆီမှာ အိမ်ကွင်းအားသာချက်တစ်ခုပဲ ရှိတော့တာလေ။

"မဖြစ်ပါဘူး၊ နင်နဲ့ ကိုအောင်မြင်နဲ့ လုံးဝ မဖြစ်ဘူး"

"ဘာလို့ မဖြစ်ရတာလဲ မမအိန္ဒြာရယ်"





"မဖြစ်ဘူးဆို မဖြစ်ဘူးပဲပေါ့ စိုးမေလှိုင်ရယ်၊ သူက နင်ကြိုက်တတ်တဲ့ ပုံစံမျိုးလည်း မဟုတ်ပါဘူး"

"ဒါဆိုရင် ကူညီပါဦး မမအိန္ဒြာရယ်၊ သမီးက ဒီတစ်ခါ အတည်ကြံတာပါ"

ဘုရားဘုရား။ ပြောလိုက်မှ ပိုဆိုးနေပြီ။ အတည်ကြံတာဆိုပဲ။ မိန်းကလေးပါးစပ်က ဒါမျိုးမထွက်ရဘူးဆိုတာ ဒီကောင်မလေး နားမလည်ဘူးလား မသိဘူး။

"အတည်ပဲကြံကြံ၊ အပျော်ပဲကြံကြံ၊ သူနဲ့တော့ သွားမပတ်သက်နဲ့ မယ်မင်းကြီးမ၊ ငါ ရှိကြီးခိုးပါရဲ့၊ သူက ငါ့ဘောစ်နော်၊ ကြားထဲက ငါ မျက်နှာမပျက်ချင်ဘူး"

အိန္ဒြာစိုးက ဘောစ်ဆိုတာကြီးကို အကာအကွယ်ယူပြီး ငြင်းလိုက်ပါတယ်။ အဲဒါကိုမှ သရီးရဲဒိုး၊ တစ်ဒိုးမှ နားမလည်။ အရိပ်ပြအကောင်ပျောက်သွားတဲ့ စိုးမေလှိုင်က . . .

"မမအိန္ဒြာ မျက်နှာမပျက်စေရဘူး၊ သမီးဘာသာ သမီး ကြိုးစားမှာပါ။ မမအိန္ဒြာ ဘာမှလုပ်ပေးစရာ မလိုဘူး၊ သမီးသိချင်တာက သူ ဘာလုပ်တတ်တယ်၊ ဘယ်သွားတတ်တယ်၊ ဘာကြိုက်တတ်တယ်ဆိုတာမျိုးလေး သိရရင် တော်ပါပြီ၊ နော်လို့"

ကြားထဲက မနေနိုင် မထိုင်နိုင်တဲ့ နန္ဒာစိုးကလည်း သူ့အစ်မကို စိုးမေလှိုင်အတွက် ကူပြီး ပြောပေးရှာတယ်။

"ဟုတ်သားပဲ မမရယ်၊ ဒီလောက်လေး ပြောရတာများ မမအသားဖဲ့ပေးရတာမှ မဟုတ်တာ၊ မမလည်း ဝါသနာပါသားနဲ့ စိုးမေလှိုင်ကို အဲဒီကိုအောင်မြင်ဆိုတဲ့လူနဲ့ ဆက်ပေးလိုက်ပေါ့၊ မကောင်းဘူးလား"

နေရင်းထိုင်ရင်း အကြံကောင်းတွေ ထွက်နေတဲ့ နန္ဒာစိုးကို ပေါင်တွင်းကြောသာ နာနာဆွဲလိမ်ပစ်ချင်စိတ် ပေါက်သွားပါတယ်။ အကြံကောင်းတွေ ထွက်မှာပေါ့။ စိုးမေလှိုင်တစ်ယောက် ကိုအောင်မြင်ဆီ အာရုံကျနေမှ ဇေယျာသူဘက် စက်ကွင်းလွတ်မှာလေ။ အိန္ဒြာစိုးမှာတော့ သူ့အသားကိုသာ ဖဲ့ပေးချင်စိတ် ပေါက်သွားပါတယ်။

"မဖြစ်ပါဘူးဟယ်၊ ကိုအောင်မြင်အကြောင်း နင်တို့မသိပဲနော်၊



www.burmeseclassic.com

www.burmeseclassic.com



နှင့် Type နဲ့ သူ့ Type နဲ့က တခြားစီ၊ ဟိုက တကယ့် Gentleman ၊ ရှုပ်တာ ပွေတာဆို တစ်စက်မှ ကြိုက်တာမဟုတ်ဘူး"

ဟုတ်ပါ့မလား။ ရှုပ်တာ ပွေတာ မကြိုက်တဲ့လူက အကျိုးဆောင် အေဂျင်စီ ထောင်ထားရတယ်လို့။ စိုးမေလှိုင် စိတ်ထဲမှာ တစ်ခန်းလုံး အဝတ်အစားတွေ တိုးလို့တွဲလောင်း၊ ပင့်ကူမျှင်တွေ၊ စာအုပ်တွေ၊ DVD ခွေတွေ ရှုပ်ပွနေတဲ့ အခန်းထဲမှာ ကိုအောင်မြင့်တစ်ယောက် ဒိုင်းနမိုက်ကိုင်ပြီး ရပ်နေတဲ့ ပုံစံကို ပြေးမြင်မိတယ်။ ကိုအောင်မြင့်က ပြုံးပြုံးကြီးနဲ့တောင် လှမ်းပြောနေသေး။

"အခန်းရှုပ်နေလို့၊ ရှင်းမလို့"ဆိုပဲ။

စိုးမေလှိုင်က သူ့အတွေးကို သူသဘောကျပြီး တခစ်ခစ် ပြုံးလိုက်ပါတယ်။ အိန္ဒြာစိုးက မျက်စောင်းတစ်ခြမ်း လွှတ်လိုက်ပါတယ်။

"ငါပြောတဲ့အထဲ ဘာသဘောကျစရာ ပါနေလို့လဲ"

"မရယ်တော့ပါဘူး"

ပြနေတဲ့ပါးစပ်ကို ပြန်တည့်ပြီး စိုးမေလှိုင်က တည်တည်ကြီး လုပ်နေလိုက်တယ်။ အိန္ဒြာစိုးက ဆက်ပြန်တယ်။

"ပြီးတော့ သူက ပုတီးစိပ်၊ အဓိဋ္ဌာန်လုပ်၊ ခဏခဏ သက်သက်လွတ် စားနေတဲ့လူ"

ဒီတစ်ခါတော့ စိုးမေလှိုင် ရှုံ့မဲ့သွားတယ်။ ပုတီးစိပ်ဖို့ နေနေသာ သူ့ခမျာ ပုလဲပုတီးလို ပစ္စည်းမျိုးတောင် အလှဆင်ဖူးတာ မဟုတ်ဘူး။ လူတွေ အဓိဋ္ဌာန်လုပ်တယ်ဆိုတာ များသောအားဖြင့် ကိုယ့်အကျိုးစီးပွား အောင်မြင်အောင် လုပ်ကြတာမျိုးပဲ။ သက်သက်လွတ် စားတယ်ဆိုတာကလည်း အဲဒီ ကိုယ့်လိုဘပြည့်အောင် အဓိဋ္ဌာန်ရဲ့ နောက်ဆက်တွဲအနေနဲ့ စားကြတာပဲ များတယ်။ တချို့ ကပ်သီးကပ်ဖဲ့လူတွေဆို ဘီယာလည်း သက်သက်လွတ်တာပဲဆိုပြီး မြေပဲလှော်လေးနဲ့ မြည်းနေတာတောင် ရှိသေး။

စိုးမေလှိုင်က အတွေးကို ခါထုတ်လိုက်ပြီး အိန္ဒြာစိုးပြောတာ ဆက်နားထောင်လိုက်ပါတယ်။ အိန္ဒြာစိုးက ဆက်လွှတ်ပြန်တယ်။

"ကိုအောင်မြင့်က အားကစားလုပ်ရင်တောင်မှ အဆင့်မြင့်မြင့် ဂေါက်သီးရိုက်တာပဲ လုပ်တာ"





"အင်း . . . လမ်းထိပ် ဆိုက်ကားဂိတ်မှာ ကျင်းလေးတူးပြီး ရိုက်တာနေမှာပေါ့"

နန္ဒာစိုးက မနေနိုင် မထိုင်နိုင် အာဝင်ချောင်လိုက်ပါတယ်။ အိန္ဒြာစိုးက ဒေါကြီးသွားတယ်။

"တော်ပြီ . . . တော်ပြီ၊ ငါ အကောင်းပြောနေတာကို နင်တို့က . . . မပြောတော့ဘူး"

"မမအိန္ဒြာ မပြောချင်ဘူးဆိုရင်လည်း သမီး မမေးတော့ပါဘူး"

စိုးမေလှိုင်က မျက်နှာသေလေးနဲ့ ယဥ်ယဥ်ကျေးကျေး ပြောလိုက်ပါတယ်။ အိန္ဒြာစိုးက နှစ်သိမ့်သလို လေသံမျိုးနဲ့ . . .

"အေး အေး . . . ငါက နင် သက်သက်မဲ့ အချိန်ကုန် လူပင်ပန်း ဖြစ်မှာစိုးလို့ပါဟယ်"

"ဟုတ်ကဲ့ မမ၊ သမီး ပြန်တော့မယ်နော်"

စိုးမေလှိုင်က ဆယ်စုနှစ်တစ်ခုအတွင်း အရိုကျိုးဆုံးပုံစံနဲ့ ကိုယ်လေး ယို့ပြီး ထွက်သွားလေရဲ့။ နန္ဒာစိုးက သူ့အစ်မကို ကြည့်ပြီး . . .

"မမကလည်း မပြောချင်လို့သာ တော်တော့တယ်၊ ဟိုက 'အ' တယ် မဟုတ်လား၊ ဘယ်သဘောပေါက်ပါ့မလဲ"

အိန္ဒြာစိုးလည်း အခုမှပဲ သူပြောမိတာတွေကို သတိထားမိပါတော့တယ်။ အိမ်ပေါက်ဝ လှမ်းကြည့်လိုက်တော့ ပြောင်စပ်စပ်မျက်နှာပေးနဲ့ စိုးမေလှိုင်။ အဲဒီအချိန်မှာပဲ ဘယ်ကနေ ဖွင့်လိုက်မှန်းမသိတဲ့ သီချင်းတစ်ပိုင်းတစ်စ လွင့်ပျံ့ထွက်လာပါတော့တယ်။

"×××ငါမင်းကို သတ်ချင်တယ်×××ငါမင်းကို သတ်ချင်တယ်"

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



မိုးမြေခိုင်က supermarket ထဲ လျှောက်ကြည့်ရင်း လိုတဲ့ပစ္စည်းစာရင်းတွေ စဉ်းစားနေပါတယ်။ ဒီတစ်ပတ်တော့ အိမ်သုံးပစ္စည်းတွေပဲ ဦးစားပေး ဝယ်ရမှာ။ အရင်တစ်ပတ်က ကိုယ့်အတွက် ဝယ်တာများသွားလို့ Buget ကို ပြန်စိစစ်နေရတယ်။ မိုးမြေခိုင်က အစားအသောက်တွေ ရောင်းတဲ့ ကောင်တာနားအရောက် သူ့ကို စိုက်ကြည့်နေတဲ့ ကောင်လေးတစ်ယောက်ကို တွေ့လိုက်ပါတယ်။ မသိသလိုလေးနဲ့ မျက်လုံးလွှဲလိုက်ပြီး ခေါက်ဆွဲခြောက်ထုပ်တွေ ရွေးနေလိုက်ပါတယ်။ ကောင်လေးက အနားကပ်လာတယ်။ အင်း . . . မိုးမြေခိုင်တို့က အသက်ကြီးပေမယ့် မပျက်စီးသေးဘူးဘဲ။ ဒီလိုအနေအထားမျိုး ဟိုသတ္တဝါ ရဲလင်း မြင်လိုက်လို့ကတော့ ဆွေ့ဆွေ့ခုန်နေမှာ အမှန်ပဲ။ ကောင်လေးက မိုးမြေခိုင်နဲ့ နီးနီးကပ်ကပ်လေးမှာ လာရပ်တယ်။ မိုးမြေခိုင်က မသိမသာလေး ပဲလေးတင်းပြီး ခြေတစ်လှမ်းအကွာကို ပစ္စည်းရွေးသလိုလိုနဲ့ ခွာလိုက်တယ်။

"မမ"

ကောင်လေးက လှမ်းခေါ်လိုက်တာပါ။ အခုခေတ်ကောင်လေးတွေ အတော့်ကို ရဲတင်းတာပါပဲလား။ ဒီလို လူတွေအပုံလိုက်ရှိနေတဲ့ supermart လို နေရာမျိုးမှာလည်း ဝင်ရောဖို့ မတွန့်ဘူးပဲ။ မိုးမြေခိုင်က မကြားချင်ယောင်ဆောင်ပြီး သစ်သီးကောင်တာဘက် လှည့်ထွက်သွားတယ်။ ကောင်လေးက ကပ်လိုက်လာတယ်။ အော် . . . ဒီကောင်လေး ခက်နေပြန်ပါပြီ။ မိုးမြေခိုင်မှာတော့ ကျေနပ်သလိုလို၊ မကျေနပ်သလိုလို။ ကောင်လေးက နောက်က ကပ်လိုက်ရင်း . . .

"မမ မိုးမြေခိုင်"

နာမည်အတိအကျနဲ့ ခေါ်လိုက်တော့ မိုးမြေခိုင် လန့်သွားတယ်။ နာမည်ပါ သိတယ်ဆိုတော့ အခုမှ လမ်းကြုံလိုက်တွန်းတာ မဖြစ်နိုင်ဘူး။ ဘယ်ခေတ် ဘယ်ကာလကတည်းက မိုးမြေခိုင်နောက်ကနေ လိုက်နေတာ



www.burmeseclassic.com

www.burmeseclassic.com



လဲ မသိဘူး။ တောက် . . . ညံ့ပါ မိုးမြေခိုင်ရယ်။ မိုးမြေခိုင်ကလည်း ၂၂ ရာစုအတွင်း နောက်ဆုံးလက်ကျန် ပဲလေးတွေနဲ့ နာမည်ခေါ်လိုက်တဲ့ ကောင်လေးကို လှည့်ကြည့်လိုက်ပါတယ်။

"အင်း . . . မြင်ဖူးသလိုလိုပဲ"

မိုးမြေခိုင်စိတ်ထဲ တွေးမိတာပါ။ သူ့ရှေ့က ကောင်လေးကတော့ ရှိသမျှသွား အကုန်ဖြဲပြပြီး ဝမ်းသာအားရ နှုတ်ဆက်လိုက်ပါတယ်။

"မမ ကျွန်တော့်ကို မမှတ်မိဘူးလား၊ ကျွန်တော် သီဟဇော်လေ မမရဲ့"

"သီဟဇော်"

နေပါဦး။ သီဟဇော်ဆိုတာ နယ်မှာကျန်ခဲ့တဲ့ သူ့မောင်တစ်ဝမ်းကွဲရဲ့ နာမည်ပဲ။ မှန်းစမ်း။ အမလေး . . . မှားတော့မလို့။ ရှေ့မကြည့် နောက်မကြည့်နဲ့ ပဲသွားပေးမိတာ သူ့မောင်ဝမ်းကွဲ ဖြစ်နေပါရောလား။ အမလေး . . . ရှက်လိုက်တာနော်။ သီဟဇော်က ရယ်ကျဲကျဲနဲ့ . . .

"ငါတို့အစ်မက စံပဲ၊ ယောကျ်ားလေးဆိုတာနဲ့ ပဲပေးပြီးသားပဲ၊ ဟား ဟား"

"ဟဲ့ . . . တိုးတိုး၊ နင်က အသားတွေဖြူပြီး ဘော်ဒီလည်း တောင့်လာတာကိုး၊ ရုတ်တရက်ကြီးကျတော့ ငါလည်း ဘယ်မှတ်မိမလဲ၊ နင် ဘယ်တုန်းက ရန်ကုန်ရောက်တာလဲ၊ အိမ်ဘက် တောင် လှည့်မလာဘူး"

"တစ်နေ့က ရောက်တာ၊ အိမ်လာမလို့ပဲ၊ မအားတာနဲ့၊ အစ်မ အမေတောင် အစ်မတို့အတွက် ပစ္စည်းတွေ ထည့်ပေးလိုက်သေးတယ်"

"အေး . . . ဖေဖေနဲ့ မေမေရော နေကောင်းတယ်မဟုတ်လား"

"ကောင်းပါတယ်၊ နောက်လထဲတောင် ဦးနဲ့ ဒေါ်ဒေါ်တို့ ရန်ကုန် ဆင်းလာမယ်ပြောနေတယ်၊ အစ်မကို အိမ်ထောင်ချပေးမလို့တဲ့"

"တောက်တီးတောက်တဲ့"

"တကယ်ပြောတာ၊ သူတို့က အစ်မရည်းစားကို လာကြည့်ပြီး သင့်တော်ရင် တစ်ခါတည်း ပေးစားမလို့တဲ့"





"ငါ့ရည်းစား . . ."

မိုးမြေခိုင်က စကားအဆုံးမှာ တစ်ခါတည်း **ဆွေးသွားတယ်။** သူနဲ့ ရဲလင်းက အဆင်မပြေဘူး မဟုတ်လား။ သူ့အဖေနဲ့ **အမေတာ** မိုးမြေခိုင်ကို အိမ်ထောင်ပြုစေချင်နေပြီလေ။ သူတို့ ကြည့်ထားတဲ့လူနဲ့ ပေးစားမလို့ စီစဉ်နေတာကို မိုးမြေခိုင်က သူ့မှာ ချစ်သူရဲလင်းရှိတယ် ဆိုပြီး အပြတ်ငြင်းထားတာ။ အခုတော့ သူ့မိဘတွေက ရဲလင်းကို လာကြည့်ကြမယ်ဆိုတော့။ မိုးမြေခိုင်က အတွေးစကို ဖြတ်ရင်း သီဟဇော်ကို မေးလိုက်ပါတယ်။

"ဪ . . . ဒါနဲ့ နင် ဒီကို ဘာလာဝယ်တာလဲ"

"အကျႌလာဝယ်တာ မမရဲ့"

"ကဲ . . . လာ၊ ဒါဆို မမ မင်းအတွက် အကျႌဝယ်ပေးမှာ"

"ဟာ . . . အားနာစရာကြီး၊ ဈေးကြီးတာ ဝယ်ပေးနော်"

မိုးမြေခိုင်က သီဟဇော်ကို လက်မောင်းဆွဲခေါ်ပြီး လှည့်ထွက်လိုက်တယ်ဆိုရင်ပဲ ရှေ့ခပ်လှမ်းလှမ်း ကောင်မလေးတစ်ယောက်နဲ့ ရပ်နေတဲ့ ရဲလင်းကို မြင်လိုက်မိပါတယ်။ ရုပ်ရှင်တွေထဲကလို ကွက်တိပါပဲ။ မိုးမြေခိုင်လည်း သီဟဇော်လက်မောင်းကို ဖမ်းချိတ်လိုက်ပြီး အဝတ်အစား ကောင်တာတွေဘက်ဆီ လျှောက်သွားပါတယ်။ စိတ်ထဲကတော့-

*"ဟင်း . . . အလှည့်ကျတော့ မန္တလေးစတမ်းပေါ့ ရဲလင်းရယ်"*

ထွက်သွားတဲ့ မိုးမြေခိုင်တို့နှစ်ယောက်ကို ကြည့်ရင်း ရဲလင်း စိတ်ထဲမှာ အခိုးတွေ ဆူဝေသွားသလိုပဲ။

*"ဪ . . . ဒင်းက အသစ်တွေ့နေပြီကိုး"*

ရဲလင်းက အပြင်ပန်းသာ မိုးမြေခိုင်ကို တင်းတင်းမာမာ ဆက်ဆံနေပေမယ့် သူ့နှလုံးသားကတော့ မိုးမြေခိုင်ဆီမှာပဲ ကျန်ခဲ့တာ။ သူ့စီးပွားပျက်လောက်အောင် သဝန်တိုတာကြောင့် နောင်ကြဉ်သွားအောင် ပုံစံပေးထားတာ။ အခုအချိန်မှာတော့ သူ့အချစ်တွေကို ပြန်တောင်းချင်ပေမယ့် တောင်းရမှာ အားနာနေပြီလေ။ ဆယ်နှစ်ဆယ်မိုးတောင် ချစ်ခဲ့ကြတဲ့ ချစ်သူတွေ မဟုတ်လား။ နှလုံးသားကိစ္စ မဆိုထားနဲ့၊ သာမန် ရုပ်ဝတ္ထုပစ္စည်းတစ်ခုကိုတောင် ငှားထားပြီးသွားရင် ပြန်တောင်းရ ခက်တာ လက်တွေ့ပဲလေ။ ရဲလင်းနဲ့ အတူပါလာတဲ့ သဲသဲဆိုတဲ့ ကောင်မလေး



www.burmeseclassic.com

www.burmeseclassic.com



က ရဲလင်း ကြည့်နေရာကို လှမ်းကြည့်ရင်း . . .

"ဟင် . . . အဲဒါ ဦးရဲ့အဆက်ကြီး မဟုတ်လား"

သဲသဲက မိုးမြေခိုင်ကို မှတ်မိနေတဲ့ ပုံစံပါပဲ။ ရဲလင်းက ခေါင်းညိတ်ပြလိုက်ရင်း . . .

"အင်း . . . သဲသဲ၊ နင် ငါ့ကို တစ်ခုကူညီ၊ ငါ သူတို့နား သွားအကဲခတ်ချင်လို့ နင် ငါ့နောက်က follow လိုက်ပေးနိုင်မလား"

သဲသဲကလည်း ချက်ချင်းလက်ငင်း ဦးနှောက်မီးလင်းသွားပါတယ်။

"ဘာလဲ၊ ဦးရဲ့အဆက်ကြီး ဂျေကိုက်သွားအောင် လုပ်မလို့လား"

"အေး"

"ဒီလောက်တော့ minor ပါ၊ သရုပ်ဆောင်သင်တန်းဆင်းပြီးသား၊ တကယ့်အစစ်တွေတောင် ထိုင်ငိုသွားစေရမယ်၊ ဟင်းဟင်း . . ."

သဲသဲက ပြောရင်းဆိုရင်း ရဲလင်းလက်မောင်းကို ဆွဲချိတ်လိုက်ပါတယ်။ ရဲလင်းခမျာ ရှိုးတိုးရှန့်တန့် ဖြစ်သွားတယ်။

"ဟာ . . . အဲလောက်ကြီး မလိုဘူးလေ"

"ဘာမလိုရမှာလဲ၊ ပစ်မယ့်ပစ်မှတော့ Heart ထိရုံလေး ထိပြီး ဖုတ်ခနဲ ပြုတ်ကျသွားရုံလေး မလုပ်နဲ့လေ၊ ထိရုံမကဘဲ ထုတ်ချင်းပေါက်သွားအောင် ပစ်မှပေါ့၊ ကဲ . . . လာပါ"

ရဲလင်းမှာ သဲသဲဆွဲခေါ်ရာ ယက်ကန်ယက်ကန် ပါသွားတယ်။ ဟိုရှေ့က ယောကျ်ားလေး အဝတ်အစားလေးတွေရောင်းတဲ့ ကောင်တာမှာ မိုးမြေခိုင်နဲ့ သီဟဇော်။ သဲသဲက ဆိုးဆိုးဆတ်ဆတ် မိုးမြေခိုင်ဘေး ဝင်ရပ်လိုက်ပြီး မိုးမြေခိုင် ရွေးထားတဲ့ အင်္ကျီနဲ့ ဆင်တူတစ်ထည် ကောက်ကိုင်လိုက်ကာ . . .

"ကိုကိုရေ . . . ဒီအင်္ကျီလေးက ကိုကိုနဲ့ အရမ်းလိုက်တာပဲ သိလား၊ ကြည့်စမ်းပါဦး"

သဲသဲက ဖြိုးဖြိုးဖျတ်ဖျတ် အင်္ကျီကို ဖြန့်လိုက်ပြီး ရဲလင်းကိုယ်မှာ ကပ်ပြလိုက်တယ်။ မိုးမြေခိုင်က ကြည့်ပြီး တင်းသွားလေရဲ့။

*"ဒါ . . . သိသိကြီးနဲ့ တမင်လုပ်တာ၊ ရဲလင်း နင်တော်တော်*





*အောက်တန်းကျပါလား"*

ဒါ . . . မိုးမြေခိုင် စိတ်ထဲက အတွေး။ ဒင်းက ပါးရိုက်တော့ ဒီကလည်း နားပြန်ကိုက်ရတော့မှာပေါ့။ မိုးမြေခိုင်က အစောကတည်းက ရွေးထားတဲ့ ဆင်တူအင်္ကျီကို ပြန်ချထားလိုက်ပြီး . . .

"အဟင်း . . . မောင်နဲ့ဆို ဟိုအင်္ကျီလေးက ပိုလိုက်တယ် သိလား၊ ဒါကြီးက ဒီဇိုင်းနည်းနည်း အောက်နေပါပြီ၊ ဒါမျိုးက အသက်ကြီးပြီး အချိန်မစီးတဲ့လူတွေ ဝတ်တာ၊ ဟိုအင်္ကျီလေးပဲ ယူလိုက်ရအောင်နော်"

မိုးမြေခိုင်က မောင်လိုလို၊ မောင်လေးလိုလို အသံကို လုံးချလိုက်ပြီး နောက်ထပ်အင်္ကျီတစ်ထည်ကို လှမ်းယူလိုက်တယ်ဆိုရင်ပဲ . . .

"ကိုကို . . . ဒီအင်္ကျီက အသားသိပ်မကောင်းဘူး သိလား၊ သဲသဲ နောက်တစ်ထည် ရွေးပေးမယ် သိလား"

သဲသဲက စောစောအင်္ကျီကို ချထားလိုက်ပြီး မိုးမြေခိုင် ရွေးလိုက်တဲ့ အင်္ကျီကိုမှ တမင်လှမ်းယူလိုက်ပါတယ်။ နှစ်ယောက်သား တစ်ပြိုင်နက် အင်္ကျီကို ကိုင်မိသွားတယ်။ မိုးမြေခိုင်က သူ့ဘက်ပါအောင် လှမ်းဆွဲတယ်။ သဲသဲက အလျှော့မပေးဘဲ ဆွဲယူထားလိုက်တယ်။ မိုးမြေခိုင်က ခပ်တင်းတင်းပြုံးရင်း . . .

"ဒီက ညီမ၊ ဒီအင်္ကျီက မမအရင်ယူထားတာလေ"

"ဘယ်ဟုတ်မလဲ၊ သဲ အရင်ယူလိုက်တာလေ"

မိန်းမနှစ်ယောက်က တစ်ယောက်ကို တစ်ယောက် မျက်လုံးကနေ နောက်စေ့အထိ ထုတ်ချင်းပေါက်သွားနိုင်တဲ့ အကြည့်တွေနဲ့ဆိုင်ကြည့်လိုက်ပါတယ်။ အရောင်းစာရေးမလေးက ကပျာကယာ ရောက်လာပြီး-

"ဒီမှာရှင့်၊ ဒီအဆင်မျိုး နောက်ထပ် ဒါဇင်လိုက် လိုချင်ရင်တောင် ရပါသေးတယ်၊ ဘာမှမပူပါနဲ့၊ ဟောဒီမှာ . . ."

မိုးမြေခိုင်က လုံးဝမလျှော့နိုင်တော့ပါဘူး။ ဒါ တမင်လုပ်တာ အသိသာကြီးပဲဟာ။ ဒါမျိုး လျှော့ပေးလိုက်လို့ကတော့ မိန်းမတွေရဲ့ မာနတရား လေးဆယ့်ငါးပြားအထိ ကျသွားလိမ့်မယ်။

"မလိုချင်ဘူး၊ ဒီအင်္ကျီပဲ ယူမယ်၊ သူ့ကို အဲဒီအင်္ကျီပေးလိုက်"

သဲသဲကလည်း လုံးဝမလျှော့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

"မရဘူး၊ သဲလည်း ဒီအကျီ ရကိုရမှ ဖြစ်မယ်"

အရောင်းစာရေးမလေးက စိတ်ပိန်သွားတယ်။ ဒီလို ဈေးဝယ်မျိုး တစ်ခါမှ မကြုံဖူးပဲလေ။ ကြားထဲက အနေခက်လာတာက ရဲလင်းနဲ့ သီဟဇော်။

"ခက်ပါ့ သဲရာ၊ အဲဒီအကျီ သူတို့ကို ပေးလိုက်ပါ"

"ဟုတ်ပါတယ် မမရယ်၊ စောစောကအကျီပဲ ပြန်ယူရအောင်နော်"

ဟိုနှစ်ယောက်ကတော့ ပြောစကားနားမဝင်တဲ့အပြင် အကျီကို တစ်ယောက်တစ်ဖက်က ကိုင်ပြီး ခြေကန်ဆွဲတဲ့အဆင့် ရောက်နေကြပါပြီ။ စာရေးမလေးကတော့ နဂိုပြူးတဲ့မျက်လုံးက ကျွတ်ကျပ်ထွက်တော့မယ့်အဆင့် ဖြစ်လာပါပြီ။

"တအားမဆွဲကြနဲ့လေ၊ အင်း . . . အကျီပြဲကုန်လိမ့်မယ်"

"ဗြဲ"

ပြောတာတောင် နောက်ကျနေသေး။ နှစ်ယောက်စလုံး ဘယ်လောက်တောင် အားထည့်ဆွဲထားလည်း မသိပါဘူး။ အကျီက ပြဲရုံတင်မက၊ နှစ်ခြမ်းကွဲထွက်သွားပြီး ဆွဲထားတဲ့နှစ်ယောက်လည်း ဖင်ထိုင်ရက် ပြုတ်ကျပါတော့တယ်။

"သွားပြီ"

မိုးမြေခိုင်ခမျာ ရှက်တာရော၊ နာတာရော ပေါင်းပြီး မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာပါတယ်။ မျက်ရည်ဝိုင်းနေတဲ့ မျက်လုံးကြီးတွေနဲ့ ရဲလင်းကို နာကျည်းတဲ့အကြည့်နဲ့ ကြည့်နေလေရဲ့။ စာရေးမလေးကတော့ အကျီအပြဲကြီးကို ကြည့်ရင်း . . .

"ပြန်လျော်ပေး၊ ရှင်တို့ကြောင့် အကျီပြဲသွားတာ"

ရဲလင်းက စာရေးမလေးကို လက်ကာပြလိုက်ပြီး အကျီဖိုး ပိုက်ဆံထုတ်ပေးပြီး သဲသဲကို လက်ဆွဲထူကာ ဆိုင်ထဲက ထွက်လာခဲ့ပါတယ်။ အခုမှ မရွေသဲသဲက အားတုံ့အားနာနဲ့ . . .

"ဆောရီးနော် ဦးရဲ့၊ သဲက သရုပ်ဆောင်နေရင်း mood ဝင်သွားလို့"

"နင်က mood ဝင်နေ၊ ဟိုတစ်ယောက်က ဖင်ရိုးကျိုးပြီလား မသိဘူး၊ တောက် . . . လုပ်လိုက်ရင် အရှမ်းတွေချည်းပဲ"





ရဲလင်းကတော့ မိုးမြေခိုင်ကို အားနာနာနဲ့ နောက်လှည့်မကြည့်ဘဲ တစ်ခါတည်း လစ်ထွက်သွားပါတယ်။ ဆိုင်ထဲ ကျန်ခဲ့တဲ့ မိုးမြေခိုင်မှာတော့ နှစ်ခြမ်းပြဲနေတဲ့ အကျီလေးကို ကောက်ယူရင်း . . .

"ဟီးအီး . . . အိတ်နဲ့ထည့်ပေး၊ ဒီအကျီပဲ ယူမယ်"

အရောင်းစာရေးမလေးက ရဲလင်းပေးခဲ့တဲ့ ပိုက်ဆံကို ထောင်ပြရင်း . . .

"ပိုက်ဆံက ဟိုအစ်ကိုကြီး ပေးခဲ့တာလေ၊ ယူချင်းယူ သူတို့ပဲ ယူရမှာပေါ့"

အရေးထဲ စာရေးမလေးကလည်း 'တရားမျှတ လွတ်လပ်ခြင်းနဲ့ မသေ့' လုပ်နေရသေးတယ်။ မိုးမြေခိုင်က စလင်းဘတ်ထဲက ပိုက်ဆံတွေ ထပ်ထုတ်ရင်း . . .

"ရော့ . . . ပိုက်ဆံ၊ လျှာမရှည်နဲ့"

စာရေးမလေးက ရဲလင်းပေးတဲ့ ပိုက်ဆံကိုတစ်ဖက်၊ မိုးမြေခိုင်ပေးတဲ့ ပိုက်ဆံကိုတစ်ဖက် ကိုင်ရင်း သီဟဇော်ကို ယောင်နနလေး ကြည့်ပါတယ်။ သီဟဇော်က မိုးမြေခိုင်ကို မေးငေါ့ပြပြီး ခေါင်းကို လက်ညှိုးနဲ့ ထိုးပြလိုက်ပါတယ်။ 'ချောင်နေတယ်'ဆိုတဲ့သဘော။ မိုးမြေခိုင်ကတော့ အကျီကို ကိုယ့်ဘာသာကိုယ် စလင်းဘတ်ထဲ လုံးထည့်ရင်း အပြင်ကို ထွက်သွားပါတော့တယ်။ သီဟဇော်ကလည်း နောက်က လိုက်သွားရရှာတယ်။ သူ့စိတ်ထဲမှာ တွေးမိတာက . . .

*"ဟိုအစ်ကိုကြီးနဲ့ မမမိုးမြေခိုင်နဲ့ သေချာပေါက် ဇာတ်လမ်းရှိရမယ်"*

ကျန်ခဲ့တဲ့ စာရေးမလေးကတော့ စာရင်းမကိုက်မှာ စိုးတဲ့အတွက် ရဲလင်းပေးသွားတဲ့ ပိုက်ဆံကို သူ့အိတ်ကပ်ထဲ ထည့်လိုက်ရပါတော့တယ်။ အကျီအပြဲကို တန်ဖိုးနှစ်ဆနဲ့ ရောင်းလိုက်ရတာ ကမ္ဘာပေါ်မှာ ဒီဖြစ်ရပ်တစ်ခုပဲ ရှိမယ်ထင်တယ်။

"တစ်ခါတလေတော့လည်း မိန်းကလေးတွေရဲ့ စိတ်ကူးစိတ်သန်းတွေက အမိပ္ပာယ်ဖွင့်ရခက်သားပဲနော်"

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



အခုတလော အိန္ဒြာစိုးတစ်ယောက် အလုပ် လုပ်ရတာ စိတ်မကြည်သာပါဘူး။ ကိုအောင်မြင်ကြောင့်လို့ပဲ ဆိုကြပါတော့။ ကိုအောင်မြင်နဲ့ စိုးမေလှိုင်တို့ ပြေလည်နေတာတွေကို မြင်ရ တွေ့ရ ကြားရတော့ စိတ်ထဲမှာ တနုံ့နုံ့နဲ့။ ဒီလူပျိုကြီးကတော့ ရှစ်စပ်က ခြေဂျင်လည်နေတဲ့ စိုးမေလှိုင်နဲ့မှ ပစ်ကျသွားရတယ်လို့။ ယောကျ်ားတွေကလည်း အခက်သား။ ဘယ်လောက်ပဲ ချောချောလှလှ၊ အေးစက်စက်၊ ရိုးရိုးလေးဆို ခံတွင်းမလိုက်ချင်ကြဘူး ထင်ပါရဲ့။ ဥပမာ ယှဉ်ပြရရင် စားသောက်ဆိုင်ကနေ ငါးပေါင်းဟင်း မှာလိုက်တယ်ဆိုပါတော့။ ငါးပေါင်းထီးတည်းကြီး လာချပေးလို့ရတော့ စားချင်စိတ်ပေါ်လာမှာ မဟုတ်ဘူး။ ငါးပေါင်းနဲ့ တွဲပြီး ခရမ်းချဉ်သီးတွေ၊ သခွားသီးတွေ၊ မုန်လာဥနီတွေနဲ့ အလှဆင်ပေးလိုက်တော့မှ အမြင်လည်း ပသာဒဖြစ်၊ စားချင်စိတ်လည်း ဖြစ်လာတာမျိုး။ ဒီလိုပဲ လှတပတ မိန်းကလေးတစ်ယောက်က ခရာတာတာ အမူအယာလေးနဲ့ ထပ်ဆောင်းပေးလိုက်တော့မှ စားချင်စိတ်၊ အဲလေ . . . သဘောတွေ့ မနောခွေ့တတ်တာမျိုးလေ။ တန်ဆေး လွန်ဘေးဆိုသလို ပဲများလွန်းရင်လည်း ချစ်စရာမကောင်းသလို ပဲမပါရင်လည်း ချစ်စရာမကောင်းတတ်တာမျိုးပါ။ အိန္ဒြာစိုးတို့က လှပေမယ့် ပြောတာဆိုတာ တုတ်မထိုး၊ အိုးမပေါက်ရှုတမယ်ဆိုတော့ နွဲ့တတ်၊ တီတတ်၊ မူတတ်၊ ခရာတတ်တဲ့ စိုးမေလှိုင်နဲ့ဆိုရင် Pro နဲ့ အပျော်တမ်းလို ကစားအားကွာသွားတာ အမှန်ပါပဲ။

အခုလည်း ကိုအောင်မြင်တစ်ယောက် ပြုံးပြုံး ပြုံးပြုံးနဲ့ ဖုန်းပြောနေပါတယ်။ 'ကိုကြီး' တွေ၊ 'ညီမလေး'တွေနဲ့ဆိုတော့ စိုးမေလှိုင်နဲ့ ပြောနေတာ အသေအချာပါပဲ။ အိန္ဒြာစိုးက မကျေမနပ်နဲ့ မျက်စောင်းလွှတ်ထားခဲ့ပြီး ကိုယ့်စားပွဲကိုယ် ဝင်ထိုင်လိုက်စဉ်မှာပဲ သူ့ရှေ့က ဖုန်းသံမြည်လာပါတယ်။ အိန္ဒြာစိုးက ဖုန်းကောက်ကိုင်လိုက်ရင်း . . .



www.burmeseclassic.com

www.burmeseclassic.com



"အောင်မြင်သစ္စာ အေဂျင်စီကပါရှင်"

"ဟဲ့ . . . အိန္ဒြာစိုး၊ နင့်အကောင်လုပ်ပုံ ကောင်းသေးရဲ့လား"

တစ်ဖက်က ငိုသံတစ်ဝက်နဲ့ ပြောလာတာက မိုးမြေခိုင်။ စိတ်ညစ်ရတဲ့အထဲ ဒင်းက တစ်မျောင့်။ အိန္ဒြာစိုးက လေသံခပ်ဆတ်ဆတ်နဲ့-

"ဘယ်က ငါ့အကောင်လဲ"

"နင့်အကောင် ရဲလင်းပေါ့"

"ရဲလင်းက နင့်အကောင်၊ နင့်ရည်းစားဟဲ့၊ ငါ့အကောင် မဟုတ်ဘူး"

အရေးထဲ အကောင်ချင်း လာမှားနေရသေးတယ်။ မိုးမြေခိုင်က တရှိုက်ရှိုက်ငိုရင်း . . .

"အဲဒီ ရဲလင်းဆိုတဲ့အကောင်လုပ်တာ ငါ မြီးညှောင့်ရိုး အောင့်နေပြီ၊ ဟီး ဟီး"

ဘုရား ဘုရား။ ဘယ်ကနေဘယ်လို မြီးညှောင့်ရိုး အောင့်တဲ့အထိ ဖြစ်ကြရပါလိမ့်။ ကျော်မကောင်း ကြားမကောင်း။ သူ့ဘာသာသူ မြီးညှောင့်ရိုးမကလို့ ဘာပဲအောင့်အောင့် အိန္ဒြာစိုးနဲ့ ဘာဆိုင်တာ မှတ်လို့။ သူတို့သမီးရည်းစားနှစ်ယောက် ပြေလည်ရင် ပြီးတာပဲလေ။

"ဘာ . . . နေစမ်းပါဦး၊ နင်က မြီးညှောင့်ရိုး အောင့်ရအောင် နင်နဲ့ ရဲလင်းက ဘာတွေလုပ်ပြီး ဘာတွေကိုင်ကြလို့လဲ"

အိန္ဒြာစိုးရဲ့ တုတ်ထိုးအိုးပေါက်အမေးကြောင့် မိုးမြေခိုင်ခမျာ တွန့်သွားပါတယ်။

"ဟဲ့ . . . ငါပြောတာက . . ."

စကားမဆုံးခင်မှာဘဲ အိန္ဒြာစိုး Hand Phone သံ မြည်လာတယ်။ နံပါတ်ကြည့်လိုက်တော့ ရဲလင်းရဲ့ နံပါတ်။ အင်း . . . မဟုတ်မှလွဲရော။ ဒင်းကရော ဘာတွေများ အောင့်ပြန်ပြီလည်း မသိဘူး။

"ဟဲ့ . . . ခဏကိုင်ထားဦး၊ ရဲလင်း ငါ့ Hand Phone ခေါ်နေလို့"

အိန္ဒြာစိုးက ကြိုးဖုန်းတစ်ဖက် Hand Phone တစ်ဖက် နားထောင်လိုက်ပြီး . . .

"အေး . . . ပြော"





"နင့်သူငယ်ချင်းလုပ်ပုံ ကောင်းရဲ့လား"

ထင်တယ်လေ။ ဒီကောင်ပြောမှတော့ ဒီအကောင်းပဲဆိုတာ။

"နင်ရော ဘာတွေအောင့်သွားသေးလဲ၊ မိုးမြေခိုင်ကတော့ မြီးညှောင့်ရိုး အောင့်သွားလို့တဲ့"

အိန္ဒြာစိုး ရဲလင်းကို ပြောလိုက်တဲ့စကားကို မိုးမြေခိုင်က ဖုန်းလိုင်းကနေတစ်ဆင့် ကြားသွားပုံပါပဲ။

"အေး . . . ဒင်းကိုပြောလိုက်၊ ငါ တစ်သက်မကြေဘူးလို့"

အိန္ဒြာစိုးက ကြားထဲကနေ Operator လုပ်ပေးရပါတယ်။

"ဟဲ့ . . . နင့်ကို မိုးမြေခိုင်က မြီးညှောင့်ရိုး အောင့်သွားလို့ တစ်သက်မကြေဘူးတဲ့"

ဟိုတစ်ယောက်ကလည်း အိန္ဒြာစိုးကနေတစ်ဆင့် ပြန်လွှတ်တယ်။

"သူ့ဘာသာသူ အရှက်မရှိ ခြေကန်ဆွဲတာ၊ အောင့်တာတောင် နည်းသေးတယ်လို့ ပြောလိုက်"

အိန္ဒြာစိုးကလည်း တစ်ဖက်ကို စကားပြန်ပို့ရပြန်တယ်။

"ဟဲ့ . . . အောင့်တာတောင် နည်းသေးတယ်တဲ့၊ နောက်တစ်ခါ ဒီထက်အောင့်မယ်တဲ့"

အိန္ဒြာစိုးက ပိုပိုသာသာလေး ရောလွှတ်လိုက်ပါတယ်။ တစ်ဖက်က မိုးမြေခိုင် ဆွေ့ဆွေ့ခုန်သွားတယ်။

အိန္ဒြာစိုးတောင် မပြောရသေးဘူး။ ရဲလင်းဆီက စကားပြန်လာတယ်။

"နင့်သူငယ်ချင်းသာ ချာတိတ်လေးတစ်ပွေနဲ့၊ ကိုယ့်အသက် ကိုယ့်အရွယ်ကိုမှ အားမနာ၊ ဖားတုလို့ ခရုမခုန်နဲ့လို့၊ ဒူးနဲ့ မျက်ရည် သုတ်နေရမယ်လို့ ပြောလိုက်"

"ဒင်းသာ . . ."

"ဒီမယ်မင်းကြီးမကိုလေ . . ."

မြန်မာ့ဆက်သွယ်ရေးက ဖုန်းလိုင်းတွေကပဲ အားကောင်းနေတာလား။ ဟိုနှစ်ယောက်ရဲ့ အကြားအာရုံကပဲ ထက်မြက်လွန်းနေတာလား မသိဘူး။ အိန္ဒြာစိုးတောင် ကြားထဲက စကားကူစရာမလိုဘဲ



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား ဆက်တိုက်လွှတ်ပါတော့တယ်။ နားနှစ်ဖက်စလုံး ဖုန်းနားထောင်နေရတဲ့ အိန္ဒြာစိုးမှာတော့ ပွစိပွစိ၊ ကွိစိ၊ ကွစိ အသံတွေကြောင့် အာရုံနောက်လာရတော့တယ်။

"တော် . . . ဘာတွေပြောနေကြမှန်း မသိဘူး၊ ငါတို့ Agency က ရန်ဖြစ်တာ ပွဲစားမလုပ်ဘူး၊ ရန်ဖြစ်ချင်ရင် နင်တို့ဘာသာ သက်သက်သာချိန်းပြီး ရန်ဖြစ်ပေတော့ဟေ့"

အိန္ဒြာစိုးက ပြောပြောဆိုဆို ဖုန်းနှစ်လုံးစလုံး ပစ်ချလိုက်ပါတယ်။ သက်ပြင်းချမယ်အလုပ်၊ သူ့ရှေ့ မားမားကြီးရပ်နေတဲ့ ကိုအောင်မြင်ကို တွေ့လိုက်ရတော့ စောစောက မကြည်ရင်းစွဲနဲ့ ခပ်မာမာပဲ မေးလိုက်ပါတယ်။

"ဘာကိစ္စ"

ကိုအောင်မြင်ခမျာ ဒီအေဂျင်စီရဲ့ ဘော့စ်က သူလား၊ အိန္ဒြာစိုးလားဆိုတာ ပြန်စဉ်းစားလိုက်ရတဲ့အခြေအနေ ဖြစ်သွားပါတယ်။ မာလိုက်တဲ့ လေသံ။ အခုနေ အဲဒီအသံတွေ မာခြင်းအဆင့် ၁၀ ရှိတဲ့ စိန်တုံးနဲ့ တိုက်မိရင်တောင်မှ စိန်တုံးပဲ ပဲ့ထွက်သွားနိုင်တယ်။

"ဖြည်းဖြည်းပြောပါ မအိန္ဒြာစိုးရယ်၊ ကျွန်တော်က ဒီအေဂျင်စီရဲ့ ဘော့စ်ဆိုတာလည်း နည်းနည်းလောက် သတိထားပါဦး"

အိန္ဒြာစိုးက လေသံကို မာခြင်းအဆင့် ၅ လောက် လျှော့ချလိုက်ပြီး . . .

"ဘော့စ်ရော၊ ဘာရော သိပ်ကြည့်ရတာ မဟုတ်ဘူး၊ အနေအထိုင် ဆင်ခြင်၊ အခု ဘာလုပ်ပေးရမှာလဲ"

ကိုအောင်မြင်က ရိုရိုကျိုးကျိုးလေသံလေးနဲ့ . . .

"ဟုတ်ကဲ့၊ မနက်ဖြန်ကနေစပြီး အမိဋ္ဌာန်ဝင်စရာရှိလို့၊ အဲဒါ သက်သက်လွတ်လေး စီစဉ်ပေးနိုင်မလားလို့ပါ"

"ကောင်းပြီလေ၊ ဒါပဲမလား"

"ဟုတ် . . . ဟုတ်ကဲ့၊ ပြောမှားဆိုမှားရှိရင်လည်း ခွင့်လွှတ်နော်၊ သွားပြီ"

ကိုအောင်မြင်က ပခုံးလေးတွန့်ပြပြီး ကြောက်ကြောက်ရွံ့ရွံ့ပုံစံနဲ့ အခန်းပြင် ထွက်သွားပါတယ်။ အိန္ဒြာစိုးက မတ်တပ်ရပ်၊ ခါးထောက်





ကိုက်ပြီးမှ စောစောက မချဖြစ်လိုက်တဲ့ သက်ပြင်းကို ချလိုက်ရင်း . . .

"ဟင်း . . . သက်သက်လွတ် စားချင်မှပဲ ငါ့ဆီလာတော့တယ်၊ ဟိုအသား ဒီအသား စားချင်တော့ ဟိုဟာမနဲ့ တဟီးဟီး တဟားဟား၊ ဒီလောက်တောင် ဖြစ်လှတာ၊ ဝမ်းနှုတ်ဆေးပါ ထည့်ချက်ပစ်လိုက်မယ်၊ ဟင်း . . ."

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com



Coffee Shop လေးထဲမှာ မင်းထွန်းတစ်ယောက် ခပ်စောစောပဲ ရောက်လို့နေပါတယ်။ ဒီနေ့ သူ မိန်းကလေးတစ်ယောက်နဲ့ ထပ်တွေ့ရမှာလေ။ သူမှာလည်း အိန္ဒြာစိုးကို တွေ့ရမယ့် အခွင့်အရေးဆိုလို့ ဒီဘစ်ခုပဲ ရှိနေတယ်။ သူကလည်း အလုပ်များ၊ အိန္ဒြာစိုးကလည်း အလုပ်မအားနဲ့၊ ဒီအိမ်ထောင်ဘက်တွေ့တဲ့ကိစ္စကိုပဲ အကြောင်းရှာပြီး တွေ့နေရတာပါ။ အိန္ဒြာစိုးက သူ့ရှေ့ထိုင်နေတဲ့ မင်းထွန်းကို အသေအချာ ကြည့်ပါတယ်။ အမြဲတမ်း မသေမသပ် ဖြစ်နေတတ်တဲ့ မင်းထွန်းက ဒီနေ့တော့ သပ်သပ်ရပ်ရပ်။ အိန္ဒြာစိုးက မင်းထွန်း ဘာကြောင့် သူ့ဆီလာနေတယ်ဆိုတာ သဘောပေါက်ပါတယ်။ ၂၁ ရာစုထဲမှာ လူများမျက်ခုံးမွေးပေါ် စကြီးလျှောက်နေရတဲ့ အကျိုးဆောင်အလုပ် လုပ်နေတာပဲဟာ။ တစ်နဲ့တစ်,ပေါင်းရင် နှစ်,ရတာလောက် လွယ်နေတဲ့ အဆင်မျိုးကြီး ဘယ်သဘောမပေါက်ဘဲ နေပါ့မလဲ။ ဒါပေမဲ့ . . .။

ဒီနေ့ မင်းထွန်းနဲ့ တွေ့ပေးဖို့ စီစဉ်ပေးထားတဲ့ မိန်းကလေးက စိုးမေလှိုင်။ အိန္ဒြာစိုးက စိုးမေလှိုင်နဲ့ ကိုအောင်မြင့်တို့ ကိုကြီး၊ ညီမလေး ဇာတ်လမ်းရိုက်နေတာ မကြည်ရင်းစွဲနဲ့ စိုးမေလှိုင်ကို မရ,ရအောင် စည်းရုံးပြီး ဒီပွဲထဲ ဆွဲသွင်းလာတာပါ။ ရှေ့မှာ ငုတ်တုတ်ထိုင်နေတဲ့ မင်းထွန်းကတော့ ဒါတွေကို မသိရှာဘူး။ သနားပါတယ်။ ကျွတ် ကျွတ် . . .။ အိန္ဒြာစိုးက နာရီကို ကြည့်တယ်။

"လာချိန်တန်နေပြီ၊ ဒီမိန်းမ ဘာလို့ နောက်ကျနေရလဲ မသိဘူး"

အိန္ဒြာစိုးက Hand Phone ကို ထုတ်ပြီး စိုးမေလှိုင်ဆီ ဆက်လိုက်ပါတယ်။ ချက်ချင်းဆိုသလို ဖုန်းလိုင်းဝင်သွားတယ်။

"ဟဲလို"

"ဟဲ့ . . . နင် အခုထိ မလာသေးဘူးလား"

ဖုန်းထဲက စိုးမေလှိုင်ရဲ့ အင်တင်တင်အသံ ထွက်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



"မလာချင်ပါဘူး မမအိန္ဒြာကလည်း"

"ဟဲ့ . . . မလာချင်လို့ မရဘူး၊ ငါ မျက်နှာပျက်ကုန်လိမ့်မယ်

ဒါ ကလေးကစားနေတာ မဟုတ်ဘူး"

ကလေးကစားတာ မဟုတ်ဘူးဆိုတော့ လူကြီးတွေ ကစားနေတာပဲ ဖြစ်မှာပေါ့။ စိုးမေလှိုင်ဆီက အသံထပ်ထွက်လာတယ်။

"မလာချင်ပါဘူးဆို"

ကျားသားမိုးကြိုး။ စိုးမေလှိုင်တစ်ယောက် ယောကျ်ားလေးတွေနဲ့ ပတ်သက်ပြီး ငြင်းတာ ဒီတစ်ခါပဲ တွေ့ဖူးသေးတယ်။ မဖြစ်ဘူး . . . မလာလာအောင် တက္ကစီနဲ့ ပင့်တန် ပင့်ရဦးမယ်။

"နင် အခု ဘယ်မှာလဲ"

အိန္ဒြာစိုးရဲ့အမေးကို ရယ်သံတစ်ဝက်နဲ့ စိုးမေလှိုင်က ပြန်ဖြေတယ်။

"အဟီး . . . ချိန်းထားတဲ့ ဆိုင်ရှေ့မှာ"

သြော် . . . မလာချင်ပေလို့ပဲ။ စိုးမေလှိုင်တို့က နောက်ဆုံးအချိန်အထိ ပွေးလိုက်ရမှ။

"ဒါနဲ့များ မဝင်ဘဲနဲ့ ဘာလုပ်နေတာလဲ၊ ငါက နင့်အတွက် ရှယ်လန်း၊ တကယ်လန်း၊ အလန်းလွန်နေတာချည်းပဲ တွေ့ပေးမှာ၊ နင့်ဘာသာ ရှာနေရင် ပင်ပန်းမှာစိုးလို့၊ လုံးဝ selection တွေချည်းပဲ၊ ဒါပဲ၊ မြန်မြန်ဝင်လာခဲ့"

အိန္ဒြာစိုးက မင်းထွန်းကို အခုလာလိမ့်မယ်ဆိုတဲ့ အမူအယာနဲ့ လက်ရိပ်ပြပြီး စိုးမေလှိုင်ကို သွားခေါ်ဖို့ ထလိုက်ပါတယ်။ ပြောရင်းဆိုရင်း ဝင်လာနေတာ စိုးမေလှိုင်ပဲ။ အိန္ဒြာစိုးက မင်းထွန်းကို လက်ညှိုးထိုးပြခဲ့ပြီး ဝိုင်းထဲက ထလာခဲ့တယ်။ မင်းထွန်းကတော့ ထွက်သွားတဲ့ အိန္ဒြာစိုးကိုတစ်လှည့်၊ ဝင်လာတဲ့ စိုးမေလှိုင်ကိုတစ်လှည့် ကြည့်ရင်း ရင်ခေါင်းထဲက မအီမသာ ဖြစ်နေတာကို ငြိမ်သွားအောင် ရေတစ်ခွက် သောက်လိုက်ပါတယ်။ စိုးမေလှိုင်က မင်းထွန်းဘေး ရောက်လာတယ်။ မင်းထွန်းကို အကဲခတ်သလိုကြည့်ပြီး . . .

"ကိုမင်းထွန်းလား မသိဘူး၊ ညီမက စိုးမေလှိုင်ပါ"

"အော်"





စိုးမေလှိုင် စကားအဆုံး မင်းထွန်း ကြို့စအထိုး ကွက်တိပဲ။ စိုးမေလှိုင်က ဝင်ထိုင်လိုက်ရင်း . . .

"ကြို့ထိုးနေတာလား၊ အသက်အောင့်ပြီး ရေသောက်လိုက်လေ"

တွေ့တွေ့ချင်း ဆရာလာလုပ်တဲ့ စိုးမေလှိုင်ကို မင်းထွန်းက ကြည့်လိုက်ရင်း . . .

"သောက်ပြီးပြီ၊ အော့ . . . ဒီလိုပဲ အမြဲတမ်း ဖြစ်နေတာ"

စိုးမေလှိုင်က မင်းထွန်းကို အသေအချာ အကဲခတ်သလို ကြည့်ပြီး မှတ်ချက်ချလိုက်တယ်။

"မဆိုးပါဘူး"

"ဘာမဆိုးတာလဲ၊ အော့"

"အောင်သွယ်နဲ့ တွေ့တာဆိုလို့ မိန်းမ မရနိုင်တဲ့ ပုံဆိုးမန်းဆိုးကြီးတွေပဲ ဖြစ်မှာပဲလို့ ထင်နေတာ၊ အခု ကိုမင်းထွန်းပုံစံက မိုက်သားပဲ"

ပေါ်တင်ကြီး ပြောလိုက်လို့ မင်းထွန်းခမျာ မနေတတ် မထိုင်တတ်ဖြစ်ပြီး နှစ်ခါလောက် ထပ်အော့သွားရတယ်။

"အော့ . . . အော့"

စိုးမေလှိုင်က ပြုံးစိစိနဲ့ ကြည့်ပြီး . . .

"ကြားဖူးတာကတော့ တချို့က စိတ်လှုပ်ရှားရင် ကြို့ထိုးတတ်တယ်တဲ့၊ အစ်ကိုက ညီမကို တွေ့လို့ စိတ်လှုပ်ရှားသွားတာလား"

ပေါ်တင်ကြီးပါလား။ မင်းထွန်းက နည်းနည်းတော့ တင်းသွားတယ်။ ဒီနေရာမှာ ပါးစပ်ပိတ်နေလိုက်လို့ကတော့ တစ်လောကလုံးက ယောကျ်ားတွေ ပါးစပ်မပါဘူး ထင်သွားတော့မှာပဲ။

"ညည်းကိုတွေ့လို့ မဟုတ်ပါဘူး၊ အော့ . . . ငါက မိန်းကလေးဆို ဖက်တီးမကြီးပဲဖြစ်ဖြစ်၊ ကုလားမကြီးပဲဖြစ်ဖြစ် ကြို့ထိုးတတ်တာပဲ"

စိုးမေလှိုင်ခမျာ ရှုံ့မဲ့သွားတယ်။

"အစ်ကို့ဟာက မသက်သာလိုက်တာ၊ အစ်ကို ကြို့မထိုးတဲ့ မိန်းကလေးရော မရှိဘူးလား"

"အခုအချိန်ထိတော့ ငါ့အမေကလွဲရင် ကမ္ဘာပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ပဲ ရှိတယ်၊ အေ့”

“အဲဒါ ဘယ်သူလဲဟင်”

“ငါချစ်ရတဲ့လူပေါ့၊ အေ့”

မင်းထွန်းက တစ်ချက်တည်း ပိတ်သွားအောင် ပြောလိုက်ပါ
တယ်။ ဘယ့်နှယ့် ကိုယ်ချင်းမစာ ကြို့ထိုးနေပါတယ်ဆိုမှ အင်တာ
ဝင်နေသေးတယ်။ စိုးမေလှိုင်က ဆက်မေးပြန်တယ်။

“ဟင် . . . ချစ်ရမယ့်လူ ရှိတာတောင် ဘာလို့ ဒီလိုအိမ်ထောင်
ဘက် မိန်းကလေးတွေ လိုက်တွေ့နေရတာတုန်း”

“သူ စိတ်ချမ်းသာအောင်လို့ပေါ့၊ သူနဲ့ နီးစပ်အောင် တမင်
လာနေတာ”

ပါးလွန်းလို့ ထုတ်ချင်းပေါက် မြင်နေရတဲ့ စိုးမေလှိုင်က တန်း
ပြောလိုက်ပါတယ်။

“ဒါဆိုရင် အစ်ကိုချစ်နေတာ မအိန္ဒြာစိုးပေါ့”

မင်းထွန်းက နည်းနည်းတော့ ရှက်သွားတယ်။

“အေး . . . သွားမပြောနဲ့ဦးနော်”

“ဟင်း ဟင်း . . . အစ်ကိုနဲ့ ညီမက ဘဝတူတွေပဲ၊ ညီမလည်း
မအိန္ဒြာစိုး ဖွတ်ခေါ်လာလို့ လာရတာ”

“ဟုတ်တယ်၊ သူက ဒီအတိုင်းပဲ၊ အေ့”

စိုးမေလှိုင်က လွတ်သွားတဲ့ ဖန်ခွက်ထဲ ရေထပ်ထည့်လိုက်ပြီး
မင်းထွန်းကို လှမ်းပေးလိုက်တယ်။ မင်းထွန်းကလည်း ယူသောက်လိုက်
တယ်။ စိုးမေလှိုင်နဲ့ တွေ့ရတာ မင်းထွန်းတစ်ယောက် ကြို့တော့ ထိုးပေ
မယ့် အခြားလူတွေလို ရုပ်ပျက်ဆင်းပျက်ကြီး မဖြစ်လှပါဘူး။ အဝေးက
နေ လှမ်းကြည့်နေတဲ့ အိန္ဒြာစိုးခမျာ အခေါ်အပြော ညက်နေပုံရတဲ့ မင်း
ထွန်းနဲ့ စိုးမေလှိုင်ကို ကြည့်ရင်း ရင်ထဲမှာ တစ်မျိုးကြီးဖြစ်လာသလိုပါပဲ။
ဟိုနှစ်ယောက်ကတော့ အိန္ဒြာစိုးကို သတိထားမိဟန်တောင် မတူဘူး။
မင်းထွန်းက ရုပ်ရည်ချောချော၊ စတိုင်မိမိ၊ ရဲတင်းသွက်လက်ပုံရတဲ့ စိုး
မေလှိုင်ကို ကြည့်ပြီး မေးခွန်းထုတ်လိုက်ပါတယ်။

“ညီမမှာရော ချစ်သူတို့၊ ရည်းစားတို့ မရှိဘူးလား”

စိုးမေလှိုင်က ဟက်ဟက်ပက်ပက်လေး ရယ်ရင်း . . .

“ရှိတာမှ အများကြီးပဲ၊ ပြန်ကြိုက်ပြီးသား လူတစ်သင်း၊ ပြန်
မကြိုက်ရသေးတဲ့ လူတစ်သင်း၊ ဘောလုံးနှစ်သင်းဖွဲ့ပြီး
စိုးမေလှိုင် FC ဆိုပြီး ပြိုင်ပွဲဝင်ခိုင်းရင် ကောင်းမလားလို့
စဉ်းစားနေတာ”

မင်းထွန်းကပါ ရောရယ်လိုက်ရင်း . . .

“ဒါဆို ညီမက အစ်ကို့ကို ဘောလုံးအသင်းထဲ ထည့်မလို့ လူ
လာရွေးတာပေါ့၊ အေ့ . . . ”

“ဟုတ်တယ်၊ ပြောင်းရွှေ့ကြေး ဘယ်လောက်လဲ၊ လစာရော
ဘယ်လောက်ယူမှာလဲ၊ ဟင်း . . . ”

“ဟား ဟား . . . ဟင်းဟင်း”

နှစ်ယောက်သား လွတ်လွတ်လပ်လပ် ရယ်လိုက်ကြတယ်။ အဲဒါ
ကို ကြည့်ပြီး မကျေနပ်တဲ့စိတ်တွေ တလိပ်လိပ်တက်လာဘာက အိန္ဒြာစိုး။
တွေ့ပေးတုန်းကလည်း သူပဲ။ မကျေနပ်တော့လည်း သူပဲ။

*“မဖြစ်ဘူး၊ မဖြစ်ဘူး၊ စိုးမေလှိုင်က ခပ်ရှုပ်ရှုပ်၊ ဟိုလူက မိန်းမ
ဆို ယင်မတောင် သန်းဖူးပုံ မရဘူး၊ သူတို့နှစ်ယောက် အဆင်
ပြေလို့ မဖြစ်ဘူး၊ စိုးမေလှိုင်ဘတ်သမျှ ဟိုက ခံရတော့မှာ၊
သနားပါတယ်”*

အိန္ဒြာစိုးက အတွေးနောက် တစ်ပါတည်း မင်းထွန်းတို့ ဝိုင်းကို
ထ,လာခဲ့တယ်။ စိုးမေလှိုင်ကို တည့်တည့်ကြည့်ပြီး . . .

“ဟဲ့ . . . စိုးမေလှိုင်၊ နင့်အစ်မက အခုလေးတင်ပဲ ဖုန်းဆက်
တယ်၊ အရေးကြီးလို့ အိမ်ပြန်လာခဲ့ဦး”

“မမက . . . ”

စိုးမေလှိုင် ခဏလောက် တွေသွားတယ်။ သူ့အစ်မက ဖုန်းဆက်
စရာရှိ ဒါရိုက်ဆက်မှာပေါ့။ အိန္ဒြာစိုးဆီ ဆက်စရာမှ မလိုတာ။ ဒါဆို
ရင် . . . စိုးမေလှိုင် ချက်ချင်းပဲ သဘောပေါက်သွားတယ်။ မိန်းမချင်းချင်း
ဒီ အထာ ဘာလဲဆိုတာ သိသမှ သိပ်သိ၊ အရမ်းသိ။ ဒါ . . . မအိန္ဒြာစိုး
အူတိုတယ်ဆိုတဲ့သဘောပေါ့။ စိုးမေလှိုင်က မချိုမချဉ်လေး ပြန်ပြုံးပြီး
မတ်တပ်ရပ်လိုက်ပါတယ်။ ပြီးတော့ မင်းထွန်းဘေးနားကပ်ပြီး တိုးတိုး
လေး ကပ်ပြောသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



"အခြေအနေကောင်းတယ်၊ ဆက်ကြိုးစား"

"အေး"

မိန်းမတွေလောက် မလည်တဲ့ မင်းထွန်းခမျာ ဘာအခြေအနေကောင်းမှန်း မသိဘဲ အူကြောင်ကြောင်နဲ့ ကျန်ရစ်ခဲ့တော့တယ်။ သူ့ရှေ့တည့်တည့်မှာတော့ စူပုတ်ပုတ်နဲ့ ထိုင်နေတဲ့ ကြို့ထိုးပျောက်ဆေးလေး အခြေအနေကောင်းတယ်ဆိုတာ ဒါပဲထင်ရဲ့။

♥ ♥ ♥





"ဟဲ့ . . . မိုးမြေခိုင်၊ ဟဲ့ . . . စိုးမေလှိုင်၊ အကြီးမ၊ အငယ်မ၊ ထစမ်း . . . အမေတို့လာတယ်၊ တံခါးထဖွင့်စမ်း"

မနက်ခြောက်နာရီကျော်လောက် မိုးမြေခိုင်တို့ အိမ်ပေါက်ဝ ရောက်လာတာကတော့ မိုးမြေခိုင်နဲ့ စိုးမေလှိုင်တို့ရဲ့ မာတာ ဒေါ်ဆင့်ဆင့်လှိုင်နဲ့ ပီတု ဦးမြင့်ခိုင်တို့ပါပဲ။ သူတို့နှစ်ယောက်က နယ်ကနေ သမီးတွေရှိတဲ့ ရန်ကုန်ကို ရောက်လာတာပါ။ တစ်ညလုံး ကိုယ့်ကား ကိုယ်မောင်းလာရတဲ့ ပီတုကြီး ဦးမြင့်ခိုင်က စိတ်ရှည်ပုံ မရပါဘူး။ ကားဟွန်းသံ အရှည်ကြီးကို တီးလိုက်တယ်။ ဒါလည်း အိမ်ထဲက တုတ်တုတ်လေးတောင် လှုပ်သံမကြားရဘူး။

"မင်း သမီးတွေ နိုးတော်မူပုံ မရသေးဘူး၊ သော့ပါတယ် မဟုတ်လား၊ ကိုယ့်ဘာသာကိုယ် ဖွင့်ဝင်တာပေါ့ကွာ"

ဒေါ်ဆင့်ဆင့်လှိုင်က စလင်းဘတ်အိတ်ထဲ ဟိုရှာဒီရှာ လုပ်ပြီး သော့တွဲကို ဦးမြင့်ခိုင်လက် ကမ်းပေးလိုက်တယ်။ ဦးမြင့်ခိုင်က သော့တွဲယူပြီး အိမ်ရှေ့သံပန်းတံခါးကို ဖွင့်ပါတယ်။ သော့ခလောက်က အတွင်းဖက်ကနေ ခတ်ထားတဲ့အပြင် သစ်သားတံခါးရွက် ခံနေတော့ လွယ်လွယ်နဲ့ ဖွင့်မရဘူး။ ကတ်သီးကတ်သပ် လက်နှိုက်ပြီး ဖွင့်ရတော့ ဦးမြင့်ခိုင်လက်က တဆတ်ဆတ် တုန်လာတယ်။ ညက ကားမောင်းလာရလို့ အိပ်ရေး မဝတာလား၊ ဘာမဝတာလားတော့ မပြောတတ်တော့ဘူး။ ဖွင့်မရတဲ့အဆုံး တုန်နေတဲ့လက်ကို ဂျာကင်အိတ်ထဲ အသင့်ထည့်ထားတဲ့ ပုလင်းပြားလေး ထုတ်သောက်ပြီး ငြိမ်အောင် ဆုံးမလိုက်ရတယ်။ ဒေါ်ဆင့်ဆင့်လှိုင်ဆီက မကျေမနပ်နဲ့ စူပွစူပွအသံ ထွက်လာတယ်။

"မနက်စောစောစီးစီး ကျက်သရေကို မရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူမှာလည်း ဒီကျက်သရေမရှိတာကြီးကို ပေါင်းလာတာပဲ သမီးနှစ်ယောက်တောင် လူလားမြောက်နေပြီ။ ဦးမြင့်ခိုင်က သော့ပြန်ဖွင့်တယ်။ ဒီတစ်ခါတော့ ရှော့ရှော့ရှူရှူ ပွင့်သွားပါတယ်။ သူ့ဆေးနဲ့ သူကျတော့ ဟုတ်လို့ပဲ။ အိမ်ထဲရောက်တော့ ဒေါ်ဆင့်ဆင့်လှိုင်က သူ့သမီးတွေ အိပ်ခန်း တန်းဝင်သွားပြီး ဦးမြင့်ခိုင်ကတော့ ထမင်းစားခန်း တန်းသွားပါတယ်။

အိပ်ခန်းထဲမှာတော့ မိုးမြေခိုင်က ကုတင်တစ်လုံး၊ စိုးမေလှိုင်က ကုတင်တစ်လုံး။ အိပ်နေလိုက်တာများ ကုလားသေ ကုလားမောဆိုတာမျိုး။ ခြုံထားတဲ့ စောင်တွေကလည်း လည်ပင်းတက်ချိတ်လို့။ ဝတ်ထားတဲ့ ညအိပ်ဂါဝန်ရှည်တွေကလည်း အင်း . . . တက်ချိတ်လို့။ ပုံပြင်ထဲက နှစ်ပေါင်းများစွာ အိပ်ပျော်နေတဲ့ စန္ဒီးဝိုက်သာ ဒီပုံစံမျိုး အိပ်ပျော်နေလို့ကတော့ မင်းသားလေးက နှုတ်ခမ်းကို လာနမ်းမှာ မဟုတ်ဘူး။ တလွဲမတွေးနဲ့။ သံဝေဂရပြီး တောထွက်သွားနိုင်တယ်လို့ ပြောမလို့။ ဒေါ်ဆင့်ဆင့်လှိုင်လည်း ဖရိုဖရဲ အလှပြိုင်ပွဲဝင်နေတဲ့ သမီးနှစ်ယောက်ကို လက်ဝါးနဲ့ ခပ်ဆတ်ဆတ်လေး ဆုဒ်ိုးမြှင့်လိုက်ပါတယ်။

"ဖြန်း . . . ဖြန်း"

အရိုက်ခံရတဲ့ မိုးမြေခိုင်က ဖြန်းခနဲ လန့်နိုးသွားတယ်။ မျက်လုံးနှစ်လုံးကို နာနာပွတ်ပြီး . . .

"ဟင် . . . မေမေ၊ ဘယ်တုန်းက ရောက်တာလဲ"

"အေး . . . အခုပဲ၊ ဘယ့်နှယ့်တော်၊ မိန်းကလေးဖြစ်ပြီး နေဖင်ထိုးတောင် အိပ်ရတယ်လို့"

မိုးမြေခိုင်က အခန်းထဲက စားပွဲတင်နာရီကို လှည့်ကြည့်တယ်။ အခုမှ ခြောက်နာရီခွဲ။

"အာ . . . မေမေကလည်း ဒီအချိန် နေနဲ့ဖင်နဲ့ တစ်တန်းတည်း မကျသေးပါဘူး၊ ဆယ်နာရီလောက်မှ ပြီးတော့ သမီးတို့က လိုက်ကာတွေ ချထားပါတယ်၊ နေမထိုးစေရပါဘူး"

ဒေါ်ဆင့်ဆင့်လှိုင်က အတော့်ကို လေ့လာထားပုံရတဲ့ သူ့သမီး





ကို ခေါင်းခေါက်ပြီး ချီးကျူးသမှု ပြုလိုက်ရပါတယ်။ မိုးမြေခိုင်က ရှုံ့မဲ့မဲ့နဲ့ ခေါင်းကို အုပ်ထားလိုက်ရတယ်။ ဟိုအငယ်မ စိုးမေလှိုင်ကတော့ အရိုက်ခံရတဲ့နေရာကို အသာလေးပွတ်ပြီး တစ်ဖက်လှည့်ပြီးတောင် အိပ်နေလိုက်သေး။ ဒေါ်ဆင့်ဆင့်လှိုင်က ခပ်ဆတ်ဆတ်လေး လှုပ်နိုးရင်း . . .

"ဟဲ့ . . . ထစမ်း"

"အင်. . ဟင်၊ ကိုကိုကလည်း မထချင်ပါဘူး"

အမယ် ဒင်းက အိပ်မက်တောင် မက်နေလိုက်သေး။ ဒီနေရာမျိုးမှာ လက်မနှေးတဲ့ ဒေါ်ဆင့်ဆင့်လှိုင်က စိုးမေလှိုင်ကို နားရွက်ဆွဲပြီး တစ်ခါတည်း ဆွဲထူလိုက်တယ်။

"နင့်ကိုကို မဟုတ်ဘူးဟေ့၊ နင့်ကို အကောင်လိုက် ပွတ်ခနဲမွေးထုတ်လိုက်တဲ့ နင့်အမေ"

အခြေအနေမှန်ကို သဘောပေါက်သွားတဲ့ စိုးမေလှိုင်ခမျာ နားရွက်ပြုတ်မပါသွားအောင် ကမန်းကတန်း လူးလဲထလိုက်ရတယ်။

"အား . . . အား . . . မေမေ၊ ထပါပြီ မေမေရဲ့၊ အား . . . နာတယ်၊ လွှတ်ပါတော့ မေမေရဲ့"

"ဟင်း . . . မိန်းကလေးတွေချည်း နေတယ်ဆိုပြီး ပိပိပြားပြား သေသေဝပ်ဝပ်ကို မရှိဘူး၊ ရပ်ကွက်ကောင်းလို့ပေါ့၊ နို့မဟုတ်ဆို ဟင်း . . . ငါ မပြောလိုက်ချင်ဘူး၊ နင်တို့ကို လွှတ်ထားလို့ကို မဖြစ်တော့ဘူး"

ညီအစ်မနှစ်ယောက် အခန်းထောင့်ကပ်ပြီး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြပါတယ်။ သေချာတာကတော့ လွှတ်လပ်ရေး ဆုံးရှုံးဖို့ လက်တစ်လုံးပဲ လိုတော့တယ် ဆိုတာပါပဲ။ ဒေါ်ဆင့်ဆင့်လှိုင်က တစ်လက်စတည်း လုံးထွေးနေတဲ့ စောင်တွေခေါက်၊ လိုက်ကာတွေ ဆွဲလှစ်လိုက်ရင်း . . .

"အကြီးမ"

"ရှင်"

"နင် ဟိုတစ်ခါပြောတဲ့ နင့်ရည်းစားဆိုတာကို ဒီညနေ အိမ်ခေါ်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့၊ တွေ့ကြည့်ပြီး သင့်တော်ရင် တစ်ခါတည်း စီစဉ်ခဲ့မလို့”

“ရှင်”

“ရှင် မနေနဲ့၊ ညည်းတို့ကို လွှတ်ထားလို့ မရတော့ဘူး၊ အိမ်ထောင်လည်း ပြုသင့်တဲ့အရွယ် ရောက်နေပြီ၊ ဒီတစ်ခါ ရန်ကုန်လာတာ ဒီကိစ္စ စီစဉ်မလို့ တက်လာတာ၊ အေး . . . ငါအခုဈေးသွားလိုက်ဦးမယ်”

ဒေါ်ဆင့်ဆင့်လှိုင်က သူပြောချင်တာပြောပြီး ထွက်သွားတယ်။ အခုမှ ခက်ပြီ။ မိုးမြေခိုင်က သူ့ရည်းစား ရဲလင်းနဲ့ ချွာပြုထားတာ။ မိုးမြေခိုင်က သူ့ညီမကို အားကိုးတကြီး ကြည့်ပါတယ်။

“ဟဲ့ . . . အခု ဘယ်လိုလုပ်မလဲ”

စိုးမေလှိုက်က ‘ဝါး’ခနဲ သမ်းလိုက်ရင်း . . .

“ဘယ်လိုလုပ်ရမှာလဲ၊ ပြတ်သွားပြီလို့ ပြောလိုက်ပေါ့”

“အာ . . . ဒါဆို အခြားတစ်ယောက်နဲ့ ပေးစားနေရင် ဘယ်လိုလုပ်မလဲ၊ မေမေက အခုဆို အခု၊ ချက်ချင်းဆို ချက်ချင်း”

“ဒါဆိုလည်း ကိုရဲလင်းကို အကျိုးအကြောင်းပြောပြီး ပြန်ဆက်လိုက်ပေါ့ မမရာ၊ ကျွန်မကို အိမ်က လင်ပေးစားတော့မယ်၊ ရှင် ကျွန်မကို ချစ်ရင် အခုချက်ချင်း လာခဲ့ပါ၊ ဒါပဲပေါ့”

“သူက မလာရင်ကော၊ သူနဲ့ငါ တက်ထားတဲ့ ပြဿနာက မသေးဘူးဟ”

“ဒါဆိုလည်း မေမေ ပေးစားတာပဲ ယူလိုက်ပေါ့”

“ငါ ရဲလင်းက လွဲပြီး ဘယ်ယောက်ျားမှ မယူနိုင်ဘူး၊ နင် ယူလိုက်ပါလား”

“ဘာကိစ္စယူရမှာလဲ၊ မမကိစ္စ မမဘာသာရှင်း”

“ငါ မရှင်းတတ်လို့ နင့်ကို အကူအညီတောင်းနေရတာပေါ့ဟဲ့”

“ညီမလေးလည်း မကူညီတတ်ဘူး၊ ဟို မမအိန္ဒြာစိုးကို အကူအညီ တောင်းကြည့်ပါလား”

“နင့်အကြံမဆိုးဘူး”





မိုးမြေခိုင်လည်း ကုတင်ဘေးနား ချထားတဲ့ ဖုန်းကနေ အိန္ဒြာစိုးဆီ လှမ်းခေါ်လိုက်ပါတယ်။

“ဟဲ့ . . . အိန္ဒြာစိုး”

နံနက်ခင်းရဲ့ နေရောင်ခြည်က ပြတင်းပေါက်ကနေတစ်ဆင့် အခန်းထဲ တိုးဝင်လာပါတယ်။ ဘယ်ကနေ ဘယ်လိုရောက်လာမှန်း မသိတဲ့ ငှက်ကလေးတစ်ကောင်က ပြတင်းပေါက်ဘောင်မှာ နားရင်း အော်မြည်လိုက်ပါတော့တယ်။

“ပိကျိ . . . ပိကျိ”တဲ့။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com



အိန္ဒြာစိုးတို့ အိမ်ဧည့်ခန်းမှာ အိန္ဒြာစိုး၊ မိုးမြေခိုင်၊ စိုးမေလှိုင်နဲ့ နန္ဒာစိုးတို့ ခေါင်းလေးလုံး ဆိုင်နေကြပါတယ်။ ခေါင်းချင်းဆိုင်ရတဲ့အကြောင်းကတော့ လုံခြုံရေးကောင်စီ အရေးပေါ် အစည်းအဝေး စားပွဲပေါ် ရောက်လာတဲ့ မိုးမြေခိုင်နဲ့ ရဲလင်းတို့ရဲ့ ကိစ္စပါပဲ။ အားလုံးညှိနှိုင်းအပြီးမှာတော့ ရဲလင်းဆီ ဖုန်းဆက်ဖို့ အိန္ဒြာစိုးက တာဝန်ယူလိုက်ပါတယ်။

"ဟဲ့ . . . ရဲလင်း၊ ငါပါ"

ဟိုဘက်က ရဲလင်းက အိန္ဒြာစိုးအသံမှန်း သိတာနဲ့ . . .

"ဘာကိစ္စလဲ၊ နင့်သူငယ်ချင်းအကြောင်းဆို လာမပြောနဲ့၊ ငါ မကြားချင်ဘူး၊ ငါ အလုပ်ရှုပ်နေတယ်"

လေသံကတော့ မစ္စတာအိုဘားမားလေထက်တော့ မလျော့ပါဘူး။ အိန္ဒြာစိုးကလည်း အလျှော့မပေးပါဘူး။

"မကြားချင်လို့ မရဘူး၊ အခု မိုးမြေခိုင်ရဲ့ အဖေနဲ့ အမေ ရန်ကုန်ရောက်နေတယ်၊ အဲဒါ နင်နဲ့တွေ့ချင်လို့တဲ့"

ရဲလင်းတစ်ယောက် ဇဝေဇဝါ ဖြစ်သွားတယ်။ သူနဲ့ မိုးမြေခိုင်က ပြတ်ပြီလို့ ပြောလို့ရနေပြီပဲဟာ။

"ငါက ဘာကိစ္စ တွေ့ရမှာလဲ၊ သူနဲ့ငါ ပြတ်ပြီ"

"ဒီလိုလည်း မဟုတ်ဘူးလေဟာ၊ သူ့မိဘတွေက နင်နဲ့ ပေးစားချင်လို့ တွေ့ခိုင်းတာလေဟာ၊ နင်ကရော တကယ်ပြတ်နိုင်လို့လား"

ရဲလင်းက တွေခနဲ ဖြစ်သွားတယ်။ မိုးမြေခိုင်ကို လူချင်းပြတ်နိုင်ပေမယ့် သံယောဇဉ်တော့ မပြတ်နိုင်သေးတာ အမှန်ပါ။ ဒါပေမဲ့ မဆီမဆိုင် အိန္ဒြာစိုးက ကြားပွဲစား လာလုပ်နေတာတော့ မခံချင်ဘူး။ ဒါကြောင့် . . .



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ပွဲစားမ၊ ဒီကိစ္စ နင်နဲ့မဆိုင်ဘူး၊ ငါလည်း သူ့ကို စိတ်မဝင်စားတော့ဘူး"

"နေဦး၊ နင်လာမတွေ့ရင် သူ့မိဘတွေက အခြားတစ်ယောက်နဲ့ စီစဉ်တော့မှာနော်၊ နင် သူ့ကို တကယ်အဆုံးရှုံး ခံနိုင်လို့လား၊ ငါသိပါတယ်ဟာ၊ နင့်မှာ သူ့ထက်ပိုပြီး သံယောဇဉ် ထားရမယ့်လူ မရှိပါဘူး၊ ရဲလင်း . . . နင် ခေါင်းအေးအေးထားပြီး စဉ်းစား"

"ခေါင်းအေးနေတာမှ ရေခဲမှတ် ရောက်နေပြီ၊ သူ နင့်ဘေးမှာရှိနေတယ် မဟုတ်လား၊ ရဲလင်းက သူ့အတွက် ရင်လည်း မခုန်တော့ဘူး၊ သွေးလည်း မတိုးတော့ဘူးလို့၊ မိဘတွေ ပေးစားတဲ့လူကိုပဲ ပျော်ပျော်ကြီး ယူလိုက်တော့လို့"

ရဲလင်းက ပြောပြောဆိုဆို ဖုန်းပိတ်လိုက်ပြီး ဘက်ထရီပါ ဆွဲထုတ်ပစ်လိုက်တယ်။ ဒီတစ်ခါ ဘက်ထရီကို ဆွဲဖြုတ်လိုက်တာ သူ့အသည်းနှလုံးပါ ဆွဲထုတ်ပစ်သလို ခံစားလိုက်ရတယ်။ ရင်ထဲမှာလည်း ဟာတာတာနဲ့။ မှားများမှားသွားပြီလား မသိဘူး။ အို . . . မမှားဘူး ထင်ပါရဲ့။

လိုင်းပြတ်သွားတဲ့ ဖုန်းကို ကိုင်ထားရင်း အိန္ဒြာစိုးက မိုးမြေခိုင်ကို လှမ်းကြည့်လိုက်တယ်။ မိုးမြေခိုင်က အခြေအနေကို နားလည်လိုက်ပါတယ်။ ချက်ချင်းဆိုသလို မျက်ရည်တွေ ဝိုင်းလာတယ်။ တုန်ရီနေတဲ့ နှုတ်ခမ်းများက ရှိုက်သံတစ်ဝက်၊ စကားသံတစ်ဝက်။

"ရက်စက်လိုက်တာ ရဲလင်းရယ်၊ နင် ငါ့ကို တကယ်မုန်းပစ်လိုက်ပြီပေါ့"

အိန္ဒြာစိုးက မိုးမြေခိုင်ရဲ့ လက်ကိုကိုင်ပြီး အားပေးလိုက်တယ်။

"သိပ်လည်း ဝမ်းနည်းမနေပါနဲ့ဟယ်၊ ငါ ရဲလင်းဆီ သွားပြီး ဖြောင်းဖျကြည့်ပါ့မယ်"

အခြေအနေကို လေ့လာစောင့်ကြည့်နေတဲ့ နန္ဒာစိုးက ဝင်ပြောတယ်။





"ကိုရဲလင်း ကြည့်ရတာ တကယ်ပဲ သံယောဇဉ် ပြတ်သွားတဲ့ပုံပဲ"

စိုးမေလှိုင်က တစ်စုံတစ်ခုကို တွေးမိသလို အထိတ်တလန့် ပြောလိုက်ပါတယ်။

"အဲဒါမှ ကျွိုင်ပဲ၊ ဒီညနေမှ ကိုရဲလင်းကို ခေါ်မလာနိုင်ရင် မေမေက ဒေါ်သူ့ပုန်ထတော့မှာ"

"အာ . . . ဒီတော့လည်း အကြောင်းတစ်ခုခု ပြလိုက်ပေါ့ဟာ၊ နိုင်ငံခြားသွားနေတယ်တို့ ဘာတို့ပေါ့"

"မရဘူးလေ၊ မနက်ကတော့ ဟုတ်ကဲ့၊ ဟုတ်ကဲ့ဆိုပြီး ခေါင်းညိတ်လာတာ၊ အခုချက်ချင်း နိုင်ငံခြားသွားခိုင်းလို့ မဖြစ်ဘူးလေ"

"ဒါဆိုရင် ဘယ်လိုလုပ်ကြမလဲ"

"နင့်အမေက ဒေါ်ပွပြီး ကားပေါ်ဆွဲတင် နယ်ပြန်ခေါ်သွားပြီး ဟိုမှာ ယောကျ်ားပေးစားရင် ဒုက္ခ"

"အို . . . ဒါဆိုရင်တော့ မယ်သီလရှင် ဝတ်ပစ်လိုက်မယ်"

လေးယောက်သား ကြွက်စီကြွက်စီဖြစ်ကုန်ကြပါတယ်။ နန္ဒာစိုးက နေရင်းထိုင်ရင်း အကြံတစ်ခု ဝင်ပေးတယ်။

"ဒီလိုလုပ်ပါလား၊ ညနေကျရင် တစ်ယောက်ယောက်ကို ခေါ်ပြီး မမိုးမြေခိုင်ရည်းစားဆိုပြီးတော့ လုပ်ခိုင်းလိုက်၊ လက်ထပ်ဖို့ကိစ္စတွေ ပြောရင် နိုင်ငံခြားသွားစရာရှိသေးတယ်ဆိုပြီး နည်းနည်းအချိန်ဆိုင်းထားလိုက်၊ ဒီအတောအတွင်း မမိုးမြေခိုင်နဲ့ ကိုရဲလင်းကို ပြန်ပြီး အဆင်ပြေအောင် အားလုံးဝိုင်းကြိုးစားကြတာပေါ့၊ မကောင်းဘူးလား"

စိုးမေလှိုင်က နန္ဒာစိုးကို တအံ့တသြ ကြည့်ပါတယ်။

"နင်တောင် အတော့်ကို လက်ရည်မြင့်လာပါလား၊ နင့်လို စာဂျပိုးမခေါင်းက ဉာဏ်နီဉာဏ်နက်တွေ ထွက်လာမယ်လို့ လုံးဝ မထင်မိဘူး၊ လုံးဝ လေးစားတယ်ဟာ၊ ဟုတ်တယ်မဟော



www.burmeseclassic.com

www.burmeseclassic.com



ဒီအကြံကောင်းတယ်၊ ဒါဆိုရင် မမလည်း သီလရှင်ဝတ်စရာ မလိုတော့ဘူး"

နန္ဒာစိုးရဲ့ အဆိုပြုချက်ကို စိုးမေလှိုင်က အားပါးတရ ထောက်ခံလိုက်တယ်။

အိန္ဒြာစိုးက အလေးအနက် စဉ်းစားရင်း . . .

"နေကြစမ်းပါဦး၊ နင်တို့က ဘယ်သူ့ကို မိုးမြေခိုင် ရည်းစားအတု လုပ်ခိုင်းမလို့လဲ၊ ဒါမျိုးက ယုံကြည်စိတ်ချရတဲ့လူမှ ဖြစ်မှာ"

စိုးမေလှိုင်က လက်ဖျောက်တီးလိုက်ရင်း . . .

"ဒါကတော့ မမအိန္ဒြာစိုး အစွမ်းအစကို ကြည့်ရမှာပဲ၊ ကိုမင်းထွန်းဆိုရင် . . ."

အိန္ဒြာစိုးက 'မင်းထွန်း'နာမည် ကြားလိုက်တော့ တွန့်ခနဲ ဖြစ်သွားတယ်။

"ဘာ . . . မဖြစ်ဘူး၊ ငါ လက်မခံဘူး"

"ဘာလို့မဖြစ်ရမှာလဲ"

"မဖြစ်ပါဘူးဆို"

"သိနေတယ်လေ၊ မဖြစ်တဲ့အကြောင်းကို"

"နင်က ဘာသိတာလဲ"

"ဘာပဲသိသိပေါ့၊ မမအိန္ဒြာ မကူညီဘူးဆိုရင်လည်း စိုးကိုယ်တိုင်ပဲ ကိုမင်းထွန်းကို အကူအညီ တောင်းလိုက်ရတော့မှာပဲ"

"အောင်မာ . . . နင်က ဘာမို့လို့ နင့်ကို ကူညီရမှာလဲ"

စိုးမေလှိုင်နဲ့ အိန္ဒြာစိုးတို့နှစ်ယောက် အခြေအတင်တွေ ဖြစ်ကုန်တယ်။ စိုးမေလှိုင်က သူ့မူပိုင် ခပ်ထေ့ထေ့လေး ပြုံးလိုက်ပြီး . . .

"လူတစ်ယောက်မှာ ပျော့ပျော့လေး ကွက်နေတဲ့ ပျော့ကွက်ဆိုတာ ရှိတယ်၊ အဲဒီပျော့ကွက်ကို နင်းပြီး လည်စေ့ဖမ်းညှစ်လိုက်ရင် မမအိန္ဒြာရဲ့ ကိုမင်းထွန်းကြီး စားဖားကြီးလို ကားခနဲတောင် နေသွားဦးမယ်၊ ကဲ . . . သွားမယ်၊ အချိန်မရှိဘူး"

စိုးမေလှိုင်က ရှေ့က ကော့ကော့ ကော့ကော့နဲ့ ထွက်သွားပါတယ်။ အိန္ဒြာစိုးက ဟိုနေ့က မင်းထွန်းနဲ့ စိုးမေလှိုင်တို့ အထာညက်နေ





တာကို ကြည့်ပြီး ရင်တွေပူသွားပါတယ်။ မဖြစ်ဘူး။ သူကိုယ်တိုင်လိုက်မှပဲ စိတ်ချထားရမှာ။

"ဟဲ့ . . . နေဦး၊ ငါပါလိုက်မယ်"

အိန္ဒြာစိုးက ပြောပြောဆိုဆို သူပါထလိုက်သွားတယ်။ သူ့ရဲ့တိုစွကို သူကိုယ်တိုင် ဘာလုပ်ရမှန်းမသိဘဲ ဘေးလူတွေ လှုပ်ရှားနေတာကို ထိုင်ကြည့်ရင်း မျက်ရည်အဝိုင်းသားနဲ့ ကျန်ခဲ့တာက မိုးမြေခိုင်။

"ရက်စက်လိုက်တာ ရဲလင်းရယ်"

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . မဖြစ်ဘူး၊ မဖြစ်ဘူး၊ ကြံကြီးစည်ရာဗျာ၊ ဘယ့်နှယ့် ရည်းစားအတုလုပ်ရမယ်လို့"

ခါးခါးသီးသီး ငြင်းနေတဲ့ မင်းထွန်းကို အိန္ဒြာစိုးက တောင်းတောင်းပန်ပန်လေး ထပ်ပြောလိုက်တယ်။ စိုးမေလှိုင်ကတော့ ဆရာကြီးစတိုင်နဲ့ အခြေအနေကို အကဲခတ်နေလေရဲ့။

"ကူညီပါ ကိုမင်းထွန်းရယ်၊ ဒီကိစ္စမှာ ကူညီနိုင်တဲ့လူဆိုလို့ ရှင်တစ်ယောက်တည်းပဲ ရှိလို့ပါ"

"နေစမ်းပါဦး၊ ဒီတစ်ယောက်ကရော ခင်ဗျား Boss နဲ့ အမျိုးတော်လား၊ လုပ်မပေးရင် အလုပ်ပြုတ်ဦးမှာလား"

မင်းထွန်းက အိန္ဒြာစိုး ကိုင်ပေါက်နေကျ အလုပ်ပြုတ်တဲ့ကိစ္စကြီးကို ဦးအောင်ပြောထားလိုက်တယ်။ အိန္ဒြာစိုးက မျက်နှာသေလေးနဲ့-

"အဲဒီလိုတော့ မဟုတ်ပါဘူးရှင်၊ လူမှုရေးသက်သက်ပါ၊ ရှင်ကူညီနိုင်မှာပါ"

"ခင်ဗျား လူမှုရေးလုပ်ရအောင် ကျွန်တော်က ဒုက္ခသည်တွေလိုက်ကူညီတဲ့ NGO မဟုတ်ဘူးဗျ၊ ပြီးတော့ ခင်ဗျား လူမှုရေးက လှည်းကျိုးထမ်းရမယ့် လူမှုရေးကြီး"

မင်းထွန်းက တမင်ကို ပစ်ပစ်ခါခါကြီး ပြောလိုက်ပါတယ်ဖ။ ဒါကိုတောင် ဟိုက စိတ်မနာနိုင်ဘဲ ပွဲစားဗီဇမကုန်တဲ့လေသံနဲ့ . . .

"လှည်းက မကျိုးပါဘူး၊ အကောင်းကြီးပဲ ရှိပါသေးတယ်၊ Frame ကလည်း တောင့်၊ ခွေကလည်း ဖြောင့်၊ အာ . . . ကျွန်မစကားတောင် ဘယ်ရောက်သွားမှန်း မသိဘူး၊ ဒီတစ်ခါတော့ ကူညီလိုက်ပါရှင်၊ နောက်ဆိုရင် ရှင်စိတ်မချမ်းသာမယ့်ကိစ္စဘာမှမလုပ်တော့ပါဘူး၊ နော်လို့"

အိန္ဒြာစိုးက စိုးမေလှိုင်ထက် မလျော့တဲ့ ပဲလေးနဲ့ သစ်ငုတ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ကိုမင်းထွန်းကို နှဲနေတယ်။

"မရဘူးဗျာ၊ ဒီကိစ္စတော့ sorry ပဲ"

မင်းထွန်းကလည်း ကုလသမဂ္ဂက လာဖြောင်းဖျရင်တောင် မလျှော့မယ့်လေသံနဲ့ ပြန်ငြင်းလိုက်တယ်။ အခြေအနေကို သုံးသပ်နေတဲ့ စိုးမေလှိုင်က . . .

"ဒီကိစ္စ ဝင်မစွက်ဖူးလို့နေတာ၊ အခုတော့ မပါလို့ကို မဖြစ်တော့ဘူး"

"မင်းက ဘာဝင်ရှုပ်ဦးမလို့လဲ"

"အပေးအယူကိစ္စလေးတွေ ရှိတယ်၊ ဟိုဘက်နားသွားစကား ပြောမယ်၊ မမအိန္ဒြာ . . . ဒီမှာခဏနေခဲ့ဦး"

စိုးမေလှိုင်က ခပ်တည်တည်ပဲ မင်းထွန်းကို လက်ဆွဲခေါ်သွား တယ်။ အိန္ဒြာစိုးမှာသာ ဆွဲထားတဲ့လက်ကိုကြည့်ပြီး အံ့သြခြင်းကြီးစွာ ကျန်ခဲ့တော့တယ်။

"အမလေး လေး . . . ဒင်းက ပိုင်စိုးပိုင်နင်း"

အခန်းထောင့်ရောက်တာနဲ့ မင်းထွန်းက ကြို့စထိုးတော့တာ ပါပဲ။

"အေ့ . . . မင်း ငါ့အနား မကပ်နဲ့နော်"

"ဖြစ်နေလိုက်တာ၊ မတိုးဘူး စိတ်ချ၊ လျှို့ဝှက်ချက်လေးတစ် ပြောစရာရှိလို့"

"လျှို့ဝှက်ချက်၊ အေ့ . . . ဘာလျှို့ဝှက်ချက်လဲ"

"ဒီတိုင်းတော့ မပြောနိုင်ဘူး၊ ရှင် ဒီကိစ္စ ကူညီမယ်ဆိုမှ ပြော မယ်"

စိုးမေလှိုင်က ပေါ်တင်ကြီး အကျပ်ကိုင်လိုက်ပါတယ်။ မင်းထွန် ကလည်း ခပ်တင်းတင်းပါပဲ။

"မပြောနေပေါ့ကွ၊ ငါကတော့ လုံးဝမကူညီနိုင်ဘူး"

စိုးမေလှိုင်က သူထုတ်ထားတဲ့ အစလေးကို ဆွဲလိုက်ပါတယ်

"ရှင်ပဲ မမအိန္ဒြာစိုးကို ချစ်တယ်ဆို"

"အဲဒါနဲ့ ဘာဆိုင်လို့လဲ"

စိုးမေလှိုင်က သူခွင်ထဲ ရောက်လာပြီမို့ ခပ်ထေ့ထေ့လေးပဲ ပြုံ





လိုက်ပြီး . . .

"ရှင် ဒီကိစ္စ ကူညီလိုက်တာနဲ့ ရှင်နဲ့ မမအိန္ဒြာစိုး **ချစ်သူတွေ** အတိအကျ ဖြဂ်သွားရမယ်"

မင်းထွန်းမျက်နှာမှာ ဇဝေဇဝါ မယုံ့တယုံ အရိပ်ကလေးတွေ ဖြတ်ပြေးသွားလေရဲ့။

"ဟုတ်လို့လား"

စိုးမေလှိုင်က ခပ်ထေ့ထေ့ ပြုံးနေရာ က လုံးဝအနိုင်ရမှာ သေချာ နေတဲ့ မန်ယူနည်းပြ ဖာဂူဆန်ပြုံးလေး ပြုံးလိုက်ပြီး . . .

"စိုးမေလှိုင်ပါ၊ ကိုယ်မပိုင်ရင် ခြင်တောင် လူငှားနဲ့ ရိုက်ခိုင်းတာ၊ ဘယ်လိုလဲ၊ ကူညီမယ် မဟုတ်လား"

မင်းထွန်းက သူ့ရဲ့ ကြို့ထိုးပျောက်ဆေးလေးကို လှမ်းကြည့် တယ်။ ဟိုကလည်း စိုးရိမ်တကြီးနဲ့ လှမ်းကြည့်နေတာ သွားတွေ့တယ်။ နှစ်ယောက်သား မျက်လုံးချင်း ဆုံမိတယ်။ မင်းထွန်းရင်ထဲမှာတော့ ကြယ် လေးတွေ တဖြုတ်ဖြုတ် ကြွေနေသလို။ မင်းထွန်းက သက်ပြင်းချလိုက်ပြီး-

"ကူညီချင်ပေမယ့် ငါက မိန်းကလေးတွေနဲ့ တွေ့ရင်၊ အေ့"

စကားတောင် မဆုံးလိုက်ဘူး။ မင်းထွန်းခမျာ ကြို့ထပ်ထိုးလာ ပြန်တယ်။ စိုးမေလှိုင်က . . .

"အဲဒီ တအေ့အေ့ကြီးကြောင့် ကူညီခိုင်းနေတာပေါ့၊ အေ့အေ့ ကြီးရယ်"

အေ့အေ့ကြီး (ခေါ်) မင်းထွန်းလည်း ကြို့ထိုးပျောက်ဆေးလေး နဲ့ နီးဖို့အရေး ခပ်လေးလေးကြီး ခေါင်းညိတ်လိုက်ရပါတော့တယ်။

"အေ့"

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ၊ မေမေ၊ ဒါ သမီးချစ်သူ ကိုမင်းထွန်းပါ"

ညှော်ခန်းထဲမှာ ထိုင်နေတဲ့ ဦးမြင့်ခိုင်နဲ့ ဒေါ်ဆင့်ဆင့်လှိုင်က သူ့ရှေ့လာရပ်တဲ့ မင်းထွန်းနဲ့ မိုးမြေခိုင်ကို မော့ကြည့်ပါတယ်။ ဒေါ်ဆင့်ဆင့်လှိုင်က ဖဝေဖဝါနဲ့ မင်းထွန်းကို ကြည့်တယ်။

"နေစမ်းပါဦး၊ ဟိုတစ်ခါ ညည်း ငါ့ကိုပြောတုန်းက ရဲလင်းဆိုလား၊ ဘာဆိုလား"

အရမ်းကို မှတ်ဉာဏ်ကောင်းနေတဲ့ သူ့အမေကို မိုးမြေခိုင်က ပြောင်လိမ်ပြောင်စား လုပ်ရပါတော့တယ်။

"သြော် . . . မေမေကလည်း၊ နာမည်က အရေးမကြီးပါဘူး၊ လူပဲအရေးကြီးတာပါ၊ ဟုတ်တယ်နော် ဖေဖေ"

မိုးမြေခိုင်က ဦးမြင့်ခိုင်ကို ညာညှိလိုက်တယ်။ ဦးမြင့်ခိုင်က ခေါင်းတဆတ်ဆတ် ညိတ်လိုက်ရင်း . . .

"ဟုတ်တာပေါ့၊ ထိုင်ကြ၊ ထိုင်ကြ"

ဦးမြင့်ခိုင်က ညနေစောင်း၊ အချိန်ကောင်းလေးကျမှ သူ့ချစ်သူကို ခေါ်လာတဲ့ သူ့သမီးကို နည်းနည်းတော့ စိတ်ခုမိသား။ နေညိုရင် လေပြိုတတ်တယ်လေ။ မဖြစ်ပါဘူး။ မြန်မြန်ပြတ်သွားအောင် ဖြတ်မှပါပဲ။ အဲဒီလို ဦးမြင့်ခိုင် တွေးနေတုန်းမှာပဲ မင်းထွန်းနဲ့ မိုးမြေခိုင်တို့ ရှေ့က နှစ်ယောက်ထိုင်ခုံမှာ ယှဉ်ပြီး ဝင်ထိုင်လိုက်ပါတယ်။ မင်းထွန်းက မိုးမြေခိုင်နဲ့ နီးနီးကပ်ကပ် ထိုင်နေရတော့ စိတ်အိုက်လာတယ်။ ပြီးတော့ . . .

"အော့"

မင်းထွန်းဆီက ကြို့ထိုးတဲ့အသံကြောင့် ဒေါ်ဆင့်ဆင့်လှိုင်နဲ့ ဦးမြင့်ခိုင်ရဲ့ အကြည့်က မင်းထွန်းဆီ ရောက်လာတယ်။ မင်းထွန်းက အားတုံ့အားနာဖြစ်ပြီး ထိန်းဖို့ ကြိုးစားလိုက်ကာမှ . . .

"အော့ အော့ အော့"



www.burmeseclassic.com

www.burmeseclassic.com



မိုးမြေခိုင်က မင်းထွန်းကို စောင်းကြည့်ပြီး မျက်စောင်းထိုးတယ်။ ဒေါ်ဆင့်ဆင့်လှိုင်က မျက်မှောင်ကုတ်ပြီး ကြည့်တယ်။ ဦးမြင့်ခိုင်ကတော့ ခေါင်းတဆတ်ဆတ်ညိတ်ပြီး တစ်ခုခုကို သဘောပေါက်သွားတဲ့ အမူအယာနဲ့ . . .

"လာ . . . မောင်မင်းထွန်း၊ အန်ကယ်နဲ့ ထမင်းစားခန်း သွားရအောင်"

"ဘာလုပ်မလို့လဲ"

ဦးမြင့်ခိုင်က ဒေါ်ဆင့်ဆင့်လှိုင်အမေးကို ပြန်မဖြေဘဲ မင်းထွန်းကို ပခုံးပုတ်လိုက်ပြီး ထမင်းစားခန်းထဲ ခေါ်သွားလေရဲ့။ ဒေါ်ဆင့်ဆင့်လှိုင်က အံကြိတ်ပြီး သူ့သမီးကို မျက်စောင်းထိုးလိုက်တယ်။ အသားလွတ်ကြီး မျက်စောင်းထိုးခံလိုက်ရတဲ့ မိုးမြေခိုင်ကတော့ အခြေအနေကို နားမလည်နိုင်ဘဲ ဆက်ပဲထိုင်ရမလို၊ ထရမလို ဖြစ်သွားတယ်။

ထမင်းစားခန်းရောက်တော့ ကော်ဖီဖျော်နေတဲ့ စိုးမေလှိုင်က သူ့အဖေနဲ့ မင်းထွန်းကို မျက်လုံးပြူးကြည့်တယ်။ ဦးမြင့်ခိုင်က . . .

"သမီး . . . ကော်ဖီမဖျော်နဲ့တော့၊ မလိုတော့ဘူး၊ ဖန်ခွက် ၂လုံးသာ ယူခဲ့"

ဦးမြင့်ခိုင်က ရေခဲသေတ္တာကို ဖွင့်၊ အထဲက ဘလက်တစ်လုံးနဲ့ ရေခဲဘူးကို ဆွဲထုတ်လိုက်တယ်။ စိုးမေလှိုင် လာချပေးတဲ့ ဖန်ခွက်တွေထဲ လက်နှစ်လုံးစီလောက် ထည့်၊ ရေခဲတုံးလေး ထည့်ပြီး . . .

"ရော့ . . . မောင်မင်းထွန်း၊ သောက်"

မင်းထွန်းက လက်လေး ကာပြီး . . .

"ဟာ . . . ကျွန်တော် မသောက်တတ်၊ အော့ . . ."

ဦးမြင့်ခိုင်က ရယ်လိုက်ရင်းက . . .

"မင်းကွာ၊ တအော့အော့နဲ့ လေတက်နေတာတောင် ငြင်းချင်သေးတာကိုး၊ ယောကျ်ားလေးပဲကွာ မဆန်းပါဘူး၊ အန်ကယ်လည်း ဒီအချိန်ရောက်ရင် ဒီလိုပါပဲကွ၊ အငယ်မရော . . . မြည်းစရာလေး လုပ်စမ်းပါဦး"

ဟိုက်"

လက်စသတ်တော့ အဖိုးကြီးက မင်းထွန်းကို သူ့လို ရှုပ်ဘဲ





အောက်မေ့နေတာကိုး။ ဘာပဲပြောပြော မိုးမြေခိုင်ဘေး တအော့အော့ ဖြစ်နေတာထက်စာရင် ဘလက်လေးနဲ့ sip လုပ်ပြီး အဖိုးကြီးနဲ့ အာထုနေတာက ငြိမ့်ဦးမယ်။ အရက်သမားမို့ မပေးစားနိုင်ဘူးဆိုလည်း ဘာဖြစ်သေးလဲ။ ကိုယ်ကြိုက်တာ သူ့သမီးမှ မဟုတ်ဘဲ။ ကိုယ်က အငယ်ဆောင်ပဲ ဥစ္စာ။ မင်းထွန်းလည်း အဖိုးကြီး ကမ်းလာတဲ့ ခွက်ကို တစ်ကျိုက်လောက် ငုံလိုက်ပါတယ်။ မင်းထွန်းက အမြဲတမ်း သုံးစွဲသူစာရင်းထဲ မပါပေမယ့် ရံဖန်ရံခါ အားပေးသူစာရင်းဝင်တစ်ယောက်ပါပဲ။ ထိုးနေတဲ့ ကြို့ကလည်း အယ်လ်ကိုဟောနဲ့ တွေ့တော့မှ တစ်ခါတည်း ငြိမ်ကျသွားတယ်။ ဦးမြင့်ခိုင်က ပြုံးပြုံးကြီးနဲ့ . . .

"ကဲ cheer ဟေ့၊ ဒီနေ့ သောက်ဖော်မရှိလို့ ပျင်းနေတာ၊ မင်းရောက်လာတာနဲ့ အတော်ပဲ"

နှစ်ယောက်သား ခွက်ချင်းတိုက်ပြီး သောက်လိုက်ကြပါတယ်။

"ဘယ်လိုလဲ၊ ငြိမ်သွားပြီ မဟုတ်လား"

"ဟုတ်ကဲ့၊ Thank you ပါပဲ အန်ကယ်ရယ်"

မင်းထွန်းက ဖော်လိုလေး လိုက်ပေးလိုက်တယ်။

"တစ်ခွက်သောက်ရင် ငြိမ်မယ်၊ နှစ်ခွက်သောက်ရင် ငြိမ်းမယ်"

"သုံးခွက်သောက်ရင်ကော အန်ကယ်"

တစ်ခွက်ဝင်သွားလို့ နှုတ်ရှင်လာတဲ့ မင်းထွန်းက မေးလိုက်တယ်။ ဦးမြင့်ခိုင်က သူ့ကိုယ်လုံး ခပ်ဖိုင့်ဖိုင့်ကို ယိမ်းပြလိုက်ပြီး . . .

"သုံးခွက်သောက်ရင်တော့ ဟောဒီလို ယိမ်းလာမှာပေါ့ကွ၊ ဟားဟား . . ."

ယိမ်းနေတဲ့ ဦးမြင့်ခိုင် ခန္ဓာကိုယ်ကြီးက ထမင်းစားခန်းထဲ ဝင်လာတဲ့ ဒေါ်ဆင့်ဆင့်လှိုင်ကိုလည်း မြင်ရော ဒက်စတော့ အုပ်လိုက်သလို တွန့်ခနဲ ရပ်သွားပါတယ်။ မိုးမြေခိုင်က နောက်ကနေ ကုပ်ကုပ်လေး ပါလာတယ်။ မျက်စေ့မျက်နှာပျက်လို့။ စိတ်ထဲကတော့ မင်းထွန်းကိုပဲ စဉ်းကောလုပ်ပစ်ချင်စိတ် ပေါက်နေတော့တယ်။ မီးဖိုချောင်ဘက်ကနေ အမြည်းပန်းကန်ကိုင်ပြီး ဝင်လာတဲ့ စိုးမေလှိုင်ကို မျက်စပစ်ပြတယ်။ စိုးမေလှိုင်က ပခုံးလေး တွန့်ပြပြီး အမြည်းပန်းကန် သွားချပေးလိုက်တယ်။ ဒေါ်ဆင့်ဆင့်လှိုင်က တစ်ဝိုင်းလုံးကို မေးငေါ့ရင်း . . .



www.burmeseclassic.com

www.burmeseclassic.com



"အစကတည်းက ယဉ်သကို ဆိုသလိုပဲ သူတော်ချင်း သတင်းလွှ့နေကြတယ်ပေါ့၊ ကောင်းပ့ါ၊ ကောင်းပ့ါ၊ မိုးမြေခိုင် . . . နင် ဒီလိုဟာမျိုး အတော်ခက်ခက်ခဲခဲ ရှာထားရမှာပေါ့"

မိုးမြေခိုင်က ဘာပြန်ဖြေရမှန်းမသိ ဖြစ်သွားတယ်။ ဦးမြင့်ခိုင်က ဒေါ်ဆင့်ဆင့်လှိုင်ဘက် လှည့်ပြီး . . .

"အဖေကို ချစ်တဲ့သမီးက အဖေနဲ့တူတဲ့ ယောကျ်ား ရအောင် ရှာထားတာ ဘယ်လောက်ဂုဏ်ယူဖို့ ကောင်းလဲကွ၊ တော်တော်ကြာ မသောက်မစား အူကြောင်ကြားတွေဖြစ်နေရင် လူကြီးတန်မဲ့ အနေအထိုင် ဆင်ခြင်ရဦးမယ်၊ လာ . . . မောင်မင်းထွန်း၊ နောက်တစ်ခွက်"

မင်းထွန်းက အားလုံးကို ငဲ့ရှဉ့်ပြုံးလေး ပြုံးပြလိုက်ပြီး ဦးမြင့်ခိုင်ဆီ ခွက်ကမ်းပေးလိုက်ပါတယ်။ ဒေါ်ဆင့်ဆင့်လှိုင်က ခါးထောက်လိုက်ပြီး . . .

"နေစမ်းပါဦး၊ မင်းမိဘတွေက ဘယ်သူတွေလဲ၊ ဘယ်ကလဲ"

မင်းထွန်းက အင်္ဂလိယောက္ခမလောင်းကြီးကို ရိုရိုသေသေ ပြန်ဖြေလိုက်တယ်။

"ဖေဖေကတော့ ကျွန်တော် ကိုးတန်းနှစ်ကပဲ ဆုံးသွားပါပြီ၊ မေမေကတော့ ဒေါ်သိင်္ဂီပါ၊ ရွှေဆိုင်ဖွင့်ထားပါတယ်"

ဒေါ်ဆင့်ဆင့်လှိုင်ရဲ့ ခါးထောက်ထားတဲ့ လက်၊ ပြန်ပြေသွားတယ်။

"ဒေါ်သိင်္ဂီ၊ သိင်္ဂီရွှေရည် ရွှေဆိုင်က ဒေါ်သိင်္ဂီလား"

"ဟုတ်ပါတယ်၊ အန်တီက မေမေ့ကို သိလို့လား"

"အောင်မလေး . . . သိရုံတင် ဘယ်ကမလဲ၊ စပ်မယ်ဆို ဆွေမျိုးတောင် တော်ဦးမယ်၊ မင်းက မမသိင်္ဂီသားကိုး၊ မင်းအဖေကိုရွှေထွန်းကလည်း အန်တီနဲ့ ဆွေမကင်း မျိုးမကင်းပဲ၊ အော်. . ကိုရွှေထွန်း . . . ကိုရွှေထွန်း၊ သောက်သောက်စားစားလူတွေက အရင်မသေဘဲ မသောက်မစား၊ ငယ်ငယ်ရွယ်ရွယ်နဲ့ ဆုံးသွားရှာတယ်၊ ကိုရွှေထွန်း၊ မမသိင်္ဂီသားဆိုရင်တော့ သဘောမတူစရာ မရှိတော့ပါဘူးကွယ်၊ အို . . . ပြောနေကြာတယ်၊ အခုပဲ မမသိင်္ဂီ





ဆီ ဖုန်းဆက်ပြီး သားရေးသမီးရေး ဆွေးနွေးဖို့ အိမ်ကို လှမ်းခေါ်လိုက်တော့မယ်"

"ဟိုက်"

မင်းထွန်းခမျာ သောက်ထားတဲ့ အရှိန်တွေ ဖုတ်ခနဲ ပြန်ကျသွားတယ်။ စိုးမေလှိုင်မှာတော့ နဂိုပြူးတဲ့ မျက်လုံး။ နံပြားလောက် ကျယ်သွားပါတယ်။ ရည်းစားအတုငှားမိတဲ့ မိုးမြေခိုင်မှာတော့ မိုက်ခနဲ၊ မူးခနဲဖြစ်သွားလို့ စိုးမေလှိုင်က ဖမ်းထိန်းထားလိုက်ရပါတော့တယ်။ အခြေအနေကတော့ ပွဲကြီးပွဲကောင်းပဲ။ ချယ်ဆီးနှင့် မန်ယူ တွေ့ကြပြီပေါ့။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com



"လူရင်းတွေဆိုတော့ အထွေအထူး ပြောနေစရာ မလိုတော့ပါဘူး၊ ပြီးတော့ ဆင့်တို့ ဒီအခြေအနေ ရောက်လာတာလည်း ကိုရွှေထွန်းနဲ့ မမတို့ ကျေးဇူးတွေ အများကြီးပါတယ်၊ ဆင့်သဘောက မမရယ်၊ ထုံးတမ်းစဉ်လာလည်း မပျက်ရအောင် မနက်ဖြန် အိမ်မှာပဲ စေ့စပ်ကြောင်းလမ်း လုပ်၊ သဘက်ခါ ရုံးတက်လက်မှတ်ထိုး၊ တနင်္ဂနွေမှာ မင်္ဂလာဆွမ်းကျွေး၊ ညည့်ခံ ပွဲကိုတော့ ဟိုတယ်ရက် ချိတ်လို့ရတဲ့နေ့ လုပ်ကြတာပေါ့၊ မကောင်းဘူးလား"

ချောင်းနားထောင်နေတဲ့ စိုးမေလှိုင်နဲ့ နန္ဒာမိုးတို့ ညည့်ခန်းက ပြောနေတဲ့ အသံတွေကြောင့် တစ်ယောက်နဲ့ တစ်ယောက် မျက်လုံးပြူး ကြည့်လိုက်ပါတယ်။ စိုးမေလှိုင်က နန္ဒာစိုးနဲ့ အိန္ဒြာစိုးကို ဖုန်းဆက်ပြီး သူတို့အိမ် ခေါ်လိုက်တာပါ။ လက်ရှိအခြေအနေကို လိမ္မော်ရောင်အဆင့် သတ်မှတ်ပြီး မင်းထွန်းနဲ့ မိုးမြေခိုင်တို့ရဲ့ ပြဿနာကို ဆွေးနွေးကြဖို့ပါပဲ။ ညည့်ခန်းထဲက လူကြီးတွေကတော့ လေပေးလေယူ ဖြောင့်နေပုံပါပဲ။ ဒေါ်သိဂီရဲ့အသံကို ထပ်ကြားရပြန်တယ်။

"ဒါမျိုးက မိန်းကလေးရှင်တွေဘက်ကပဲ သဘောတူဖို့ လိုတာလေ၊ မမတို့ဘက်ကတော့ ပြောစရာ မရှိပါဘူး၊ လူငယ်ချင်းကလည်း သဘောကျ၊ လူကြီးချင်းကလည်း အဆင်ပြေ၊ ဘာလိုသေးလို့လဲ၊ မမမှာလည်း ဒီသားလေးတစ်ယောက်ပဲ ရှိတာ၊ ကုန်ချင်သလောက် ကုန်ပါစေ"

ဒေါ်သိဂီကလည်း သူ့သား မင်းထွန်း ကြုံ့ထိုးတဲ့ရောဂါကြောင့် ဒီတစ်သက် မိန်းမ မရမှာကို တွေးပူပုံပါပဲ။ အားမနာရမယ့် လူတွေဆိုတော့ တစ်ခါတည်း အပြီးညှိ၊ အပိုင်ရိုက်ချင်တဲ့ သဘောထား ရှိနေတယ်လေ။ လူကြီးတွေ ညှိနှိုင်းအပြီး အလာဘ၊ သလာဘတွေ ပြောနေတုန်း



www.burmeseclassic.com

www.burmeseclassic.com



နန္ဒာစိုးနဲ့ စိုးမေလှိုင်တို့ အိပ်ခန်းရှိရာ ခြေဖျားထောက်ပြီး တက်လာခဲ့တယ်။ အိပ်ခန်းထဲမှာတော့ ကုတင်ပေါ်မှာ ရှူးဆေးလေး ရှူပြီး မျက်ရည်စမ်းစမ်းနဲ့ ဖြစ်နေတဲ့ မိုးမြေခိုင်၊ အခန်းထဲ ဟိုလျှောက်ဒီလျှောက်နဲ့ ဂနာမငြိမ်တဲ့ အိန္ဒြာစိုး၊ အခန်းထောင့်က ထိုင်ခုံမှာ ကုပ်ကုပ်ကလေး ထိုင်နေတဲ့ မင်းထွန်း၊ သုံးယောက်သား နန္ဒာစိုးတို့နှစ်ယောက် အခန်းထဲဝင်လာတာနဲ့ အလောတကြီး မေးလိုက်ပါတယ်။

"ဟဲ့ . . . လူကြီးတွေ ဘာပြောနေကြသလဲ"

နန္ဒာစိုးက ဝင်ဖြေလိုက်တယ်။

"အားလုံး အိုကေပဲ၊ တစ်ယောက်ပြောတာ တစ်ယောက်က ထောက်ခံလိုက်နဲ့ လုံးဝကို Peace ဖြစ်နေတာ"

"ဟုတ်တယ်၊ မနက်ဖြန် စေ့စပ်ပြီး သဘက်ခါ လက်မှတ်ထိုး၊ တနင်္ဂနွေနေ့မှာ မင်္ဂလာဆွမ်းကျွေး၊ အဆင်ပြေတဲ့ရက် ဟိုတယ်မှာ ဧည့်ခံပွဲလုပ်ပေးမလို့တဲ့"

စိုးမေလှိုင်ရဲ့ စကားအဆုံးမှာ မိုးမြေခိုင်က အသံပြဲကြီးနှင့် ငိုချလိုက်ပါတော့တယ်။

"အီးဟီး . . . အားလုံးအဆင်ပြေတယ်တဲ့၊ ဟီး"

မင်းထွန်းက ကိုယ့်နဖူး ကိုယ်ရိုက်လိုက်တယ်။

"သွားပါပြီဗျာ၊ မနေတတ်၊ မထိုင်တတ် ဝင်ကူညီမိတာ မိန်းမတစ်ယောက် အချောင်ရတော့မယ် ထင်ပါရဲ့ဗျာ"

အိန္ဒြာစိုးက မင်းထွန်းကို မျက်စောင်းကျကျနန ချီလိုက်ရင်း -

"ရှင်ကလည်း လိုချင်နေတာနဲ့ အတော်ပဲ မဟုတ်လား"

"လိုတော့ လိုချင်တာပေါ့၊ ဒါပေမဲ့ မိန်းမနား ကပ်တိုင်း၊ တအေ့အေ့နဲ့ ကျွန်တော်လည်း ဖီးလ်ငုတ်၊ သူကလည်း ဖီးလ်အောက်နေရင် ဘယ်လိုအလုပ်ဖြစ်မှာလဲဗျ၊ ပြီးတော့ ကျွန်တော်လည်း သူ့ကို မကြိုက်ဘူး"

မင်းထွန်းရဲ့ စကားကြောင့် မိုးမြေခိုင်က ဆတ်ဆတ်ခါသွားတယ်။

"အောင်မာ . . . ဒီကလည်း ရှင့်လို တအေ့အေ့ကြီးကို ဒုက္ခခံပြီး မယူနိုင်ပါဘူး၊ နန္ဒာစိုး . . . နင်အကြံပေးကောင်းလို့ ငါ





ဒုက္ခရောက်တော့မယ်ဟဲ့"

နန္ဒာစိုးက သူ မလုပ်သလို ရှုံချင်ယောင် ဆောင်နေလိုက်ပါတယ်။ မင်းထွန်းက စိုးမေလှိုင်ကို လှည့်ပြီး ကောပါတယ်။

"ဘယ်လိုလဲ စိုးမေလှိုင်၊ မင်းပြောတော့ တစ်မျိုး၊ အခုဖြစ်နေတာက တစ်မျိုးပါလား"

စိုးမေလှိုင်လည်း ကုပ်ကုပ်လေး ဖြစ်သွားပါတယ်။ မင်းထွန်းက မရပ်သေးဘဲ . . .

"မအိန္ဒြာစိုး၊ ဒီကိစ္စကို ခင်ဗျားမျက်နှာနဲ့ ကျွန်တော် လုပ်ခဲ့တာ၊ အခု ကျွန်တော် ဒုက္ခနဲ့လှလှ ပက်ပင်းတိုးတော့မယ်၊ ခင်ဗျား ပြန်ရှင်းပေး"

မင်းထွန်းက ကျောင်းမသွားချင်တဲ့ကလေး ဂျီကျနေတဲ့ပုံစံမျိုးနဲ့ ပြောလိုက်ပါတယ်။ အိန္ဒြာစိုးကလည်း ပျာပျာသလဲ . . .

"ရှင်ကလည်း တမှောင့်၊ ကျွန်မလည်း ရှင့်ကို သူနဲ့မယူစေချင်ပါဘူး၊ ကဲ . . . ကိုမင်းထွန်း အချိန်မရှိဘူး၊ ရှင် ကျွန်မနဲ့ လိုက်ခဲ့"

အိန္ဒြာစိုးက မိုးမြေခိုင်နဲ့လည်း မယူစေချင်ဘူး။ သူနဲ့တစ်ခါတည်း လိုက်ခဲ့ဆိုတော့ မင်းထွန်းက အတွေးတစ်မျိုး ပေါက်သွားပါတယ်။

"ဘာလဲ၊ ခင်ဗျားက ကျွန်တော့်ကို ခိုးပြေးမလို့လား၊ ကျေးဇူးပါပဲဗျာ၊ အခုမှပဲ စိတ်ချမ်းသာသွားတော့တယ်၊ ကဲ . . . လာ၊ သွားစို့"

အရေးထဲ ဆီမီးခွက် ထတောက်နေတဲ့ မင်းထွန်းကို အိန္ဒြာစိုးက ဘုန်းခနဲ ထုပစ်လိုက်ရင်း . . .

"ရှင် ဘာတွေလာပြောနေတာလဲ၊ အခု ရှင့်ကို ခေါ်တာက ရဲလင်းနဲ့ သွားပြီး ပြဿနာသွားရှင်းမလို့"

"ခိုးပြေးမလို့ မဟုတ်ဘူးပေါ့"

"ရှင်နော် . . . အရေးထဲမှာ"

အိန္ဒြာစိုးက မင်းထွန်းလက်ကို ဆောင့်ဆွဲပြီး အိပ်ခန်းထဲက ထွက်သွားပါတယ်။ စိုးမေလှိုင်က နောက်ကနေ လှမ်းသတိပေးလိုက်တယ်။

"နောက်ဖေးပေါက်က ထွက်သွားဦး၊ တော်ကြာ လူကြီးတွေ တွေ့



www.burmeseclassic.com

www.burmeseclassic.com



သွားရင် နောက်တစ်မျိုး ကွိုင်တက်နေဦးမယ်"

အင်း . . . ထွက်တာတောင် လူထွက်တဲ့အပေါက်က မထွက်ရပါလားနော်။

♥ ♥ ♥





"အမလေး ရဲလင်းရယ်၊ ငါက နင် ရှိမှရှိပါတော့မလားလို့"

ဆိုင်ပိတ်ချိန်ရောက်လို့ ဆိုင်တံခါး ဆွဲပိတ်နေတဲ့ ရဲလင်းက ပြန်လှည့်ကြည့်လိုက်တော့ အိန္ဒြာစိုးနဲ့ သူမသိတဲ့ ယောကျ်ားလေးတစ်ယောက်။ မဟုတ်မှလွဲရော အိန္ဒြာစိုး လင်နောက်လိုက်တာတော့ မဖြစ်လောက်ဘူးထင်တယ်။

"ပွဲစားမ၊ ညကြီးမင်းကြီး ဘာကိစ္စလဲ"

အချိန်က ညရှစ်နာရီဝန်းကျင်။ ရဲလင်းရဲ့ fashion ဆိုင်က ဆိတ်ငြိမ်ရပ်ကွက်မျိုးဆိုတော့ လမ်းမတန်းဖြစ်ပေမယ့် လူသွားလူလာတွေ ပြတ်နေပြီ။ အိန္ဒြာစိုးက အမောတကောနဲ့ . . .

"ကိစ္စကတော့ အရေးကြီးနေပြီ၊ မိုးမြေခိုင် မနက်ဖြန် စေ့စပ်ရတော့မယ်"

"ဘာ"

ရဲလင်းခမျာ ရုတ်တရက်ကြီး မီးပြတ်သွားသလို မိုက်ခနဲ ခံစားလိုက်ရတယ်။ မြန်လှချည်လား။ ဘာကြောင့် ချက်ချင်းအားချင်းကြီး စီစဉ်လိုက်ရတာလဲ။ ရဲလင်းရဲ့ ရင်ထဲမှာ စစ်ခနဲ၊ ကျဉ်ခနဲ။ အိန္ဒြာစိုးက မင်းထွန်းဘက် လှည့်ပြီး . . .

"ဒါ . . . မိုးမြေခိုင်နဲ့ စေ့စပ်မယ်ဆိုတဲ့ ကိုမင်းထွန်းပဲ"

ရဲလင်းရဲ့ စိတ်ထဲ ဒေါသငွေ့လေးတွေ ဖြတ်ပြေးသွားတယ်။ ဒီလူက ဒီအထိ ရောက်လာရအောင် ဘာအထာလဲ။ သူနဲ့ မိုးမြေခိုင်နဲ့ ပြတ်ပြီလို့ ပြောလို့ရနေတဲ့အခြေအနေ။ ဒါကို ဒီပုဂ္ဂိုလ်က ဘာကိစ္စ သူ့ဆီ ရောက်လာရတာလဲ။ ရဲလင်းက မင်းထွန်းကို ပေစောင်းစောင်း ကြည့်တယ်။ ဒေါသကို မျိုသိပ်ထားလိုက်ပြီး မထီတရီ မျက်နှာပေးနဲ့ လက်ကမ်းပေးလိုက်ပြီး . . .

"ဂုဏ်ယူပါတယ်ဗျာ၊ ဒါနဲ့ ကိုမင်းထွန်းက ဒီအထိအောင်



www.burmeseclassic.com

www.burmeseclassic.com



ဘာကိစ္စလဲ၊ ကျွန်တော်နဲ့ မိုးမြေခိုင်ကိစ္စလား"

မင်းထွန်းက ခေါင်းညိတ်ပြရင်း တစ်ဆက်တည်း . . .

"ဟုတ်တယ်၊ ခင်ဗျားတို့ ကိစ္စပဲ၊ ဟိုမှာ မိုးမြေခိုင် တငိုငို တရယ်ရယ် ဖြစ်နေပြီ၊ ခင်ဗျား တစ်ခုခုလုပ်ဖို့ ကြိုးစားလေ"

ရဲလင်းက မဲ့ပြုံး ပြုံးလိုက်ပါတယ်။ အခုနေ မိုးမြေခိုင် ကိုယ်တိုင်သာ လာပြောမယ်ဆိုရင် သူ ဒေါသတွေ၊ တစ်ခါတည်း ခဝါချပြီး မိုးမြေခိုင်ကို လက်ဆွဲပြီး ဝေးရာ ပြေးမိမှာ အမှန်ပဲ။ ဒါပေမဲ့ အခုရောက်လာတာက ကြားပွဲစားရယ်၊ စေ့စပ်မယ်ဆိုတဲ့ လူရယ်။ ဒါ မဖြစ်သင့်ဘူးလေ။ ဒါ မိုးမြေခိုင်က သူ့ကို သွေးတိုးစမ်းတာသက်သက်ပဲ။

"ဟာ . . . ကျွန်တော်နဲ့ မိုးမြေခိုင်ဇာတ်လမ်းက ပြီးသွားပြီပဲ၊ ကျွန်တော် ကြိုးစားစရာ ဘာအကြောင်းမှ မရှိဘူး"

ရဲလင်းက ယတိပြတ် တစ်ခါတည်း ပြောချလိုက်တယ်။ မင်းထွန်းက လက်ကာပြလိုက်ရင်း . . .

"ဟာ . . . စဉ်းစားပါဦးဗျာ၊ ခင်ဗျားတို့နှစ်ယောက်က ဆယ်နှစ်ဆယ်မိုးတောင် ချစ်ခဲ့တာဆိုတော့ . . ."

ရဲလင်းတစ်ယောက် ထောင်းခနဲ ဒေါသထွက်သွားတယ်။

"ဆယ်နှစ်ဆယ်မိုး ကြိုက်ခဲ့တာ ဘာဖြစ်လဲဗျ၊ ခင်ဗျား စိတ်မသန့်ရင် မယူနဲ့ပေါ့၊ စိတ်ချ၊ ကျုပ်နဲ့တော့ ဘာမှမဖြစ်ခဲ့ဘူး၊ ကျန်တဲ့လူနဲ့တော့ မပြောတတ်ဘူး"

"ဟဲ့ . . . နင် ဘာစကားပြောတာလဲ"

အိန္ဒြာစိုးဆီက ရန်တွေ့တဲ့လေသံထွက်လာပါတယ်။ မိန်းကလေးသိက္ခာကျအောင် မှိုချိုးမှျစ်ချိုး ပြောတဲ့စကား။ သူလို မိန်းမတစ်ယောက်က သည်းခံနိုင်ဖို့ မဖြစ်နိုင်ဘူးလေ။ ရဲလင်းကတော့ မလျှော့တော့ပါဘူး။

"ဟုတ်တာပြောတာပဲလေ၊ နင့်မိုးမြေခိုင်က Gym သွားပြီး ယောက်ျားလေးတွေ တရုန်းရုန်း ဖြစ်ချင်တိုင်း ဖြစ်နေတာ၊ မယူချင် မယူနဲ့ပေါ့ကွ၊ ငါ့ဆီလာပြီး စုံစမ်းသလို၊ မေးမြန်းသလို၊ စစ်ဆေးသလို volley ball ပုတ်သလို၊ လာလုပ်မနေနဲ့"

"ခင်ဗျား စကားပြောတာ ရင့်သီးလှချည်လား၊ ဒီမှာ ကိုရဲလင်း၊ ကျုပ်အခုလာတာ ခင်ဗျားတို့ ချစ်တဲ့လူချင်း လွဲသွားမှာမို့လို့





စေတနာနဲ့ လာညှိပေးတာ၊ မိုးမြေခိုင်အိမ်က ကျုပ်နဲ့ မပေးစားဖြစ်ရင်လည်း အခြားတစ်ယောက်နဲ့ ပေးစားမှာပဲ၊ ကျုပ်ခင်ဗျားနဲ့ စိတ်သန့်တာတွေ၊ ရေသန့်တာတွေ၊ အရက်သန့်တာတွေ လာဆွေးနွေးတာ မဟုတ်ဘူး၊ ကျုပ် ခင်ဗျားရဲ့ မိုးမြေခိုင်ကိုလည်း စိတ်မဝင်စားဘူး"

"စိတ်မဝင်စားရင် မယူနဲ့ပေါ့ဗျ၊ ရှင်းနေတာပဲ၊ ကျုပ်ကို လာပြောစရာအကြောင်း မရှိဘူး"

"ရှိတယ်၊ မိုးမြေခိုင်က ခင်ဗျားကို ချစ်နေဆဲပဲလေ၊ ခင်ဗျားနဲ့ ဆယ်နှစ်ဆယ်မိုး တွဲလာခဲ့တဲ့ မိန်းကလေးရဲ့ဘက်ကိုလည်း ငဲ့ကြည့်သင့်ပါတယ်၊ ဒါကြောင့် ခင်ဗျား မိုးမြေခိုင်ဆီ ပြန်သွားလိုက်ပါ"

"ခင်ဗျားက ကျုပ်ကို အမိန့်ပေးနေရအောင် ဘာကောင်မို့လို့လဲ"

"ကျုပ် ဘာကောင်ပဲဖြစ်ဖြစ် ခင်ဗျား တစ်ခွန်းတည်းပြော၊ မိုးမြေခိုင်ကို ယူမလား၊ မယူဘူးလား"

ယောက်ျားလေးနှစ်ယောက် အခြေအတင်တွေ ဖြစ်ကုန်ပါတယ်။ အိန္ဒြာစိုးက တစ်ခွန်းတော့ ဝင်ဟန့်လိုက်သေးတယ်။

"ကိုမင်းထွန်း"

ဒါပေမဲ့ နောက်ကျသွားပါပြီ။ အခြေအနေက လျှင်လျှင်မြန်မြန် ပြောင်းလဲကုန်တယ်။

"မယူဘူးကွာ၊ မယူတော့ မင်းက ဘာလုပ်ချင်လဲ"

"ထိုးချင်တယ်ကွာ"

မင်းထွန်းက ပြောလည်းပြော၊ ထိုးလည်း ထိုးလိုက်တယ်။ ရဲလင်းက ရုတ်တရက်ဆိုတော့ လည်ထွက်သွားပါတယ်။ အိန္ဒြာစိုးက မင်းထွန်းကို သွားဆွဲတယ်။

"ကိုမင်းထွန်း . . . ရှင် မှားမယ်"

လည်ထွက်သွားတဲ့ ရဲလင်းက မင်းထွန်းကို ခုန်အုပ်လိုက်တယ်။ နှစ်ယောက်သား ပလက်ဖောင်းပေါ် လဲကျသွားတယ်။ အပေါ်ရောက်နေတဲ့ ရဲလင်းက မင်းထွန်းကို လည်ပင်းညှစ်ထားလိုက်ပါတယ်။ အိန္ဒြာစိုးက ရဲလင်းကို တဖုန်းဖုန်း သွားရိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ . . . ရဲလင်း၊ လွှတ်နော်၊ ကိုမင်းထွန်း သေသွားလိမ့်မယ်၊ အခုလွှတ်ဆို"

"မလွှတ်ဘူး၊ အသားလွတ်ကြီး ငါ့ကိုစော်ကားတဲ့ကောင်"

"အေး . . . နင်မလွှတ်ရင်"

"အား"

အိန္ဒြာစိုးက ရဲလင်းလက်မောင်းကို ကိုက်ဆွဲလိုက်တယ်။

"ခွေးမ၊ နင် ငါ့ကို ကိုက်တယ်"

အဲဒါကို အခွင့်ကောင်းယူပြီး မင်းထွန်းက ရဲလင်းကို အောက်ကနေ ပင့်ထိုးလိုက်ပါတယ်။ အခြေအနေက ပြောင်းပြန်ဖြစ်သွားတယ်။ ရဲလင်းက အောက်က၊ မင်းထွန်းက အပေါ်က။ မင်းထွန်းက ရဲလင်းကို လည်ပင်းညှစ်ဖို့ ကြိုးစားပြန်တယ်။ အဲဒီအချိန်မှာ အိန္ဒြာစိုးရဲ့ ငိုသံပါ တိမ်တိမ်လေး ထွက်လာပါတယ်။

"ကိုမင်းထွန်း၊ ကျွန်မ တောင်းပန်ပါတယ်၊ ကျွန်မကို သနားရင် လွှတ်ပေးလိုက်ပါတော့၊ လွှတ်လိုက်ပါ ကိုမင်းထွန်းရယ်"

အိန္ဒြာစိုးရဲ့ ငိုသံပါ အသံလေးကြောင့် မင်းထွန်းလက်တွေ ပြေလျော့ပြီး အပေါ်က ခွထားရာက ပြန်ထလိုက်တယ်။ အောက်မှာ ရောက်နေတဲ့ ရဲလင်းက ကန်မိကန်ရာ လှမ်းကန်လိုက်တဲ့အခါမှာတော့ -

"အား"

မင်းထွန်းခမျာ လက်နှစ်ဖက်နဲ့ ပေါင်ခြံကို အုပ်ပြီး ခုန်ဆွခုန်ဆွ ထခုန်လိုက်ရတယ်။ အိန္ဒြာစိုးဆီက အထိတ်တလန့်သံ ထွက်လာတယ်။

"အမလေး . . . လူညွန့်တုံးပါပြီတော်"

ရဲလင်းလည်း ကန်မိကန်ရာ ကန်လိုက်ပြီးမှ ယောကျ်ားချင်း အားနာသွားရတယ်။ ဒါ အမျိုးသားရေး ထိခိုက်တာပဲ။ အိန္ဒြာစိုးက ဒေါသ တထောင်းထောင်း၊ ကောက်ညှင်းပေါင်း မျက်နှာကြီးနဲ့ ရဲလင်းကို လက်ညှိုးငေါက်ငေါက်ထိုးပြီး . . .

"ရဲလင်း၊ နင် ငါ့ရှေ့က ထွက်သွားစမ်း၊ သူ တစ်ခုခုဖြစ်သွားလို့ကတော့ နင့်ကိုငါ တစ်သက်လုံး ခွင့်မလွှတ်ဘူး၊ မျက်လုံးတစ်လုံးချင်း၊ သွားတစ်ချောင်းချင်း ပြန်ဆပ်ရလိမ့်မယ်"

ရဲလင်းလည်း အိန္ဒြာစိုးရဲ့ ကြိမ်းဝါးသံကြီးကို တွေးပြီး ကြောက်





သွားပါတယ်။ မျက်လုံးနှစ်လုံးထဲက တစ်လုံးထုတ်ပေးလိုက်လို့က တစ်လုံး ကျန်ဦးမယ်။ သွားကတော့ သုံးဆယ့်နှစ်ချောင်းဆိုတော့ ပြဿနာ မရှိလှဘူး။ ဒါကြီးကတော့ . . . ။ ဘယ်နည်းနဲ့မှ ပြန်လည်ပေးဆပ်လို့ မဖြစ်ဘူး။ ရဲလင်းလည်း မင်းထွန်းကို တောင်းပန်သလို လက်ကာပြရင်း ထွက်သွားပါတော့တယ်။

"ဆောရီးဗျာ"

အိန္ဒြာစိုးက ခုန်ဆွခုန်ဆွ လုပ်နေတဲ့ မင်းထွန်းလက်ကို ဖမ်းကိုင်လိုက်ပြီး . . .

"ကိုမင်းထွန်း၊ ဒဏ်ရာက အတော်များသွားလားဟင်"

"ဘာတွေလာမေးနေတာတုန်း၊ နာရတဲ့ကြားထဲ ရှက်စရာတွေ"

ဟုတ်ပါ့။ သူ့ဝေဒနာက ဖော်ပြလို့မရတဲ့ ဝေဒနာမျိုး။ အိန္ဒြာစိုးက အခုမှ သတိရသွားပြီး . . .

"ခဏနော်၊ ကျွန်မ ရေခဲသွားရှာလိုက်ဦးမယ်"

အိန္ဒြာစိုးက ခပ်လှမ်းလှမ်းမှာ မြင်နေရတဲ့ စတိုးဆိုင်ဆီ ခပ်သွက်သွက် လှမ်းသွားပါတယ်။ မင်းထွန်းခမျာသာ ခုန်ဆွခုန်ဆွနဲ့ တစ်ကိုယ်တည်း ညည်းညူမိပါတော့တယ်။

"မင်းထွန်းရေ . . . မင်းတော့ နဂိုကတည်းက မိန်းမ မရနိုင်တဲ့ကြားထဲ အခုတော့ ယောကျ်ားပဲ ယူရတော့မလား မသိဘူး၊ ဟူး . . ."

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ မိုးမြေခိုင်နဲ့ မင်းထွန်းတို့ စေ့စပ်မယ့်နေ့။

မှန်တင်ခုံရှေ့မှာ စေ့စပ်ပွဲအတွက် မိုးမြေခိုင်ကို စိုးမေလှိုင်နဲ့ အိန္ဒြာစိုးတို့က ဝိုင်းပြီး အလှပြင်ပေးနေကြပါတယ်။ နန္ဒာစိုးကတော့ အောင်စာရင်းကြည့်စရာရှိလို့ဆိုပြီး ကျောင်းကို ထွက်သွားလေရဲ့။ မိုးမြေခိုင်က မှန်တင်ခုံရှေ့မှာ တရှုံ့ရှုံ့နဲ့။

"မငိုပါနဲ့ဟာ၊ make-up တွေ ပျက်ကုန်လိမ့်မယ်"

အိန္ဒြာစိုးက ချော့တော့မှပဲ မျက်ရည်တွေတာ ကျသထက် ကျလာတော့တယ်။ မနေ့က ရဲလင်းနဲ့ မင်းထွန်း ပြဿနာတက်ကြ၊ ထိုးဟယ်၊ ကြိတ်ဟယ်ဖြစ်ကြတော့ မိုးမြေခိုင်က သူ့အဖေနဲ့ အမေကို အားလုံးဖွင့်ပြောပြီး အမှန်အတိုင်း ရင်ဆိုင်ဖို့ စိတ်ကူးသေးတယ်။ ဒါပေမဲ့ လက်နဲ့ စိတ် တစ်ထပ်တည်းကျနေတဲ့ အမေက မင်းထွန်းနဲ့ အဆင်မပြေရင်လည်း နောက်တစ်ယောက်နဲ့ စီစဉ်ချင် စီစဉ်နေမှာ။ ဘာပဲပြောပြော မင်းထွန်းက ကိုယ့်အကြောင်းသိ၊ ကိုယ့်လူလို ဖြစ်နေတော့ နောက်ဆုံးတော့ မူလအစီအစဉ်အတိုင်း စေ့စပ်တဲ့ဆီ ရောက်သွားတာပဲ။ မင်းထွန်းကတော့ သူတာဝန်ယူတယ်လို့ ပြောသွားတာပဲ။ လူကို တာဝန်ယူမှာလား၊ ပြဿနာဖြေရှင်းဖို့ တာဝန်ယူတာလား မပြောတတ်ဘူး။ မိုးမြေခိုင်ခမျာ တွေးရင်း တွေးရင်း ဝမ်းနည်းပြီးရင်း ဝမ်းနည်းရင်းပဲ။

"ရဲလင်းရယ်၊ နင် သိပ်ရက်စက်တာပဲဟယ်"

ဘယ်လောက်ပဲ စိတ်ဆိုးဆိုး၊ ဘယ်လောက်ပဲ ဒေါသထွက်ထွက် ရဲလင်းရဲ့ အသည်းထောင့်မှာ မိုးမြေခိုင်တစ်ယောက် အမြဲတမ်း ရှိနေမယ်လို့ ထင်ထားခဲ့တာ။ မိုးမြေခိုင်အတွေးမျက်လုံးထဲ၊ သဏ္ဌာန်ထဲမှာ ဟိုးလွန်ခဲ့တဲ့ ဆယ်နှစ်၊ အဖြူနဲ့ အစိမ်းတောင် မကျွတ်သေးတဲ့အချိန်က နေပြီး အခုနောက်ဆုံးအချိန်ထိ တဖြည်းဖြည်း ဝင်လာပါတယ်။ ဟောဟိုမှာ ကျောင်းကြီးရှေ့ စိန်ပန်းပင်အောက်က ရဲလင်းလေးနဲ့ မိုးမြေခိုင်လေး



www.burmeseclassic.com

www.burmeseclassic.com



ဟိုဘက်မှာ ကျွန်းရှင်ကအဆင်း စက်ဘီးတစ်စီးနဲ့ မိုးမြေခိုင်လေးနဲ့ ရဲလင်းလေး။ မိုးမြေခိုင်က နင်းလို့ ရဲလင်းက ကယ်ရီယာပေါ် ထိုင်လို့။ ဟုတ်တယ်၊ ရဲလင်းက စက်ဘီးမစီးတတ်ဘူး။ ပြီးတော့ ကင်န်တင်းထဲ ခုံတန်းလျားတွေမှာ၊ ရေကန်ဘေးနားက ချုံပုတ်ထဲမှာ၊ ရုပ်ရှင်ရုံ မီးမှိန်ပြပြထဲ အို . . . ဟိုနေရာမှာရော၊ ဒီနေရာမှာရော . . . မိုးမြေခိုင် ရင်တစ်ခုလုံး တင်းကျပ်မွန်းကျပ်လို့ လာပါတယ်။ ဒီမွန်းကျပ်မှုကို မျက်ရည်ကျရုံနဲ့ ဖောက်ထွက်ပစ်ဖို့ မလွယ်ပါဘူး။ ဒါနဲ့ပဲ အနားမှာရှိတဲ့ စိုးမေလှိုင်ကို-

"စိုးမေလှိုင်၊ ငါ့ကို ဖုန်းယူပေးစမ်းပါဟာ"

စိုးမေလှိုင် ယူလာတဲ့ Hand Phone ကို ကိုင်ရင်း မိုးမြေခိုင်က ခလုတ်လေးတွေ နှိပ်လိုက်ပါတယ်။ နှိပ်သာ နှိပ်နေရတာ၊ မျက်ရည်တွေနဲ့ ဝေဝါးနေတဲ့ မျက်လုံးက ဘာဂဏန်း၊ ဘာစာလုံးမှ မမြင်ပါဘူး။ ဒါပေမဲ့ လက်တွေက အလိုက်သင့်လေး သူနေရာနဲ့သူ ဂဏန်းတစ်လုံးပြီး တစ်လုံး နှိပ်သွားကြတယ်။ ဦးနှောက်ထဲ၊ နှလုံးသားထဲကတောင် မကဘဲ မိုးမြေခိုင်ရဲ့ လက်ဖျားလေးတွေကတောင် ရဲလင်းရဲ့ ဖုန်းနံပါတ်ကို မှတ်မိနေတဲ့ သဘောပါ။ ဖုန်းလိုင်းက အလွယ်တကူပဲ ဝင်သွားတယ်။ တစ်ဖက်က ရဲလင်းကလည်း နံပါတ်ကြည့်ပြီး ဘာမှပြန်မပြောဘဲ နားထောင်နေလိုက်တယ်။ တကယ်ဆို သူကိုယ်တိုင်လည်း ဒီနံပါတ်ကို တွေ့ချင်မြင်ချင်၊ နောက်ဆုံးလေးပဲဖြစ်ဖြစ် မိုးမြေခိုင်ရဲ့အသံလေးကို ကြားချင်နေတာပါပဲ။ နှစ်ဖက်စလုံး စကားတစ်ခွန်းမှ မပြောဘဲ ငြိမ်ငြိမ်သက်သက်။ မိုးမြေခိုင်ရဲ့ ရှိုက်သံနဲ့ ရဲလင်းရဲ့ အသက်ပြင်းပြင်းရှူသံလေးတွေသာ ဖုန်းနှစ်လုံး ဟိုဘက်ဒီဘက် ဖြတ်ပြေးနေကြပါတယ်။ အတော်လေးကြာမှ-

"ရဲလင်း၊ နင်သိပ်ရက်စက်တယ် ရဲလင်းရယ်၊ ဟီး အီး . . . နင် တကယ်ရက်စက်တယ်ဟာ၊ ငါလုပ်ခဲ့တဲ့ အမှားအတွက် ငါ့ကို ပြန်ပြင်ဆင်ခွင့်တောင် မပေးတော့ဘူးလားဟင်၊ ငါ နင့်ကို အရမ်းချစ်တယ်လေဟာ၊ ငါ့အမှားတွေကလည်း နင့်ကိုချစ်လို့ မှားခဲ့တဲ့ အမှားတွေပါဟာ၊ နင်နဲ့ငါ ဆယ်နှစ်လုံးလုံး ချစ်လာခဲ့တာ၊ ဒီလိုမျိုးကြီး တန်ဖိုးမဲ့ရတော့မှာလား၊ နင် ငါ့ကို တကယ်ပဲ အဆုံးရှုံး ခံနိုင်လို့လား၊ ငါ တောင်းပန်ပါတယ်ဟာ၊ နင် ငါ့ကို





ချစ်တဲ့စိတ် တစ်စက်လောက်ရှိသေးတယ်ဆိုရင်ပဲ ငါ့ကို လာခေါ်ပါဟာ၊ ငါ နင့်အပေါ်မှာ အနိုင်လည်း မယူတော့ပါဘူး၊ နင် ထိုင်ဆိုရင် ထိုင်ပါ့မယ်၊ နင် ထဆိုရင် ထပါ့မယ်၊ နင်က ထမင်းမစားနဲ့ဆိုရင်လည်း မစားပါဘူး၊ နင်က မအိပ်နဲ့ဆိုရင်လည်း မအိပ်ပါဘူးဟယ်၊ နင့်သဘောကျအတိုင်း ငါနေပါ့မယ်၊ ဟီး အီး အီး . . . ငါ ငါ နင်နဲ့ခွဲပြီး မနေနိုင်လို့ပါ၊ နင်မုန်းတာ မခံနိုင်လို့ပါ၊ နင် . . . ငါ့ကို လာခေါ်မယ်မဟုတ်လား၊ ရဲလင်း ဖြေပါဦးဟယ်၊ ငါ့ကို ပြန်ပြောပါဦး"

မိုးမြေခိုင်ရဲ့အသံက တဖြည်းဖြည်း ဆို့နင့်ဝင်သွားပါတယ်။ တစ်ဖက်က နားထောင်နေတဲ့ ရဲလင်းခမျာလည်း ဆို့နစ်မွန်းကျပ်လို့။ အမေဆုံးပြီးကတည်းက မဝိုင်းတော့တဲ့ မျက်ရည်တွေက မျက်ဝန်းထဲမှာ ရစ်သီလာတယ်။ ယောကျ်ားလေးမှာလည်း မျက်ရည်အိတ်ရှိတာပဲဟာ ပြောနိုင်တာတစ်ခုကတော့ မိန်းကလေးတွေရဲ့ မျက်ရည်ဟာ တိုက်ပွဲခေါ်သံ ဖြစ်ကောင်းဖြစ်နိုင်ပေမယ့် ယောကျ်ားလေးတွေရဲ့ မျက်ရည်ကတော့ အလဲထိုးပြတာပဲ ဖြစ်လိမ့်မယ်။ ရဲလင်းက သူကိုယ်သူ ဘာလုပ်လိုက်မှန်းမသိဘဲ ဖုန်းပိတ်လိုက်ပါတယ်။ ရုတ်တရက် ပြတ်သွားတဲ့ ဖုန်းလိုင်းသံကို နားထောင်နေရင်း မိုးမြေခိုင်လက်ထဲက ဖုန်းက အောက်ပြုတ်ကျသွားပြီး ရှိုက်ကြီးတငင် ငိုကြွေးပါတော့တယ်။ ရဲလင်းကတော့ ဖုန်းကိုင်ပြီး ငူငူကြီး . . . ခဏလောက်ကြာမှ သတိဝင်လာပြီး ဆိုင်အပြင် ပြေးထွက်သွားပါတော့တယ်။

"မိုးမြေခိုင်လေးရယ် . . . ငါလည်း နင့်ကို အဆုံးရှုံးမခံနိုင်ပါဘူးဟယ်"

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com



ဧည့်ခန်းထဲမှာတော့ မင်းထွန်း၊ ဒေါ်သိင်္ဂီ၊ ဦးမြင့်ခိုင်နဲ့ ဒေါ်ဆင့်ဆင့်လှိုင်၊ တရားသူကြီးလား၊ ရှေ့နေလား မသိရတဲ့ လူနှစ်ယောက် ထိုင်နေပါတယ်။ မင်းထွန်းက တိုက်ပုံ၊ စတစ်ကော်လံနဲ့ ပိုးတွဲပုဆိုးနဲ့ အကျအနလူလူသူသူ ဝတ်လို့စားလို့။ ဒါ စေ့စပ်တော့မယ့် သတို့သားလောင်းပေါ့။ ခဏအကြာမှာတော့ သတို့သမီးလောင်း မိုးမြေခိုင်ကို အိန္ဒြာစိုးနဲ့ စိုးမေလှိုင်တို့က တစ်ဖက်တစ်ချက်စီကနေ တွဲပြီး ဝင်လာပါတယ်။ မတွဲလို့ မရဘူး။ ဟိုက ဖုန်းပြောပြီးကတည်းက တုပ်ကွေးဖြစ်ပြီး နာလန်ထစရုပ် ပေါက်သွားရှာတာ။ အခုလည်း ဧည့်ခန်းထဲ ဝင်လာပုံက ဒရွတ်တိုက်။ ဟိုနှစ်ယောက်သာ မထိန်းထားရင် ပုံလျက်သားလေး ကျသွားနိုင်တယ်။ ဒေါ်ဆင့်ဆင့်လှိုင်က ရုပ်ပျက်ဆင်းပျက်ဖြစ်နေတဲ့ သူ့သမီးကြီးကို ကြည့်ပါတယ်။ သူ့ဘေး ဝင်ထိုင်လိုက်တော့ တိုးတိုးလေး ကြိတ်မာန်လိုက်တယ်။

"ဒါက ဘယ်လိုဖြစ်နေတာတုန်း"

လူရှေ့သူရှေ့မို့လို့ ပေါင်တွင်းကြော ဆွဲမလိမ်တာ။ နို့မဟုတ်ရင် အသား ပြတ်ပါသွားအောင် ဆွဲပစ်လိုက်တယ်။

မိုးမြေခိုင်မျက်နှာက ရှုံ့မဲ့ရှုံ့မဲ့။ အဖြေစကားမရ။ မင်းထွန်းကတော့ အိန္ဒြာစိုးကို လှမ်းကြည့်တယ်။ အိန္ဒြာစိုးကတော့ ပုဆိုးနဲ့ တိုက်ပုံနဲ့ဖြစ်နေတဲ့ မင်းထွန်းကို နေရင်းထိုင်ရင်း မြင်ပြင်းကတ်နေပါတယ်။

*"ပြောတော့ ရည်းစားအတု မလုပ်ချင်ဘူးလေး ဘာလေးနဲ့၊ အခုတော့ သူက ရှေ့ဆုံးက တက်ကြွတဲ့ကြက်ဖ လုပ်နေတယ်"*

အိန္ဒြာစိုး တွေးလည်း တွေးမိချင်စရာပါ။ ဟိုတစ်ယောက်က ကျော့ပြီးကော့နေတာကိုး။ ဒီလိုအခြေအနေမျိုးမှာ မင်းထွန်းတို့ဘက်က လူကြီးတစ်ယောက် ထပြီး . . .

"အဟမ်း၊ ဒီနေ့ ကျွန်တော်တို့ လာရောက်ရတဲ့ အကြောင်းကတော့ . . ."



www.burmeseclassic.com

www.burmeseclassic.com



မင်းထွန်းက ရုတ်တရက် မတ်တပ်ရပ်လိုက်ပြီး . . .

"ခဏလေးပါ၊ အားလုံးကို တောင်းပန်ပါတယ်၊ ကျွန်တော် ပြောစရာလေး နည်းနည်းရှိလို့ပါ"

"ဟဲ့ . . . သား"

လူကြီးတွေရဲ့ မျက်လုံးတွေက မင်းထွန်းဆီတစ်လှည့်၊ မိုးမြေခိုင်ဆီ တစ်လှည့်၊ နှစ်လှည့် လှည့်ကုန်ပါတယ်။ ဒီတစ်ယောက်ကလည်း ပြောစရာရှိ၊ တစ်ယောက်ကလည်း မျက်နှာက ကြောင်ချေးလူးရုပ်နဲ့ ဆိုတော့ လောလောလတ်လတ် လူငယ်ချင်း ပြဿနာများ တက်ထားကြသလား မသိဘူး။ မင်းထွန်းက သူ့စကားကို ဆက်တယ်။

"တကယ်တော့ ကျွန်တော်က မိုးမြေခိုင်ရဲ့ချစ်သူ မဟုတ်ပါဘူး"

"ဘာကွ"

ဦးမြင့်ခိုင်ရဲ့ အသံအကျယ်ကြီးဟိန်းထွက်လာတယ်။ တစ်ချိန်လုံး ခေါင်းငုံ့ ရှုံ့မဲ့နေတဲ့ မိုးမြေခိုင်ကလည်း အလန့်တကြား မော့ကြည့်တယ်။ အခါပေးနဲ့ ပုဏ္ဏားတိုင်၊ စိုးမေလှိုင်နဲ့ အိန္ဒြာစိုးတို့ကလည်း တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြတယ်။ ဒီ မင်းထွန်းတစ်ယောက် တော့ မပြောမဆို၊ မတိုင်မပင်နဲ့ ဘာထလုပ်တာလဲမသိဘူး။ မင်းထွန်းက . . .

"ဟုတ်ပါတယ် ဦး၊ မိုးမြေခိုင်နဲ့ သူ့ချစ်သူတို့ အဆင်မပြေ ဖြစ်နေတုန်း ဦးတို့က သူ့ချစ်သူနဲ့ တွေ့မယ်ဆိုလို့ ကြံရာမရဖြစ်ပြီး ကျွန်တော်က ချစ်သူအတု ခဏဝင်လုပ်ပေးတာပါ၊ မိုးမြေခိုင် ချစ်သူက . . ."

"မိုး . . . မိုး"

အဲဒီအချိန်မှာ ဧည့်ခန်းထဲကို ကွက်တိပြေးဝင်လာတာကတော့ ရဲလင်း။ အိန္ဒြာစိုးနဲ့ စိုးမေလှိုင်က အံ့အားတသင့် အာမေဋိတ်သံတွေ ထွက်သွားကြတယ်။

"ရဲလင်း"

"ကိုရဲလင်း"

မိုးမြေခိုင်လည်း ထိန်းထားတဲ့မျက်ရည်တွေ ဘယ်ကနေ ဘယ်လို ပြုတ်ကျကုန်မှန်း မသိတော့ပါဘူး။ ရဲလင်းဆီ ထပြေးပြီး . . .

"ရဲ . . . နင် ငါ့ဆီ လိုက်လာတယ်နော်"





ဒေါ်ဆင့်ဆင့်လှိုင်မှာတော့ လူစုံ၊ ပရိသတ်စုံရှေ့မှာမှ ယောက်မမြင်းစီးပြနေတဲ့ သူ့သမီး ဝါးခြမ်းပြားနဲ့သာ နာနာဆော်ချင်စိတ် ပေါက်သွားပါတယ်။ ဒေါ်သီဂီကို အားတုံ့အားနာ ကြည့်တယ်။ ဒေါ်သီဂီကတော့ အခြေအနေကို ဝေဝေပါးဝါး ဖြစ်နေဟန်ပါပဲ။ ဦးမြင့်ခိုင်က ဒေါသတကြီး ထလိုက်ရင်း . . .

"မင်းက ဘာကောင်လဲကွ"

မိုးမြေခိုင်က ကြောက်ကြောက်နဲ့ ရဲလင်းနောက် ကွယ်လိုက်ပါတယ်။ ရဲလင်းက ဦးမြင့်ခိုင်ကို ဦးလေးညွှတ်ရင်း . . .

"ကျွန်တော် မိုးမြေခိုင်ရဲ့ချစ်သူ ရဲလင်းပါခင်ဗျာ"

"ဟုတ်ပါတယ် ဖေဖေရယ်၊ သူက သမီးချစ်သူအစစ်ပါ၊ ဟိုဟာက အတု"

လူရှေ့သူရှေ့ ယောက်မမြင်းစီးရုံ အားမရဘဲ ကျွမ်းပါထိုးပြနေတဲ့ သူ့သမီးကို သည်းမခံနိုင်တော့တဲ့ ဒေါ်ဆင့်ဆင့်လှိုင်က . . .

"ဩော် . . . နင်တို့က လူကြီးတွေကို အမူးလုပ်တာပေါ့လေ၊ မိုးမြေခိုင် . . . တောက် . . . နင် ငါတို့ကို အရှက်ခွဲလိုက်တာပေါ့လေ၊ အစစ်ပဲဖြစ်ဖြစ်၊ အတုပဲဖြစ်ဖြစ် လုံးဝ သဘောမတူနိုင်ဘူး၊ ကိုမြင့်ခိုင် ဒီကိစ္စ ရှင့်ငယ်ထိပ် ချေးပါရတာ၊ ဒါမျိုး လက်ခံလို့ မဖြစ်ဘူး"

"သမီးတို့ချစ်ခြင်းကို မခွဲပါနဲ့ ဖေဖေရယ်"

"တော် . . . ဟိုကောင်၊ ငါ့သမီးရည်းစားဆိုတဲ့အကောင် မင်း အရက်သောက်တတ်လား"

"ဗျာ . . . ကျွန်တော် မသောက်တတ်ပါဘူး"

အမှန်က ရဲလင်းဆိုတဲ့ကောင် ကြုံရင်သောက်၊ မကြုံမသောက်တဲ့ လူစားမျိုး။ ဦးမြင့်ခိုင်က ပြတ်ပြတ်သားသား ဆုံးဖြတ်ချက် ချလိုက်ပါတယ်။

"အေး . . . မသောက်တတ်ရင် ငါလည်း သဘောမတူနိုင်ဘူးကွ"

"ဗျာ . . . သောက်တတ်ပါတယ်ခင်ဗျ"

ရဲလင်းက ကပျာကယာပြန်ပြင်ပြောလိုက်ပါတယ်။ ဦးမြင့်ခိုင်ကတော့



www.burmeseclassic.com

www.burmeseclassic.com



"အေး . . . သောက်တတ်လည်း သဘောမတူဘူးကွ၊ မင်း ပြန်တော့"

"အွန်တော် ရှင်းပြပါရစေ ဦး"

အိန္ဒြာစိုးက အခြေအနေ အကဲခတ်ရင်း . . .

"ဟဲ့ . . . ရှင်းတာလင်းတာတွေ နောက်မှ၊ ဒီခုလောလောဆယ် မိုးမြေခိုင်ကို အပါခေါ်သွားတော့၊ ဘာအူကြောင်ကြား လုပ်နေတာလဲ"

တစ်ယောက်နဲ့တစ်ယောက် ဇဝေဇဝါဖြစ်နေတဲ့ ရဲလင်းနဲ့ မိုးမြေခိုင်ကို အားမလို အားမရဖြစ်နေတဲ့ စိုးမေလှိုင်ကပါ တွန်းထုတ်လိုက်ရတယ်။

"သွား . . . မြန်မြန်သွားတော့"

သတိဝင်လာတဲ့ ရဲလင်းက မိုးမြေခိုင်လက်ကို ဆွဲပြီး ခေါ်သွားပါတယ်။ မိုးမြေခိုင်က ရဲလင်းခေါ်ရာလိုက်သွားရင်း . . .

"ဖေဖေ . . . မေမေ၊ သမီး သူ့နောက် လိုက်သွားတော့မယ်နော်၊ ဖေဖေ . . . တာ့တာ"

လိမ္မာလိုက်တဲ့သမီး။ လင်နောက်လိုက်တာတောင် အဖေနဲ့ အမေဆီက ခွင့်ပြုချက် တောင်းသွားရှာသေးတယ်။ ယောင်ယမ်းပြီး လက်ပြန်ပြမလို လုပ်နေတဲ့ ဦးမြင့်ခိုင်ရဲ့လက်ကို ဒေါ်ဆင့်ဆင့်လှိုင်က ဖြတ်ရိုက်ရင်း . . .

"ဒီလက်က ဘာဖြစ်နေတာလဲ၊ ရှင့်သမီး ပါသွားတာ၊ လိုက်လေ"

အခုမှပဲ ဦးမြင့်ခိုင်က လိုက်ဖို့ပြင်ပါတယ်။ မင်းထွန်းက ဦးမြင့်ခိုင်ကို လှမ်းဆွဲထားလိုက်တယ်။

"လိုက်မနေပါနဲ့ အန်ကယ်ရယ်၊ မီမှာလည်း မဟုတ်ပါဘူး၊ ပင်ပန်းပါတယ်၊ အန်ကယ် မောနေဦးမယ်၊ ထိုင် . . . ထိုင်"

ဦးမြင့်ခိုင်က ပြန်ထိုင်လိုက်ရတယ်။ 'တောက်'တစ်ချက်ခေါက်ရင်း . . .

"တောက် . . . ဒီကောင်မကို အမွေပြတ် သမီးအဖြစ်က စွန့်လွှတ်မယ်၊ အငယ်မ လာစမ်း၊ ဒီမှာလာထိုင်"

စိုးမေလှိုင်က ယို့ယို့လေး သူ့အမေ ဒေါ်ဆင့်ဆင့်လှိုင်ဘေး





ရောက်သွားတယ်။ အားပေးကူညီမှုနဲ့ ဆုံညံပွက်ခံရမှာ သေချာပြီ။ ဒေါ်ဆင့်ဆင့်လှိုင်က စိုးမေလှိုင်ကို လက်ဆွဲထိုင်ခိုင်းပြီး . . .

"ထိုင် ဒီမှာ၊ မမသီဂီကို အားနာလိုက်တာရှင်၊ ဟို အမိုက်မကတော့ ရင်ဝကို ခြေစုံကန်ပြီး hip hop အကနဲ့ ထွက်သွားပြီ၊ ကိစ္စမရှိဘူး မမသီဂီ၊ ဒီမှာ သမီးတစ်ယောက် ကျန်သေးတယ်"

"အန်"

"ဗျာ"

ဒီတစ်ခါ မျက်လုံးရော၊ ပါးစပ်ပါ ပြူးပြီး ပြသွားရတာက စိုးမေလှိုင်နဲ့ မင်းထွန်း။ ဦးမြင့်လှိုင်က ခေါင်းတညိတ်ညိတ်လုပ်ရင်း . . .

"ဒီတစ်ခါ မျက်နှာမပျက်စေရပါဘူး မမသီဂီ၊ အခုချက်ချင်း စေ့စပ်ပြီး မနက်ဖြန် လက်ထပ်ပေးလိုက်မယ်"

"ဟောတော့ . . . အမလေး မမရဲ့၊ နင့်အရှုပ်ထုပ်ကြီး ငါ့ခေါင်းပေါ် ရောက်လာပါရောလား၊ မမအိန္ဒြာ . . . သမီးကို ကယ်ပါဦး"

အိန္ဒြာစိုးလည်း ပြောင်းလဲမြန်ဆန်တဲ့ အခြေအနေကို ဘာပြောရမှန်း မသိအောင် ဖြစ်နေပါတယ်။ တစ်ပူကနေ နှစ်ပူ၊ တစ်ရှက်ကနေ နှစ်ရှက် မဖြစ်စေချင်တဲ့ ဒေါ်သီဂီက ဖေးဖေးမမ တွေးတွေးဆဆနဲ့-

"နေကြပါဦးလေ၊ သမီးလေး စိုးမေလှိုင်လေးကိုလည်း မေးကြည့်ကြပါဦး၊ သူ့မှာရော ချစ်သူတွေ ဘာတွေများ ရှိနေမလားလို့"

ဦးမြင့်ခိုင်က သူ့သမီးကို လှည့်ကြည့်တယ်။ စိုးမေလှိုင်က ရှုံ့မဲ့မဲ့နဲ့ ခေါင်းညိတ်ပြလိုက်ရပါတော့တယ်။ လက်မြန်တဲ့ ဒေါ်ဆင့်ဆင့်လှိုင်က ပေါင်တွင်းကြောတစ်နေရာကို မိမိရရ ဆွဲလိမ်ပြီးသား။

"အား"

ဦးမြင့်ခိုင်က တောက်တစ်ချက် ထပ်ခေါက်လို့။

"တောက် . . . ရည်းစားရှိရင် အခုချက်ချင်း သွားခေါ်လာခဲ့၊ အကြံအဖန်လုပ်ဖို့တော့ မစဉ်းစားနဲ့၊ နင့်အစ်မလို အတုတွေ၊ အစစ်တွေ လုပ်လာလို့ကတော့ တစ်ခါတည်း ကြိုးနဲ့တုတ်ပြီး အိမ်ထောင်ချပေးလိုက်မယ်"

ဘုရား . . . ဘုရား။ ကြိုးတုတ်ပြီးသာ အိမ်ထောင်ချပေးရရင်



www.burmeseclassic.com

www.burmeseclassic.com

တော့ လူစင်စစ်ကနေ ဝက်ဖြစ်ရချေရဲ့။ စိုးမေလှိုင်က ထိုင်ရာက အမြန်ထပြီး အပြင်ထွက်ဖို့ ပြင်လိုက်ပါတယ်။ ဒေါ်ဆင့်ဆင့်လှိုင်က လှမ်းမေးတယ်။

"ဒါက ဘယ်ကိုလဲ"

"ရည်းစားသွားရှာမလို့၊ အဲလေ . . . သမီးရဲ့ ရည်းစားချစ်သူကို သွားခေါ်လာမလို့"

ဟိုက ပြောပြီးတာနဲ့ မှုန်နေအောင် လစ်သွားပါတယ်။ ဒေါ်သိဂီကတော့ သူ့သားလေး မင်းထွန်းကို စိတ်မကောင်းခြင်းကြီးစွာနဲ့ ကြည့်နေလေရဲ့။

♥ ♥ ♥





ကျော်ငြာသင်ပုန်းရှေ့မှာ လူတွေဝိုင်းအုံနေပါတယ်။ မနက်ကတည်းက ထွက်မယ့် အောင်စာရင်းဟာ တော်တော်နဲ့ မထွက်နိုင်ဘဲ နေ့လယ်တစ်နာရီခွဲလောက်မှ ကြေငြာကပ်နိုင်ပါတော့တယ်။ နိုင်ငံခြားတက္ကသိုလ် ပညာသင်ဆု ပဏာမ လူတွေ့စစ်ဆေးခံရမယ့် လူစာရင်းပါ။ နန္ဒာစိုးက မမီမကမ်းနဲ့ ရှေ့လူ ပခုံးကျော်အောင် ခြေဖျားထောက်ကြည့်ပါတယ်။ အောင်စာရင်းမှာ ကပ်ထားတာက သုံးယောက်တည်း။ ထိပ်ဆုံးက နာမည်က ဇေယျာသူပါ။

"ဟယ် . . . ဇေယျာသူ၊ ပညာသင်ဆုမှာ နင့်နာမည်ပါတယ်ဟ"

ဇေယျာသူက အတင်းတိုးဝင်ပြီး ကြည့်ပါတယ်။ ဟုတ်ပါတယ်။ ဇေယျာသူတစ်ယောက် scholarship ကို နံပါတ် ၁ နဲ့ ရသွားတာပါ။

"ဟား ဟား ဟား၊ တွေ့ပြီမလား၊ ဇေယျာတို့က ကျောက်ချဉ်မဟုတ်ဘူးကွ၊ နောက်လင်နဲ့ မွေးထားတာ"

ဇေယျာသူခမျာ ပျော်လွန်းလို့ လက်သီးလက်မောင်းတန်းပြီး အဲဒီလို ဥဒါန်းကျူးရင့်လိုက်ပါတယ်။ နန္ဒာစိုးက ဇေယျာသူကို ဖျတ်ခနဲ ရိုက်လိုက်ရင်း . . .

"ဟာ . . . ဘယ့်နှယ့်၊ ကိုယ့်အမေကိုယ် နောက်ယောကျ်ားပေးစားနေရတာလဲ၊ သက်သက်မဲ့ ကိုယ့်အဖေက နောက်လင်ဖြစ်ရသေးတယ်"

"ဟာ . . . ကန်တော့၊ ကန်တော့ အဖေနဲ့ အမေရ၊ သား ပျော်လွန်းလို့ စကားမှားသွားတာ၊ ဒါနဲ့ နန္ဒာစိုး၊ နင့်နာမည်လည်း မပါဘူးနော်"

"အေး . . . ငါက ရေးဖြေကတည်းက သိပ်မဖြေနိုင်ဘူး။ ပြီးတော့ အောင်တာလည်း သုံးယောက်တည်း၊ ဘာပဲပြောပြော နင်အောင်တာကို ငါအောင်သလိုပဲ ပျော်ပါတယ်ဟာ"



www.burmeseclassic.com

www.burmeseclassic.com



နန္ဒာစိုးက ပြောနေရင်းက မျက်နှာလေး ညှိုးသွားတယ်။ အတွေးထဲမှာတော့ . . .

*"ငါ နင့်အတွက် တကယ်ပျော်တာပါဟာ၊ နင်က ပညာသင်ဆုရသလို စိုးမေလှိုင်ရဲ့အချစ်ကိုလည်း ရတော့မှာကိုး"*

ဟုတ်တယ်လေ။ စိုးမေလှိုင်က ပညာသင်ဆုရရင် ဇေယျာသူရဲ့အချစ်ကို တုံ့ပြန်မယ်လို့ ပြောထားတာကိုး။ အခုလောက်ဆိုရင် ဟိုမိန်းမတစ်ယောက် သူ့အစ်မ စေ့စပ်ပွဲမှာနေရင်း မျက်ခုံးတွေ တဆတ်ဆတ်လှုပ်နေလောက်ပြီ။ ဇေယျာသူက တစ်စုံတစ်ရာ တွေးမိသွားသလိုနဲ့-

"ဟဲ့ . . . နန္ဒာစိုး၊ ငါတို့ စိုးမေလှိုင်ကို လိုက်ရှာရအောင်"

"စိုးမေလှိုင် ဒီနေ့လာမှာမဟုတ်ဘူး၊ သူ့အစ်မ စေ့စပ်ပွဲရှိလို့"

နန္ဒာစိုးက အသံမတုန်အောင် သတိထားပြီး ပြောလိုက်ပါတယ်။ အဲဒီအချိန်မှာပဲ နောက်နားက အသံထွက်လာတယ်။

"ဟဲ့ . . . ဇေယျာသူ၊ အမလေး ရှာလိုက်ရတာဟယ်၊ ဖတ်ဖတ်ကို မောနေတာပါပဲ"

လှည့်ကြည့်လိုက်တော့ စိုးမေလှိုင်။ တကယ့်ကို အသည်းအသန်ရှာထားတဲ့ပုံစံပါပဲ။ မျက်နှာမှာ ချွေးတွေလည်း စီးလို့၊ အဆီတွေလည်း ပြန်လို့၊ မိတ်ကပ်တွေလည်း ပျက်လို့။ စိုးမေလှိုင်တစ်သက်မှာ တစ်ခါမှ မရှိခဲ့ဖူးတဲ့ ဒီဇိုင်းမျိုး။ နန္ဒာစိုးက စိုးမေလှိုင်ကို လက်ညှိုးထိုးရင်း . . .

"ဟဲ့ . . . စိုးမေလှိုင်၊ နင်က ဒီကို . . . ဘယ်လို . . ."

ဟုတ်တယ်လေ။ နန္ဒာစိုး သိထားတာက ဒီနေ့ ဒီအချိန် စိုးမေလှိုင်သည် သူ့အစ်မ စေ့စပ်ပွဲမှာ ရှိနေရမှာ။ ဇေယျာသူကလည်း ဝမ်းသာအားရနဲ့ . . .

"ဟာ . . . စိုးမေလှိုင်၊ ငါ စကောလားရှစ် အရွေးခံရတယ်၊ နင် ငါ့ကို ဘယ်လိုဂုဏ်ပြုမလဲဆိုတာ စဉ်းစားစမ်း"

စိုးမေလှိုင်လည်း ပျော်သွားတယ်။ မဖြစ်မနေ ရည်းစားတစ်ယောက် ဆွဲထုတ်ပြရမယ့် အခြေအနေမှာ ဒီကောင်က စကောလားရှစ်ရတယ်ဆိုတော့ ပွဲသကူနဲ့ ဒွန်းစပ္ပားပက်ပင်းဆုံလိုက်သလိုပါပဲ။

"အမလေး ဝမ်းသာလိုက်တာ၊ ဂုဏ်ပြုရမှာပေါ့၊ ထိုက်ထိုက်တန်တန်ကြီးကို ဂုဏ်ပြုရမှာပေါ့၊ ဒါမျိုးဆို စိုးမေလှိုင်တို့က အကြွေး





မထားဘူး၊ လာ . . . လာ၊ ငါနဲ့ အိမ်လိုက်ခဲ့"

ခေါ်ပုံက စိတ်ရောကိုယ်ပါ လှိုက်လှိုက်လှဲလှဲကြီးဆိုတော့ လိုက်ရမယ့် ဇေယျာသူခမျာ တွန့်သွားပါတယ်။

"ဘာကိစ္စ ငါက အိမ်လိုက်ခဲ့ရမှာတုန်း"

"အိမ်မှာ ငါ့အဖေနဲ့ အမေ စောင့်နေတယ်၊ ငါ့ချစ်သူကို တွေ့ချင်လို့တဲ့၊ ဒီနေ့ချက်ချင်း ငါ့ချစ်သူ[illegible] ခေါ်မပြနိုင်ရင် မင်းထွန်းဆိုတဲ့ တအေ့အေ့ကြီးနဲ့ ပေးစားတော့မှာ၊ လာ . . . လာ၊ အချိန်မရှိဘူး၊ သွားရအောင်"

နန္ဒာစိုးတစ်ယောက်ခမျာတော့ မျက်စေ့၊ နောက်စေ့၊ ခြေမျက်စေ့ ရှိသမျှအစေ့တွေအကုန်လုံး ၃၆၀ ဒီဂရီ လည်ထွက်သွားပါတယ်။

"ဟဲ့ . . . ကိုမင်းထွန်းက နင့်အစ်မနဲ့ ပေးစားမှာ မဟုတ်ဘူးလား၊ ဘယ်ကနေ ဘယ်လို?"

"မေးမနေနဲ့တော့ဟော့၊ အဖြစ်အပျက်တွေ မြန်လ[illegible]လို့ ငါလည်း နားမလည်နိုင်တော့ဘူး၊ အဲဒါကြောင့် အရေး[illegible] ချစ်သူစုဆောင်းရေး လုပ်ရတော့တာပဲ၊ တော်သေးတာပေ[illegible] ဇေယျာနဲ့တွေ့ပေလို့"

အဖြစ်အပျက်ကို ရေးရေးလေး တွေးပြီး ရိပ်ရိပ်လေး မြင်လိုက်သလို ရှိတဲ့ ဇေယျာသူက ပြန်မေးလိုက်ပါတယ်။

"ဩော် . . . နင်က ငါ့ကို နင့်အိမ်ခေါ်သွားပြီး နင့်အဖေနဲ့ အမေကို နင့်ချစ်သူဆိုပြီး မိတ်ဆက်ပေးမယ်ပေါ့၊ ဒီလိုလား"

"အေးလေ၊ အစောကြီးကတည်းက ငါပြောထားတာပဲ၊ နင် နိုင်ငံခြားပညာသင်ဆုရရင် အဖြေပေးမယ်ဆိုတာလေ၊ လိမ်ရာမရောက်ပါဘူးဟယ်၊ အားလုံးအတည်ဖြစ်သွားမှာပါ"

"ငါ မလိုက်နိုင်ဘူး စိုးမေလှိုင်"

ဇေယျာသူ့စကားကြောင့် စိုးမေလှိုင် ထိတ်ထိတ်ပြာပြာ ဖြစ်သွားတယ်။

"ဘာ . . . ဘာဖြစ်ရပြန်ပြီလဲ"

"ဟုတ်တယ်၊ ငါ မလိုက်နိုင်တော့ဘူး၊ ငါ နင့်ကို အရင်က [illegible] ဝင်စားခဲ့တာ မှန်ပါတယ်၊ အခုအချိန်မှာတော့ ငါ နင့်[illegible]



www.burmeseclassic.com

www.burmeseclassic.com

ဝင်စားခဲ့တာ အပေါ်ယံသက်သက်ပဲဆိုတာ ငါနားလည်သွား...

"ဘာ . . . အပေါ်ယံသက်သက်"

"ဟုတ်တယ်၊ ငါ့အသည်းနှလုံးထဲမှာ နက်နက်ရှိုင်းရှိုင်း အ...တွယ်နေတဲ့ ငါတကယ်ချစ်ရမယ့်လူကို တွေ့ထားပြီးပြီ"

"နင် တကယ်ချစ်ရတဲ့လူ၊ သူက ဘယ်သူတုန်း"

"နန္ဒာစိုး"

ဇေယျာသူက ငေးငေးလေး နားထောင်နေတဲ့ နန္ဒာစိုး...လိုက်လှဲတဲ့အသံနဲ့ ခေါ်လိုက်ပါတယ်။ နန္ဒာစိုးက မော့ကြည့်တယ်။ ဇေ...သူနဲ့ မျက်လုံးချင်း ဆုံမိတယ်။ နန္ဒာစိုး စိတ်ထဲမှာ ပြုန်းခနဲ လှိုင်း...တွေ တရိပ်ရိပ်တက်လာသလို ခံစားလိုက်ရတယ်။ သူ့ရှေ့က အရာ...တွေ အားလုံးဟာလည်း ထူးထူးဆန်းဆန်း အရောင်တွေပဲ ထွက်နေသ...လို။ စိုးမေလှိုင်က ဇေယျာသူရဲ့ မျက်ဝန်းထဲက ဖွက်စာတွေကို အဓိပ္ပာ...ဖော်လို့ ရသွားပါတယ်။

"သြော် . . . နင်တကယ်ချစ်နေတယ်ဆိုတာ နန္ဒာစိုးကိုး"

"ဟုတ်တယ်၊ နန္ဒာစိုး . . . ငါနင့်ကို တကယ့်ကို တစ်ခါမှ ...စားဖူးသေးတဲ့ ချစ်ခြင်းမျိုးနဲ့ ချစ်တာပါ၊ နင် ငါ့ကို ပြန်ချစ်...မလားဟင်"

နန္ဒာစိုးက မယုံကြည်နိုင်သလို တောင့်တောင့်ကြီး ဖြစ်သွ...တယ်။

"နင်က ငါ့ကို တကယ်ချစ် . . ."

နန္ဒာစိုးတစ်ယောက် စကားကိုတောင် ဆုံးအောင် မပြော...တော့ဘဲ မျက်လုံးထဲမှာ ဖြိုးဖြိုးဖျတ်ဖျတ်နဲ့ တစ်လောကလုံး ရွှေရော...တွေ ပိတ်ဖုံးဝင်းလက်သွားပြီး ပြုံးပြုံးတောင့်တောင့်ကြီး သတိလစ်...လဲကျသွားလို့ ဇေယျာသူက ကမန်းကတန်း ပြေးပွေ့လိုက်ရပါတော့တယ်...အင်း . . . ကမ္ဘာပေါ်မှာ ရည်းစားစကား အပြောခံလိုက်ရလို့ သတိလ...သွားတဲ့ ပထမဦးဆုံးလူသားဟာ နန္ဒာစိုးပဲ ဖြစ်လိမ့်မယ် ထင်ရဲ့။

"နန္ဒာစိုး . . . နန္ဒာစိုး၊ ဟာ . . . စိုးမေလှိုင် လုပ်ပါဦး သတိလ...သွားပြီ၊ ဆေးရုံပို့ရအောင်၊ ကား . . . ကားငှားပေးပါဦး"

စိုးမေလှိုင်လည်း လူ့အသက်နဲ့ ဆိုင်တဲ့ ကိစ္စဆိုတော့ ကမန်း...





...တန်း ကားတစ်စီး ပြေးငှားလိုက်ရတယ်။

ဇေယျာသူက နန္ဒာစိုးကို တက္ကစီပေါ် ပွေ့တင်ရင်းက . . .

"စိုးမေလှိုင်၊ ငါ နင့်ကို ချိုးသလိုဖြစ်သွားမိရင် တောင်းပန်ပါတယ်ဟာ၊ နင်လည်း အချစ်စစ်စစ် ရှာဖွေတွေ့နိုင်ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်၊ ငါ သွားမယ်"

တက္ကစီလေးက ဆေးရုံဆီ ထွက်ခွာသွားပါတယ်။ စိုးမေလှိုင် ...ယောက်သာ ငိုင်ငိုင်ကြီး ကားလမ်းမပေါ် ကျန်ရစ်ခဲ့တယ်။ ဟို...ယောက်ကိုတော့ နည်းနည်းလေးမှ တင်းတာကလွဲလို့ ဘာအာဃာတ...တော့ မရှိပါဘူး။ ကိုယ့်ကိုယ်ကိုပဲ အပြစ်တင်မိတော့တယ်။

"စိုးမေလှိုင်၊ စိုးမေလှိုင်၊ နင့်ကိုယ်နင် လည်လှ လည်လှနဲ့၊ ဒီမအူမလည် မြုံစိစိမ,နဲ့ကျမှ အလဲထိုး ခံလိုက်ရတာပါလား၊ ဟူး . . ."

သက်ပြင်းချရင်း တစ်ဝက်တစ်ပျက်မှာပဲ စိုးမေလှိုင် မျက်လုံး...ပြူးသွားရပြန်တယ်။ ဟိုက ဝင်လာတဲ့ကားက ဦးကောင်းမြတ်ရဲ့ ...းပဲ။ စိုးမေလှိုင်နဲ့ ပြတ်ပြီးကတည်းက ကျောင်းဝင်းထဲ မလာတာ...ပြီ။ အခုတော့ ဘာကိစ္စနဲ့ ရောက်လာတာပါလိမ့်။ စိုးမေလှိုင်လည်း ...တ်ရစ်ဒါအကွယ်မှာ ကမန်းကတန်း ပုန်းလိုက်ပြီး ချောင်းကြည့်လိုက်...တယ်။ ဦးကောင်းမြတ်ကားပေါ်က ကောင်မလေးတစ်ယောက် ဆင်း...ပါတယ်။ စိုးမေလှိုင်က ကောင်မလေးကို သိပါတယ်။ သူတို့ရဲ့ Jun-...r တန်းက၊ ဦးကောင်းမြတ်ကပါ ကားပေါ်က ဆင်းလာပြီး ကားဘေးရပ်...ကောင်မလေးကို လက်ပြပါတယ်။

"မီးရေ . . . တာ့တာ"

ကောင်မလေးကလည်း လက်ကလေးပြန်ပြလို့ . . .

"ဦးရေ . . . တာ့တာ"

နှစ်ယောက်စလုံး အောင်မြင်စွာ တာ့တာပြီးသွားတဲ့အချိန်မှာ...တော့ ဦးကောင်းမြတ်က ကားပေါ်ပြန်တက်ပြီး မောင်းထွက်သွားပါတယ်။ ...ဒီအချိန်ကျမှ စိုးမေလှိုင်လည်း ကော်ရစ်ဒါ အကွယ်က ထွက်လာနိုင်...တော့တယ်။ ပါသွားပြန်ပြီ။ ဇယားထဲက နောက်တစ်ယောက်၊ စိုးမေ...လှိုင် ဇယားတွေလည်း အမေရိကန် ကာကွယ်ရေး အသုံးစရိတ်လို ထိုးထ...

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၊ ဒီက တောက်ရဲ့။ ဒီလိုအချိန်မျိုးမှာ ပြေးပြီးသတိရမိတာက ကို
အောင်မြင်။ ဘာပဲပြောပြော ကိုအောင်မြင်နဲ့ ပတ်ပတ်သက်သက် ရှိ
ပေမယ့် ချစ်သူရယ်လို့ သတ်သတ်မှတ်မှတ်ပြစရာ အခြေအနေမဟုတ်
သေးဘူး။ ကျန်တဲ့လူတွေနဲ့ နှိုင်းယှဉ်ရင် ကိုအောင်မြင်ဟာ စိုးမေလှိုင်
အတွက် အပျော်အဆင့်မဟုတ်တာ အသေအချာပါပဲ။

အခုအချိန်ဆိုရင် ကိုအောင်မြင်တစ်ယောက် ပုတီးတွေ စိပ်ပြီး
အမီဗျာန်လုပ်နေလောက်ရောပေါ့။ စိုးမေလှိုင်က လမ်းမကြီးပေါ် ဆော
ကြောင့်လေးထိုင်ပြီး ညည်းညူလိုက်ပါတယ်။

"အြော် . . . ယောကျ်ား၊ ယောကျ်ား၊ မလိုချင်တော့လည်
လေဘေးအစ်လို ပုံလို့၊ လိုချင်တဲ့အချိန်ကျတော့ တစ်ယော
မှ ရှာမရတော့လားနော်၊ ဒါ ငါတကယ်မချစ်ဘဲနဲ့ ယောကျ်ားလေ
တွေကို အသည်းခွဲတမ်း ကစားခဲ့လို့ ဘုရားရိုက်တာပဲ ဖြစ်မယ်
ကိုကြီးအောင်မြင်ရယ် . . . သမီး ကိုကြီးကို တကယ်ချစ်မှာပါ
သမီး နောက်ထပ်လည်း ရည်းစားတွေမထားတော့ပါဘူး၊ ကိုကြီး
အမိကို တကယ်ချစ်တယ်ဆိုရင် ပုတီးချည်းပဲ ဖိစိပ်မနေပါနဲ့
ဒုက္ခနဲ့ ၁၈၀ ဒီဂရီစာညှိတည့် ရင်ဆိုင်ကိုးမိတဲ့ စိုးမေလှိုင်လေး
ကို အမြန်ရောက်လာပါဦး ကိုကြီးရဲ့"

♥ ♥ ♥



အဲဒီညက စိုးမေလှိုင် အိမ်ကို ပြန်မရောက်လာဘူး။ သူ့မိဘတွေ
ရော၊ အိန္ဒြာစိုးရော၊ မင်းထွန်းပါ အားလုံး အလုပ်တွေရှုပ်ကုန်တယ်။
အရေးထဲ နန္ဒာစိုးပါ ဆေးရုံတစ်ရက် တက်လိုက်ရလို့ ပိုပြီး ရှုပ်ထွေးကုန်
တယ်။ အိန္ဒြာစိုးက သူ့ညီမဖြစ်ပုံကို ဩချသွားပါတယ်။ ဘယ့်နှယ့် လူကြား
လို့မှ မတော်။ ရည်းစားစကား ပြောခံရတာ ဝမ်းသာလုံးဆို့ပြီး သတိလစ်
သွားရတယ်လို့။ ဒါ မိန်းမထုတစ်ရပ်လုံးသိက္ခာကို ချလိုက်တာပဲ။ စိတ်
ပေါက်ပေါက်နဲ့ ဆေးရုံကဆင်းမယ့် နန္ဒာစိုးကို ဖေယျာသူလက် ဝတ္တ
အပ်ပြီး အေဂျင်စီကို ထွက်လာခဲ့လိုက်တယ်။ အေဂျင်စီမှာ မင်းထွန်း
ရောက်နှင့်နေတယ်။ မင်းထွန်းက တွေ့တွေ့ချင်းပဲ . . .

"စိုးမေလှိုင်သတင်း ရပြီလား"

"မရသေးဘူး၊ သူ့သူငယ်ချင်းအိမ်တွေ လိုက်စုံစမ်းနေတာပဲ"

ဒေါ်ဆင့်ဆင့်လှိုင်တို့မှာလည်း သမီးကြီး လင်နောက်လိုက်တဲ့
အထဲ၊ သမီးငယ်ပါ ပျောက်နေတယ်ဆိုတော့ မျောက်မီးခဲ ကိုင်မိသလို
ခုန်ဆွခုန်ဆွ ဖြစ်နေရရှာတယ်။ အဲဒီအချိန်မှာပဲ အိန္ဒြာစိုးရဲ့ Hand Phone
သံ မြည်လာပါတယ်။ အိန္ဒြာစိုးက နားထောင်လိုက်တယ်။

"မမအိန္ဒြာ"

တစ်ဖက်က ပြန်ထူးသံပဲလို့ထင်တာ စိုးမေလှိုင်။ အိန္ဒြာစိုးက ပြူးပြူး
ပြာပြာ ဖြစ်သွားတယ်။

"ဟဲ့ . . . စိုးမေလှိုင်၊ နင် အခု ဘယ်ရောက်နေလဲ၊ ဒီမှာ အား
လုံး စိတ်ပူနေကြပြီ"

ဘေးနားမှာရှိနေတဲ့ မင်းထွန်းက လက်ဟန်ခြေဟန်နဲ့ အား
ကြားရအောင် ဖုန်းစပီကာခလုတ်ကို ဖွင့်ခိုင်းလိုက်ပါတယ်။
ဝန်ထမ်းတွေလည်း အကျိုးအကြောင်း သိပြီးသွားပြီဆိုတော့
တစား ဝိုင်းလာကြတယ်။ အိန္ဒြာစိုးက စပီကာခလုတ်ကို ဖွင့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



စားပွဲပေါ် တင်လိုက်တယ်။ စပီကာထဲက စိုးမေလှိုင်ရဲ့အသံ ထွက်လာပါတယ်။

"မမအိန္ဒြာ၊ နန္ဒာစိုး ဆေးရုံမှာပဲလားဟင်"

"နင့်သူငယ်ချင်း ဘာမှမဖြစ်ဘူး၊ ဆေးရုံက ဆင်းလို့ အိမ်ပြန်ရောက်နေပြီ၊ နင် အခု ဘယ်ရောက်နေလဲ"

"စိုး . . . အိမ်ပြန်လာဖို့ မဖြစ်လို့ အဝေးကို ထွက်သွားပါပြီ မမအိန္ဒြာရယ်"

မင်းထွန်းက ဖုန်းမှာ ပေါ်နေတဲ့ နံပါတ်ကို လှမ်းကြည့်တယ်။ ၆ အစ. . . ရန်ကုန်ဖုန်း။ အင်း . . . စိုးမေလှိုင်တစ်ယောက် ရန်ကုန်ဧရိယာထဲမှာပဲ ရှိသေးတယ်။ မနေ့က စိုးမေလှိုင် လောလောလောလောနဲ့ ထွက်သွားတော့ သူ့ Hand Phone ပါမသွားဘူးလေ။ အိန္ဒြာစိုးက ကရုဏာဒေါသောနဲ့ . . .

"ဟဲ့ . . . ဩော် . . . ဒီကလေးမ၊ စိတ်လိုက်မာန်ပါ မလုပ်နဲ့လေ"

"ဟင့်အင်း၊ စိုး . . . ဖေဖေနဲ့ မေမေကိုလည်း ကြောက်တယ်၊ မဆောရဲဘူး၊ ကိုမင်းထွန်းကိုလည်း သမီး မယူချင်ဘူး၊ ဒီတော့ အဝေးကို ထွက်သွားတာပဲ အကောင်းဆုံးဖြစ်မှာပါ မမရယ်"

"စိုးမေလှိုင် အိမ်ကိုမပြန်ရဲဘူးဆိုရင်လည်း မမတို့အိမ်ကို လာနေပါတယ်၊ အဝေးတော့ ထွက်မသွားပါနဲ့"

"စိုး သွားပါရစေ မမရယ်၊ စိုး ဘယ်သူ့ကိုမှလည်း မတွေ့ချင်တော့ဘူး၊ စိုး မှားခဲ့ပါတယ်၊ စိုး . . . အချစ်ဆိုတာ ဘာမှမသိဘဲနဲ့ အချစ်ကို ကစားခဲ့တယ်၊ အခု အချစ်ဆိုတာကို ခံစားသိလာရတော့ ပြဿနာတွေက တစ်ပုံတစ်ပင်ကြီး။ ဒါ စိုးကို ဘုရားရိုက်တာနေမှာပါ။ စိုး ကိုကြီးကို တကယ်ချစ်မိသွားပြီ မမအိန္ဒြာရယ်၊ ဒါကို ကိုကြီးကတော့ သိမယ်မထင်ပါဘူး၊ သူက စိုးကို မယုံဘူးလေ၊ စိုးလုပ်သမျှကို မာယာတွေသုံးပြီး အပျော်ကြံနေတယ်လို့ပဲ ထင်နေတာ၊ စိုးလေ . . . စိုး . . . ကိုကြီးအောင်မြင်ကို တကယ်ချစ်တာပါ မမရယ်"

"ကိုကြီးကလည်း ညီမလေးကို တကယ်ချစ်တာပါ ညီမလေး





ရယ်"

နောက်က အသံထွက်လာလို့ အားလုံးလှည့်ကြည့်လိုက်တော့ ဘယ်အချိန်က ရောက်နေမှန်းမသိတဲ့ ကိုအောင်မြင်။ စိုးမေလှိုင်ဆီက အံ့ဩတကြီးအသံ ထွက်လာတယ်။

"ဟင် . . . ဖုန်းက စပီကာ ဖွင့်ထားတာလား"

ဝန်ထမ်းတွေက သံပြိုင်ဖြေလိုက်ပါတယ်။

"ဟုတ်တယ်လေ"

လူ တစ်ပြုံတစ်မအသံကြားရတော့ စိုးမေလှိုင်က ရှက်ရှက်နဲ့ ဖုန်းကို ချလိုက်ပါတယ်။ အမလေး. . . ရှက်လိုက်တာနော်။ မျက်နှာတောင် ဘယ်နားထားရမှန်း မသိတော့ဘူး။ ကြွပ်ကြွပ်အိတ်နဲ့ စွပ်ထားရင်ကောင်းမယ်ထင်ပါရဲ့။ ဟိုဘက်က ခွပ်ခနဲ ဖုန်းချသွားတော့မှ ကိုအောင်မြင်က ပြူးပြူးပြာပြာ ဖြစ်သွားပါတယ်။

"ညီမလေး၊ ညီမလေး၊ ဖုန်းချသွားပြီ၊ လုပ်ကြပါဦးဗျာ၊ ကျွန်တော့်ညီမလေး ဘယ်ရောက်နေမှန်း မသိဘူး"

ဗိုက်ကြီးသည် မကေသီက အချွန်နဲ့ ဝင်မ,ပါတယ်။

"ဘော့စ်က ပုတီးတွေ ဘာတွေ ဒီလောက်ထိ စိပ်နေတာ၊ သမထအားကိုးနဲ့ အာရုံလေးဘာလေး ခံကြည့်ပါလား"

ကိုအောင်မြင်လည်း ယောင်တီးယောင်တောင်နဲ့ သူ့အိတ်ထဲ အမြဲထည့်ထားတဲ့ ပုတီးကို ကိုင်ပြီး အာရုံခံကြည့်လိုက်တယ်။ မင်းထွန်းက မကေသီကို . . .

"ခင်ဗျားကလည်း အရေးထဲ ကျပ်နေပြန်ပါပြီ"

အဲဒီတော့မှ ကိုအောင်မြင်လည်း အကျပ်ခံရမှန်း သတိရမိတော့တယ်။ အိန္ဒြာစိုးက ဖုန်းမှာပေါ်နေတဲ့ နံပါတ်လေးကို ပြန်ပြီး ဆက်သွယ်ကြည့်နေတယ်။

"ဟဲလို၊ ခုနက ဒီနံပါတ်ကနေ ဖုန်းခေါ်သွားတဲ့ ကောင်မလေးနဲ့ စကားပြောချင်လို့ပါ၊ ရှင် . . . ထွက်သွားပြီ၊ အခု ဖုန်းရှိတဲ့နေရာက ဘယ်မြို့နယ်လဲဟင်၊ မြောက်ဥက္ကလာ၊ ဟုတ်ကဲ့ ကျေးဇူးပါပဲရှင်"

အားလုံးခေါင်းထဲ ဘတ်သီးတွေလင်းကုန်တယ်။ ချောင်း[illegible]



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် အဲဒီမှာ အဝေးပြေးကားဂိတ် ရှိတယ်လေ။ အခုမှ အသိတရား လေး ဆယ်ဒေါ်လာဖိုးလောက် ဝင်လာတဲ့ ကိုအောင်မြင်က သူ့ဝန်ထမ်း တွေကို တစ်လက်စတည်း စီမံခန့်ခွဲလိုက်ပါတယ်။

"ကိုမျိုးမြင့်နဲ့ ကိုသီဟက အဝေးပြေးကားဂိတ်ကို သွား၊ စိုးမေ လှိုင်နာမည်နဲ့ ဘယ်ကားမှာ လက်မှတ်ဖြတ်ထားလဲ သွားစုံစမ်း၊ မကေသီနဲ့ နောက်တစ်ယောက်က လှည်းကူးက Toll gate မှာ သွားစောင့်၊ ကျွန်တော်ရယ်၊ မအိန္ဒြာစိုးရယ်၊ ကိုမင်းထွန်းရယ်က ထောက်ကြံ့က Toll gate ကို သွားမယ်၊ အမှတ်သုံးလမ်းကို တစ်ယောက်သွားစောင့်၊ အားလုံး ဖုန်းယူသွား၊ တစ်ယောက်နဲ့ တစ်ယောက် အဆက်အသွယ် မပြတ်စေနဲ့၊ ကိုမျိုးမြင့်တို့က စုံစမ်းလို့ရရချင်း ဖုန်းလှမ်းဆက်လိုက်၊ ဟုတ်ပြီလား၊ ကဲ . . . အားလုံး ဘာမရှင်းတာ ရှိသေးလဲ"

"မရှိပါဘူး"

အားလုံးက သံပြိုင်ဖြေလိုက်ကြပါတယ်။ အင်း . . . စိုးမေလှိုင် အော်ပရေးရှင်း အဆင့် ၁ တော့ စပြီ။ စတင်ချိန်ကတော့ မွန်းလွဲ တစ်နာရီခွဲ။

♥ ♥ ♥





Toll gate ရှေ့မှာ ကိုအောင်မြင်၊ မင်းထွန်းနဲ့ အိန္ဒြာစိုးတို့ ရန် ကုန်အောက်က လာမယ့်ကားတွေကို တမျှော်မျှော်နဲ့။ ကိုမျိုးမြင့် ဖုန်းဆက် ထားတာကြောင့် စိုးမေလှိုင် ပါလာမယ့် ကားနံပါတ်နဲ့ ယာဉ်လိုင်းကို အတိအကျ သိလိုက်ရပါပြီ။ ရင်ထဲက အလုံးတစ်ဝက်တော့ ကျသွားပြဲ ပေါ့။ အမိုက်မလေး ရှေ့မကြည့် နောက်မကြည့်နဲ့ ကိုယ်လုပ်ချင်တာ စွတ်ပြီး လုပ်နေတယ်။ တော်သေးတာပေါ့။ အခုအချိန်အထိ ခလုတ်မထိ ဆူးမငြိသေးလို့။ ရင်ထဲက အပူမကျသေးတဲ့ ကိုအောင်မြင်မှာတော့ စိပ် ပုတီးလေး တကိုင်ကိုင်နဲ့။ စိုးမေလှိုင်လေး ဘေးကင်းရန်ကွာ၊ ကျန်းမာ ချမ်းသာ လန်းဖြာပါစေကြောင်း သံဗုဒ္ဓေဂါထာတော်ကြီးကို အပြန်ပြန် အလှန်လှန် ရွတ်လို့။ ဟော . . . ဟိုမှာ အဝေးပြေးကားတစ်စီး ဝင်လာ ပါပြီ။ ကိုမျိုးမြင့် ဖုန်းဆက်ထားတဲ့ ကားနံပါတ်။ Toll gate မှာ တန်းစီဖို့ ရပ်လာတဲ့ ကားဘေးဆီ ကိုအောင်မြင် အပြေးတစ်ပိုင်း ရောက်သွားပါ တယ်။ ကားတံခါးကို ထုတယ်။ စပယ်ယာက လက်ထဲပုတီးကိုင်ပြီး အကျီ အဖြူ စတစ်ကော်လံဝတ်ထားတဲ့ ကိုအောင်မြင်ကို ဂန္ဓာရီ လှည့်မယ့် ဘိုးတော်လို့ ထင်သွားပုံပါပဲ။ ရိုရိုသေသေနဲ့ . . .

"ဘိုးတော်ခင်ဗျား၊ ကျွန်တော်တို့ ယာဉ်လိုင်းက အလယ်ခုံ မပါ ပါဘူးဘုရား။ လူပိုတင်ရင် အရေးယူ ခံရမှာမို့ အခြားကားနဲ့ပဲ လိုက်တော်မူပါဘုရား"

ကိုအောင်မြင်က ကားပေါ် အတင်းတက်သွားပြီး . . .

"လိုက်မလို့ မဟုတ်ဘူးဟေ့၊ မင်းကို လက်ဖက်ရည်ဖိုးရအောင် ခွင်ဖန်ပေးမလို့"

"ဘိုးတော် မ,မလို့လား ခင်ဗျား"

"အေး . . . မ,မလို့၊ မင်းကိုတော့ မဟုတ်ဘူး၊ စိုးမေလှိုင်ဆိုတဲ့ ကောင်မလေးကို၊ ညီမလေးရေ . . . စိုးမေလှိုင်၊ ကိုကြီး[illegible]



www.burmeseclassic.com

www.burmeseclassic.com



ညီမလေး"

တစ်လမ်းလုံး ဖက်ကလေးပုလာတဲ့ စိုးမေလှိုင်ခမျာ ကိုအောင်မြင်ရဲ့ အသံကြောင့် မတ်တပ်ရပ်ပြီး လှမ်းကြည့်လိုက်ပါတယ်။

"ဟင် . . . ကိုကြီး"

ကိုအောင်မြင်ကလည်း စိုးမေလှိုင်ကို တွေ့သွားတယ်ဆိုရင်ပဲ ဝမ်းသာအားရနဲ့ . . .

"ညီမလေး . . . ဘာမှမကြောက်နဲ့၊ အစ်ကိုကြီးရှိတယ်၊ အခုပဲ ညလေးရဲ့ အဖေနဲ့ အမေဆီ သွားပြီး ညလေးရဲ့ ချစ်သူက ကိုကြီး၊ ကိုကြီးရဲ့ ချစ်သူက ညလေးဆိုတာ သွားပြောလိုက်မယ် လာ . . . ညလေး၊ ညလေးကို ကိုကြီး ချစ်တယ်"

"ဟေး . . ."

ကားပေါ်ပါလာတဲ့ ခရီးသည်တွေက ဝိုင်းပြီး ကောင်းချီးသြဘာ ပေးလိုက်ကြတာပါ။ စပယ်ယာလေးကတော့ ဘိုးတော်ပေါက်စ ရုပ်နဲ့ ညီမလေးတောင် ပီအောင် မခေါ်နိုင်တော့တဲ့ ကိုအောင်မြင်ကို ကြည့်ပြီး စိတ်တစ်ခြမ်း ကိုယ်တစ်ခြမ်း ပိန်သွားရပါတယ်။

"တောက် . . . ငါ့ကို မ,မလား အောင့်မေ့တယ်၊ လက်စသတ်တော့ သူဟာသူ လာမ,တာကိုး"

အခုမှ မိန်းမအာပီသ လွန်နေတဲ့ စိုးမေလှိုင်ကလည်း နဲ့ခြောက်နဲ့ခြောက်လေသံနဲ့ . . .

"အာ . . . အစ်ကိုကြီးကလည်း ဘာတွေလာပြောနေမှန်း မသိဘူး၊ ဒီမှာ လူတွေအများကြီးနဲ့ဥစ္စာ"

"ဒါဆို လူရှင်းတဲ့နေရာ သွားရအောင်၊ လာ လာ. . ."

"မလာပါဘူး၊ ရှက်တယ်"

ခရီးသည်တွေက ဝိုင်းအော်ကြပါတယ်။

"ရှက်မနေပါနဲ့ဗျို့"

စိတ်မရှည်တော့တဲ့ စပယ်ယာက ကိုအောင်မြင် ပခုံးကို ပုတ်လိုက်ပြီး . . .

"ခင်ဗျားက အ,မလိုလိုနဲ့ အတော်ဒူတာပဲ၊ လက်ဆွဲပြီး ခေါ်လေ၊ အဲဒါ မူနေတာဗျ"





ကိုအောင်မြင်လည်း စပယ်ယာလေး မြှောက်ပေးတဲ့အတိုင်း စိုးမေလှိုင်ထိုင်နေတဲ့ ထိုင်ခုံအထိသွားပြီး လက်ဆွဲပြီး ခေါ်လာပါတယ်။ ဟိုက မလိုက်ချင်လိုက်ချင်ပုံစံနဲ့ ပါလာလေရဲ့။ လက်ဆွဲခေါ်တယ်ဆိုတာ သေချာမှ ဆွဲရတာ။ ဒဿဂီရိတောင် မပိုင်ဘဲ လက်ဆွဲမိလို့ ဒုက္ခရောက်သွားရတယ်။ စိုးမေလှိုင်က စပ်ဖြဲဖြဲကြည့်နေတဲ့ စပယ်ယာကို ရှက်ရှက်နဲ့ လက်သီးနဲ့ ထုပစ်ခဲ့ပါသေးတယ်။ ထိုင်ခုံရှေ့နားက ထိုင်နေတဲ့ အမျိုးသမီးကြီးတစ်ဦးက ကိုအောင်မြင်လက်ထဲက စိပ်ပုတီးကို လက်ညှိုးထိုးပြီး -

"မောင်ရင်လေး . . . အပန်းမကြီးဘူးဆိုရင် မောင်ရင်လေး လက်ထဲက စိပ်ပုတီးလေး အန်တီ့ကို လှူခဲ့ပါလားဟင်၊ မောင်ရင်လေး ကြည့်ရတာ ပုတီးလည်း စိပ်နိုင်တော့မယ် မထင်ပါဘူး၊ အန်တီ ခရီးသွားမလို့ပြင်ရင်း မေ့လာလောနဲ့ ပုတီးမေ့လာခဲ့လို့ပါ"

အခုအချိန်မှာ ဇောတိကသူဌေးကြီးနဲ့ သဒ္ဓါတရား နင်လားငါလားဖြစ်နေတဲ့ ကိုအောင်မြင်က သူကိုင်နေကျ ပုတီးကို ရက်ရောရောကြီး လှူလိုက်ပါတော့တယ်။

"ယူပါဗျာ၊ ယူပါ၊ မင်္ဂလာဦးအလှူလို့ပဲ သဘောထားပါတယ်"

"သာဓုကွယ်၊ သာဓု၊ ဒီလင် ဒီမယား အိုအောင်မင်းအောင် ပေါင်းရပါစေကွယ်"

အန်တီကြီးပေးတဲ့ ဆုကြောင့် စိုးမေလှိုင်တစ်ယောက် ရှက်သွေးငါးဂါလံလောက် ဖြာသွားပါတယ်။

"အို . . . အန်တီကြီးကလည်း၊ သမီးတို့က မင်္ဂလာမှ မဆောင်ရသေးတာ"

"မကြာတော့ပါဘူးကွယ်"

"အန်တီကြီးပေးတဲ့ဆုနဲ့ ချက်ချင်းပြည့်စုံရပါလို၏ခင်ဗျာ"

ကိုအောင်မြင်က စိုးမေလှိုင်လက်ကို တင်းတင်းဆွဲရင်း ကားအောက်ကို ဆင်းလာခဲ့ပါတယ်။ အောက်မှာ စောင့်နေတဲ့ မင်းထွန်းနဲ့ အိန္ဒြာစိုးတို့က ခါးထောက်ပြီး ကြည့်နေကြတယ်။ ဆုမယ်၊ မာန်မယ်ဆိုတဲ့ ဒီဇိုင်းနဲ့။ ဟုတ်တယ်လေ . . . စိုးမေလှိုင် လုပ်ပုံက အချိုးတစ်စက်မှ မပြေတာ။ လောလောလတ်လတ် အားကိုးရသွားတဲ့ စိုးမေလှိုင်က ကိုအောင်မြင်နောက်ကို ကွယ်ပြီး ပခုံးကို အားကိုးတကြီး ဖက်ထားလိုက်



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဒီလောက်ဆို လုံလောက်ပြီ။ ဒီထက်များသွားရင် ကိုအောင်မြင် တစ်ယောက် ဧဝရက်တောင်ကြီးကိုပဲ လွှားခနဲ ကျော်ပစ်လိုက်ချင်သလို၊ ပစိဖိတ် သမုဒ္ဒရာကြီးထဲ စွပ်ခနဲနေအောင် ဒိုင်ဗင်ထိုးပြ လက်ပစ်ကူး ချင်သလိုလို၊ ဟာဘယ်အာကာသ မှန်ပြောင်းကြီးကိုပဲ မှုတ်ကြယ်နား မရောက် ရောက်အောင် ရွှေပစ်ချင်တဲ့စိတ်တွေ ပေါက်သွားနိုင်တယ်။ ကိုအောင်မြင်က ခပ်တည်တည်ပဲ . . .

"ကဲ . . . မအိန္ဒြာနဲ့ ကိုမင်းထွန်းတို့ ကြုံရာကားနဲ့ပဲ ပြန်လိုက် တော့ဗျာ၊ ကျွန်တော်နဲ့ စိုးမေလှိုင်တို့ မကွေးမြသလွန် သွားဖူး လိုက်ဦးမယ်"

ပြောရင်းဆိုရင်း ကားပေါ်တက်သွားကြတဲ့ ကိုအောင်မြင်နဲ့ စိုးမေလှိုင်တို့ကို ကြည့်ပြီး မင်းထွန်းနဲ့ အိန္ဒြာစိုးတို့ ပါးစပ်အဟောင်းသား နဲ့ ကျန်ခဲ့ပါတော့တယ်။ ခံလိုက်ဦးပေါ့ မင်းထွန်းရယ်။ ကိုယ့်ကား ဆီကုန် မှာစိုးလို့ လူများကားနဲ့ ကပ်စီးချင်ဦး။

♥ ♥ ♥





အဝေးပြေးလမ်းမကြီးရဲ့ ညနေခင်းလေးက ရွှေညိုရောင်သန်း လို့ စိုအိနေပါတယ်။ မိုးကုပ်စက်ဝိုင်းအောက် တိုးဝင်ခါနီး နေလုံးနီနီကြီး ရယ်၊ လေယူလိုက်တိုင်း ယိမ်းနွဲ့နေတဲ့ စပါးခင်းကြီးရယ်၊ ပြီးတော့ ပဝါ တစ်ကမ်း လက်တစ်လှမ်းအကွာကနေ လမ်းမကြီးအတိုင်း လျှောက်နေ ကြတဲ့ မင်းထွန်းနဲ့ အိန္ဒြာစိုးတို့ရယ်၊ လှပတဲ့ ပန်းချီကားတစ်ချပ်လို့ သဘော် မှတ်လို့ရပေမယ့် တစ်ခုခုတော့ လိုနေသလိုပဲ။

မင်းထွန်းက ခြုံပဝါတစ်ကမ်း အနေအထားကနေ တစ်ရှူး တစ်ကမ်းအနေအထားထိရောက်အောင် တိုးကပ်သွားပါတယ်။ အခု အချိန်မှာတော့ လက်တစ်ကမ်းအဆင့်ကနေ လက်တစ်ထွာအဆင့် ရောက်သွားပါပြီ။ အိန္ဒြာစိုးက သူ့ဘေးနား ကပ်ဖို့အရေး ငတက်ပြား ပထမဦးဆုံး အိမ်ဖောက်တဲ့ စတိုင်မျိုးဖြစ်နေတဲ့ မင်းထွန်းကို စိတ်ထဲကနေ မေတ္တာပို့လိုက်ပါတယ်။

"ယောက်ျားဖြစ်ပြီး တကတည်း အနားတိုးမယ့်အရေး သွက် သွက်လက်လက်တိုးတာ မဟုတ်ဘူး၊ ဘတ်စ်ကား မစီးဖူးဘူးနဲ့ တူတယ်၊ မိန်းကလေးနား ကပ်မယ့်အရေး မြေခံရွေး၊ နဂါးလှည့် ရွေး လုပ်နေရသေးတယ်၊ ဟွန်း"

မင်းထွန်းက မြေစမ်းခရမ်းပျိုးရင်း စကားစလိုက်တယ်။

"လူများတွေတော့ အားလုံးပဲ OK သွားကြပြီ"

"အဲဒါ ဘာဖြစ်လဲ"

မကြည်ရင်းစွဲရှိတဲ့ အိန္ဒြာစိုးက ဘုတောလိုက်ပါတယ်။ မင်းထွန်း က ဖြစ်ပ်ဖြစ်ပ်နဲ့ စကားဆက်တယ်။

"ဘာမှမဖြစ်ပါဘူး၊ ခင်ဗျားနဲ့ ကျွန်တော်ပဲ ကျန်တော့တယ်လို့"

ဒီတစ်ခါတော့ အိန္ဒြာစိုးဆီက တုံ့ပြန်သံ ထွက်မလာတော့ပါဘူး။ မင်းထွန်းက လည်ချောင်းတစ်ချက်ရှင်းပြီး စကားဆက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"အဟမ်း . . . မအိန္ဒြာစိုး"

ဒီတစ်ခါလည်း အိန္ဒြာစိုးဆီက စကားပြန် မရပါဘူး။ မင်းထွန်းက အရဲတင်းပြီး ပြောချလိုက်တယ်။

"မအိန္ဒြာစိုး၊ ကျွန်တော် ခင်ဗျားကို ချစ်တယ်ဗျာ"

ပုစွန်ဆီရောင် သန်းနေတဲ့ ညနေခင်းထက် အိန္ဒြာစိုးရဲ့ ပါးပြင်က နည်းနည်းလေး ပိုနီသွားပါတယ်။ ပါးစပ်ကတော့ မပွင့်တပွင့်နဲ့. . .

"သိသားပဲ"

"မအိန္ဒြာစိုး သိတယ်၊ ဘယ်လိုလုပ် သိတာလဲ"

"ရှင့်ပုံစံက အသိသာကြီးပဲဟာ၊ ဒီလောက်မှ လူကြောမနပ်ရင်လည်း ဟောဒီ အောင်သွယ်အလုပ် လုပ်တောင်မစားတော့ဘူး"

မင်းထွန်းက အိန္ဒြာစိုးစကားကြောင့် အားတက်သွားပါတယ်။

"ဒါဆို မအိန္ဒြာစိုး ကျွန်တော့်ကို ဘယ်လိုသဘောထားလဲဟင်"

မင်းထွန်းရဲ့ အမေးကို အိန္ဒြာစိုးက မကျေနပ်သံနဲ့ တုံ့ပြန်လိုက်ပါတယ်။

"ကျွန်မ ရှင့်ကို မကျေနပ်တာတစ်ခုရှိတယ်"

"မအိန္ဒြာစိုး မကျေနပ်ရအောင် ကျွန်တော်လည်း ဘာမှမလုပ်ရပါလား"

အိန္ဒြာစိုးဆီက စွဲချက်တက်လာတယ်။

"ဘာကိစ္စ ရှင်က မိုးမြေခိုင်နဲ့ စေ့စပ်ပွဲကို ကျကျနန လာရတာလဲ"

ဩော် . . . သူ မကျေနပ်တာက ဒါကိုး။ ဒီမိန်းမ ဒီမကျေနပ်ချက်ကြီးကို ဘယ်ကြားထဲက ရှာရှာဖွေဖွေ ဆွဲထုတ်လာပါလိမ့်။ မင်းထွန်းက သူ့ခွင် ရောက်လာတယ်ဆိုပြီး ပိုင်ပိုင်ကြီး ပြောချလိုက်ပါတယ်။

"ဩော် . . . ဒါလား၊ ကျွန်တော်က တကယ်ကို စေ့စပ်တော့မလို့ဆိုပြီး ကျကျနန ဝတ်လာတာပေါ့ဗျ"

"ဘာ . . . ရှင်က၊ မိုးမြေခိုင်ကို"

"ဟုတ်တယ်၊ ကျွန်တော်က။ ဒါပေမဲ့ စေ့စပ်မယ့် မိန်းကလေးက မိုးမြေခိုင်တော့ မဟုတ်ဘူး၊ အိန္ဒြာစိုးတဲ့"

"ဘာကိစ္စ ကျွန်မက ရှင်နဲ့ စေ့စပ်ရမှာတုန်း"





"ခင်ဗျား မိုးမြေခိုင်အိမ်မှာ ရှိမယ်ဆိုတာ ကျွန်တော် သိထားတယ်လေ၊ အဲဒီပွဲမှာ လူကြီးတွေကို အကျိုးအကြောင်း ရှင်းပြပြီး ခင်ဗျားကို တစ်ခါတည်း တောင်းမလို့၊ ခင်ဗျားမှာလည်း မိဘတွေ မရှိတော့ဘူး မဟုတ်လား"

"ဩော် . . . ရှင်က ကျွန်မကို အပိုင်တွက်တာပေါ့လေ"

အိန္ဒြာစိုးအသံက မကျေနပ်သလိုလို၊ ကျေနပ်သလိုလို။ မင်းထွန်းက လေပြေလေး ပြန်ထိုးတယ်။

"အဲဒီလို မဟုတ်ပါဘူးဗျာ၊ ကျွန်တော်က ခင်ဗျားကို အစိမ်းသက်သက်ကြီး မပြောရဲလို့"

"အခုကျတော့ ဘာဖြစ်လို့ ပြောလဲ"

အရစ်ရှည်နေတဲ့ အိန္ဒြာစိုးကို မင်းထွန်းက ခပ်နောက်နောက်လေး ဖြေလိုက်ပါတယ်။

"အခုတော့ နည်းနည်းကျက်သွားလို့၊ ဟဲ . . . ဟဲ၊ ဟုတ်တယ်လေ၊ ကိုယ့်ရှေ့က လူတွေက တစ်ဂိုးပြီး တစ်ဂိုး သွင်းသွားကြတာ၊ ကျွန်တော်လည်း ဂိုးသွင်းမှ ဖြစ်တော့မယ်၊ မအိန္ဒြာစိုး ဖြေပါဦးဗျာ၊ ကျွန်တော့်အချစ်ကို လက်ခံနိုင်တယ် မဟုတ်လားဟင်"

အိန္ဒြာစိုးက မဖြေဘဲ ပြုံးစိစိလေး လုပ်ရင်းက နေရင်းထိုင်ရင်း ကြို့ထထိုးလိုက်ပါတယ်။

"အေ့"

မင်းထွန်းက မျက်လုံးပြူးသွားတယ်။

"ဘာ . . . ဘာဖြစ်သွားတာလဲဟင်"

အိန္ဒြာစိုးက ရှက်သလိုလေး ပြုံးရင်း ဖြေပါတယ်။

"ကျွန်မမှာ ရောဂါတစ်ခုရှိတယ်၊ အေ့"

"ဗျာ . . . ဘာရောဂါလဲ"

"ကျွန်မမှာ ယောကျ်ားတစ်ယောက်ကို ချစ်မိသွားရင် ကြို့ထိုးတတ်တဲ့ရောဂါ ရှိတယ်ရှင့်"

"ဟောဗျာ၊ ဒါဖြင့် အခု မအိန္ဒြာစိုး ကြို့ထိုးတာ ကျွန်တော့်ကို ချစ်တယ်ဆိုတဲ့သဘောပေါ့နော်"



www.burmeseclassic.com

www.burmeseclassic.com



အိန္ဒြာစိုးရဲ့ ခေါင်းကလေးက ငုံ့သွားရှာတယ်။ ပြီးတော့မှ တိုးရှုရှု လေသံနဲ့ . . .

"ကျွန်မ ရှင့်ကို အေ့ပါသတဲ့၊ ကိုမင်းထွန်းရယ်၊ ဟင်း . . . ဟင်း"

ပုစွန်ဆီရောင် နေလုံးကြီးလည်း တစ်ခါတည်း မိုးကုပ်စက်ဝိုင်းအောက် ဝင်သွားပါတော့တယ်။

♥ ♥ ♥





များမကြာခင်မှာပဲ ခင်မင်ရတဲ့ မိတ်သင်္ဂဟတွေဆီ ဖိတ်စာတစ်စောင် ရောက်လာပါတယ်။ ဖိတ်စာကတော့

**မောင်မင်းထွန်း+မအိန္ဒြာစိုး**
**မောင်ရဲလင်း+မမိုးမြေခိုင်**
**မောင်အောင်မြင့်+မစိုးမေလှိုင်**
**မောင်ဇေယျာသူ+မနန္ဒာစိုး**

မင်္ဂလာဧည့်ခံပွဲ

**မှတ်ချက်**
မင်္ဂလာ လေးစုံတွဲဖြစ်သဖြင့် လက်ဖွဲ့လေးခု ယူလာပါရန်။

၁၄-၂-၂၀၀၉
စနေနေ့။

♥ ♥ ♥



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ပတ်ထုတ် ဂျာနယ်တွေမှာ ထူးထူးခြားခြား သတင်းတစ်ပုဒ် ဓာတ်ပုံတွေနဲ့ ဝေဝေဆာဆာ ပါလာပါတယ်။ အဲဒီသတင်းကတော့ . . .

"လူစင်စစ်မှ မြားနတ်မောင်လေး မွေးဖွားခြင်း"တဲ့။

ဟုတ်ကဲ့။ မြားနတ်မောင်လေးရဲ့ မွေးသမိခင်ကတော့ အောင်မြင်သစွာ အောဂျင်ဂ်ီမှ ဝန်ထမ်း ဒေါ်ကေသီပဲ ဖြစ်ပါတယ်။

**လွင်မင်းဇော်**

မှတ်ချက်။ ဤဝတ္ထုအား ရုပ်ရှင်ရိုက်ကူးပြီး ဖြစ်ပါသည်။

♥ ♥ ♥



www.burmeseclassic.com